www.burmeseclassic.com



www.burmeseclassic.com

**ဗိုလ်ထုတဝန်အရေးသုံးပါး**
ပြည်ထောင်စုမပြိုကွဲရေး
-ဒို့အရေးတိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
-ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
-ဒို့အရေး

**ပြည်သူ့သဘောထား**
ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား
ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
နိုင်ငံတော်တည်ငြိမ်ရေး၊
ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်
ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်
ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်
အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်
အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး၊
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို
ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်
အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်
ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်
ပညာရည်မြင့်မားရေး

BURMESE CLASSIC

# အကြည်တော်
စီ စဉ် ၍
# ကိုဆန်း
တ ည် း ဖြ တ် သ ည် ။


**တာဝန်ခံအယ်ဒီတာ**
ဉက္ကာမင်းဆက်
**အယ်ဒီတာအဖွဲ့**
ဆူပရာနို၊ သမီးချော၊
မိုးမိုး(B,sc)
**Layoutနှင့်အတွင်းသရုပ်ဖော်**
KO SAN
Art work group
**ကွန်ပျူတာစာစီ**
ကေသီ
**ဖြန့်ချိရေးမန်နေဂျာ**
ကိုမိုး
**ဖြန့်ချိရေး**
စိုးမိုးစာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


## ကဗျာ အပုဒ်

ဒစ်ဂျစ်တယ်ချစ်တီး — ရွှေပျံ့ဖူး
အာဂယောကျ်ား — စန္ဒကူး

## ဆောင်းပါး အပုဒ်

မြစ်ပြင်ပေါ် ထင်ကျန်နေသော မြေခြေရာများ — အကြည်တော်

## ဝတ္ထု အပုဒ်

မောင်းဆုံတောင်းကာ
ထောင်းပြမယ်လေး — ဥက္ကာမင်းဆက်
ပြန်မပြောချင်သောချစ်ပုံပြင် — မျိုးကိုမျိုး
အကပ် — ထိပ်တင်လက်
လူနှင့်ဝါသနာ — ပြည့်ပိုင်မှူးအိမ်
မော်ဒယ်မလေးရဲ့ညနေခင်း — မိုးဆက်လင်းထက်
အကြံကောင်းတော့အထောင်းခံ — နောင်နော်နော်
ထုံကြီးနဲ့ပွေးလှ — ကိုရွှေတောသား
ကျီစားရက်တဲ့ကျူးပစ် — ရဲစတိုင်း
ခြုံ — ဗုံဗလုံး
သန်းခေါင်ယံအချိန်မှ — မောင်မြင့်မား
အမောင်တဲ့တလတစ်ယောက် — (ဇိလ်ကလေး)

## ရုပ်ကွက်ထဲမှာ ရယ်စရာ အပုဒ်

ထွက်ပေါက် — သမီးချော — ၂၄

## စီးပွားရေး အပုဒ်

အတွေး — ဆူပရာနို — ၁၆၀
မြန်မာ့လက်သီးနှင့်
မိုက်တိုင်စန်၏မျက်နှာမဲပေါ်မှ
သောကဒဏ်ရာများ — အိုက်ဒီယာဘကျော် — ၁၇၈

## ရာဇဝင် အပုဒ်

လော်မာတာ ဖော်ကာပြောတော့ အဂ္ဂသူရာစည်သူပါမွှား — ၁၆၆

## အိုက်ဒီယာ အပုဒ်

ကွမ်း၏ကလဲ့စား — စည်သူအဂ္ဂ — ၃၄

## တိုင်းရင်း အပုဒ်

သဗ္ဗေသတ္တာ ကမ္မသကာ — အဘကိုကိုကြီး — ၁၁၂
ကံကောင်းခြင်းလက်ဆောင် — ဂျက်ကိုးကင်း — ၁၅၀
ကိရစ္ဆာန်နှင့်တူသောလူ — မဟာဗလာ — ၆၂

## ခေတ်ပြိုင် အပုဒ်

ဆွီးတီးအက်ဖ်အမ် — ဆွီးတီး — ၂

## အသိပညာ အပုဒ်

ရှင်ကြောင်မျက်နှာစာ — မိုးမိုး(B,Sc) — ၁၁၁


www.burmeseclassic.com

www.burmeseclassic.com

## တိုထွာခလုတ်


| | | |
|---|---|---|
| ပဟေဠိစာမျက်နှာ | စံမိမိ | 83 |
| စားပြီးသောက်ပြီးလက်မောင်းကြီး | ဗလကျူရိုး | 106 |
| သရော်မော်ကား | မမမိမာ | 157 |
| သွေးဆိုးတဲ့လူ | ကောင်းကင်သစ် | 139 |
| ဟားကြည့် အားရှိ | ဂျုပ်ကြီး | 129 |
| ရန်များအောင်စကားပြောနည်း | ဆရာကြပ်ခိုး | 105 |


## အမှတ်သင် ခလုတ်

ဟာသ


| | | |
|---|---|---|
| ထာဝရအတွက်ဟာသတစ်ခွက် | အေနွန် | 206 |


ပုံပြင်


| | | |
|---|---|---|
| ကျောက်ခဲဆန်ပြုတ် | မေမြန်မာ | 211 |


ဉာဏ်စမ်း


| | | |
|---|---|---|
| အမြင့်မြတ်ဆုံးစွန့်လွှတ်သူဘယ်သူလဲ | အုပ်လှကြီး | 214 |



အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၈၀၀၊
အဖုံးပန်းချီဒီဇိုင်း- ကိုဆန်း၊ အဖုံးဖလင်- EAGLE
အတွင်းဖလင်- ဦးထွန်းဆိုင်၊
ထုတ်ဝေသူ- ဒေါ်မိုးသီတာ(စိုးမိုးစာပေ)(မြ-၀၃၈၅၁)
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်သူ- ဦးမြင့်သန်း(မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
စာအုပ်ချုပ်- ကိုသန်းဌေး၊
ပုံနှိပ်ခြင်း-၂၀၁၁ခုနှစ်၊ ဇွန်လ၊
စာမူခွင့်ပြုအမှတ်-၅၀၀၃၈၄၀၄၁၁
မျက်နှာဖုံးခွင့်ပြုအမှတ်-၅၀၀၄၉၂၀၅၁၁


# ဟာသခလုတ်


အယ်ဒီတာအဖွဲ့ရုံးခန်း
အမှတ်(၁၁၃)၊
ကန်သာယာလမ်း၊
၂၆ ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း- ၅၉၅၀၁၅


အနယ်နယ်အရပ်ရပ်မှ
စာမူများကို ဖိတ်ခေါ်ပါသည်။
ရွေးချယ်ဖော်ပြခံရပါက ထိုက်တန်သောစာမူခကို
ချီးမြှင့်ပါမည်။


၈၉၅. ၈၃
ကလောင်စုံ
ဟားခလုတ်(၈)/ကလောင်စုံ။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၁၈-စာ၊ ၁၃. ၅× ၂၀. ၅ စင်တီ။
(၁) ဟားခလုတ်(၈)။


www.burmeseclassic.com

www.burmeseclassic.com



<u>ဒစ်ဂျစ်တယ်ချစ်တီး</u>




အသားညို ကုလားလိုမည်းပေမယ့်
စကားချို သွားကိုဖြဲနေတဲ့
နွားလိုပဲ အမေ့လူ။

ပါးသိုင်းမွေးထူ
ချိုင်းချွေးစော် အူတူတူနှင့်
နှာအိုးထူ ထော်နှုတ်ခမ်းရယ်က
ရွှန်းရွှန်းဝေ ငွေအကြောင်းတွေပဲ
မောင်းထုလို့ဆူ။

အမြည်းထင် ဣန္ဒြေဖျက်ချင်တော့
သမီးရှင် သိန်သရေပျက်အောင်လ
မျက်ခွက်က ရှက်စရာ
အမူအရာက ပလာတူး။

အမေ့,မချိပါ
တေမိပမာ ပြန်မပြောနိုင်ဘူ
ငွေကြည့်ကာ စျာန်လျှောပြီမို့
သဘောဖြူ အတူလွှတ်လိုက်မိတာကြောင့်
လုံချည်မပါ ပဒါလူးသလိုပ
တုန်ရီကာ ငါရှူးချင်ရဲ့
(အို ရှင့်)
တုမ္ဘကြီးနှာဘူး။

ရွှေပျူး






<u>အာဂယောက်ျား</u>

ခြောက်ဆယ်ကျော်အရွယ်ရောက်ပေမယ့်
ကြောက်တယ်လို့ မထင်နဲ့လေ။
အယောက်နှစ်ဆယ်လာချဉ်း
အပြုံးမပျက်ပါပေ။

အကြောရယ်ပြေ
အညောင်းတွေကင်းစင်ပ။

မော်ဒယ်မလေးတို့ရေ. .
မနေ့းအမြန် ခေါ်ကာဖိတ်ပေတော့
ကျုပ် အနှိပ်သည်ခင်ဗျ။

စန္ဒကူး

www.burmeseclassic.com



www.burmeseclassic.com



ဆရာခင်ဗျား။

စတိုင်ရာလို့ခေါ်တဲ့ သရော်စာအမျိုးအစားကို ကြားဖူးနေတာတော့ ကြာပါပြီဆရာ။ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာ ဟာသနဲ့ သရော်စာကို မခွဲခြားတတ်ဘူး ဖြစ်နေတယ်။ ဘယ်လိုဟာက ဟာသ၊ ဘယ်လိုဟာက သရော်စာဆိုတာ ဝတ္ထုတစ်ပုဒ်လောက်နဲ့ ရှင်းပြပေးပါ။

မောင်တင်အောင်
မှဆယ်လမ်းမတန်း



ဟာသကတော့ ကျွန်တော်အမြဲတမ်း ရေးပြနေခဲ့ပါတယ်။ စတိုင်ရာလို့ခေါ်တဲ့ သရော်စာအမျိုးအစားကိုလည်း အလျဉ်းသင့်သလို ရေးခဲ့ပါတယ်။

သရော်စာဆိုတာ ရေးရအင်မတန်ခက်ပါတယ်။ သူက ဟာသနဲ့ ဝေဖန်ရေးကို အချိုးကျကျ ပေါင်းစပ်ထားတာမို့ပါ။ ဝေဖန်ရေးလိုလည်း တအားကြီး မပြင်းထန်သလို၊ ဟာသလိုလည်း ခွက်ထိုးခွက်လန် ရယ်ရတာမျိုး ဖြစ်ချင်မှဖြစ်မှာပါ။

အဓိကကတော့ လူတွေသိပြီးသား အကြောင်းအရာဖြစ်ရပါမယ်။ ဖတ်သူတွေကိုလည်း ကိုယ်စားပြုရပါမယ်။ တစ်ဖက်သားကိုလည်း ခံနိုင်ရည်ရှိတဲ့ ဝေဖန်ရေးမျိုး ဖြစ်ရပါမယ်။ ဒါမှ သရော်စာဝတ္ထုကောင်းတစ်ခု ဖြစ်လာမှာပါ။

ခက်တာက သရော်စာမှာ ကိုယ်ရေးတဲ့အကြောင်းအရာကို ဘယ်သူမှမသိဘူးဆိုရင် သရော်စာကောင်းမဟုတ်ပါဘူး။ ဒါဟာ ဟာသအနေနဲ့ဆိုရင် အတွင်းလုံးလို့ခေါ်ပါတယ်။ ဒါကြောင့် သရော်စာရေးမယ်ဆိုရင် အားလုံးသိတဲ့အကြောင်းအရာတစ်ခု ဆုံမှတ်တစ်ခုကို ရွေးချယ်ရမှာပါ။ ကဲ ဖတ်ကြည့်ပါဦး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်က ရယ်ရတယ်။

မိန်းမနှစ်ယောက်က သူများရဲ့ ဘောင်းဘီတစ်ထည် ခိုးယူပြီး ဒီပစ္စည်းကို သူပိုင်တယ်ငါပိုင်တယ် ငြင်းကြတဲ့ကိစ္စဗျ။

**မတစ်** - "ဒီဘောင်းဘီကို မူလပိုင်ရှင်မဝတ်ခင် အိမ်ခန်းထဲမှာ ချိတ်ထားတုန်း ငါ့သူငယ်ချင်းတစ်ယောက်က မြင်ပြီး ငါ့ကိုသတင်းပေးခဲ့တာ၊ အဲဒီကတည်းက ငါခိုးဖို့ကြံထားတာ၊ အခုမှ နင်နဲ့ပေါင်းပြီး ခိုးဖြစ်တာ၊ ဒါကြောင့် ဒီပစ္စည်း ငါပိုင်တယ်"

**မနှစ်** - "အဲဒီလိုမှပြောကြေးဆို ဒီပစ္စည်း ဒီလိုလုပ်လိုက်ရင် ဒီဈေးရမယ်ဆိုပြီး လက်တောက်ချခဲ့တာ ငါလေ၊ နောက်ပြီး ငါ့သူငယ်ချင်းကလည်း ဒီဝင်ပေါက်ကဝင်ရမယ်ဆိုပြီး လမ်းပြခဲ့တာ၊ ဒါကြောင့် ဒီပစ္စည်း ငါ့ပစ္စည်း ငါပိုင်တယ်"

**မတစ်** - "ဒါဖြင့်လည်း ရတယ်လေ၊ နင့်သူငယ်ချင်းပြတဲ့ ဝင်ပေါက်က ငါမဝင်ဘူး၊ ငါ့မှာလည်း ဟိုးအရင်ကတည်းက ငါ့ကိုလက်တောက်ချနေတဲ့သူ



တစ်ယောက်ရှိတယ်၊ သူလည်း ဒီကိစ္စကို မခံစားနိုင်ဘူးလို့ ပြောနေတယ်၊ နင့်လူ တာ အဲလောက်တောင်စွာနေရင် ငါ့လူကိုပဲငါအားကိုးတော့မယ်"

**မနှစ်** - "ဩော် ဒီလိုလား၊ ဒီလိုဆိုရင် နင် ဒီပစ္စည်းကို ခိုးပေးမယ်ဆိုပြီး ငါ့ဆီကယူသွားတဲ့ ပြားရှစ်ဆယ်ပြန်ပေး"

**မတစ်** - "နင်က ဘယ်သူ့ရှေ့မှာ ပေးခဲ့လို့ ဒီစကားပြောတာလဲ၊ ငါအခု ခဲချလိုက်လို့ ပေါင်ပါကျိုးသွားမယ်"

**မနှစ်** - "ဟဲ့ နင် အဲဒီစကားမျိုး မပြောနဲ့၊ ယူတုန်းကတော့ သွားကြီးရှေ့ ထုတ်ပြုံးပြီး တောင်းတော့မှ မုန်းတာ"

**မတစ်** - "ဩော် ပြုံးပါတယ်ဆိုမှ သွားကြီးရှေ့ထုတ်မပြုံးရင် ဘယ်လို ပြုံးရမှာလဲ၊ နင့်အတွက်ဆိုရင်လေ သီချင်းတောင် လက်ဆောင်ဆိုပြလိုက်ဦး မယ်"

**မတစ်** - သီချင်း. .

"စိတ်မဆိုးနဲ့နော် ခွင့်လွှတ်ပါကွယ်. . ကိုယ်ရိုင်းနေရင်. . ကိုယ့်စိတ်က အရင်ဒီလို မဟုတ်ဘူးကွယ့် သိရဲ့လား ပြောင်းလဲကုန်ပြီ အဘိဓမ္မာတစ်ရပ်မှာ သီချင်းဆိုနေးနေရင် အ,သွားနိုင်တယ်၊ တစ်ယောက်ယောက်က ဝင်လာပြီး ရူးဆိုသွားမှာလည်း ကောင်မလေး ကြောက်နေတယ်"

"ကဲ. . ဘာတတ်နိုင်သေးလဲ"

**မနှစ်** - "အောင်မယ် သူများအီးအီးပုံခွထိုင်ပြီး ငါပါထားတာ ဆိုပြီး ပြုံးပြုံးကြီး ရပ်ခံချင်တဲ့ ကောင်မ နင်က အဲဒီလိုဆို ငါကလည်းအော်မှာ ကြည့်"

သူတို့လက်ထဲက သူများဘောင်းဘီကို ဆွဲလုပြီး လေထဲမြောက်ကာ သီချင်းတစ်ပုဒ် ဟစ်ဆိုလိုက်သည်။

အေးအေး. . သူများဝတ်တဲ့ စာစပိုင်တာ၊ ဒို့မူပိုင် ဖြစ်သွားမလား၊ တန်တယ်၊ တန်တယ် အေးအေး ဝယ်ပါ၊ ဝယ်ပါ အေးအေး. . တန်တယ်၊ တန်တယ် အေးအေး. . ဝယ်ပါ. . ဝယ်ပါ အေးအေး။



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## ယောင်းဆုံတောင်းကာ ယောင်းပြုမယ်လေး

လေသရမ်း၏ တဖြန်းဖြန်း ရိုက်ခတ်မှုကြောင့် ဖလန်းဖလန်းထနေသော သစ်ရွက်တို့၏ ပေါ့ပျက်ပျက် စပ်ဖြဲဖြဲ တရှဲရှဲ အော်မြည်သံတို့က ရွှန်းမြမြ ညံ၍နေ၏။ နေက်ကြောင်သည် ရွာပြင်ဇရပ်တွင် ခေတ္တနားပြီး အပန်းဖြေနေစဉ်မှာပင် တဖျပ်ဖျပ် ခြေသံများနှင့်အတူ လုံမပျိုတစ်သိုက်၏ တီးတိုးစကားသံများကို ကြားလိုက်ရသောကြောင့် မထင်မှတ်ဘဲ နားစိုက်ထောင်နေမိတော့၏။

"သူ့အရွယ်ကြီးနဲ့တော် ပျော်ချင်ပါးချင်စိတ်ကရှိသေး၊ လေးဆယ်ကျော် မုဆိုးမ. . ရွလှတယ်လေး. ."

လုံမပျိုတစ်ယောက်က ဆိုလိုက်လေရာ အခြားသူများက ခိုးခိုးခစ်ခစ် ပိုင်းရယ်ကြ၏။

"အမယ်မင်း ပြောပါနဲ့တော်၊ သူကြားလို့ ကလော်မှဖြင့် နင့်ကြီးတော် ရှုပ်ပြာမွဲက ဆဲဦးမယ်လေး"

တခြားလုံမတစ်ယောက်က တိုးတိုး ကြိတ်ပြောလိုက်သောကြောင့်



ရယ်သံများက ထွက်လာပြန်၏။ အနေတော်အရွယ်ကောင်း မိန်းမပျိုလေးသုံးဦးမှာ နေက်ကြောင်ကို သတိမထားမိဘဲ ဇရပ်အောက်မှနေ၍ တစ်စုံတစ်ယောက်ကို စောင့်ကာ တိုးတိုးကြိတ် အတင်းတုတ်၍ နေကြ၏။ သူတို့ပြောနေကြသည့်အထဲ၌ ထိုမိန်းမကြီးမှာ လင်ဖြစ်သူ ဆုံးပြီးသည့်နေ့မှစ၍ တစ်ပတ်လုံးလုံး သူ့လင်ကို ပြန်ခေါ်ပေးဖို့ ငိုယိုသည့်အကြောင်း၊ သူ့လို ဒွေးမယ်နော် ကျွမ်းပြန်ကျ လောက်အောင် ချောမောလှပသူကိုမှ ဘာကြောင့် ခွဲခွာသွားရသည်ဆိုသည့် အကြောင်းများ ပါဝင်လေရာ နေက်ကြောင်ပင် ထိုမိန်းမကြီးကို စိတ်ဝင်စားမိနေတော့၏။ မကြာမီမှာပင် သူတို့စောင့်နေသောသူမှာ ရောက်၍လာတော့၏။ မည်းပြာပြာမျက်နှာကြီးကို လိုသည်ထက်ပိုမို၍ပြင်ဆင်ထားသော အမျိုးသမီးကြီးတစ်ဦး၊ မိန်းမကြီး၏ပုံသွင်မှာ သူထင်ထားသည်နှင့် တက်တက်စင်အောင် လွဲနေသောကြောင့် နေက်ကြောင် ရင်ပါဆို့သွားရတော့၏။ အောင်မယ်လေးလေး။ ဒီပုံကြီးကြောင့် သူ့ယောက်ျား အသက်အောင့်ပြီး သေလိုက်တာဖြစ်လိမ့်မည်။

"ဟဲ့ မိဝါ၊ မိဖြူ၊ မိပလူတို့ကဲ့ တကတည်းမှတော် သရော်သရမ်းလမ်းသလားကြပုံများ ဝရီးသာဝန္ဒားလို လှစ်ခနဲနေတာပ"


"အလိုရှင် ကြီးတော်က လူပျိုကြီးသောခွေ မြင်တာနဲ့ လှုပ်လီလှုပ်လဲ့ လုပ်နေပြီးတော့များ"

"ဟဲ့ မုဆိုးမဆိုပေမယ့် ပွင့်ပွင့်ပြောရရင် ချဉ်ခြင်းလေးတော့ ရှိသေးတာဝ၊ ကိုင်း ကြည့်လိုက်ကြကွယ်ရို့၊ လေးဆယ်ကျော်သော်ငြား ညည်းတို့အပျိုခေါတ်များထက်တော့ တစ်ပြားသားမှ လျော့သေးပေါင်တော်"

မုဆိုးမကြီးက သူ့ခန္ဓာပိန်ကပ်ကပ်ကို တစ်ပတ်နှစ်ပတ်ယမ်းပြီး ပြောလိုက်သည့်စကားကြောင့် နေက်ကြောင်မှာ တဟားဟားနှင့်ပင် အော်ရယ်မိလိုက်ချင်၏။ အပျိုမလေးများကတော့ နှုတ်ခမ်းကို စူပွပွလုပ်ကြပြီး ဖနောင့်လေးများတို့ မသိမသာ ဆောင့်နေကြတော့၏။

"မိဝါ၊ မိဖြူ၊ မိပလူ၊ ညည်းတို့ ပြုံးစူပြဟန်မပြုကြပါနဲ့ အပန္နကသရောင်သီး ကြီးမှုံ့ချိ၊ နွားပျိုသန်လှ နွားအိုပေါင်ကျိုး အမျိုးမျိုးအပြောပြော ရှေးစကားတွေဲ အမြဲမယွင်း မငြင်းတောင်းစရာ တွင်းဟောင်းရေကြည်ဆိုကာ ဝိုအေးမြသတဲ့၊ အဟစ်ဟစ်"

www.burmeseclassic.com



မိန်းမကြီးသည် သူ့ဘာသာသူပြောပြီး တသောသောရယ်နေ၏။

"တော်ပါ ကြီးတော်ရယ်၊ မလျော်တာတွေပြောပြီး အမောဖောက်နေပါဦးမယ်"

လုံမပျိုလေးများထဲမှ ခပ်စွာစွာတာတာယာန်ရှိသော မိပလူက ဘောက်စတားနှင့်ထောက်လိုက်သောကြောင့် မိန်းမကြီး၏ မည်းပြာပြာ မျက်ခွတ်ကြီးမှာ ရှုတ်ခြည်းနက်မှောင်သွား၏။

"အံမာ ညည်းကများ မဟားဒယား ပြောပေါက်နဲ့၊ ကျုပ်ကို အမောဖောက်မလေး ဘာလေး ပြောလိုက်သေးတယ်၊ ဒီမှာ မိပလူငယ်၊ ညည်းစွမ်းတယ်ဆိုရင် သာရကာသောင်းပြောင်း စောင်းမြှောင်းပြောမနေပါနဲ့၊ မောင်းထောင်းဆုံယူပြီး အပြိုင်ထောင်းရဲသလား၊ ဘယ်သူ အားပိုကောင်းသလဲ ဆိုတာ သိသွားရအောင်"

"ဠွ"

ရယ်ချင်ပက်ကျိ ဖြစ်သွားသည့်စိတ်ကို အမြန်ထိန်းလိုက်သော်လည်း မမိဖြစ်သွားသောကြောင့် နေက်ကြောင်၏ အသံကို သူတို့အားလုံး ကြားသွားတော့၏။

"ဟဲ့ ပလုတ်တဲ့ ပလာတော၊ ကျုပ်နဲ့သောခွေ"



ကြည့်၊ ယောင်ပုံကိုက၊ တဏှာရာဂနဲ့မကင်း၊ မိဝါ၊ မိဖြူ၊ မိပလူတို့ ဘတော့ မျက်လုံးလေးများ အဝိုင်းသားနှင့် နေက်ကြောင်ကို ကြည့်နေကြ၏။

အလိုရှင် တော်က ကျုပ်တို့ပြောသမျှ ခိုးနားထောင်နေတာပလေ"

မုဆိုးမကြီးက ဒိုင်းခနဲ မျက်စောင်းပစ်ပြီး နှုတ်ခမ်းတလန် ပန်းတလန် ဆောတော့၏။

"ဟို ဟိုသင်း၊ ဟုတ်ရပေါင်ဗျာ၊ ကျုပ်က တစ်နယ်တစ်ရွာကပါ၊ ဒီရွာမှာရှိတဲ့ နှမငယ်ကညာဆီ အလည်လာရင်း ခရီးပြင်းသမို့ ပန်းဖြေလို့နေ ဘာပါ၊ ကြီးတော်တို့ပြောသမျှ ဘာကမှ မကြားရပေါင်ဗျာ"

"ဘာပြောတယ်၊ ဒီအရွယ်နဲ့ဒီအရွယ် ဘယ့်နှယ်ခေါ် လိုက်စ၊ အောင်ဆယ်လေး လို့တောင် တလိုက်ချင်ပါရဲ့၊ အားမနာရယ်တဲ့မှ လျှာမကျိုး၊ ဆိုးပါဆေ့တော်"

အမျိုးသမီးကြီးက သူ့ကို ကြီးတော်ဟုခေါ် လိုက်သည်ကို ဆတ်ဆတ်ခါနာသွားပြီး ပလပ်ပလပ်နှင့် ပါးစပ်ဆိုင်းတီးနေသောကြောင့် နေက်ကြောင်လည်း ဘာဖြစ်သလဲနှင့်ပင်

"ရော ခွင့်လွှတ်ပါဗျာ၊ သေချာကြည့်လိုက်မှ အစ်မအရွယ်ပေကပဲ"

ဟု တောင်းပန်လိုက်ရတော့၏။ သို့ကလို တောင်းပန်သည်ကိုပင် မိန်းမကြီးက ကျေနပ်ဟန်မပြဘဲ တောက်တောက်တောက်နှင့် ဖနောင့်ပေါက်ထွက်သွားသောကြောင့် မိဝါ၊ မိဖြူ၊ မိပလူတို့ သုံးဦးလည်း သက်ပြင်းအလုံးကြီးကို ချလိုက်ရပြီး တခွီးခွီးနှင့် ရယ်ဖြစ်တော့၏။

မုဆိုးမကြီး၏ အဖြစ်အပျက်ကိုကြည့်ပြီးသကာလ နေက်ကြောင်သည် တကဗျာ ဝါသနာပါသူတစ်ယောက်ပီပီ အောက်ပါ မုဆိုးမတေးထပ်ကို စာစီခဲ့ပြီးမြစွာ ရေးမှတ်ထားလိုက်လေတော့သတည်း။

မုဆိုးမတေးထပ်

အဟုတ်ဆိုးလှ ကုတ်ချီးမရ၊ မုတ်(မု)ဆိုးမဖြစ်အင်
ကျုပ် မရိုးမရွ မဖြစ်ချင်ပြီ၊ ချစ်လင်ကိုရှာပေး
မရလျှင်ဖြင့် မထနိုင်တယ်၊ လင်းတထိုင် မှိုင်တွေးလို့နေး
တွေးဆကြည့် ကိုရွှေဟတ္ထာ၊ ပျိုမေမှာ မအိုသေး

www.burmeseclassic.com

www.burmeseclassic.com



အပျိုလေးထက် တစ်လေးရယ်သာ
လေးဆယ်မှာ စွန်းရုံပ၊ ဖွေးမယ်နော် ကျွမ်းပြန်ကျ
ဆန်းသဏ္ဌာန်အလှ ဖော်လိုက်ချင်၊ အပျော်ကြိုက်လျှင် ပလီစို့ရဲ့
မဒီတို့ထက် ကောင်းကွက်မှာစုံ၊ ထောင်းချက်နာပုံ။
အကြောင်းဆက်ကာ ကြုံချင်မှဖြင့်၊
မယုံလျှင် မောင်းဆုံတောင်းခွဲ၊ ထောင်းပြမယ်လေး။

နေက်ကြောင်သည် သူ့ကိုယ်သူ ဖွေးမယ်နော် ကျွမ်းပြန်ကျလောက်အောင် လှပပေသည်ဟု အထင်ရောက်နေသော မည်းပြာပြာ မုဆိုးမကြီးကို တွေးမိတိုင်း ရယ်ရွှင်ဖွယ်ရာ ဖြစ်နေမိတော့၏။ လုံမပျိုလေး မိပလူကို စကားနိုင်လုပြီး မောင်းထောင်းပြိုင်မည့်အကြောင်းကိုပါ သူ့တေးထပ်ထဲ၌ ရေးစပ်ထားလိုက်နိုင်သည့်အတွက် ကိုယ့်ကိုကိုယ် လွန်စွာအားရနေမိ၏။

ထိုတေးထပ်ကိုပင် တဖွဖွရွတ်ပြီး ရွာထဲသို့ လှမ်းဝင်လာလိုက်သည်။ ဤရွာသိန် ဇနပုဒ်လေးဆီသို့ သူတစ်ခါမှ မရောက်ဘူးပါ။ နှမဖြစ်သူ အိုသေးလှသည် ဤဇနပုဒ်သား ဇထွားသင်နှင့် အကြောင်းဆက်ပေါင်းဖက်ပြီး ဤရွာသို့ လိုက်ပါခဲ့သည်မှာ ငါးနှစ်တာကာလ ကြာတော့ကြာခဲ့ပေပြီ။ ထိုအတောအတွင်း နှမအိုသေးလှက ဤနေရာ ဤဌာနသည်ကား ရေကြည်ရာမြက်နုရာ ဖြစ်သောကြောင့် လုပ်ကိုင်စားသောက်၍ ကောင်းလှပါသည်ဟုဆိုကာ အဖနှင့်အမိကို အတန်တန်ခေါ် လေသောကြောင့် မိဘနှစ်ပါးမှာလည်း သမီးငယ်နှင့်အတူ လာရောက်နေထိုင်ကြပေပြီ။

နေက်ကြောင်သည် သာမင်းတရားထံပါး မြင်းတပ်အကျပ်စားအဖြစ် အမှုတော်ထမ်းနေသောကြောင့် ပါမလာခဲ့ခြင်းဖြစ်ပေ၏။ အခုတော့ ခွင့်ကလေးများရသည်နှင့် နှမနှင့်မိဘများရှိရာ ဤရွာကလေးသို့ ရောက်လာခဲ့ရခြင်းဖြစ်လေသည်။

နေက်ကြောင်သည် ရွာလမ်းတစ်လျှောက် ဟိုမေးသည်စမ်းနှင့်ပင် နှမအိုသေးလှနှင့် မိဘနှစ်ပါးစုနေရာ အိမ်မြေယာဝင်းလေးသို့ ရောက်ရှိလာတော့သည်။

"အမိကယ်. . မောင်ကြီးနေက်ကြောင် လာပြီတော့"



● အိုသေးလှသည်ကား ငယ်စဉ်ကလို
သေးသေးလှလှမဟုတ်တော့။
အိမ်ထောင်ကျပြီး ငါးနှစ်အကြာမှာပင်
ပုံပျက်ပန်းပျက် ပုပ်တောင်းကြီးကဲ့သို့
အောက်ရှိနေပေပြီ။

ဝမ်းသာအားရအော်ပြီး ပြေးထွက်လာသည့် နှမအိုသေးလှကို ဦးစွာတွေ့လိုက်ရ၏။ အိုသေးလှသည်ကား ငယ်စဉ်ကလို သေးသေးလှလှ မဟုတ်တော့။ အိမ်ထောင်ကျပြီး ငါးနှစ်အကြာမှာပင် ပုံပျက်ပန်းပျက် ပုပ်တောင်းကြီးကဲ့သို့ အောက်ရှိနေပေပြီ။

"အိုတဲ့ နှမကယ်၊ ဝချက်က ကမ်းကုန်၊ ပြောလျှင်တောင် မယုံနိုင်စရာပါလား၊ အစားကောင်း အသောက်ကောင်း ထောင်းလမောင်းဝါးနေရသည် ထင်ဝ"

နေက်ကြောင်က နှမငယ်၏ မေးဖျားကိုကိုင်၍ အမေးစကားပြုနေစဉ်မှာပင် အိမ်ပေါ်မှ အဖ၏အသံကို ကြားလိုက်ရတော့သည်။

"ဟဲ့ ငါ့သား နေက်ကြောင်၊ ကတည်းမှ ချောင်ကျသွားလိုက်တာ၊ ငါ့သားမောင် မြင်းတပ်မှာ ထမင်းငတ်လာခဲ့သည် ထင်ပ"

ကွဲကွာနေကြစဉ်အတွင်း ဖြစ်ပျက်ခဲ့သမျှ သူ့အကြောင်း ကိုယ့်အကြောင်းပြောကြသည်မှာ တစ်နေကုန်တစ်နေခမ်း ပြောမဆုံးနိုင်အောင်ရှိကြတော့၏။ နှမငယ်ကလည်း တော်ရှာပါပေသည်။ အဖန်ရည်လှိုင်လှိုင် ချပေးပြီး ကောက်ညှင်း၊ အုန်းဆံ၊ ထန်းလျက်၊ လက်ဖက်တို့ကို အမျိုးစုံ မရိုးအောင် ထည့်ပြီးတစ်ခု ချကျွေး၏။ ငါးဖားကျပ်တိုက်ကင်လေးများပါ အဆစ်ပါလိုက်သေးသည်။

ယောက်ဖဇထွားသင်မှာ နှမကိုကြည့်ပြီး ဘာလုပ်လို့ ပြုံးပြုံးပြုံးပြုံးနေ တွေနုပ်နေသည်ကိုကြည့်ပြီး ငါ့နှမ အိမ်ထောင်ကျကံကောင်းပေသားပဲတု

www.burmeseclassic.com



နေက်ကြောင် တွေးဖြစ်မိသည်။

"ငါ့သားကိုလည်း ဒီရွာသူနဲ့ အိမ်ထောင်ထူပေးရမကွဲ့"

အဖပြောလိုက်သည့်စကားကြောင့် နေက်ကြောင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"မြို့ကြီးသူအမူပို လူလိုမသိတဲ့ဟာတွေထက်စာလျှင်ဖြင့် တို့တောရွာလုံမေများက ငါးဆလောက်ပိုသာသပကွယ်"

"အဖက တွေ့ထားလို့လား"

"အို တွေ့ထားသပ၊ ငါ့သားလှနဲ့ အိမ်ထောင်ဖက်မယ့်သူ ဘယ်လိုလူမျိုးလဲ၊ အဖုံဖုံအနဲနဲ ဝေခွဲပိုင်းခြား အဖ စဉ်းစားထားသကွ"

အဖပြောနေသမျှကို အမိက ဘာမှ ဝင်မပြောဘဲ ပြုံး၍နားထောင်နေသည်။ အမိကတော့ ဒီအတိုင်းပါပဲ။ အဖလုပ်သမျှ အဟုတ်ထင်နေတတ်တဲ့သူ။

"အိမ်ထောင်သားမွေး လုပရေးအတွက်ဆိုသဟာဖြင့် ပုပ်ပွမသာကိုလည်း မဖက်နှင့်၊ ရုပ်လှတာကိုလည်း မမက်နှင့်လို့ ဆိုထားသမို့ ရုပ်လှသူတွေကိုတော့ အဖပယ်သကွ"

သို့ကလိုဆိုလျှင်ဖြင့် နေက်ကြောင်၏ သက်နှံမှာ ဆင်းရှုပါလှပသူ မဖြစ်နိုင်တော့။ စိတ်တစ်ခြမ်း ပိန်သွားရ၏။ အဖက ဆက်ပြောပြန်သည်။

"ကြီးသူမို့ ငယ်သူချီဆိုတဲ့စကား မမှားဘူးလေကွယ့်၊ ငယ်တဲ့သူရွေးလို့ကတော့ ဝေးတက်အောင် ပိုးနေရမှာ၊ အဲသဟာကြောင့် ကိုယ်က မြန်မို့ဖို့ ကြီးသူတို့ထဲက ရွေးရသကွယ့်"

သွားပြန်ပြီ။ သဟာဆိုလျှင်ဖြင့် သက်နှံမှာ လက်ကျန်အချိန်နည်းပါး၊ ခေါင်းတလားနား နီးသူဖြစ်ပေရော့မည်။ နေက်ကြောင်မှာ နောက်တစ်ခြမ်း ထပ်ပိန်သွားရပြန်၏။

"သုံးလေကောင်းလေ၊ ဟောင်းလေသစ်လေ ဆိုပေသည့် စကားမမှားပြန်တာကြောင့် အသွားမတော်တော့စူး၊ အစားမတော်တော့ရှူး မဖြစ်ရအောင် နှူးနပ်စရာမလိုတဲ့ နူးနပ်ပြီးသားကို ပူးကပ်ရမကွဲ့"

"ဟင် အဘဟာကြီးက ဘယ့်နှာကြီးတုန်း"



"ဘယ့်နှာကြီးဆိုတော့ ဒီနှာကြီးပေါ့ကွာ၊ လာပဟော့ လာပဟော့၊ ငါ့သားချစ်အတွက် အဖ နှစ်သက်တဲ့သူ"

အဖက ခြံဝကြည့်ပြီးပြောလိုက်သောကြောင့် နေက်ကြောင်မှာ ဗျာပျာသလဲ လှမ်းကြည့်လိုက်တော့ ခြံဝမှာ တွေ့လိုက်ရတာကတော့ သူနှင့်စိမ်းမနေသည့် ကောင်မလေးသုံးဦး။ မိဝါ၊ မိဖြူ၊ မိပလူ။ သုံးဦးစလုံး တစ်ယောက်တစ်မျိုးစီ လှကြပါပေ၏။ ဘယ်သူနဲ့ဖြစ်ဖြစ် သိပ်မဆိုး။

"သူတို့ထဲက ဘယ်သူလဲအဖ၊ မိဝါလား၊ မိဖြူလား၊ မိပလူလား"

နေက်ကြောင် စိတ်လှုပ်ရှားစွာနှင့် တံတွေးမျိုပြီး မေးလိုက်၏။

"အောင်မာ မင်းက တယ်ဟုတ်ပါလား။ ခုလေးတင် ရောက်လာတာ ရွာပျိုဖြူတွေ တယ်သိနေပါလား"

အဖစကားကြောင့် နေက်ကြောင် ပြုံးလိုက်မိသည်။ အပြုံးမဆုံးခင်မှာဝင် ကတုန်းကတိုက် နောက်မှ လိုက်ဝင်လာသည့် မုဆိုးမ မည်းပြာကြီးကို မြင်လိုက်ရသောကြောင့် ဟိုက်ခနဲဖြစ်သွားရ၏။

"ဝရိုးနေက်ရေ ခြံထွက်သစ်သီးလေးတွေ ကောက်ရသနှင့် နောက်ကျသွားသရှင့်"

မုဆိုးမကြီးက သူကောက်လာသည့် သရက်သီးမှည့်များကို မြှောက်ပြီး အော်ပြောလိုက်သည်။

"အိမ်း အဲသဟာပဲကွ၊ တစ်လင်ဆုံးပေမယ့် ယဉ်တုန်းပါပဲလကွာ၊ အစဉ်သုံးမယ်ဆိုရင်ဖြင့် ဘဝင်မတုံးတဲ့ ခင်ဂမုန်းဆိုသဟာ"


အဖ ဆက်ပြောသည့် စကားများကို နေက်ကြောင် မကြားတော့။ စကားလုံးများက ဝါးတားတားဖြစ်လာပြီး ခေါင်းထဲ၌ မိုက်ခနဲဖြစ်သွားသောကြောင့် လဲပြိုမကျအောင် မနည်းထိန်းလိုက်ရ၏။ အတွေးထဲ၌ သူ၏ခန္ဓာကိုယ်ဆောင်းဆုံကြီးဘဝပြောင်းသွားပြီး စိတ်ရှိလက်ရှိ ထောင်းတော့မည့် မုဆိုးမကြီး၏အသွင်ကို မြင်လိုက်သည့်ခဏ ကျောရိုးတစ်လျှောက် စိမ့်အေးသွားသောခေါင်းမွေးများပါ ထောင်သွားတော့သည် တမုံ့။

ဥက္ကာမင်းဆက်

www.burmeseclassic.com

www.burmeseclassic.com

# သမီးချော ထွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



# ထွက်ပေါက်

"မခင်သန်းဦး"

ဖွားချောတို့အိမ်ရှေ့လမ်းကလေးမှ ထဘီကို စွန်တောင်ဆွဲဝတ်၍ လွှားခနဲ လျှောက်လှမ်းသွားသည့် မခင်သန်းဦးက ဖွားချော၏ တိုးတိုးတိမ်တိမ်ခေါ်သံကို မကြားချေ။

"မခင်သန်းဦး"

ဖွားချောထပ်ခေါ်လိုက်၏။

သူမ ကြားဟန်မတူချေ။

ဖွားချောလည်း အိမ်ပေါ်မှ လွှားခနဲဆင်းလိုက်ပြီး မခင်သန်းဦးနောက် အပြေးလေးလိုက်ခဲ့သည်။ ကိုဖိုးထင်ကတော့ ဖွားချောကို ဂရုထားဟန်မရပါ။ အိမ်ရှေ့ရှိ ထန်းလက်ပက်လက်ကုလားထိုင်ပျက်ကြီးပေါ်တွင် အတော်ငိုမ်ကျနေလေ၏။

ဖွားချောလုပ်မည့်ကိစ္စကို ကိုဖိုးထင်မသိစေချင်ပါ။ ကြောက်၍တော့မဟုတ်။ စကားများများမပြောချင်၍ ဖြစ်သည်။

ဖွားချော ရှေ့မှ တလွှားလွှားသွားနေသည့် မခင်သန်းဦးကို မီရန် အပြေးအလွှား လိုက်ခဲ့ရသည်။ မီသည်နှင့် သူမလက်ကိုဖမ်းဆွဲပြီး

"မခင်သန်းဦး"

"ဟဲ့ အောင်မလေး သောတ်ဝလုတ်တုတ် အိမ်မြောင်နဲ့တောက်တဲ့ညား ကိုးရိုးကားရား"

အရေးထဲ မခင်သန်းဦးက ယောင်နေသေး၏။

"ဟဲ့ ဘာလဲ မိချော၊ လန့်လိုက်တာအေ ညည်းလက်က အေးလိုက်တာ တစ္ဆေခွေးစိ ကျနေတာပဲ"

"အို့ မခင်သန်းဦးကလည်း တစ္ဆေလက်လိုပဲ လုပ်စမ်းပါ"

"တူတူပဲလေ လက်အေးမှတော့ ဟိုဟာလည်း အေးမှာပေါ့တေး ဟေး"

မခင်သန်းဦးက သူ့ဘာသာပြော သူ့ဘာသာ ရယ်နေသေး၏။

"ကျွန်မက ဟိုဟာလုပ်ချင်လို့ မခင်သန်းဦးရဲ့"

မခင်သန်းဦးက မျက်မှောင်ကြုတ်လိုက်ပြီး

"ဘာတုံးဟ မိချောရဲ့ . . ညည်းဟာကလည်း အရင်းမရှိ အဖျားသည်းမသိတဲ့ မော်ဒယ်မခန္ဓာကိုယ်ဆိုပါလားဟ"

ဖွားချောက မသိမသာဘေးဘီဝေ့ကြည့်ပြီး မခင်သန်းဦးနားကိုကပ်၍ လေသံတိုးတိုးလေးနှင့်

"ဒီလိုပါ မခင်သန်းဦးရဲ့ ကျွန်မ ဟိုဟာလေးထိုးချင်လို့"



မခင်သန်းဦးမျက်နှာ တစ်ချက်လင်းသွားပြီး

"သိပြီ၊ ပေါက်ပြီ၊ ညည်းပြောတာ ရဲတွေလုံးဝသိလို့မရတဲ့ဟာ၊ သိအောင်လည်း အမြဲအနံ့ခံနေတဲ့ဟာ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မတို့က မွန်ဘက်ကလာတဲ့လူတွေဆိုတော့ နည်းနည်းအားသာပြေလေးပါ၊ သိပ်အများကြီးတော့လည်း မလုပ်နိုင်ပါဘူး"

"ဒါပေါ့ ဒါပေါ့ လုပ်ရမှာပေါ့၊ လူဆိုတာ ထွက်ပေါက်လေးတော့ထားမှ၊ နို့မဟုတ်ရင် အမြဲတင်းကြပ်နေပြီး ထွက်ပေါက်မရှိရင် ရူးတတ်တယ် သိလား"

ဖွားချောကလည်း ပြုံးလိုက်ပြီး ထောက်ခံလိုက်၏။

"ဟုတ်မယ် . . . အိမ်က ယောက်ျားကြီးတောင် သူ့ဘာသာ ပိတ်မိပြီး ရူးနေပြီလားမသိဘူး"

"ဟုတ်တယ် မိချောရဲ့ ဒီခေတ်က နေတတ်မှ၊ မနေတတ်တဲ့လူဆို ရူးတာကြီးပဲ၊ တို့လမ်းထဲ လူကြီးပဲကြည့်ပါလား၊ အရင်က နေချင်သလိုနေခဲ့ပြီး ခု လမ်းလူကြီးဖြစ်မှ အိမ်ခြေဆယ်ပြီး လူကြည်ညိုအောင်နေရ

www.burmeseclassic.com

www.burmeseclassic.com



တော့ သွက်သွက်ခါနေပြီ၊ သနားပါတယ်၊ သူ့ကိုယ်သူ ရှုမှန်းမသိရှာဘူး၊ ဟိုနေ့ကပဲကြည့်ပါလား တို့လမ်းမှာ ရေမြောင်းကိုပေါက်တူးလာပေါက်နေတာ"

"သြော် ဒါကတော့ မသန်းဦးရယ် သူ့ကို လူပိုကြည့်ညို့အောင် ဖြစ်မှာပေါ့"

ဖွားချောတို့နှစ်ယောက်သား အတိုင်အဖောက်ညီနေတော့သည်။ မသန်းဦးကပဲ စကားဖြတ်၍

"ကဲ ပြော ညည်းဘယ်ဟာ ဘယ်လောက်လဲ"

"အင်း ခြောက်ပတ်မယ်၊ 'ဥ'ပတ်မယ်"

"ဘာတုံးဟဲ့ ညည်း 'ဥ' ဆိုတာက"

"သြော် မခင်သန်းဦးကလည်း သုညကိုပြောတာ"

"အေး ဟုတ်ပြီ၊ ဘယ်လောက်လဲ"

"ငါးဆယ်ဖိုးစီလောက်ပါ"

"ဟုတ်ပြီ၊ အပတ်ဆိုတော့ တစ်ပတ်ကို(၁၉)၊ နှစ်ပတ်ဆိုတော့ (၃၈) ငါးဆယ်နဲ့ဆိုတော့ နှစ်ထောင်ပေးခဲ့၊ လိုတာပိုတာရှင်းမယ်"

"အင်း ရတယ်၊ ရတယ်၊ ရော့ နှစ်ထောင်"

ဖွားချော ငွေနှစ်ထောင် ထုတ်ပေးလိုက်၏။ မခင်သန်းဦးက ဖွားချောထုတ်ပေးသော ငွေနှစ်ထောင်ကိုယူလိုက်ပြီး

"ဘယ့်နှယ်လဲ ညည်းပေါ့သွားပြီ မဟုတ်လား"

"အင်း ဟုတ်တယ်"

"ဒါပဲလေ ထွက်ပေါက်ဆိုတာ၊ လူဆိုတာမရူးအောင်နေရတယ်"

❖ ❖ ❖

ဖွားချောရင်တွေ တထိတ်ထိတ်ခုန်နေသည်။ ဖွားချောမျှော်နေရသည့် ရက်နှင့်အချိန်က ရောက်လာပြီ၊ အိမ်ပေါ်တွင် ယောက်ယက်ခတ်အောင် ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နှင့် မတည်မငြိမ်ဖြစ်နေပြီ၊ ကြာလာတော့ မြေးဖြစ်သူ အောင်သူရိန်ကပင် သတိထားမိလာ၏။

"ဖွား ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ မခင်သန်းဦးကို မျှော်နေတာပါ"

"သြော် ဖွားက ဟိုဟာသိချင်နေတာ မဟုတ်လား"

"အေး"

"အောင် သွားမေးပေးမယ်လေ၊ ဖွားက ဘာတွေလုပ်ထားလဲ"

"ဖွားက ဥနဲ့ခြောက်"



"ဟုတ် ဖွား၊ အောင်သွေးချော စုံစမ်းခဲ့မယ်"

အောင်သူရိန် အိမ်ပေါ်မှ မခင်သန်းဦးတို့အိမ်ဘက်သို့ မှန်နေအောင် ပြေးထွက်သွား၏။ ခဏကြာတော့ အောင်သူရိန် ခြေပစ်လက်ပစ် ပြန်ရောက်လာသည်။

"အောင် ဘာတဲ့လဲ"

အောင်သူရိန်က သက်ပြင်းချလိုက်ပြီး

"သုံးလုံးပဲလွဲတယ် ဖွားရဲ့"

"ဟင် လွဲပြန်ပြီဟဲ့နော်"

ခုမှပဲ ဖွားချောတစ်ယောက် ရင်အခုန်လည်းရပ်သွားပြီး အိမ်တွင်လုပ်စရာရှိသည့်အလုပ်များကို ထလုပ်နိုင်တော့သည်၊ လွဲပြန်ပေါ့လေ တစ်ပတ်။ မတတ်နိုင်ဘူး၊ ဒါမဲ ထွက်ပေါက်ရှိတာ၊ နောက်အပတ်လည်း မျှော်ရပြန်တာပ။ ဖွားချော ကိုယ့်ဘာသာ အားတင်းလိုက်တော့၏။

နောက်အပတ်များတွင်တော့ ဖွားချောတစ်ယောက် အိမ်မှာ အေးဆေးနေရပြင်၊ အချိန်တန်လျှင် မခင်သန်းဦးက ရောက်လာတတ်၍ မှတ်သည်။

"ဟော့ မိချော ဘယ်လိုလဲ"

မခင်သန်းဦးအသံကြား

**အသက်ဆဲ့ တစ်ယောက်ကို**
**နှစ်ထောင်**
**သုံးထောင်နှုန်းဖြင့်**
**ဖွားချောတို့ ထွက်ပေါက်သို့**
**ထွက်ကောင်းဆဲပင်**
**ရှိနေသေးတော့သည်။**

သည်နှင့် ဖွားချောက မျက်စပစ်ပြလိုက်သည်။ အိမ်နှင့်မလှမ်းမကမ်းလေးတွင် ဖွားချောတို့နှစ်ယောက် တိုးတိုးကျိတ်ကျိတ် ပြောဆိုကြ၏။ ပြောင်ပြောင်တင်းတင်းကတော့ မလုပ်ရဲ၊ အကုန်လုံးကိုလည်း ကြောက်နေရသေးသည်။

"ဒီတစ်ပတ်ရော ဘာလဲ"

"အင်း ဒီတစ်ပတ်တော့ တစ်လုံးပိုတယ်"

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါဆို သုံးထောင်ပေါ့"

"ဟုတ်တယ်"

"နောက်တစ်ခါ ငါ ညည်းအိမ်ပဲ လာလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အာ မလုပ်ပါနဲ့ မသန်းဦး
နဲ့ အိမ်မှာထ ဆုံတင်ကောင်းအကောင်း
တွေ ရှိနေတယ်"

ခင်သန်းဦးက ခေါ်ဘာဆက်
ဆယ်ညီတ်လိုက်ပြီး

"ကောင်းပြီလေ၊ ဒီလိုပဲလုပ်
ကြတာပေါ့"

ဒီလိုနှင့်ပင် တစ်ရက်ပြီး
တစ်ရက်၊ တစ်ပတ်ပြီးတစ်ပတ်၊ အချိန်
များကုန်ဆုံး၍ ရာသီတစ်ပတ်ပင်
လည်ခဲ့လေပြီ။ အပတ်စဉ် တစ်ပတ်ကို
နှစ်ထောင်၊ သုံးထောင်နှုန်းဖြင့် ဖွားချော
တို့ ထွက်ပေါက်သို့ ထွက်ကောင်းဆဲ
ပင် ရှိနေသေးတော့သည်။

မြောက်ပြန်လေများ တသုန်
သုန်ရိုက်ခတ်လာသည့်ဆောင်းလေသို့
ပင် ရောက်ရှိလာပြီဖြစ်၏။ ကိုဖိုးထင်
တစ်ယောက်ကတော့ မနက်စောစော
ခြံထောင့်တွင် မီးပုံ၍ မီးလှုံနေသည်။
အောင်သူရိန်ကတော့ ချမ်းချမ်းနှင့်
အပျင်းထူပြီး အိပ်ရာမှ မထသေး။

"မချောရေ"

ခြံထောင့်မှ ကိုဖိုးထင်
အသံကြောင့် ဖွားချော အိမ်ရှေ့ကို
ထွက်ခဲ့၏။

"ဒီမှာ မချောရေ. . မင်း
အစ်ကိုငယ်တို့"

"ဪ ကိုမိုးတို့ လာလည်
ကြတာလား"

"အေး ဟုတ်တယ်၊ ငါတို့
လည်း ကလေးတွေကျောင်းပိတ်တုန်း
ကလေးတွေလည်း ကစားကွင်းတို့
ရေကူးကန်တို့ ပို့ချင်တာနဲ့ လာကြ
တာ"

ဖွားချောအစ်ကို ကိုမိုးတို့က
မော်လမြိုင်မှလာကြခြင်းဖြစ်သည်။

"ကိုမိုးက ဝလာလိုက်တာ"

"အေး. . အသက်ကြီးပြီ
လေ"

"မော်လမြိုင်မှာရော အေး
ဆေးပဲလား"

"ဘာကိုလဲ"

"အို ဘာမှမဟုတ်ပါဘူး
ဒီလိုပဲ မေးကြည့်တာ"

မောင်နှမနှစ်ယောက်
တွေ့တုန်းတွေ့ခိုက် စကားများ ဖောင်
ဖွဲ့နေကြတော့သည်။ ကိုဖိုးထင်က
တော့ မီးပုံကိုသာ မီးထိုးရင်း အသက်
မဲ့သူတစ်ယောက်လိုပင် ဘာတစ်ခုမှ
ပြောဆိုဆွေးနွေးခြင်း မရှိပေ။

"ဒါနဲ့ မချော ဒီနေ့က လ
ဆန်း(၁)ရက်ဆိုတော့ ငါ့အိပ်မက်
လေး ကောင်းလွန်းလို့"

အမြဲတမ်းအိပ်မက်ကောင်း



နေတတ်သော အစ်ကိုဖြစ်သူကိုကြည့်
၍ ဖွားချော မဲ့လိုက်ပြီး

"ဘာလဲ ကာလီမယ်တော်၊
ဒွမ်ရင်မယ်တော်၊ နံကရိုင်းမယ်
တော်၊ မြေပေါ်မြေအောက်ရှိသမျှ
မယ်တော်တွေကို မက်ပြန်ပလား"

"မဟုတ်ဘူးဟ ဒီတစ်ခါ
တော့ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ကို
မက်တာ"

"ဟွန်း"

"အဲဒါ လုပ်စမ်းပါ မချော
ရဲ့ ငါ မော်လမြိုင်မှာ မထိုးခဲ့ရဘူး၊
ဒီမှာ ရတယ်မဟုတ်လား"

"အင်း. . . ရတယ်၊ နေဦး
တောင့်"

ဖွားချော လမ်းမဘက်
မျှော်ကြည့်လိုက်သည်။ မခင်သန်းဦး
တို့ တွေ့လိုတွေ့ငြား မျှော်ခြင်းပင်။

"ဟော ဟိုမှာ မခင်သန်း
ဦးရယ်"

မခင်သန်းဦး ကားရား
ကားရားနှင့် ဖွားချောတို့အိမ်ဘက်သို့
ဝင်ချလာ၏။

"အတော်ပဲ မသန်းဦးရေ
ဒီမှာ အစ်ကိုက နည်းနည်းထည့်ချင်
လို့"

မခင်သန်းဦး မျက်နှာကြီး

ကို ပြုံးတက်နေအောင် ရယ်ရင်း

"ရတယ်၊ နည်းနည်းမဟုတ်
ဘူး၊ များများထည့်"

ဖွားချော ကိုမိုးဘက်လှည့်
ရင်း

"ပြော ကိုမိုးနံပါတ်"

ကိုမိုးက စေ့စပ်သူပီပီ မ
ခင်သန်းဦးကို သေချာကြည့်လိုက်
ပြီး

"စိတ်ချရပါတယ်နော်"

မခင်သန်းဦးကလည်း ကို
မိုးကို ပြန်ကြည့်ပြီး

"ဘာကိုမေးတာလဲ၊ ဘာ
ကိုစိတ်ချရမှာလဲ"

"ကျွန်တော်ထိုးလိုက်တဲ့
နံပါတ်က ပေါက်ရင် ခင်ဗျား(ဒါမှ
မဟုတ်) ခင်ဗျားဒိုင်က အသေအချာ
လျော်မှာလား၊ ဘယ်နှုန်းနဲ့လျော်တာ
လဲ"

မခင်သန်းဦး မီးပုံဘေး
ထိုင်မလိုလုပ်ပြီးမှ ဆတ်ခနဲ ပြန်ထ
လိုက်၏။

"မိချော ဒီလူ ဘာတွေ
ပြောနေတာလဲ"

ဖွားချောက ရယ်ကျဲကျဲ
နှင့် မခင်သန်းဦးကို အားနာသလို
ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

"ဟိုလေ ကိုမိုးက စေ့စပ်
သချာသူဆိုတော့"
ကိုဖိုးထင်ကတော့ သူနှင့်
ဆိုင်သလို မီးကိုသာ တွင်တွင်ထိုး
နေ၏၊ မခင်သန်းဦး ကိုမိုးကို မျက်
ထောင့်နီကြီးနှင့် စိုက်ကြည့်ပြီး
"ဒီမှာ ငါ့လူ၊ အခုမှရောက်
လာပြီး ဘာပြောနေတာလဲ၊ ဒီမှာ မိချော
ဆိုရင် နှစ်ချိနေပြီ၊ ဘာတစ်ခွန်းမှ
ပြောဘူး၊ ပြောစရာမှမလိုတာ၊ မိချော
ဘို့က သဘောပေါက်တယ်"
ဖွားချောလည်း ဘာပြန်
ပြောရမှန်းမသိဘဲ သူမကိုသာငေး
ကြည့်နေမိ၏၊ နှစ်ပေါက်အောင်
ထိုးပြီး သူ့ကိုမမေးခြင်းမှာ မေးစရာ
မလိုဟု ထင်ထား၍ဖြစ်၏၊ မိမိက
ရလိုမှုနှင့်ထိုးသည်၊ ပေါက်လျှင်ပေး
ရမည်၊ ထိုကဲ့သို့ သဘောပေါက်ထား
၍သာဖြစ်၏၊ မခင်သန်းဦးက ဒေါသ
တကြီးနှင့် သူမ၏လိမ်ကွေးနေသော
ဆံပင်တိုကို လက်နှင့်ခပ်ကြမ်းကြမ်း
ဖွလိုက်ရင်း
"ဘာဒိုင်လဲ၊ ဘာကိုလျော်
ရမှာလဲ၊ ဘယ်လောက်နှုန်းလဲ မေး
လိုက်သေးတယ်၊ ထိုးတဲ့ဂဏန်း
ပေါက်ရင် ဒီမယ် အခု လျော်ချင်လျော်



မယ်၊ နောက် လျော်ချင်လျော်မယ်၊
လျော်ချင်မှလည်း လျော်မယ်၊ အင်
တာန်စိတ်ကောင်းရှိလို့ လျော်ရင်
လည်း လျော်ချင်သလိုလျော်မယ်လေ၊
ဘယ်သူ့တိုင်မှာလဲ"
မခင်သန်းဦး ပြောပြီး
အခန် လှည့်ထွက်သွားတော့သည်။
ခင်နှမနှစ်ယောက် တစ်ယောက်
ကိုနှာ တစ်ယောက်ကြည့်လို့ အံ့
သြတကြီးနှင့် ငိုရမလို ရယ်ရမလို
ဖြစ်နေတော့သည်။ မခင်သန်းဦးက
ခုသို့ရောက်မှ ဖွားချောတို့ဘက်
ပြန်လှည့်ပြီး
"ဒီမယ် မိချော"
"ရှင်"
ဖွားချော ယောင်ကမ်းကမ်း
နှင့် ထူးလိုက်သေး၏။
"စိတ်ထွက်ပေါက်မရှိရင်
လူတွေရူးကုန်မှာစိုးလို့ ငါက ကူညီ
နေတာကို နားမလည်တဲ့လူက ငါ့
ကိုအစော်ကားနေတယ်၊ ညည်းတို့
စိတ်ထွက်ပေါက် မှန်သမျှတွေကို ငါ
ဘယ်လောက် စိတ်ညစ်ခံပြီး လက်ခံ
နေရသလဲ သိလား၊ ဟွန်း လူကို
အထူးမတင်တဲ့အပြင် တကတည်း
နော်"
မခင်သန်းဦးတစ်ယောက်
ဖိုးဖိုးဇတ်ဇတ်နှင့် ထွက်သွားလေပြီ။
ဖွားချောတို့ အပတ်စဉ် နှစ်ထောင်
သုံးထောင်နှင့် ကုန်လာလိုက်သည်
မှာ နှစ်ပင်ပေါက်လေပြီ။ ဒီကြားထဲ
မပေါက်သည်ကိုပင် ဝမ်းသာရမလို
ဖြစ်နေ၏။ ပေါက်သာပေါက်လျှင်
ခုပုံစံနှင့် နှလုံးရောဂါအခံရှိလျှင်
သေနိုင်သည်။ ဖွားချောတစ်ယောက်
ရင်ထဲတွင် ကြိတ်မနိုင်ခဲမရနှင့် ကတုန်
ကယင် ဖြစ်နေတော့သည်။ ကိုမိုးက
တော့ ပါးစပ်အဟောင်းသားနှင့်၊ ခုမှ
ကျောက်ရုပ်ကြီးကိုဖိုးထင်က တခွီးခွီး
ရယ်လိုက်ပြီး
"မချော"
"ဘာတုံး"
"ဘာ. . ထွက်ပေါက်တဲ့
ဟုတ်လား၊ မင်းက ဘုရားမကြိုက်တဲ့
ထွက်ပေါက်ကို သွားလုပ်တာကိုး၊
ခံလိုက်ရပြန်ပေါ့ ဟေး ဟေး ဟေး"
ဖွားချော မီးဝင်းဝင်း
တောက်သော မျက်လုံးများနှင့် ကို
ဖိုးထင်ကို စိုက်ကြည့်လိုက်သည်။ ဘေး
နားတွင်ထိုင်နေသော ကိုမိုးကတော့
နှုတ်ပင်မဆက်ဘဲ ထလစ်သွားပြီ။ ပွဲ
ကကြမ်းတော့မည်လေ။

သမီးချော


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# တွမ်ဒေါ်ကလဲ့စား

မခံချင်စိတ်၊ နာကျင်နာကြည်းစိတ်များက ဒေါသအဖြစ် ပြောင်းလဲကာ ခန္ဓာကိုယ်နေရာအနှံ့အပြား မီးစီးကြောင်းတစ်ခုပမာ စီးဆင်းတောက်လောင်နေ၏။ မြင်းကို ဒုန်းစိုင်းစီးရင်း ပစ်ခတ်နေသည့် သူ၏မြားချက်များက ပစ်မှတ်များ၏ဗဟိုသို့ မလွဲတမ်းထိမှန်၍နေသည်။

"အဖေ့အတွက်"

"အမေ့အတွက်"

"အစ်ကိုနဲ့အစ်မအတွက်"

"ငါ့နယ်မြေ ငါ့လူမျိုးတွေအတွက်"

နှုတ်မှရွတ်ဆိုလိုက်သည့်စကားသံများနှင့်အတူ သူ၏မြားတံများက လေးညို့မှ အရှိန်အဟုန်ပြင်းထန်စွာ တစ်ချောင်းပြီးတစ်ချောင်း ပြေးလွှားထွက်ခွာနေ၏။

"တွမ်"

"တွမ်"

"တွမ်"

သူ၏နောက်လိုက်ယောက်ျားများက ကိုင်ဆောင်ထားကြသည့် လှံ



ချွန်တုတ်ချွန်များ၏ အနေအထားများကို စည်းချက်ညီညီ မြေသို့ဆောင့်ရင်း သူ၏အသံကို တကြော်ကြော် ဟစ်ကြွေးကာ တစ်ခဲနက် အားပေးကြသည်။

နောက်ဆုံးမြားချက် ပစ်မှတ်ဗဟိုတည့်တည့်သို့ စိုက်ဝင်သွားပြီးသည့်နောက် သူ မြင်းပေါ်မှ တစ်ပတ်ကျွမ်းထိုးကာ လွှားခနဲ ခုန်ဆင်းလိုက်၏။

"ဟေး"

အားလုံးထံမှ ဩဘာသံကြီးက မိုးယံသို့တိုင် ဗြိမ့်ဗြိမ့်ညံသွားသည်။ သူက ခပ်မြင့်မြင့်ကျောက်တုံးကြီးတစ်ခုပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး လက်တစ်ဖက်ကို မြှောက်၍ လက်ဝါးဖြန့်ကာ တားလိုက်သောကြောင့် ဆူညံနေသည့်အသံများ တိတ်ဆိတ်သွားကြ၏။

"ချစ်လှစွာသော မိတ်ဆွေသားချင်းများခင်ဗျား၊ ကျုပ်ပစ်လွှတ်မယ့်မြားချက်တိုင်းဟာ ကျူးကျော်စော်ကားသူများရဲ့ အသည်းနှလုံးတွေကို ထွင်းဖောက်သွားစေရမယ်လို့ ကျုပ် ကတိပြုတယ်"

"ဟေး"

မိမိတို့နယ်မြေကို ကျူးကျော်သိမ်းပိုက်သူများ၊ မိမိတို့လူမျိုးကို ညှဉ်းပန်းနှိပ်စက်သူများ၊ မိမိတို့တိုင်းရင်းသားအားလုံးကို အနိုင်ကျင့်စော်ကားသူများ ထိုသူများအားလုံးကို လက်ကလေးလှုပ်လိုက်ရုံနှင့် ဖြုတ်ခနဲ ကြွေသွားစေသည့်ဆန္ဒ လူတိုင်းမှာရှိနေကြသောကြောင့် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသည့်အသံကြီးမှာ မစဲနိုင်အောင် ဟိန်းဟိန်းထနေလေတော့သည်။

ဒီနယ်မြေသည် ဘိုးဘွားအစဉ်အဆက် ငြိမ်းအေးချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည့် မိမိတို့၏နယ်မြေ။ သင်းတို့က သေနတ်မီးပေါက်လက်နက်များနှင့် နယ်မြေကို သိမ်းပိုက်လုယူရုံတင်မက မိမိတို့ကိုလည်း ကျွန်သားပေါက်သို့ သွတ်သွင်းဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ သတ်ဖြတ်ညှဉ်းဆဲ အနိုင်ကျင့်ခြင်းများ အမြဲပြုကျင့်ခဲ့ကြသည်။ ဤသည်မှာ တရားပါ၏လော။

သင်းတို့လူမျိုးကို မိမိတို့ စိတ်မဝင်စား မထိပါးခဲ့။

သင်းတို့နိုင်ငံနယ်ပယ်ကိုလည်း မိမိတို့ စိုးစဉ်းမျှ မတက်ခဲ့။

မိမိတို့နယ်မြေ၌သာ အေးအေးချမ်းချမ်း နေလိုကြပါသည်။ သင်းတို့အတွက်ကြောင့် မိမိတို့ကဲ့သို့ စိတ်ထားမျိုး မထားနိုင်ကြသနည်း။

www.burmeseclassic.com

*အလို ဘုရားသခင် အဖေ၊ အမေတို့ရဲ့ဦးခေါင်းနဲ့ခန္ဓာကိုယ်မှာ သွေးသံရဲရဲဖြစ်လို့ ဒါ သင်းတို့လက်ချက်ပဲ။*

ဤပင်လယ်ဓားပြ လူဖြူကောင်များသည်ကား လောဘသက္ကာယကြီးမားလွန်းလှပေစွ။

မတရားအနိုင်အထက်ပြုကျင့်ခံရမှုများကြောင့်သာ မိမိတို့အားလုံးရင်ထဲ၌ အုံကြွပေါက်ကွဲနေကြရသည်။ သည်သို့မဟုတ်ပါက မိမိတို့လူမျိုးသည် နေသာသပ လေညာက၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်အစာကိုယ်စား အေးအေးလူလူနေကြမည့်သူများချည်းသာ ဖြစ်ကြ၏။ ယခုတော့ ဤသို့မနေနိုင်ကြတော့ပါ။

မိမိတို့ခေါင်းဆောင်ကြီးတွမ်၏ အဖြစ်ကိုလည်း ကြည့်လိုက်ပါဦး ဘယ်လောက်ရင်နာစရာကောင်းသလဲဆိုတာ။

လွန်ခဲ့တဲ့ငါးနှစ်၊ ဒီတုန်းက တွမ်ရဲ့အသက်က ဆယ့်လေးနှစ်တောင်မပြည့်သေး။ ဆော့ကစားလို့ကောင်းတုန်း။ အဖေနဲ့အမေက တောင်ယာလုပ် အစ်ကိုကြီးက မုဆိုးဆိုတော့ ဒူးလေးတစ်လက်နဲ့ အမဲပစ်၊ အစ်မက အိမ်မှာ ချက်ပြုတ်လျှော်ဖွပ်နှင့် မိသားစုလေး အဆင်ပြေပြေနေနိုင်ကြ၏။

တွမ်ကတော့ ရက်အင်ဒီးယန်းလူပျိုပေါက်တို့ သဘာဝအတိုင်း တောထဲမှာ ကြက်၊ ငှက်၊ ခါတို့ကို ထောင်လိုထောင်၊ ဒါမှမဟုတ် စမ်းချောင်းလေးထဲမှာ ငါးကလေး၊ ဖားကလေးများ ဟင်းစားအတွက် ရှာလိုရှာ၊ ဒီလိုမဟုတ်ရင် ရွယ်တူသူငယ်ချင်းများနှင့် လက်ပန်းဖွပ်တမ်း ကစားချင်ကစားနှင့် အချိန်ကုန်နေတတ်၏။

သူ၏ဘဝ၌ ဤမိသားစု ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေအပေါင်းအသင်းတို့မှလွဲ၍ ဘာကိုမှစိတ်မဝင်စား။ တစ်ခါတစ်ရံ၌ အဖေ၊ အမေ၊ အစ်ကို အစ်မတို့ပြောပြောနေကြသည့် လူဖြူဓားပြကြီးများ၏ အကြောင်းများကိုလည်း ခေါင်းထဲမဝင်။ ဤသူများသည် ဤမျှအထိ ဆိုးသွမ်းယုတ်ညံ့ကြလိမ့်မည်ဟု လည်း မည်သည့်အခါမှ တွေးထင်မထားမိခဲ့။



သို့သော် တစ်နေ့ကျတော့ မျက်ဝါးထင်ထင် မြင်တွေ့ရတော့၏။ ...၏ကမ္ဘာပြိုပျက်ခဲ့ရသောနေ့ပင်တည်း။

အဝေးမှမြင်တွေ့လိုက်ရသည့် မယုံကြည်နိုင်စရာမြင်ကွင်းကြောင့် ...တ်တစ်ခုနောက်သို့ ဝင်ရောက်ပုန်းကွယ်လိုက်ပြီး သစ်ရွက်များကြားမှ ...ောင်း၍ကြည့်လိုက်၏။

မီးပေါက်သေနတ်များ ကိုင်ဆောင်ထားကြသည့် လူဖြူတွေ။ သူတို့ ...င်းအနှံ့အပြားမှာ သင်းတို့တွေ ဘာလုပ်နေကြပါလိမ့်။ အလို ဘုရားသခင် ...ေ။ အမေတို့ရဲ့ဦးခေါင်းနဲ့ခန္ဓာကိုယ်မှာ သွေးသံရဲရဲဖြစ်လို့ ဒါ သင်းတို့လက် ...တ်ပဲ။

ဟင် ဟိုမှာ အစ်ကိုလည်း လက်နောက်ပြန်ကြိုးတုပ်လို့ လည်ပင်းမှာ ...ကွင်းစွပ်ခံထားရပါလား။ အောက်မှ ခုံတန်းပေါ် မတ်တပ်ရပ်နိုင်းထား ...ာ သစ်ပင်အမြင့်မှာ ချည်နှောင်ထားတဲ့ကြိုးကွင်းက လျော့ရဲရဲဖြစ်နေတာ။ ...ယ်လိုက်တာနှင့် ကြိုးဆွဲချပြီးသား ဖြစ်တော့မှာ။

"ဟား ဟား ဟား ဟား"

ထိုသူများထံမှ မိမိနားမလည်သည့် ဘာသာစကားများနှင့်ပြောဆို ...ယ်မောလိုက်သံများ ပေါ်ထွက်လာ၏။ အစ်ကိုကိုကြည့်လိုက်တော့ အံ ...ထားတာကိုတွေ့ရ၏။ သူ၏မျက်နှာတစ်ခုလုံးမှာလည်း ယောင်ကိုင်း၍ ...သည်။

ထိုအချိန်မှာပင် အစ်မကို မုတ်ဆိတ်မွေးဗရပျစ်နှင့် လူသန်ကြီး ...သာက်က ပွေ့ချီလာသည်ကို တွေ့လိုက်ရ၏။ တွန်းထိုးရုန်းကန်အော်ဟစ် ...တ်ဝါလာသည့် အစ်မကို ထိုလူကြီးက မဖွယ်မရာ ပွေ့ဖက်ကိုင်တွယ်နေ ...ည်ကိုကြည့်ပြီး တွမ်၏မျက်ဝန်းများ ပြာဝေသွားရသည်။

"မလုပ်ကြပါနဲ့ကွယ်၊ ငါတို့လူကြီးတွေကို သတ်ချင်သတ်လိုက်ပါ။ ...ေးတွေကိုတော့ ချမ်းသာပေးကြပါကွယ်"

အမေ့ထံမှ တောင်းပန်တိုးလျှိုးလိုက်သည့်အသံ။

"ဟုတ်ပါတယ်ကွယ်၊ ရှိတဲ့ပစ္စည်းတွေကိုလည်း အကုန်ယူသွားကြ ...ာလေးတွေကိုတော့ မနှိပ်စက်ကြပါနဲ့"

www.burmeseclassic.com



အဖေ့ထံမှလည်း ကတုန်ကယင်အသံကို တစ်ဆက်တည်းကြားလိုက်ရသောကြောင့် တွမ်၏ရင်ထဲ နင့်ခနဲဖြစ်သွားရ၏။

"ရှပ်အပ်"

အနားမှာရှိနေသော လူဖြူကြီးတစ်ကောင်ထံမှ ကျယ်လောင်သည့်အသံကြီးပေါ်ထွက်လာပြီး သူ၏သားရေဖိနပ်စီးထားသည့် ခြေထောက်ကြီးများကလည်း အဖေ၊ အမေတို့ ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်ကျရောက်ကုန်တော့သည်။

"အား"

"အမယ်လေး"

"ခွေးကောင်တွေ၊ ခွေးတိရစ္ဆာန်တွေ"

အဖေနှင့်အမေတို့၏ နာကျင်စွာညည်းတွားသံများအဆုံး အာခေါင်ကိုခြစ်၍ အော်ဟစ်ဆဲဆိုလိုက်သည့် အစ်ကို့ကိုကြည့်ပြီး ထိုသူများက ဟားတိုက်ရယ်မောကြ၏။

"သေပါပြီအမေရယ်"

အစ်မရဲ့မချိမဆန့်အသံ၊ လူမဆန်တဲ့မြင်ကွင်း။ အဖေနှင့်အမေ နှစ်ယောက်စလုံး သွေးရူးသွေးတန်းနှင့် ထလာပြီး အပေါ်မှလူကြီးကို အတင်းဆွဲဖယ်ကြ၏။

"အာ တောက်"

အဖေနှင့်အမေတို့၏ဆွဲဖယ်မှုကြောင့် တဏှာရူးကြီးသည် ဒေါသတကြီးနှင့် ထလာတော့၏။ ပါးစပ်မှလည်း အယုတ္တ အနတ္တဆဲဆိုကာ အနားမှာရှိနေသည့်သူတစ်ဦးထံမှ သေနတ်ကိုဆွဲယူလိုက်၏။

"ဒိုင်း ဒိုင်း ဒိုင်း"

ဆူညံသည့်ယမ်းပေါက်ကွဲသံကြီးများနှင့်အတူ တွမ်၏မိဘနှစ်ဦးစလုံး ဒလိမ့်ခေါက်ကွေး လဲကျသွားကြ၏။ စက္ကန့်ပိုင်းအတွင်းမှာပင် နှစ်ဦးသားဖက်တွယ်ထားကြရင်း သွေးအိုင်ထဲ ဆန့်ငင်ဆန့်ငင်နှင့် အသက်ပျောက်သွားကြတော့သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပျက်သွားသည်မှာ မြန်ဆန်လွန်းလှပါဘိတော်။



မိဘနှစ်ဦး၏ အဖြစ်ဆိုးကိုကြည့်ပြီး အစ်ကိုဖြစ်သူမှာ ဒဏ်ရာရ ကျားတစ်ကောင်လို အားကုန်အော်ဟစ်၍ သူ၏အောက်ခြေမှခုထားသည့် ခုံကို တန်ထုတ်ဖယ်ရှားလိုက်၏။ နင်းထားသည့်ခုံ မရှိတော့သည်နှင့် လည်မျိုကြိုးမှာ တင်းကျပ်သွားကာ လူမှာလည်း လေထဲ၌တန်းလန်းကြီးဖြစ်သွားတော့သည်။ စိတ်ဒုက္ခတို့ကို မခံစားနိုင်တော့သည့်အတွက် သူ့ကိုယ်သူ သူရဲကောင်းဆန်စွာ အဆုံးစီရင်သွားခဲ့ခြင်းပင်တည်း။

"လူယုတ်မာကြီး"

ထိုအချိန်မှာပင် အစ်မဖြစ်သူက အနီးအနားမှာရှိနေသည့် တုတ်ချောင်းနှင့် အနိုင်ကျင့်စော်ကားသူ၊ မိဘများအား ရက်စက်စွာသတ်ဖြတ်ခဲ့သူ လူယုတ်မာကြီးအား ထ၍ရိုက်သည်ကို တွေ့လိုက်ရ၏။

"ဒိုင်း ဒိုင်း ဒိုင်း"

သေနတ်သံများ အဆက်မပြတ်ပေါ်ထွက်လာပြီး အစ်မဖြစ်သူမှာလည်း အရုပ်ကြိုးပြတ် ပုံလျက်လဲကျသွားလေတော့သည်။

တွမ်၏တစ်ကိုယ်လုံး၌ ဒေါသသွေးများ ပွက်ပွက်ဆူနေသော်လည်း တွမ်သည် သူ၏အသိဉာဏ်လေးနှင့် သူ၏စိတ်ကို ထိန်းထားရ၏။ အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ တွမ်၏အသည်းနှလုံးများ အားလုံးသေဆုံးကုန်ကြပေပြီ။ သွေးရူးသွေးတန်းနှင့်မဆင်မခြင် မိမိထွက်သွားလျှင် မိမိလည်း သေဆုံးရပေမည်။

ဒီလိုသာဆိုလျှင် မိသားစုအတွက် မည်သူ အကြွေးပြန်ဆပ်နိုင်မည်နည်း။ မည်ကဲ့သို့ လက်စားပြန်ချေနိုင်မည်နည်း။ သူ၏ အောက်နှုတ်ခမ်းကို သွားများနှင့် အားကုန်ဖိခြေကိုက်ခဲထားလိုက်မိသည်။ ပေါက်ပြဲသွားသော နှုတ်ခမ်းဆီမှရဲရဲတောက်သွေးများက စေးထန်းပူနွေးစွာ စီးဆင်းလာ၏။

တွမ်သည် အမာရွတ်ဖြစ်နေသေးသောမိမိ၏ အောက်နှုတ်ခမ်းကို စမ်း၍ နာကြည်းစွာ ပြုံးလိုက်မိသည်။ ဒီနေ့ မိမိ၏အလှည့် ရောက်တော့မည်။ လက်ထဲမှ ကြီးမားသည့်လေးကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်၏။

ဒီ ၆၂နှစ်တာကာလပတ်လုံး ဟောဒီလေးကြီးကို ပစ်မလွဲအောင် လေ့ကျင့်လာခဲ့တာ အခု သူ လေးအတတ်မှာ တစ်ဖက်ကမ်းခတ်ခဲ့လေပြီ။ မြား

www.burmeseclassic.com

www.burmeseclassic.com



တံပြေးနိုင်လောက်သည့် အနေအထား အကွာအဝေးမှာ ကြိုက်တဲ့နေရာကို ကြိုက်တဲ့ပုံစံနှင့်ပစ်၊ ချိန်မှတ်ကို မလွဲတမ်းပစ်နိုင်သည့်စွမ်းရည် သူပိုင်ဆိုင်ထားခဲ့ပြီ။ ကဲ ဘာလိုသေးလဲ။

"သူရဲကောင်းတို့ ဒီနေ့ဟာ ကျုပ်တို့ရဲ့အောင်ပွဲကို စတင်ရမယ့်နေ့ပဲ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"လူဖြူလူယုတ်မာတွေရဲ့ အနိုင်အမာတပ်စွဲထားတဲ့ ခံတပ်ကို ကျုပ်တို့စီးနင်းတိုက်ခိုက်ကြမယ်"

"တိုက်မယ် တိုက်မယ်"

"လူယုတ်မာတွေရဲ့ ဝိညာဉ်ကိုနှုတ်ကြမယ်"

"နှုတ်မယ်၊ နှုတ်မယ်"

တွမ်၏အားမာန်ပါသော စကားလုံးများကို ဝိုင်းဝန်းထောက်ခံနေကြသည်မှာ ဟည်းဟည်းကိုထနေလေတော့၏။

"ရန်သူကို ဒူးမထောက်လက်မမြှောက် နောက်မဆုတ်စတမ်း ရင်ဆိုင်အနိုင်ယူဖို့အတွက် အားလုံးအသင့်ပြင်"

အမိန့်သံဆုံးသည်နှင့် မြင်းများပေါ်သို့ အသီးသီး အသကတက်



ထိုက်ကြ၏။ တုတ်၊ ဓား၊ လှံ၊ လေးမြား လက်နက်ပေါင်းစုံကို တဝင့်ဝင့်နှင့် ထိုက်ပွဲဝင်ကြတော့မည့်သူများမှာ စိတ်ဓာတ်များ တက်ကြွလွန်းနေကြ၏။ ခံများကိုလည်း တင်းနေအောင်ကြိတ်ထားကြပြီး ခေါင်းဆောင်ဖြစ်သူတွမ်၏ စစ်ထွက်အမိန့်သံကို စောင့်ဆိုင်းနေကြ၏။

"အားလုံးထွက်"

မြင်းခွာသံများ တောတောင်အနှံ့ ထောင်းလမောင်းညံသွားတော့သည်။ ရှေ့ဆုံးမှာ ခေါင်းဆောင်ကြီးတွမ်။ လက်တစ်ဖက်က မြင်းဇက်ကြိုးကို ဆွဲပြီး တစ်ဖက်ကတော့ ပစ်မလွဲလေးကြီးကို ကိုင်လို့၊ ပခုံးထက်မှာတော့ ကျည်တောင့်အပြည့် မြားတံများ။ လွန်စွာ ကြွားရွှားရှိလွန်းလှပါဘိ။

ပြေပြစ်သည့်နဖူး၊ ထူထဲသည့်မျက်ခုံး၊ စူးရဲသည့်မျက်လုံး၊ ထင်ရှားချွန်မြသည့်နှာတံ၊ ပိရိသေသပ်သည့်နှုတ်ခမ်း၊ ကြံ့ခိုင်သည့်မေးရိုး၊ လက်ရာမြောက် ဂရိကျောက်ဆစ်ရုပ်တုတစ်ခုကဲ့သို့ တင့်တယ်ပြေပြစ်သည့်ခန္ဓာကိုယ်ပေါ်မှ လှိုင်းထနေသော ကြွက်သားအမြှောင်းမြှောင်းနှင့် ဖွဲ့စည်းထားသည့်တွမ်၏ရုပ်ရည်မှာ ခေါင်းဆောင်ကောင်းတစ်ယောက်၏ပုံဟန် ပီသလွန်းလှသည်။

အင်ဒီးယန်းလူမျိုးတို့၏ ထုံးစံအတိုင်း နက်မှောင်ရှည်လျားသည့် ဆံပင်ကို ကျောပေါ်သို့ ဖားလျားချထားပြန်ရာ စီးတော်မြင်းကို လေဟုန်ခွင်း၍ ဒုန်းစိုင်းစီးနင်းလိုက်သည့်အချိန်၌ တနွဲ့နွဲ့တနော့နော့နှင့် ယိမ်းထိုးဝဲပျံမွှေ့ရှားနေသည်မှာ ကြည့်၍ပင် ကောင်းသေးတော့သည်။

ဟော ခံတပ်ကြီးကို ပျပျမြင်တွေ့ရလေပြီ။ ကြည့်စမ်း။ သူများမြေပေါ်မှာ ပိုင်စိုးပိုင်နင်းနဲ့ အခိုင်အခံ့ကြီးလာပြီး အငုတ်တည်ထားလိုက်ကြတာ။ အပေါ်မှာ သူ့တို့ရဲ့ကျက်သရေမရှိတဲ့အလံကြီးကို လွှင့်လို့။

မြင်းဇက်ကြိုးကိုလွှတ်လိုက်ပြီး ပခုံးထက်မှ မြားတစ်ချောင်းကို ဆွဲထုတ်ယူလိုက်သည်။ တွမ်၏နာကြည်းမှုမျက်လုံးများထဲ၌ မရှုမလှအနိုင်ကျင့်စက်ခံရပြီး သေဆုံးသွားကြသော မိသားစုတို့၏ မျက်နှာများ အစီအရီပေါ်လာ၏။

"သူရဲကောင်းတို့ နောက်မဆုတ်တမ်းဟေ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟေး"

◆ ◆ ◆

ထိုအချိန် ခံတပ်ရှိ ကင်းတဲပေါ်တွင် လူငါးဦး ဝိုင်းဖွဲ့အရက်သောက်နေကြ၏၊

"ဟော့ကောင်တွေ ဟိုမှာ အရိုင်းကောင်တွေလာပြန်ပြီထင်တယ်ကွ ဖုန်တထောင်းထောင်းနဲ့"

အပြင်ဘက်သို့ မျက်နှာမူထားသူက သူ့အဖော်များကို ပြောလိုက်သည်။

"ဒီကောင်တွေ တော်တော်စိတ်မှတ်မရှိတဲ့ကောင်တွေပဲ၊ ဂရုစိုက်စရာမလိုပါဘူး"

ခေါင်းဆောင်ဖြစ်ဟန်တူသူက မဲ့ရွဲ့ကာပြောပြီး အရက်ခွက်ကိုမော့လိုက်သည်။ ကျန်သည့်သူများကလည်း ကိုင်ထားသည့်အရက်ခွက်များကို နှုတ်ခမ်းတွင်တေ့၍ တစ်ရှိန်ထိုးသောက်လိုက်ကြ၏။

"ကောင်းတယ်ကွာ ရှိန်းနေတာပဲ"

"ဝီလ်ဖလက် မင်းနဲ့ငါ အရက်တစ်ခွက်ကြေး လောင်းကြရအောင် ဟိုးထိပ်ဆုံးကကောင်ရဲ့နဖူးကို ငါ ထိအောင်ပစ်မယ်၊ မှန်ရင် မင်းငါ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အရက်တစ်ခွက်တိုက်၊ မမှန်ရင် မင်းကို ငါ တစ်ခွက်တိုက်မယ်"

"ဟုတ်ရဲ့လား စမစ်ရယ်၊ မူးမူးရူးရူးနဲ့ အရက်တစ်ခွက်ရှုံးနေပါဦးမယ် ဟဲ ဟဲ ဟဲ"

"အောင်မာ မင်းက ငါ့ကိုမယုံဘူးပေါ့လေ၊ ဒါဆို တစ်လုံးကြေးလောင်းမလား"

"ဘာမဟုတ်တာလေးနဲ့ မလောင်းနိုင်ပါဘူးကွာ၊ တစ်လုံးကြေးဆိုတော့ အရင်းကြီးသွားမယ်ကွ၊ ဒီတော့ မင်းပြောသလို တစ်ခွက်ကြေးပဲခံမယ် ဟုတ်လား"

"ကောင်းပြီ"

စမစ်က သူ၏တစ်လုံးထိုးသေနတ်ကို ကောက်ကိုင်လိုက်ပြီး ဖြည်းဖြည်းနှင့်သဲကွဲလာပြီဖြစ်သည့် မြင်းစီးလူအုပ်ကြီးသို့ ချိန်ရွယ်လိုက်၏။ ဝီလ်ဖလက်နှင့် ကျန်သည့်သူများအားလုံး စမစ်တို့ စိတ်ဝင်တစားနှင့် ဝိုင်း



# ပြန်မပြောချင်သော ချစ်ပုံပြင်

"ဟား ဟား ဟား ဟား"

ဆိုသည့်ရယ်သံများကို ဒီလိုအချိန်မှာ ကျွန်တော်နားမထောင်ချင်ပါ

ထို့အတွက်

"ဟီး ဟီး ဟီး ဟီး"

ဆိုသည့်ရယ်သံများကိုတော့ နားထောင်လို့ရသည်ဟု မဆိုလိုပါ

"သို့ဆိုလျှင်

"ဟဲ ဟဲ ဟဲ ဟဲ"

ဆိုသည့်ရယ်သံများဆိုလျှင်ကော နားထောင်လို့ရနိုင်ကောင်းပါ

လားဟူ၍ အထွန့်မတက်ကြစေလိုပါ။

ဒီလိုအချိန်မှာ မည်သို့သောရယ်သံများကိုမှ ကျွန်တော်အလျင်

ကြားလိုပါ။ ထိုရယ်သံများသည် ကျွန်တော့်ကို လှောင်ပြောင်သရော်နေ

သည်ဟု ကျွန်တော် ထင်မြင်ခံစားနေရသည်။ ထို့ကြောင့် ရယ်သံများ

ကျွန်တော်မုန်းသည်။

ဒီလိုအချိန်မှာ လူတွေပျော်ရွှင်ရယ်မောနေကြသည်ကို မတွေ့ခ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသည်။ မောင်းတံခလုတ်ပေါ် တင်ထားသည့် စမစ်၏ လက်ညှိုး အသာအယာကွေးလှုပ်သွားသည်နှင့်တစ်ပြိုင်နက်

"ဒိုင်း"

"ရှုံးပါပြီဗျာ အရက်တစ်ခွက်"

ဝီလ်ဖလက်က လက်ဖဝါးကြမ်းကြီးနှင့် သူ့နဖူးသူပြန်ရိုက်ပြီးပြောလိုက်လေတော့သည်။

❖ ❖ ❖

ခံတပ်ပေါ်မှ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ တစ်ချက်တည်းမှ တစ်ချက်တည်းပါပဲ။ အားလုံးထဲမှာ ခေါင်းဆောင်ဖြစ်သူတွမ်ကတော့ ဒီသေနတ်သံကို ကြားမှကြားလိုက်ရရဲ့လားမသေချာ၊ အဘယ်ကြောင့်ဆိုသော် ထိုကျည်ဆံသည် ရှေ့ဆုံးမှတွမ်၏နဖူးပြင်တည့်တည့်သို့ ထွင်းဖောက်သွားသောကြောင့်ဖြစ်သည်။

"တွမ်ကိုထိသွားပြီဟေ့"

မြင်းပေါ်မှ အရုပ်ကြိုးပြတ်လွင့်စဉ်ကျသွားသောတွမ်ကိုကြည့်ကာ အားလုံး ကသောင်းကနင်း ဖြစ်ကုန်ကြ၏။

"တွမ် တွမ် တွမ်သေသွားပြီ၊ ပြေးဟေ့ ပြေးကြ"

"ပြန်ဆုတ် ပြန်ဆုတ်"

"ပြေးနိုင်မှ လွတ်မယ်ဟေ့"

"အဘား အဘား ကယ်တော်မူကြပါ"

ဘယ်ပြောကောင်းမလဲ ရုတ်ရုတ်သဲသဲနှင့်ဦးတည်ရာမဲ့ပြေးလိုက်ကြတာများ ဝေါခနဲ ဝေါခနဲကိုနေ၏။ ဒီကြားထဲ သူတို့အချင်းချင်း မြင်းမြင်းချင်းတိုက်၊ တုတ်တုတ်ချင်းရိုက်မိ၍ လွင့်စဉ်ပြုတ်ကျသူတွေဆိုတာကလည်းမနည်း။ ထိတ်လန့်တကြား အော်ဟစ်သံများက အစီစီပွက်သည့်အလား။ နောက်ဆုံးကျတော့ တောင်မြောက်ဘယ်မှာ မရွေးအားကြတော့။ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် ပြေးလေဦး ဝေးမြေဆုံး နှလုံးမူပြီး မျက်ကလူးဆန်ပြာ ပြေးလိုက်ကြတာများ တန်းနေတာပါပဲဗျာ။



ချင်ချင်လောက်အောင် ခါးခါးသီးသီးဖြစ်နေသော ကျွန်တော့်ကို အားလုံးက 'လူမိုက်'ဟူ၍ ဝိုင်းဝန်းအပြစ်တင်ကြမည်ဆိုလျှင် တင်ကြစေရော့။

ကျွန်တော့်မှာက ကျွန်တော့်အကြောင်းနှင့်ကျွန်တော်. .

(၂)

တကယ်တော့ ခိုင်နှင့်ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ကြတာ သမားရိုးကျထက် နည်းနည်းပိုထူးခဲ့သည်ဟု ပြောနိုင်ပါသည်။

ဖြစ်ပုံက ဒီလို။

ထိုနေ့က အတန်းအားချိန်(၂)ချိန်ဆက်တိုက်မို့ ကျွန်တော်လည်း နောက်ကျခဲ့သမျှသင်ခန်းစာတွေကို အတန်းထဲမှာပဲထိုင်ပြီး ကူးရေးနေလိုက်သည်။

ကျွန်တော်ကဲ့သို့ပင် ခိုင်သည်လည်း ကျွန်တော့်ရှေ့ရှိ စာသင်ခုံတစ်ခုံမှာထိုင်ပြီး စာကျက်နေလေသည်။

အတန်းအားချိန်ဆိုသော်လည်း အတန်းထဲမှာ ကျောင်းသားကျောင်းသူ အထိုက်အလျောက်တော့ ရှိသည်။

တချို့က စာကျက်နေသလို တချို့က မရှင်းသည့်စာများကို သူငယ်ချင်းအချင်းချင်း ပြန်ရှင်းလင်းပေးနေကြသည်။ တချို့က စကားဝိုင်းဖွဲ့ပြီး ရောက်တတ်ရာရာ ပြောဆိုနေကြသည်။

အားလုံး ကိုယ့်အာရုံနှင့်ကိုယ် ငြိနေကြသည်ဆိုပါစို့။

ထိုအချိန်မှာပင် ထင်မှတ်မထားသော ကိစ္စတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ အခြားမဟုတ်၊ အတန်းအသင့် ကျယ်လောင်သည်ဟု ဆိုနိုင်သော လေလည်သံတစ်သံ ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။

"ဘူ"

အားလုံး'ဟင်' 'ဟာ' 'အို' 'အလို'ဆိုသည့် အာမေဍိတ်သံမျိုးစုံကို အော်ပြီး နောက်ကို ချာခနဲ လှည့်ကြည့်ကြတော့သည်။

ကျွန်တော်လည်း စာငုံ့ရေးနေရာ ကျွန်တော့်ရှေ့တည့်တည့်မှ ထွက်ပေါ်လာသော လေလည်သံကြောင့် အီးမှန်ခံရသကဲ့သို့ မျက်နှာကြီးရှုံ့မဲ့ပြီး ခေါင်းထောင်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေလည်သံ၏ပိုင်ရှင်ဖြစ်သော ခိုင်သည်လည်း မျက်နှာလေးရဲရဲနီလျှက် ဘေးဘီဝဲယာကို တုန်လှုပ်စွာ လိုက်ကြည့်နေရှာလေသည်။

အတန်းဖော်များ၏ အာမေဍိတ်သံသည် ရယ်သံသို့ပြောင်းလာလျှက် ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး ပါးစပ်ထဲ တွေ့ကရာအော်ဟစ်နောက်ပြောင်ကြတော့သည်။

"ဟိတ် လေစုန်းမြူးတာ ညအခါလို့ပဲကြားဖူးပါတယ်၊ အခုဟာက နေ့ခင်းကြောင်တောင်ကြီးပါလား၊ တယ်အတင့်ရဲလှချည်လားကွ ဟေ"

"လေထုညစ်ညမ်းစေသူကို အရေးယူပေးပါ၊ အရေးယူပေးပါ"

"ပေါက်ကွဲသံက တယ်လည်းပြင်းလှချည်လားကွယ်ရို့"

"ပေါက်ကွဲချင်ရင် ကိုယ့်အိမ်မှာကိုယ်ပေါက်ကွဲ၊ အတန်းထဲမှာ လာမပေါက်ကွဲနဲ့၊ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနဲ့တွေ့သွားမယ်၊ ဘာမှတ်နေလဲကွ ဘူးထွားထွား"

"ဟယ် အားကျလိုက်တာ၊ တို့လည်း အဲလိုအပြတ်ပေါက်ကွဲချင်လို့ ဘယ်လျက်ဆား စားရမလဲဟင် ပြောပြပါလားလို့"

"ဝါး ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

လေလည်သံထွက်ပေါ်ရာအရပ်သည် အတန်း၏နောက်ဆုံးစာသင်ခုံ ခုံတန်းများရှိရာဝန်းကျင်လောက်က ထွက်ပေါ်လာခြင်းဖြစ်သည့်အပြင် ထိုစာသင်ခုံများတွင် ရှိနေသည်ကလည်း ကျွန်တော်နှင့်ခိုင် နှစ်ယောက်တည်းမို့ ပရိသတ်များအဖို့ တရားခံကို ခက်ခက်ခဲခဲ ရှည်ရှည်ဝေးဝေး ရှာနေစရာမလိုဘဲ နှစ်ယောက်ထဲမှ တစ်ယောက်ဟု တန်းပြီးခန့်မှန်းပြောဆိုနိုင်နေသေသည်။ ထိုနှစ်ယောက်အနက်မှ တစ်ယောက်က လက်ညှိုးထိုး သတင်းပေးလိုက်သည်နှင့် ကျန်တစ်ယောက်အဖို့ ပြေးလို့မလွတ်တော့ပြီ။

ခိုင်ခမျာ ရှက်လွန်းလို့ထင့်၊ မျက်စိမျက်နှာပျက်လျက် နှုတ်ခမ်းတဆတ်ဆတ်တုန်ကာ ချက်ချင်းပဲ ငိုချလိုက်တော့မည့်ကဲ့သို့ ဖြစ်နေသည်။

ထိုသည်ကို ကိုယ်ချင်းစာနားလည်မှု မရှိကြသော အတန်းဖော်များက အော်ဟစ်နောက်ပြောင်လို့ ကောင်းတုန်းပင်။



"ဟိတ် မင်းတို့နှစ်ယောက်ထဲက ဘယ်သူပေါက်တာလဲ၊ မှန်မှန်ပြောစမ်း၊ မပြောရင် လူဆိုးဗိုလ်မုန်တိုင်းရဲ့ သေနတ်ကျည်ဆံက နာမည်ရေးထားတာ မဟုတ်ဘူးကွ"

"ဘယ်သူမှဝန်မခံရဲရင် ကျားဗိုလ်ဆွဲကွာ၊ ရှုံးတဲ့သူပေါက်တာပဲ"

"ဟား ဟား ဟား ဟား"

ခိုင် ငိုမဲ့မဲ့မျက်နှာလေးဖြင့် ကျွန်တော့်ကိုလှမ်းကြည့်ပြီး စာသင်ခုံပေါ်မှလွယ်အိတ်ကို ဆွဲယူလိုက်သည်ကို ကျွန်တော် သတိထားမိသည်။

သေချာသည်။ ဒီအတိုင်းဆိုလျှင် ခိုင်ရှက်လွန်းလို့ အတန်းထဲမှ ဒိုသိုထွက်ပြေးပေတော့မည်။ သူ့ခမျာ နဂိုကတည်းကလည်း အေးအေးဆေးဆေးနေတတ်သည့်အပြင် အရှက်အကြောက်ကြီးသော မိန်းမသားတစ်ဦးကသည်း ဖြစ်ပြန်သည်မို့ ဒီအရေးကို ရင်ဆိုင်နိုင်ဖို့က ဘယ်နည်းနှင့်မျှ မလွယ်ချပြီမှန်း ကျွန်တော်နားလည်ပါသည်။

ကျွန်တော် တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ နေရာမှ ရုတ်ခြည်းအရပ်လိုက်သည်။ ထို့နောက်

"ဟိတ် ငါ့လေနဲ့ငါလည်တာ၊ မင်းတို့ဆီက လေကို ငှားလည်တာမှုတ်ဘူးကွ၊ အနေသာကြီးပဲ ဘေးကနေ နှမျောမနေကြနဲ့၊ ကြုံကြိုက်တုန်းအားရအောင် ရှူထားလိုက်ကြ၊ နောင် ဒီလို အလကားရချင်မှရမှာ"

ရှက်သော်လည်း မျက်နှာပြောင်တိုက်ပြီး ရှူးချင်ယောင်ဆောင်လိုက်ရသည်။

ရယ်သံများ၊ တစ်ယောက်တစ်ပေါက် ပြောဆိုသံများ၊ အတန်းထဲမှာ ညံစီသွားသည်။

"ဟယ်တော့ လူကြည့်တော့ ရိုးပုံရိုးအနဲ့ အရှက်ကလည်း နည်းလိုက်သာ လွန်ပါရော"

"ဘာလဲ မွေးမွေး၊ နင်က ငါလည်လိုက်တဲ့လေမှန်း အသိနောက်ကျသွားလို့ မရှူလိုက်ရတဲ့အတွက် ဝမ်းနည်းနေတာလား"

"ဝါး ဟား ဟား ဟား"

"ခစ် ခစ် ခစ် ခစ်"

www.burmeseclassic.com

မိန်းကလေးတန်မဲ့ မျက်နှာပြောင်ပြီး ဆိုးဆိုးဆတ်ဆတ်ပြောရဲဆိုရဲသော မွေမွေးကို ကျွန်တော်ပြန်ပက်လိုက်သောစကားကြောင့် အားလုံး ရယ်မောလို့ မဆုံးနိုင်ကြတော့။

ကျွန်တော် နေရာမှာ ခပ်တည်တည်ပြန်ထိုင်လိုက်ချိန်မှာတော့ ခိုင်က ကျေးဇူးတင်သောအကြည့်ဖြင့် လည်ပြန်လှည့်ကြည့်သည်။

ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ကူးလက်စစာကို ဆက်ကူးနေလိုက်သည်။

(၃)

ကျွန်တော် ဒီကနေ့၏ နောက်ဆုံးအတန်းတက်ချိန်ပြီး၍ အဓိပတိလမ်းအတိုင်း လမ်းလျှောက်ပြန်လာစဉ် 'ဟိတ် ရွှတ် ရွှတ်'ဟူသော ခေါ်သံကြားရသဖြင့် ငဲ့စောင်းကြည့်ရာ ခိုင့်ကိုတွေ့ရသည်။

"ဟို ဟို လေ အရမ်းလည်းရှက်ဖို့ကောင်းတယ်သိလား။ သတိထားနေတဲ့ကြားက ဘယ်လိုဖြစ်သွားတယ် မသိပါဘူး၊ အဲဒါလေ ယူ့ကို သိပ်ကျေးဇူးတင်တယ်သိလား"

ကျွန်တော့်အနီးတွင်ရပ်ပြီး ကျေးဇူးတင်စကားကို ရှက်စိတ်မပြေနိုင်သေးဘဲ ပြောနေသော ခိုင့်ကို ကျွန်တော် စာနာနားလည်စွာ ကြည့်မိသည်။

"ကိစ္စမရှိပါဘူးခိုင်ရာ၊ ဒါမျိုးက လူတိုင်းကင်းနိုင်တာမှ မဟုတ်တာ ခေါင်းထဲမထားပါနဲ့ အေးဆေးပါ"

"ဒါပေမယ့် ယူက တို့အစားဝန်ခံလိုက်တဲ့အတွက် ယူ့ကို အားလုံးက နာမည်ပြောင်ပေးပြီး ဝိုင်းစဝိုင်းနောက်လို့ဆုံးမှာမဟုတ်တော့ဘူး၊ ဒီအတွက်တော့ တို့ အားလည်းနာတယ်၊ စိတ်လည်းမကောင်းဘူး၊ သိလား"

ကျွန်တော် ယခုမှ ခိုင့်ကို ဂရုတစိုက်ကြည့်မိသည်။ ခိုင့်မှာဖြူဖွေးသော သွားတက်လေးရှိသည်၊ ပြီးတော့ စွဲမက်ဖွယ်ကောင်းသော ပါးချိုင့်လေးတစ်စုံရှိသည်။ ခြုံ၍ပြောရလျှင် ခိုင်သည် လှပပြေပြစ်၍ ချစ်စရာကောင်းသော မိန်းကလေးတစ်ဦးဖြစ်သည်။

ထူးဆန်းသည်။ တက္ကသိုလ်နောက်ဆုံးနှစ်ရောက်သည်အထိ ဘယ်မိန်းကလေးကိုမှ စိတ်မလှုပ်ရှားခဲ့၊ ရင်မခုန်ခဲ့ဘူးသောကျွန်တော်သည် ယခု



ကျွန်ုပ်ပိုင်းအတွင်းမှာပင် စိတ်မလှုပ်ရှားစဖူး စိတ်လှုပ်ရှားကာ ရင်မခုန်စဖူး ရင်ခုန်နေသည်။ ဒါကို အချစ်လို့ခေါ်သော် ရလေမလား။

ကျွန်တော် ခိုင်နှင့်အတူထိုင်ပြီး စကားတွေအများကြီးပြောလိုစိတ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ခိုင်ပြောသောစကားပေါ်မှာနင်းပြီး ကျွန်တော် လိုချင်သော အခွင့်အရေးကို တောင်းလိုက်မိသည်။

"ခိုင်က အားလည်းနာတယ်၊ စိတ်လည်းမကောင်းဘူးဆိုတော့ တို့လည်း ပြန်ပြောရဦးမယ်၊ အားလည်းနာတယ် ခင်လည်းခင်တယ်၊ တို့ကို လက်ဖက်ရည်တိုက်ပါလား"

"ရပါတယ်၊ ဒါပေမယ့် အခုက ကျောင်းဆင်းချိန်ဆိုတော့ အိမ်က မျှော်နေလောက်ပြီ၊ ဒါကြောင့် မနက်ဖြန်အတန်းအားချိန်ကျရင် လက်ဖက်ရည်တင်မကဘူး၊ ကြိုက်တာစား သိပ္ပံကန်တင်းမှာ တို့လိုက်ကျွေးမယ်"

"ကတိနော်"

"ကတိ"

သွားတက်ဖွေးဖွေးလေးနှင့် လိုက်ဖက်ညီစွာ ပါးချိုင့်လေးတစ်စုံ၏ ဂုဏ်သတင်းကို မွှေးပျံ့စေအောင် ပြုံးပြလျက် ကျွန်တော့်ရှေ့မှ ထွက်ခွာသွားသော ခိုင့်ကိုလိုက်ကြည့်ရင်း ကျွန်တော်အလေးပြုလိုက်မိသည်။

ကျွန်တော့်ဘယ်ဘက်ရင်အုံရှိ နှလုံးသား၌ ချစ်တတ်လေသော သတ္တိထူးရှိသည်ကို သိခွင့်ပေးသည့်အတွက် ခိုင့်ကို ကျွန်တော် ကျေးဇူးအထူးတင်ပါသည်။

ဟုတ်ကဲ့။

ကျွန်တော်သည် စက်ရုပ်မဟုတ်ပါ။

ထို့အပြင် ကျောက်ခဲသလဲဖြင့် တည်ထားသော ရုပ်ထုမဟုတ်ပါ။

သွေးနဲ့ကိုယ်သားနဲ့ကိုယ် ဖွဲ့စည်းထားသည့် လူသားပီပီ ခံစားရင်ခုန်တတ်ကြောင်းကို အများသူငါ သိစေရန် ကြေညာလိုက်ပါရစေ။

ကျွန်တော် ခိုင့်ကိုချစ်သည်။

(၄)

နောက်တစ်နေ့ ခိုင်နှင့်ကျွန်တော် သိပ္ပံကန်တင်းမှာ အတူထိုင်ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



> သူလည်းတဲ့လေ ကျွန်တော့်ကို
> လက်ညှိုးထိုးလေသော
> ခိုင့်ကိုကြည့်ပြီး
> ကျွန်တော် ရုတ်တရက်
> ကြောင်သွားသော်။ ပြီးမှ
> ကျွန်တော်လည်း
> အခွင့်အရေးကို
> လက်လွှတ်မခံတဲ့

သည်။ ခိုင်က ကော်ဖီတစ်ခွက်မှာ သောက်သည်။ ကျွန်တော်က လက်ဖက်ရည်တစ်ခွက်မှာသောက်သည်။ တစ်ယောက်နှင့်တစ်ယောက် ဘာစပြောကြရမှန်း မသိကြသဖြင့် ဆိုင်ထိုင်ကာစမှာ စကားသံတွေက ဆိတ်နေသည်။ အတန်ငယ်ကြာမှ ခိုင့်ဘက်က စကားစလာသည်။

"ဒါနဲ့ ယူ့ကိုကြည့်ရတာ အပေါင်းအသင်း သိပ်မရှိသလို ပဲနော်၊ တစ်ယောက်တည်းပဲနေတာ အတွေ့များလို့ပြောတာ"

"အင်း ဟုတ်တယ်၊ တို့က တစ်ယောက်တည်း နေထိုင်သွားလာတာ ဝါသနာပါတယ်၊ ကိုယ့်အတွေးကိုယ့်စိတ်ကူးနဲ့ကိုယ် နေနေရတာကို ကျေနပ်နေတာ၊ အပေါင်းအသင်းမရှိဘူးတော့ မဟုတ်ပါဘူး၊ ရှိပါတယ်၊ ပေမယ့် နည်းတယ်လို့ပြောရမှာပေါ့၊ စိတ်တူကိုယ်တူပေါင်းမိကြဖို့ဆိုတာ လွယ်မှမလွယ်ဘဲလေ"

"အင်း ယူပြောတာလည်း သဘာဝကျပါတယ်၊ ပြောမယ့်သာပြော ရတာ တို့လည်း သိပ်မထူးပါဘူး၊ တစ်ယောက်တည်းနေတာ များတာပါ"

"ဒါဆို ဒီနေ့ကစပြီး ခိုင်နဲ့တို့ တစ်ယောက်တည်းသမားချင်း ပေါင်းမိသွားရင် နှစ်ယောက်ဖြစ်သွားပြီလို့ ပြောလို့ရပြီပေါ့"

ကျွန်တော် လိုရာဆွဲပြောသည်ကိုနားထောင်ပြီး ခိုင်ပြုံးလေသည်။ ခိုင်၏ ထိုအပြုံးသည် ကျွန်တော်နှင့် တစ်သဘောတည်းပင်ရှိကြောင်း ဖော်ပြနေသည်ဟု ကျွန်တော်ကတော့ လုံးဝယုံမှတ်ယူလိုက်သည်။

ကျွန်တော်နှင့်ခိုင် လေပေးဖြောင့်နေတုန်းရှိသေးသည်။ မွှေးမွှေး ဗျာများယာရောက်လာပြီး ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်လေ၏။



မွှေးမွှေး ဘာတွေဘာရုတ်ကျပြီး ပေါက်ကရပြောမည်နည်းဆိုပြီး ကျွန်တော်ကဲ့သို့ပင် ခိုင်လည်းတွေးမိပြီး လန့်နေဟန်တူသည်။

ကျွန်တော်လည်း မွှေးမွှေးကိုကြောက်လည်းကြောက် မကောင်းသည်မကောင်းတတ်သည်မို့. .

"နင်ဘာသောက်မလဲ၊ လက်ဖက်ရည်သောက်မလား မှာလိုက်လေ"

ဟု မျက်နှာလိုမျက်နှာရဆိုသော် မွှေးမွှေးက ထူးဆန်းစွာ ခေါင်းခါပြီးတယ်ပြီး

"ဟင့်အင်း မသောက်တော့ဘူး၊ ငါ နင့်ဆီက ပညာရပ်တစ်ခုအရေး သင်ချင်လို့ဟ"

ဟု ဆိုသဖြင့် ကျွန်တော် မျက်မှောင်ကုတ်သွားရသည်။ ကြည့်ရသည်မှာ သွေးရိုးသားရိုးဖြစ်ဟန်မတူ၍ ကျွန်တော် ဆက်ပြောလာမည့်စကား ကိုသာ နားစွင့်နေလိုက်သည်။

"ငါ့ကို အငယ်လေးတို့ ဖိုးတုတ်တို့အုပ်စုကပြောတယ်၊ နင်က လေကိုသည်ချင်တဲ့အချိန် လည်ပြလို့ရတယ်တဲ့၊ ဒါကြောင့် နင့်ကို 'လေသိုင်းလုလင်' လို့အောင် တင်စားခေါ်ဝေါ်ကြရတာတဲ့"

မွှေးမွှေးစကားကြောင့် ကျွန်တော် ဗျာပြီး ဘေးဝိုင်းများကို လှည့်ကြည့်သည်။ မွှေးမွှေးပြောသောစကားကို ဘေးဝိုင်းများမှ မကြားလောက်ဟုတော့ ထင်ရသည်။ ကျွန်တော့်ထက်ပိုပြီး ဗျာသွားသူကတော့ ခိုင်ပဲဖြစ်သည်။ ခိုင်ရယ်ရမျက်ရလေအောင် မနည်းကြိုးစားနေရကြောင်း ကျွန်တော်သတိထားမိသည်။

ဘာကိုမှ သတိမထားမိဘဲ ပြောချင်ရာတွေ ဆက်ပြောနေသော မွှေးမွှေးကြောင့်တော့ ခက်နေပါပြီ။

"လုပ်ပါဟာ၊ ငါ့ကို အဲသလို ကိုယ့်ဆန္ဒရှိတဲ့အချိန် လေလည်လို့ရတဲ့ လေလည်ပညာကို သင်ပေးစမ်းပါ၊ ငါ ဟိုမိန်းမတွေကို ပညာပြန်ပေးချင်လို့ ဆက်ထက်တို့အုပ်စုလေ၊ အတန်းထဲမှာ စာသင်ကောင်းနေပြီ စကားပြောကောင်းနေပြီဆိုရင် အနှောက်ရပြီ၊ ကြာပြီဟာ၊ ငါသည်းမခံနိုင်တော့ဘူး၊ ဒါပြုတော့မယ်၊ သူတို့က ဗိုင်လျှံပေါက်ပြီး ဟိုလူလိုလို ဒီလူလိုလိုလုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ငါက ပေါ်တင်ပေါက်ပြီး သူတို့ကို လက်ညှိုးထိုးပစ်မယ်၊ ဒါမှ ဒီမိန်း
တွေ နောင်ကိုဆင်ခြင်မှာပေါ့"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိဘဲ ခေါင်းသာကုတ်မိသည်။ ငြင်း
လို့လည်းရမည်မထင်။ အငယ်လေးတို့ ဖိုးတုတ်တို့က ကောင်းကောင်းကျပ်
လိုက်သည့်အပြင် ကျွန်တော်ကိုယ်တိုင်၏ ဘဝပေးကလည်း မပြောသော်လည်
တန်ရာရှိနှင့်ပြီ မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော်လည်း စကားအလိမ
သုံးရတော့သည်။

"ဟဲ့ မွှေးမွှေး ဒီပညာမျိုးဆိုတာ လူတိုင်းကို လွယ်လွယ်သင်ပေး
တာမဟုတ်ဘူး၊ ဒါပေမယ့် နင်နဲ့ငါနဲ့က အတန်းသားချင်းဆိုတော့လည်း ငြင်
ကောင်းဘူးပေါ့ဟာ၊ အရေးကြီးတာက ဘယ်သူမှတော့ မသိစေနဲ့၊ ပြောရ
ဗုဒ္ဓဟူးနေ့ဟာ လူ့ခန္ဓာကိုယ်မှာ ဝါယောဓာတ်အလှုပ်ရှားဆုံးအချိန်ပဲ။
ကြောင့် နောက်တစ်ပတ်ဗုဒ္ဓဟူးနေ့ကျရင် နင့်ကို အဲဒီပညာသင့်ပေးမ
ကဲ ကဲ ဘယ်သူမှမရိပ်မိခင် နင်လည်းလစ်တော့၊ တော်ကြာ ထက်ထက်
အုပ်စုကမြင်သွားလို့ ရိပ်မိသွားရင်ခက်မယ်၊ သူတို့သင်ချင်တယ်ဆိုရင်လ
ငါကငြင်းလို့ကောင်းမှာမဟုတ်ဘူးလေ၊ ပညာချင်းတူနေရင် ပါရမီလည်



အုပ်စုလည်းတောင့်တဲ့ ထက်ထက်တို့အုပ်စုက နင့်ကို တစ်ခါတည်း အလဲဖြိုသွား
မိမှာမယ်"

"အေး အေးပါဟာ၊ ဒါဆို ငါသွားတော့မယ်"

မွှေးမွှေး ဟိုဒီလေ့လာအကဲခတ်ပြီးနောက် ကျွန်တော်တို့ဝိုင်းမှ ထ
သစ်တော့သည်။

ကျွန်တော်လည်း ယခုမှ သက်ပြင်းချနိုင်သကဲ့သို့ နိုင်သည်လည်း
စိတ်သက်သာရာရသောမျက်နှာဖြင့် ကျွန်တော့်ကိုကြည့်သည်။

ပြီး ကျွန်တော်တို့နှစ်ယောက်လုံး ပြိုင်တူပြုံးရယ်မိကြတော့သည်။

အလိုက်ကန်းဆိုး မသိတတ်သော မွှေးမွှေးကိုတော့ နောင်ကျဉ်အောင်
ခင်နှုတ်ဆေးများများတိုက်ပစ်လိုက်မည်ဟု စိတ်ထဲမှ ကျွန်တော်တေးထား
လိုက်သည်။

(၅)

နိုင့်ကို ကျွန်တော် ချစ်ရေးဆိုထားသည်မှာ ကြာပြီ။ နိုင် ခေါင်းညိတ်
ထောက်ခံခြင်းမရှိသေးသော်လည်း ကျွန်တော်နှင့်အတူ တွဲသွားတွဲလာခြင်းကို
တော့ ကျေနပ်ကြည်ဖြူဟန်ပြသည်။

ယခုလည်း ကျွန်တော်နှင့်နိုင် အင်းလျားကန်ဘောင်ရိုးမှာထိုင်ပြီး
စကားတတ်ရာရာပြောနေမိကြသည်။

စကားပြောကောင်းတုန်းရှိသေးသည်၊ နိုင့်ဆီမှ အတန်အသင့်ကျယ်
လောင်သော လေလည်သံထွက်ပေါ်လာလေသည်။

"ဘူ"

ကျွန်တော်ဟိုက်ခနဲဖြစ်ရင်း ခေါင်းနပမ်းကြီးသွားသကဲ့သို့ နိုင်လည်း
ထိတ်လေးပုသွားလျက် ကျွန်တော့်ကို မရဲတရဲကြည့်သည်။

အနီးဝန်းကျင်တွင်လည်း စုံတွဲအချို့နှင့် အင်းလျားကန်၏အလှကို
လာရောက်ခံစားသူတချို့ရှိနေသဖြင့် လေလည်သံကို ကြားလိုက်မိသူအချို့က
အထူးဖြင့် လှည့်ကြည့်ကြသည်။

ဒီမှာတင် နိုင်၏ဖြတ်ထိုးဉာဏ်ရင့်သန်မှုက ဩချလောက်သည်။

"ဟယ် ယူတလည်း ဘာမှန်းလည်းမသိဘူး၊ အရမ်းရှက်ဖို့ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ တော်ပြီ တို့ ယူနဲ့မထိုင်တော့ဘူး သွားမယ်"

သူလည်တဲ့လေ ကျွန်တော့်ကို လက်ညှိုးထိုးလေသော နိုင့်ကိုကြည့်ပြီး ကျွန်တော် ရုတ်တရက် ကြောင်သွားသေး၏၊ ပြီးမှ ကျွန်တော်လည်း အခွင့်အရေးကိုလက်လွှတ်မခံဘဲ နိုင့်လက်ကို ဆွဲထားကာ

"ဩော် နိုင်ကလည်းကွာ၊ ဒါရှက်စရာမှမဟုတ်တာ၊ ကိုယ့်ချစ်သူချင်းတွေပဲ ဘာဖြစ်လဲ"

ဟုဆိုသဖြင့် နိုင် ကျွန်တော့်ကို မျက်လုံးပြူးကြည့်၏၊

"နိုင် တို့အချစ်ကို လက်ခံတယ်မဟုတ်လား ဟင်"

"ဟင်"

ကျွန်တော် လေသံဖြင့် နိုင့်ထံမှအဖြေတောင်းနေပုံမှာ အနုကြမ်းစီးနေသည်နှင့်တူသည်ဟု နိုင်ထင်သည်လားမပြောတတ်၊

"နိုင် တို့အချစ်ကို လက်ခံပါတယ်လို့ အခုပဲအဖြေပေးရင်ပေး မပေးရင်တော့"

ကျွန်တော် စကားကိုမဆက်ဘဲ နိုင့်ကို အဓိပ္ပာယ်ပါပါကြည့်သည်၊ နိုင်လည်းထိတ်လန့်ပြီး ဘေးဘီကိုတစ်ချက်ဝေ့ကြည့်ပြီး ကျွန်တော့်ကိုကြည့်ပြန်သည်၊ နိုင့်ပုံစံက သူ့လေလည်တာကို ကျွန်တော်ဖော်ကောင်လုပ်မှာ စိုးရိမ်နေမှန်း သိသာသည်၊ ကျွန်တော်လည်း ရထားသောအခွင့်အရေးကို အမိအရ ဆက်လက်ဆုပ်ကိုင်ရသည်၊

"နိုင်"

"ဟင်"

တို့မေးနေတယ်လေ၊ တို့အချစ်ကို လက်ခံတယ်မဟုတ်လားလို့"

"အင်း"

နိုင်ခေါင်းလေးညိတ်ပြသည်၊ ကျွန်တော် ဝမ်းသာကြည်နူးသွားရလျက် နိုင့်ပခုံးပေါ် လက်လှမ်းတင်ပြီး ပွေ့ဖက်မိတော့သည်၊

နိုင် ကျွန်တော့်ကို မျက်လုံးလေးဝင့်ကြည့်ပြီး. .

"ဘာမှန်းလဲမသိဘူး၊ အဖြေတောင်းတာ ရိုးရိုးမတောင်းဘူး၊ သိပ်အနိုင်ကျင့်တာပဲ"



"ချစ်လွန်းလို့ပါ နိုင်ရယ်"

"ကဲရော့ အဲဒီလောက်ချစ်နေရင်လည်း"

နိုင် အောင့်သီးအောင့်သက်ခံရသမျှ ပြေလျော့ပေါက်ကွဲသောအားဖြင့် ကျွန်တော့်ပေါင်ကို ဆွဲလိမ်လိုက်သည်၊

"အား အားလားလား နာတယ် နိုင်ရဲ့"

ကျွန်တော်နာကျင်သဖြင့် အော်ဟစ်ညည်းတွားမိတော့လည်း နိုင် ရှက်လို့ထင်ပါသည်၊ ကျွန်တော့်ပါးစပ်ကို သူ့လက်တစ်ဖက်နှင့် အတင်းလိုက်ပိတ်ပါတော့သည်၊

(၆)

နိုင်က ပဲဆိုလျှင် အကုန်ကြိုက်သည်ဟု ကျွန်တော့်ကိုပြောဖူးပါသည်၊ ပဲဟင်းနှင့်ထမင်းစားရလျှင် အလွန်စားဝင်သည်ဟုလည်း ဆိုပါသည်၊

(ဒါကြောင့်လည်း ဒီကောင်မလေး ဒီလောက်ပဲများနေတာဖြစ်ရမည်)

သို့သော်. .

ပဲဟင်းနှင့် ထမင်းလွေးပြီးလျှင် လေလည်တတ်သည်က ခက်သည်တဲ့၊

သတိမပြတ်ထားပြီးထိန်းသိမ်းနေသည့်ကြားက တစ်ချက်တစ်ချက် ရှုတ်ထွက်သွားတတ်သည့်အတွက် ရှက်ရပါသည်တဲ့၊

ဒီကလေးမ ကျွန်တော်နှင့်ညားလျှင်တော့ ပဲလျှော့စားနိုင်းရမည်၊ ဒါမှ သူမ၏ပေါက်ကွဲခြင်းနှင့် ကျွန်တော်ကင်းလွတ်နိုင်မည်ဖြစ်သည်၊

(၇)

"ဟိုက် ပြဿနာပဲ"

ဟူသော ကျွန်တော်၏ရေရွတ်သံမဆုံးခင်မှာပင် အမြန်ယာဉ်ငယ်အတွင်းမှ စီးနင်းလိုက်ပါလာကြသော ခရီးသည်များ နှာခေါင်းတစ်ရှုံ့ရှုံ့လုပ်သူသူ၊ နှာခေါင်းပိတ်သူပိတ် ဖြစ်ကုန်ကြတော့သည်၊

အဲဒါမှ ကျွန်တော့်ရဲ့အမှား. .

မနေ့ညက ကျွန်တော်အစားများပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်နေသည်ကို အမှုမဲ့အမှတ်မဲ့ထားကာ နိုင့်အလိုကျ ရွှေတိဂုံဘုရားသို့ လိုက်ပို့ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တီရစ္ဆာန်ဥယျာဉ်လည်ပတ်ချင်သေးသည်ဆို၍ ရွှေစိတ်တော်မညိုရအောင် အလိုလိုက်အကြိုက်ဆောင်ပေးရပြန်သည်။

ခိုင်သိလျှင် စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ ကျွန်တော့်ဝေဒနာကို မကြေညာရဲခဲ့၊ ခိုင်သွားလိုရာအတူသွားပြီး ခိုင်စားလိုရာအတူစားခဲ့သည်။

အတူသွားသည့်အတွက် လမ်းများပြီး ခြေထောက်ညောင်းတာ ပြဿနာမဟုတ်သော်လည်း အတူစားသည့်အတွက် အစားစုံကာ ဒုက္ခများတော့သည်။ နဂိုကတည်းက ဝမ်းပျက်ဝမ်းလျှောဖြစ်နေရသည့်အထဲ အချဉ်အစပ် လက်သုတ်စုံတွေကပါ ဝမ်းတွင်းကို ဝင်ရောက်ရောမွှေလေသောအခါ ပြော မပြောချင်တော့ပါ။

အပြန်ခရီးမှာ အမြန်ယာဉ်ကို တွယ်စီးလာရင်း ကျွန်တော့်ဝမ်း ကျွန်တော် နိုင်အောင် မထိန်းနိုင်တော့ပေ။

လေတစ်ချက်အလည်မှာ ဝမ်းကပါသက်သဖြင့် ကျွန်တော့်ခမျာ လူပုံအလယ်မှာ အရှက်တကွဲ ဖြစ်ရတော့သည်။

ကျွန်တော် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ အရှက်ကြီးလျက် မှင်တက်နေသော်လည်း ထိုအရေးကို သည်းမခံနိုင်သော ခရီးသည်များက ပွက်ပွက်ညံကြတော့သည်။

ကျွန်တော့်မှာဂျင်းဘောင်းဘီအရှည်ကိုဝတ်ပြီး ဘောင်းဘီအောက်အစကို လည်ရှည်ရှူးဖိနပ်ထဲ ထည့်သွင်းထားသည်ဆိုသော်လည်း

ခရီးသည်များ၏ဆန္ဒကို စပယ်ယာလည်း မလွန်ဆန်သာပြီမို့ ကားရပ်ပြီး ကျွန်တော့်ကို ကားပေါ်မှဆင်းခိုင်းပါတော့သည်။

"ကဲ ညီလေးရေ၊ ဝမ်းရေးထက် ခရီးသည်တွေရဲ့ အနံ့မခံနိုင်မှုက ခက်နေပြီ၊ ဒီတော့ နီးစပ်ရာအိမ်တစ်အိမ်ကိုသာ အကူအညီတောင်းပြီးတော့ ဖြေရှင်းလိုက်ပါတော့ ဟုတ်လား၊ ဒီမှာ ကျန်တဲ့ခရီးသည်တွေလည်း အားနာဖို့ကောင်းတယ်"

ကျွန်တော်လည်း မငြင်းသာပြီမို့ ကားပေါ်မှဆင်းရန် ကားအတွင်းထဲမှာထိုင်နေသော ခိုင့်ကိုပါ လှမ်းခေါ်ရသည်။ မိန်းကလေးအဖော်တစ်ယောက် ပါမည်ဆိုလျှင် အိမ်တွေကလည်း ကျွန်တော့်အခက်အခဲကို ကူညီ



ရှင်းပေးဖို့ ဝန်လေးကြမည်မထင်ပါ။

ထို့ကြောင့် ရှက်သော်လည်း အားတင်းထားလျက်

"ခိုင် ဆင်းကြရအောင်"

ဟူ၍ပြောသော် ခိုင်၏တုံ့ပြန်မှုက ကျွန်တော့်ကို တုန်လှုပ်သွားစေသည်။

"ဘာတွေလာပြောနေတာလဲ၊ ရှင်နဲ့ကျွန်မမှ မသိတာ"

"ဟင် ခိုင် ဘယ်လို ဘယ်လိုပြောလိုက်တာလဲ"

"လူကိုလာပြီး အကြောင်းရိုက်မနေနဲ့နော်၊ ရှင့်ကိုကျွန်မ သိလည်း မသိဘူး၊ မြင်လည်းမမြင်ဖူးဘူး"

"မဟုတ်ဘူးလေ ခိုင်ရဲ့ တို့ ဒီမှာက ဒီမှာက"

"အို ရှင့်ကိုမသိပါဘူးဆိုနေတဲ့ဟာကို ရှုပ်ရှုပ်ယှက်ယှက်၊ ကဲ ကားဆရာမောင်းပါတော့၊ ဒီမှာ အနံ့မခံနိုင်လို့သေတော့မယ်၊ ဘယ်လိုလူမှန်းလဲ မသိဘူး၊ အရှက်လည်း နည်းလိုက်တာ"

"ဟုတ်တယ်ဗျို့ မောင်းပါတော့ မောင်း မောင်း"

ကားသမားလည်း ကျွန်တော့်ကိုချန်ထားခဲ့ပြီး မောင်းထွက်သွားတော့သည်၊ ကျွန်တော် မယုံနိုင်စရာကောင်းသော အံ့ဩတုန်လှုပ်မှုဖြင့် ခိုင့်ကို ကြည့်နေသော်လည်း ခိုင်ကတော့ စာနာရကောင်းမှန်းမသိဘဲ မျက်နှာကို အခြားဖက်သို့လှည့်ထားလေသည်။

"ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားတယ်ဆိုတာ ကြားဖူးနေတာကြာပြီ၊ ဘာဆိုလိုမှန်းမသိဘူး၊ အခုမှပဲ ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားတဲ့လူဆိုတာကို တွေ့ဖူးတော့မယ်"

"ဝါး ဟား ဟား ဟား ဟား"

ကားထွက်သွားရင်းနှင့် အရွှန်းဖောက်လိုက်သော စပယ်ယာ၏ စကားကြောင့် ထိုခရီးသည်အားလုံး သဘောကျပြီး အတောမသတ် ရယ်မောကြလေသည်။

မရယ်မောနိုင်သူကတော့ ကျွန်တော်တစ်ယောက်တည်းရယ်။

သြော်. . ရက်စက်ပါပေ့ ခိုင်ရယ်။

မျိုးကိုမျိုး

www.burmeseclassic.com



www.burmeseclassic.com



# တိရစ္ဆာန်နှင့်တူသောလူ

ကမ္ဘာဟုခေါ်တွင်သည့် ဂြိုလ်ပြာကြီးပေါ်တွင် မရေတွက်နိုင်အောင် များပြားလှသော သတ္တဝါမျိုးစုံရှိ၏။ ထိုအထဲတွင် လူဟု အမည်ပညတ်ချက် ပေးထားသော သတ္တဝါလည်း ပါလေသည်။

လူသတ္တဝါသည်ကား သူတို့ကိုယ်သူတို့ အသိဉာဏ်ရှိသော မြင့်မြတ်သူများဟု သတ်မှတ်၍ ကျန်သည့်သတ္တဝါများကိုတော့ အသိဉာဏ်နည်းသော တိရစ္ဆာန်များဟု သမုတ်ကြကုန်၏။

မည်သည့်တိရစ္ဆာန်နှင့်မှ တူညီမှုမရှိဟု ကြွေးကြော်ထားကြသော လူများကို အသေအချာ ဆန်းစစ်လေ့လာကြည့်ပါက သူတို့နှိမ့်ချတန်းခွဲထားသည့် အနိမ့်တိရစ္ဆာန်တို့နှင့်ပင် တူညီမှုများရှိကြောင်း တွေ့ကြရပေမည်။ တချို့



ဆိုလျှင် တစ်ကောင်မက မတူမျိုးကွဲ တိရစ္ဆာန်နှစ်ကောင်သုံးကောင် လေးငါး ကောက်ကောင်ခန့်အထိပင် စရိုက်သဘာဝခြင်း တူညီနေသည်ဟုဆိုလျှင် လွန် မည်မထင်ပါ။

ဘယ့်နှယ် လူကို တိရစ္ဆာန်နှင့် နှိုင်းရတယ်လို့ဆိုပြီး အပြစ်တင်မစော ကြပါနှင့်။ အသေအချာ ဆန်းစစ်ကြည့်စေလိုပါသည်။

မျောက်သည် အလွန်အတုခိုးလွယ်သော သတ္တဝါဖြစ်၏။ လူကျတော့ ခိုးဘူးလား။ ဟောလိဝုဒ်၊ ဘောလိဝုဒ်၊ ကိုးရီးယားပါမကျန် စတိုင်လ် ပုံတူ အတုခိုးထားကြသည့်သူ အများအပြားကို ဥဒဟို တွေ့ရှိနိုင်ပါသည်။ 'ရိုန်း' ပုံတူ ပြိုင်ပွဲ ရှရှတ်ခန်ပုံတူပြိုင်ပွဲဆိုသည်များကိုပင် ကျင်းပနေကြသေး။

ကဲ ထိုသူများကို မျောက်နှင့်တူသည်ဟု ဆိုကြပါစို့။ တစ်ကောင် ဟောင်လျှင်လိုက်ဟောင်၊ တစ်ကောင်ပြေးလျှင်လိုက်ပြေး၊ တစ်ကောင်ကိုက် လျှင် လိုက်ကိုက်သည့် ခွေးနှင့်တူသောသူ၊ တစ်ချိန်လုံး ပွတ်သီးပွတ်သပ်နှင့် သူနားဆာလုပ်နေတတ်သည့် ကြောင်နှင့်တူသောသူ၊ အလစ်တွင်ဝင်ရောက် သောက်ရုံမက မစင်အညစ်အကြေးများပါ စွန့်သွားတတ်သည့် ကြွက်နှင့် တူသောသူ စသည့်လူများကိုလည်း များပြားစွာ တွေ့ဖူးကြပါလိမ့်မည်။

ထိုမှတဖန်

တောက်တဲ့လို အကပ်ကောင်းသူများ၊ ပုတ်သင်ညိုလို အရောင် ပြောင်းခေါင်းညိတ်သူများ၊ ကဏန်းလို လက်မတစ်ထောင်ထောင်နှင့် ကန့်လန့် တိုက်ကြီးသွားနေသူများ၊ ငန်းကဲ့သို့ ဟိတ်ဟန်ကောင်းသူများ၊ နွားလိုစား ပြီး မြင်းလိုအမြီးမြှောက် အီးပေါက်နေသူများ၊ ကြက်တူရွေး သာလိကာ သတ္တဝါတို့လို နှုတ်တိုက်သင်ပေးထားသမျှ တတ်သလောက်လေးနှင့်စွာကျယ် ကျယ်လုပ်နေသူများ၊ စွန်၊ လင်းယုန်၊ သိန်းငှက်တို့ကဲ့သို့ အထက်စီးမှကြည့် သားကောင်ကို အပိုင်ဖမ်းသူများ၊ ကျားခြသေ့်ကဲ့သို့ ခွန်အားပလကြီးမား ဟိန်းဟောက်အနိုင်ကျင့်သူများ စသည်ဖြင့် ရေးမကုန်နိုင်အောင်ရှိ၏။

ထိုအထဲမှာမှ လိပ်ကဲ့သို့ ကိုယ့်ဘက်သာကိုယ်ယက်သူ၊ ပုစွန်ကဲ့သို့ ခေါင်းထဲတွင် ချေးများသာရှိသူ၊ ကင်းမြီးကောက်ကဲ့သို့ နောက်ကျောမှ အဆိပ် ဖြင့်ထိုးသူ၊ မြွေကဲ့သို့ သူများတူးထားသည့် တွင်းပေါက်ထဲ အခန့်သားဝင်

www.burmeseclassic.com



॥

လူသည် တိရစ္ဆာန်တစ်ကောင်ကောင်နှင့်
တူနေသည်၊ တချို့
တစ်ကောင်ထက်မက တူနေသည့်အကြောင်း
သဘောပေါက်လောက်ပေပြီ။
မေးရတော့မည်။
သင် မည်သည့်တိရစ္ဆာန်နှင့် တူသနည်း။

॥

နှပ်သူ၊ ဆင်ကဲ့သို့ မှန်ယိုလျှင် မထိန်းနိုင်မသိမ်းနိုင် ကြမ်းရမ်းသူ စသည့် တာလ
များလည်း များစွာရှိသေး၏။

ဒီမျှလောက်ဆိုလျှင် လူသည် တိရစ္ဆာန်တစ်ကောင်ကောင်နှင့်တူ
နေသည်၊ တချို့ တစ်ကောင်ထက်မက တူနေသည့်အကြောင်း သဘောပေါ
လောက်ပေပြီ။ မေးရတော့မည်။ သင် မည်သည့်တိရစ္ဆာန်နှင့် တူသနည်း
မိတ်ဆွေတစ်ယောက်က ပြောပါသည်။

ကျွန်တော်ကတော့ အဖွဲ့လိုက် စုစည်းညီညွတ်စွာနဲ့ ဝတ်ရည်ဘ
တိုက်ကို တည်ဆောက်ကြတဲ့ ပျားကလေးနဲ့ တူချင်ပါတယ်။ စုပေါင်းညီညာ
အောင်ကြောင်းဖြာပေါ့ဗျာဟု ထပ်ဆင့်လိုက်သေး၏။

ပျားအကြောင်းကို သေချာမသိသောကြောင့် ပြောခြင်းဖြစ်ပါလိ
မည်။ မည်သည့်ပျားအုံတွင်မဆို အုပ်စိုးသူမှာ ပျားဘုရင်မတစ်ကောင်သာ
၏။ ပျားဘုရင်မ၏ဆုံးဖြတ်မှုအောက်တွင်သာ တည်မှီ၍ ပျားအားလုံးလှုပ်ရှား
ကြရလေသည်။

ပျားဘုရင်မသည် ထောင်သောင်းမကသောပျားများကို လိင်အင်
ခံစားမှုမဲ့သော လုပ်သားပျားများအဖြစ် သတ်မှတ်၏။ ထိုလုပ်သားပျားမျာ
သည် သက်ထက်ဆုံး နေ့တမူ ဝတ်ရည်သယ်ဆောင်စုဆောင်းခြင်းအလုပ်
သာ လုပ်ကြရလေသည်။ သူတို့မှာ ဘာခံစားခွင့်မှမရှိ။



ဒီအထဲတွင်မှ ပျားဘုရင်မ၏ရွေးချယ်မှုနှင့်အတူ လိင်အင်္ဂါခံစားပိုင်
ခွင့်ရှိသူ ပျားထီးတချို့ရှိ၏။ အခွင့်ထူးခံ ထိုပျားထီးများမှာ မည်သည့်အလုပ်မှ
လုပ်စရာမလို။ သူတို့အတွက် သန်မာထွားကျိုင်းအောင် သောက်စားအနား
ယူနေဖို့သာလို၏။

မိတ်လိုက်သည့်ရာသီချိန်ရောက်သောအခါ ပျားဘုရင်မသည် ဝေ
ဆင်ထက်သို့မြင့်မားစွာ ပျံသန်းတက်တော့သည်။ ထိုအခါ ပျားထီးကြီးများက
ပျားဘုရင်မကို အမီလိုက်ကြရ၏။ ထိုအထဲတွင်မှ အမြင့်ဆုံးသို့ အမီလိုက်နိုင်
သူ ပျားထီးတစ်ကောင်သာ ပျားဘုရင်မနှင့် ပျော်ပါးခွင့်ရရှိလေသည်။ ထိုပျော်
ပါးမှုမှာလည်း သူ့အတွက် နောက်ဆုံးပျော်ပါးမှုသာဖြစ်သည်။ အဘယ်ကြောင့်
ဆိုသော် မိတ်လိုက်ပြီးသည်နှင့် သူ၏အင်္ဂါကျိုးပြတ်ပြီး သေပွဲဝင်ရသောကြောင့်
ဖြစ်လေ၏။

ထိုသို့ သန္ဓေရသည်နှင့် ပျားဘုရင်မသည် ပြန်ဆင်းလာကာ သူမ
ကို အမီမလိုက်နိုင်သည့် ကျန်စားဖလုံးပျားထီးကြီးများကို ကိုက်ခဲသတ်ဖြတ်
ပစ်လိုက်လေတော့သည်။

နောက်တစ်ခါ သူ ဥဦးမည်။ ထိုအထဲကမှ တစ်ကောင်တည်းသော
ပျားဘုရင်မလောင်းကို ရွေးချယ်မည်။ ပြီးလျှင် အခွင့်ထူးခံပျားထီးကြီးများနှင့်
ခံစားခွင့်မဲ့လုပ်သားပျားများကိုလည်း သတ်မှတ်ရွေးချယ်ပေဦးမည်သာဖြစ်၏။

ကဲ မိတ်ဆွေလည်း ပျားနှင့်တူချင်သည်ဆိုက မည်သည့်ပျားနှင့်တူ
ချင်ပါသလဲ၊ ခံစားချက်မဲ့လုပ်သားပျားနှင့်တူချင်သလား၊ ကာမရာဂအမှုနှင့်
ဆက်နွှယ်လေးသာပျော်ရပြီး ပိုးစိုးပက်စက် သေဆုံးကြရသည့်ပျားထီးကြီးများ
နှင့် တူချင်သလား။ ထိုအခါ မိတ်ဆွေထံမှ ကျွန်တော် ပျားနဲ့မတူချင်တော့ပါဘူး
ဟူသည့်အဖြေကိုသာရမည်မှာ သေချာ၏။

သို့သော်လည်း မိတ်ဆွေကတော့ တစ်ကောင်ကောင်နှင့်တူနေမှာက
တော့ သေချာသည်။ ထို့ကြောင့် ထပ်ဆင့်မေးပါဦးမည်။

သင် မည်သည့်တိရစ္ဆာန်နှင့်တူသနည်း။

မဟာဗလ

www.burmeseclassic.com

www.burmeseclassic.com



# ထုံကြီးနှင့်ငွေးလူ

ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com



# ထုံကြီးနဲ့ပွေးလှ

သင်တိုင်းရွာကလေးမှာတော့ ဘုန်းကြီးလူထွက် လူပြန်တော်ကို[...] ကြီး၏ ခပ်ထုံထုံ ခပ်အအ ဖြစ်ပုံတွေက ရယ်ပွဲဖွဲ့စရာအဖြစ် လူတိုင်းပါး[...] ဖျား၌ ပျံ့နှံ့လို့နေတော့သည်။

"ရဟန်းဝါ(၁၅)ဝါတောင်ရပြီးမှ လူထွက်ရတယ်လို့ကွာ"

"ဟ ဒါကတော့ သူ့အကြောင်းကံက ပါလာတာမို့ ထွက်ချိန်တန်[...] လည်း ထွက်ရတာပေါ့"

"ထွက်တာနဲ့ တစ်ခါတည်း မိန်းမယူတာတော့လွန်သဗျာ"

"ဟာ ဒါလည်း ခများမယ် ပုထုဇဉ်လောကီလူသားဖြစ်နေပြီ[...] လူဆိုတာ လူပဲမို့ လူအကျင့်ပဲ ကျင့်လိမ့်မပေါ့"

"သူ့ခမျာ ယူစရာရှားလို့ဗျာ၊ ပွေးလှကိုမှယူတယ်၊ ကျုပ်တို့သင်တိုင်း[...]



[...]မှာ အချောအလှတွေဆိုတာ အများကြီး"

"များပေမယ့် ကျောင်းကိုလာတာ ပွေးလှတစ်ယောက်တည်းဆို [...]တော့ ဦးဇင်းလူထွက် ကိုထုံကြီးအဖို့တော့ ချစ်စရာကောင်းတဲ့၊ ကြိုက်စရာ [...]ကောင်းတဲ့ ကက္ကတ္တိယမိန်းမဆိုတာ ပွေးလှတစ်ယောက်ပဲရှိတယ်လို့ မြင်နေမှာ [...]ပေါ့၊ ဖူးစာဆိုတာကလည်း အခက်သားကလား။ ထုံကြီးနဲ့ပွေးလှဆိုတာ ရှေး [...]ကတည်းက နှစ်ဖြာရေစက်တွေ ရှိခဲ့ကြလို့သာ ခုဘဝ ပဋိသန္ဓေမျက်မှောက် [...] လင်ရယ်၊ မယားရယ်ဆိုပြီး ပုဆိုးတန်းတင် ဖြစ်လာခဲ့တာပေါ့"

"သူတို့လင်မယားနှစ်ယောက်ကလည်း လိုက်လည်းလိုက်ပဗျာ၊ [...]စ်ယောက်က ခပ်ထုံထုံ၊ တစ်ယောက်က ခပ်အအ"

"အသွင်တူလို့ အိမ်သူဖြစ်တာပဲဟာကွာ"

ဘာပဲပြောပြော သင်တိုင်းရွာကလေးနှင့် ပတ်သက်လာလျှင်ဖြင့် [...]စိတ်ဝင်တစားဖြစ်နေ၊ ပြောဆိုနေရသော ကိုထုံကြီးနှင့်မပွေးလှတို့ အကြင် [...]မယားအကြောင်းကိုဖြင့် လုံးဝဆိုလုံးဝ ချန်လှပ်မသင့်ပေတကား။

◆ ◆ ◆

ငှက်ခါးရောင်သမ်းနေသော မိုးတိမ်လွှာကြီးက ကိုထုံကြီးတို့ သင် [...]ရွာကလေးကို မည်သည့်အတားအဆီး အနှောင့်အယှက်မျှမရှိဘဲ ဖြန့်ကျက် [...]ဆိုင်းလာခဲ့ပေပြီ။

မကြာခင်မှာ အေးမြသော၊ မိုးသင်းရနံ့ပါသောလေက တဖြူးဖြူး [...]ဖြောဖြောတိုက်ခတ်ပြီး မရှေးမနှောင်းမှာပင် မိုးတိမ်လွှာထုကြီးမှ မိုးစက် [...]ရတို့သည် သင်တိုင်းရွာတစ်ရွာလုံးအပေါ် ကျွမ်းထိုးမှောက်ခုန် ကျဆင်း [...]ကြလေတော့သည်။

"ဟေး မိုးရွာပြီကွ၊ မိုးရွာပြီ"

"မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် [...]သီးခွဲစားမယ်"

ဘုစုခရုကလေးသူငယ်တွေက ဗလာကိုယ်တီးဖြင့် မိုးရေထဲထွက် [...] ပျော်ရွှင်စွာ ခုန်ပေါက်အော်ဟစ် မြူးတူးနေကြသည်။

မိုးက မိုးပြေးမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးတွဲ့တွဲ့နှင့် တစ်နေကုန်စိမ်၍ရွာမည့် ပျဉ်းတွဲတွဲမိုး။

"တောက် ဒီကမြင်းမမိုးနှယ်၊ ရွာကြောရယ် ရှည်ရှည်နိုင်လွန်းတယ် ခွီးလိုမှပဲ"

ကိုထုံကြီးသည် ကဲလားကိုအသာဖွင့်ရင်း စိမ်၍ရွာနေသော မိုးကို ကြိမ်းမောင်းပြစ်တင် မေတ္တာပို့လိုက်သည်။

"ဘာဖြစ်တာတုံး ကိုထုံရဲ့၊ မိုးတွင်းရောက်လို့ မိုးက သူ့ဘာသာသူ ရွာနေတဲ့ဥစ္စာ"

ဇနီးသည်မပွေးလှက လက်ချုပ်ခုံ၌ ကြယ်သီးထိုးရင်း မကျေမချမ်း ဖြစ်နေသော ကိုထုံကြီးကို လှမ်းမေးလိုက်သည်။

"ဘာဖြစ်ရမလဲဟ၊ ဒီနေ့ ပိတ်စွယ်က ကိုမြင့်သိမ်း၊ ညိုထွေးကြည် တို့ ဆွမ်းကျွေးဖိတ်ထားတာဟ၊ သွားမယ့်လာမယ့်အချိန်ကျရင် ဒီမိုးက အလိုက် ကမ်းဆိုးကိုမသိဘူး တောက်"

"ဪ ကိုထုံရယ်၊ မိုးတွေ ဒီလောက်ရွာနေမှတော့ မသွားဘဲ[illegible] လိုက်ပေါ့တော်၊ တော်တစ်ယောက်မသွားလည်း သူတို့ဆွမ်းကျွေးက ပျက် မသွားနိုင်ပါဘူး"

"ဟာ သူတို့မပျက်သလို ငါမပျက်ဖို့လည်း လိုသဟ၊ သူတို့က [illegible] နိုင်သောက်နိုင် တကယ့်ချောင်ချောင်လည်လည်တွေ၊ ဒီဆွမ်းကျွေးမှာ [illegible] သလောက်ပေါင်းရယ်၊ မယ်ဇလီဟင်းချိုရယ်၊ ဝက်သားနီချက်ရယ်၊ အမဲ[illegible] ကြော်ရယ်၊ ပုစွန်ခြောက်ထောင်း ငပိချက်ရယ်၊ သရက်ချဉ်သုပ်ရယ် ပါမှာ[illegible] ဟ၊ ဒါမျိုးကို လက်လွှတ်ခံလိုက်ရင် ဆွမ်းကောင်းကျွေးကောင်းတွေ ဟဲရာ[illegible] လူပြန်တော်ဖြစ်လာတဲ့ ထုံကြီးအဖို့ ရာဇဝင်မှိုင်းသွားတော့မှာပေါ့ မပွေး[illegible]"

"တော်စမ်းပါ ကိုထုံရယ်၊ တော်ဟာလေ ပြော မပြောချင်ဘူး၊ [illegible] အသောက်နဲ့ပတ်သက်လာရင် လွန်လွန်းတယ်၊ ဆိုင်းသံဗုံသံ၊ လော်စပီ[illegible] သံများ မကြားလိုက်နဲ့၊ ကြားလိုက်ရင် ဘာအလှူရှိပါလိမ့်ဆိုပြီး စုံစမ်းရ[illegible] အမော၊ အလှူရှိပြီဆို ထမင်းကျွေးရုံပေါက်ဝ အရင်ဆုံးသွားရပ်တာ ရှင်[illegible] တော် မရှက်ဘူးလား"

"ဟ ဘာလို့ရှက်ရမှာလဲ၊ ဒါ ခိုးစားတာမှမဟုတ်ဘဲ၊ အလှူရှင်တွေ[illegible]



[illegible]ကျွေးချင်မွေးချင်လို့၊ ကုသိုလ်လိုချင်လို့ ကျွေးတယ်၊ မွေးတယ်၊ ငါကလည်း [illegible]ချင်သောက်ချင်လို့၊ ကုသိုလ်ရစေချင်လို့ စားတယ်သောက်တယ်၊ ကဲ [illegible]ောင်းသူ့ဝယ်သူ အသံတူနေပြီပဲဟာ၊ ဘေးကနေ ဆေးရိုးသည်မလုပ်ချင်ပါနဲ့ [illegible]း မရယ်"

ကိုထုံကြီးကတော့ သူ့အယူအဆနှင့်သူ ဟုတ်နေသည်။

မပွေးလှကတော့ ဘုန်းကြီးလူထွက် လင်တော်မောင်ကြီးအတွက် [illegible]းမသားပိပိ ရှက်မည်ဆိုလည်း ရှက်လောက်ပါပေသည်။

မပွေးလှ ရှက်မည်ဆိုလည်းရှက်စရာ။

ကိုထုံကြီးအဖို့ သင်တိုင်းရွာတစ်ရွာတည်းသာမဟုတ်။ အခြားအခြား [illegible]သာ ရွာနီးချုပ်စပ်မှာ ဘယ်ရွာက အလှူအတန်းကြီး ပေးနေပါစေ။ စုံစမ်းသိရှိ [illegible]ဆိုလျှင် မရမက သွားတော့သည်။ ဤသို့ သာရေးပဲသွားသလားဆိုတော့လည်း [illegible]ုတ်ပြန်။ နာရေးဟုဆိုရမည့် လူကြီးအသုဘမှသည် ကလေးအသုဘလည်း [illegible]လွတ်မပေး။ ဘုန်းကြီးဘဝနှင့် ဒါမျိုးကို ဆယ်နှစ်ဆယ်မိုးမက တွေ့ကြုံဖြတ် [illegible]းလာခဲ့သည်ဆိုတော့ ကိုထုံကြီးအတွက် ဘာမှမဆန်းသလို၊ ကိုထုံကြီး၏ [illegible]သဘောစရိုက်ကို သိထားကြသူတွေဖြစ်၍လည်း သာရေးရှင်၊ နာရေးရှင်တို့အတွက် [illegible]ဆန်းပါပြီ။

ဒီလိုမျိုး သာရေးနာရေးပွဲများကို လှည့်လည်ကျက်စားရာ၌ သူ့အဖို့ [illegible]ဘာက နပ်ပြီးသားဟုဆိုရမည်။ ရဟန်းဝါအတော်ရပြီးမှ လူပြန်တော်ဖြစ်ခဲ့ [illegible]သူမို့ တရားဓမ္မဆိုင်ရာ သဒ္ဓါ၊ သဂြိုလ်၊ သမထ၊ ဝိပဿနာများကို ခေါင်းရင်း [illegible] အမြိန့်သား ထိုင်ဟောပြောရင်း ပုစွန်ခြောက်နိုင်းချင်း၊ ကြက်သွန်ကြော် [illegible]ုင်းဖြင့် ဆီရွှဲရွှဲလက်ဖက်ပွဲကို ဌန်းမချစတမ်းနွဲ့ကာ အစားမပြတ်၊ စကား [illegible]တ်ဘဲ ပြောနိုင်ဆိုနိုင်စွမ်းလည်း ရှိနေသည်။

သည့်နောက်မှာတော့ အလှူရှင်တို့၊ အသုဘရှင်တို့ တည်ခင်းဧည့်ခံ [illegible]ထွေးသော ဇ မင်းဟင်းလျာ၊ မုန့်ပဲသရေစာတို့ကို အားမနာစတမ်း ခေါင်း [illegible]စတမ်း တွယ်လိုက်သည်မှာ အလုပ်အကိုင်စတင်သည်မှ ပ[illegible]တခွာ ဖျာ [illegible]သည်အထိ အိပ်လိုက်၊ စားလိုက်၊ ပြောဟောလိုက်နှင့် အားလုံးကိုစွဝိစွပြီး [illegible] မပွေးလှခမျာ သူမချစ်ရလေသော ချစ်တုံးချစ်ခဲ လူပြန်တော်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ခွင့်ရတော့သည်။

"ဟိုအလှူကကျွေးတာ တကယ့်အပျံစားပဲကွာ၊ မသာအိမ်ကတော့ တကယ့်ကို ကချွဲလာပဲဟော့၊ မုန့်ဟင်းရည်များ ချက်ထားလိုက်တာ ကိုယ့်ရု ကိုယ်ပြန်ကြည့်လို့ရအောင် ကြည်နေတာပဲ"

"တော့်နှယ် အလှူပွဲသွားမကူဘဲ စားတာတောင်မှ အပြစ်ပြော မလွှတ်ဘူး"

"ဟ လူဆိုတာ ခံစားတတ်တဲ့သတ္တဝါကွ၊ ခံစားတတ်တာမို့ ခံစား တဲ့အပေါ် ဝေဖန်မှုဆိုတာ ရှိမှာပဲ၊ ကောင်းရင်ကောင်းတယ်၊ မကောင်းရင် ကောင်းဘူးပေါ့၊ ဒါပြောတာ မပြောရဘူးလား"

"တော်စမ်းပါ၊ ကိုယ့်ဘာသာ ကိုယ့်အိမ်ကိုယ်နေပြီး ရှိတာလေးချ ပြုတ်ပြီး လင်မယားနှစ်ယောက် ထမင်းလက်ဆုံစားရတာ မကောင်းဘူးလား"

"မကောင်းဘူးကွ၊ မင်းက မိန်းမဖြစ်ပြီး အကွက်မမြင်တတ်ဘူး ငါတစ်ယောက် အလှူသွားစားရင် ငါ့တစ်ယောက်စာ သက်သာမသွားဘူးလား"

"သက်သာတာထက် အလှူပွဲတိုင်း မလွှတ်အောင် သွားတာကျ"

"တော်စမ်း မပွေး၊ ဒါဟာ ငါ့ရဲ့ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေး ပဲ၊ ခု ဆွမ်းကျွေးဟာ ငါ့ကို သေသေချာချာဖိတ်ထားတာ၊ မဖြစ်ဖြစ်အောင် လာရမယ်တဲ့၊ ငါ့ကို နင်မပြောနဲ့၊ အထက်မိုးဖျားက ထန်းလျက်ခိုးစား . . . ဟုတ်ပေါင် သိကြားမင်းကြီးဦးမာဃကိုယ်တိုင် အနီကတ်ပြပြီး တားရင်တော့ မရဘူး၊ ဟော ငါ့စိတ်ဓာတ်၊ ငါ့ရဲ့သံမဏိစိတ်ဓာတ်ကို မိုးသိကြားမင်းကြီး သဘောပေါက်သွားလို့ထင်ပါရဲ့၊ ကြည့်စမ်း မိုးချုပ်ချင်းတိတ်သွားပြီ"

မှန်ပေစွ၊ မှန်ပေစွ။

ကိုထုံကြီး၏စကားနှင့်အညီ မိုးတိမ်လွှာထုလည်း မိုးစက်မိုးရေ အား ညှစ်ချရန် ပန်းလျသွားပုံရသည်ထင့်။ လုံးဝဆိုလုံးဝ မိုးတိတ်သွားလေသည်

"ဟော့ မပွေး၊ ငါ့ကို ခေါင်းပတ်ဖို့ပဝါရယ်၊ တိုက်ပုံရယ်၊ လုံချည်ထ ထည်ရယ် ယူပေးစမ်း"

"ခဏလေး ကိုထုံ၊ ကျွန်မ ပြောစမ်းပါရစေဦး"

"ဘာများတုန်း မြန်မြန်ပြော"



"မနေ့ကလေ အမေနတ်ကတော်ချစ်နှင်းဆွေ အရိုးလေးသန်းတင် အိမ်ရောက်ပြီး နတ်ဝင်ရင်း ကျုပ်ကိုဟောလိုက်သေးတယ်၊ ဟဲ့ မိပွေးလှ နှင့်ယောက်ျားကို ဒီရက်ထဲ ကိုယ့်ရပ်ကိုယ့်ရွာကလွဲပြီး ဘယ်ကိုမှမသွားစေနဲ့ သွားရင် လူလုံးကြီးပဲ ကျန်မယ်တဲ့။ အဲဒါ ကျွန်မစိတ်တွေ လေးနေဘယ် ထုံရယ်၊ တတ်နိုင်ရင် ကျုပ်စကားကို နားထောင်ပါလားတော်၊ အဲ နတ်ကတော် အမေချစ်နှင်းဆွေက ဘာရေစင်ဖိုးမှ မယူဘဲ ဟောခဲ့တာပါ"

"တော် တော်စမ်း၊ သူများ စားကောင်းအသောက်ကောင်းတွေ သွားပြီး စားသောက်မယ့်ကိစ္စမှာ ဒီ အခြောက် နတ်ကတော်အစုတ် မဟုတ်ကဟုတ်ကတွေ ဟောလိုက် ကို မယုံနဲ့၊ လုံးဝမယုံနဲ့၊ ယုံလို့က တော့ ဖနောင့်စာပဲ၊ ကိုင်း ပေးဟာ စမ်းဟာ"

● **သူတစ်ကိုယ်လုံး ဘာအဝတ်အစားမှမရှိ။ ဗလာ ကိုယ်လုံးတီး ရေတွေက စက်လက် စက်လက်။ ကိုယ်ပေါ်ရှိရေတွေကို သပ်ချပါတတ်ပြီး အဝတ်အစားလို့ ပြုနေခဲ့မှာပင်** ●

မပွေးလှအဖို့ ဘယ်လိုမှ တားမြစ်နိုင်စွမ်း မရှိတော့သည့် ကိုထုံကြီးအလိုရှိသော ခေါင်း ပတ်ပဝါ၊ ညှစ်ထေးထေးတိုက်ပုံ၊ ကာက်သိုးသိုးပုဆိုးတို့ကို ယူငင်ပေး လတော့သည်။

"ပိတ်စွယ်ကိုရောက်ဖို့ ချောင်းကူးရမှာမို့ ငါ ချိုကောက်ကြီးကို ဆွဲ သွားမယ်"

ချိုကောက်ဆိုသည်ကား ကိုထုံကြီးတို့ပိုင်ဆိုင်သော ကျွဲနှစ်ကောင် တွင် တစ်ကောင်သောကျွဲပင် ဖြစ်လေသတည်း။ မိုးသည်းထန်ရွာမှ ချောင်းဖြတ်စရာကြုံလျှင် ထုံးစံအတိုင်း ကျွဲတစ်ကောင်ကို အဖော်ပြုလျက် နေကျဖြစ်သည်မို့ ခုလည်း ချိုကောက်မည်သော ကျွဲကြီးကို ကြိုးဆွဲကာ အိမ်မှထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



◆ ◆ ◆

ပိတ်စွယ်ရွာသို့ မရောက်မီ အပြောကျယ်သော ပိတ်စွယ်ချောင်း
ကိုထုံကြီးကို တားမြစ်သကဲ့သို့ရှိသည်။ တစ်ဖက်ကမ်းစပ်၊ ချောင်းစပ်မှာတော့
ဖျိုက်တောတွေ၊ ဝက်လာပင်တွေက ထိုးထိုးထောင်ထောင်။

မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ချောင်းရေကလျှံပြီး တဝေါဝေါ
အရှိန်အဟုန်မပျက် ဝဲလုံးထိုး စီးဆင်းနေလေသည်။ အဆိုပါ ချောင်းရေ
ကိုကြည့်လျက် ကူးဖြတ်ရမည့်ကိစ္စကို စဉ်းစားလိုက်သည်။ သိပ်တော့မစဉ်း
လိုက်ရ။ ဒီလိုမျိုး ကူးဖြတ်မှုအတွေ့အကြုံတွေက သူ့မှာ ရင့်နေခဲ့ပြီပဲ။

ခေါင်းတွင်ပတ်ထားသော ပဝါကိုဖြုတ်လိုက်သည်။ ထို့နောက် တိုက်
ပုံအင်္ကျီ၊ အတွင်းခံအင်္ကျီတို့ကိုချွတ်ပြီးသကာလ ရှေ့နောက်ဝဲယာ တော
မြောက်တစ်ခွင်ကို စူးစမ်းလိုက်သည်။ ကျွဲကြီးချိုကောက်နှင့် သူမှတစ်
မည်သူ့ကိုမျှမမြင်။ သည့်အတွက် ဝတ်လက်စ ပုဆိုးအကွက်တုံးကြီးကို
က ထိုပုဆိုးထဲသို့ ပဝါ၊ တိုက်ပုံအင်္ကျီ၊ အတွင်းခံအင်္ကျီတို့ လုံးထည့်ပြီး ပု
အား ချိုကောက်၏ ချိုဖျားတွင် ချိတ်ပေးလိုက်သည်။ ထို့နောက် ချိုကော
၏ နဖားကြိုးကိုဆွဲလျက် သူပါ တစ်ပါတည်း ချောင်းထဲသို့ဆင်းကာ ပိတ်စွ
ဘက်ကမ်းသို့မျှော၍ကူးလိုက်သည်။

သို့ဖြင့် တစ်ဖက်ချောင်းစပ်ရှိရာသို့ ချိုကောက်ရောသူပါ ချော
ရှူရှူ ရောက်ရှိသွားခဲ့သည်။ သူ့တစ်ကိုယ်လုံး ဘာအဝတ်အစားမျှမရှိ၊
ကိုယ်လုံးတီး၊ ရေတွေက စက်လက် စက်လက်။

ကိုယ်ပေါ်ရှိရေတွေကို သပ်ချခါထုတ်ပြီး အဝတ်အစားလဲဖို့ပြ
မှာပင် မမျှော်လင့်ဘဲ ဒိုးပတ်သံ၊ လင်းကွင်းသံ၊ ဝါးလက်ခုပ်သံများ ပြွန်းဆိုတ
ပေါ်လာရာ ချိုကောက်သည် 'ညွှ'ဟု အော်မြည်ပြီး နှားရှုက်နားဖက်ထော
အမြီးကိုမြှောက်ကာ ချောင်းစပ်တစ်လျှောက် ထွက်ပြေးသွားခဲ့လေပြီ။ ၎င်း
ချိုဖျားမှာတော့ ကိုထုံကြီး၏အဝတ်ထုပ်သည် ချိတ်တွဲမပျက်။

"ဟာ ပြဿနာပဲ၊ ဟကောင် ချိုကောက် ချိုကောက်"

အသံကျယ်ကျယ်လည်းမအော်ရဲ။

သူ့တစ်ကိုယ်လုံးမှာလည်း အဝတ်အစားတွေက ဗလာနှင့်



တိုင်းတောကြားမှ လှမ်းကြည့်တော့ ပျိုးနုတ်သမား၊ ကောက်စိုက်သမတစ်သိုက်
မှာ ဒိုးပတ်ဝိုင်းဖြင့် ကောက်စိုက်ဆင်းထွက်လာကြသည်။

"ဘုရား ဘုရား ငါ့ကို ဒီလိုပုံနဲ့တွေ့သွားရင် အရှက်တော့ကွဲပြီ"

ကောက်စိုက်သမအဖွဲ့က သူ့ရှိရာဘက်ကို ဦးတည်လာနေကြတာ
ဆိုတော့ သူ့မှာ ခြေမကိုင်မိ၊ လက်မကိုင်မိတော့။

"ပြဿနာပဲ၊ မိပွေးရဲ့ဗေဒင်ကတော့ မှန်နေပြီ"

ပြောပြောဆိုဆိုနှင့် လက်ခနဲ အကြံတစ်ခုရကာ လူတစ်ရပ်ခန့်
အမြင့်အရိုင်းနှင့် ထိုးထိုးထောင်ထောင်ပေါက်နေသော ဝက်လာပင်များကြား
ထိုးဖြကာ ထိုင်ချလိုက်ရသည်။

"အား အေးလိုက်တာ စိမ့်နေတာပဲ"

ထိုင်ချလိုက်သည့်နေရာက နုံးတွေ၊ ရွှံ့နွံနှစ်တွေရှိသောနေရာဖြစ်
ဘာ ထိုင်ချလျှင် ထိုင်ချခြင်း တင်ပါးမှအထက် ခြောက်လက်မခန့် နွံတွေထဲ
ကိုယ်လုံးဝင်သွားသည်။ တော်ပါသေးရဲ့။ အရှက်တော့ လုံသွားပေပြီ။

သို့ရာတွင် ကောက်စိုက်သမတွေက တစ်နေကုန် ကောက်စိုက်ကြ
ည်ဖြစ်သလို၊ ပျိုးနုတ်သူတွေကလည်း တစ်နေကုန် နုတ်ကြမည်ဆိုတော့
ကိုထုံကြီး၏ဝဋ်ကြွေးကား ကြီးမားလှပေစွ။

ချိုကောက်ကလည်း ဆိုင်းသံဗုံသံကို ထိတ်လန့်တတ်သောသတ္တဝါမို့
ဘယ်ရောက်၍ ဘယ်များပေါက်နေပါလိမ့်။

ဒိုးအဖွဲ့ကလည်း အတော်ကလေးကို အတီးကောင်းသလို၊ အဆိုက
လည်းမခေ၊ ကိုထုံကြီးမှာတော့ အဝတ်မပါ ဗလာကိုယ်တီးဖြင့် ပုန်း၍ဝပ်ကာ
သာတဆင်နေမိတော့သည်။

"ရမထာ ရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ ခြေတော်တင်၊ နွားကြန်
ရှင်၊ ပျိုးခင်းကိုဝင် ကောင်းကင်က ရွှေပိန်ညင်းရယ် မိုးခေါ်လို့ဆင်း"

သီချင်းလေးက နားထောင်လို့အကောင်းသား၊ ဗိုက်ထဲမှာတော့ တဂွီ
ဂွီ။ အဲ သီချင်းသွားပြီးသွားတော့ သံချပ်တွေ ထွက်လာပြန်သည်။

"မိုးလေဝသ ချိန်ခါမှန်
စပါးကောက်နှံ ဖွံ့ဖြိုးစေသား"

www.burmeseclassic.com

www.burmeseclassic.com



"အထွက်တိုးမှ စိတ်လန်းရွှင်
နွေပေါက်ခဲ့ရင် လှူကြတန်းကြ"
"စပါးပေါ်ချိန် ငွေပေါ်ချိန်
အကျီထဘီ တို့များပြန်ရွေး"
"ဝင်ငွေတိုးတော့ စိတ်ရွှင်နေ
မင်္ဂလာတွေ ဆောင်လိုက်ကြစို့"

ဒီအထိက မဆိုးသေး။

သူတို့ဆန္ဒ၊ သူတို့သဘာဝ၊ သူတို့ဓလေ့နှင့်အညီ သူတို့ရပ် သူတို့ရွှင် အကြောင်း သံချပ်ထိုးကြသည်များက အပြစ်ပြောစရာမရှိ။

သို့သော် ခပ်ပေါက်ပေါက်၊ ခပ်နောက်နောက်၊ ခပ်ရွှတ်ရွှတ်၊ ခပ် ရွှတ်ရွှတ် သံချပ်တွေပေါ်ထွက်လာတော့ ကိုထုံကြီးအဖို့ ခေါင်းကိုပု၍ နေရ တော့သည်။

ကြည့်. . သူတို့ထိုးသောသံချပ်တွေက သူ့ထံ မြားဦးလှည့်လာသည် အတိုင်းပါပဲလား။

"ကောက်စိုက်သမတွေ လင်လိုချင်
ကိုင်းတောထဲလျှင် ဝင်လိုက်ပါလား"
"ကိုင်းတောထဲက ကိုဖူးစာ
သူ့ပစ္စည်းဟာ ရောမကြီး"
"ကျွဲမျှောကြီးနဲ့ အရွယ်ပြိုင်
ပြိုင်သူမှိုင်ပေ့ါ တူနိုင်ရိုးလား"
"ဟေ့ မြလား
ဟေ့ မြလား၊ ဟေ့ စိန်လား၊ ဟေ့ မြလား
ဟေး လာ မောင် ရိုး ဝါး"

အသံဗလံတွေက မြိုင်ဆိုင်လှသည်နှင့်အမျှ ခေါင်းကို ပုသထက် ပု၍ ကိုယ်လုံးကို ဝှက်နေရသည်က ကိုထုံကြီးပဲဖြစ်သည်။ ငါ့များ မြင်သွား လေမလားဟူ၍ စိုးရိမ်စိတ်တွေလည်း အတောမသတ် ဝင်လာတော့သည်။ ကောက်စိုက်သမများ သူ့ဘက်ဆင်းချလာပါက အသက်ရှူရပ်၍ သေသွားနိုင်



လောက်သည်။ သွေးခုန်နှုန်းတို့မှာ တဒိန်းဒိန်း။

နွံတွေထဲ ပုရပါများ၊ ဝပ်ရပါများသည်မို့ ကိုထုံကြီးတစ်ကိုယ်လုံးမှာ ရွှံ့နွံတွေပေလူးနေကာ ရွှံ့ရုပ်လူသား ဖြစ်မှန်းမသိ ဖြစ်နေပြီပင်။ ယခုနေများ တစ်စုံတစ်ဦးမှ တွေ့မြင်လိုက်ပါက 'လူသားစင်စစ် ကေန်ဖြစ်ပါ၏လော'ဟု သံသယများလောက်ပေ၏။ မည်သို့ဖြစ်စေ သူ ဝက်လာတောထဲတွင် ပုနေ ဝပ်နေခြင်းကို မည်သူမည်ဝါ တစ်ဦးတစ်ယောက်မှ တွေ့မြင်သွားခြင်းမရှိ သေးသည့်အတွက် ကြံဖန်၍ စိတ်သက်သာရာ ရပေသည်။

သို့ဖြင့် အချိန်တွေ တရွေ့ရွေ့ ကုန်လွန်သွားခဲ့ပေပြီ။

ဆာလောင်မွတ်သိပ်လွန်းလှ၍ ဗိုက်ထဲမှာလည်း သံစုံဂီတတွေ တ ဆော်ဂေါ်တဂွီဂွီ ထွက်ပေါ်လာတော့သည်။ ပိတ်စွယ်ရွာဘက်ဆီမှ ဆွမ်းကျွေး အိမ်၏ လော်စပီကာသံကြီးကို ကြားရလျှင် ကျွဲကြီးချိုကောက်ကိုပဲ စိတ်ဆိုး ရမလား၊ ကောက်စိုက်အဖွဲ့၊ ဒိုးအဖွဲ့ကိုပဲ အပြစ်တင်ရမလား မပြောတတ်၊

ညနေညိုတော့ ကောက်စိုက်အဖွဲ့၊ ဒိုးအဖွဲ့တို့ ပြန်သွားကြလေပြီ၊

ဒီတော့မှ လေးပင်နေသောသက်ပြင်းကို ချနိုင်တော့သည်။ ကောင်းကင် ကိုကြည့်တော့ စိန်ပွင့်စိန်ခဲ ငွေကြယ်ပွင့်ကလေးတွေ ကောင်းကင်ကားချပ်တွင် ချိတ်ဆွဲလင်းလက်နေကြပေပြီ။

"ဝရော ဝရော ဝရော"

ချောင်းစပ်ဆီမှ ရုတ်တရက်ကြားလာရသော အသံကြောင့် ထိတ် ခနဲ ဖြစ်သွားရသည်။ သေသေချာချာကြည့်လိုက်တော့ သျှုခြံပေါက်ချိုကောက် ကြီး။

"လာ လာ ငါ့ကောင်ကြီး လာ လာ"

ချိုကောက်ကြီးက သခင်ကို မှတ်မိသည့်အလား ကိုထုံကြီးရှိရာသို့ 'ညှူ တည္ဟူ' အသံပြုလျက် ဖြည်းညင်းစွာ လှမ်းလာခဲ့သည်။

"ဟာ သွားပါပြီကွာ"

ချိုကောက်ကြီး၏ဦးချို၌ ချည်နှောင်ချိတ်ဆွဲပေးလိုက်သော အဝတ် ထုပ်ကြီးမှာတော့'ပြန်လမ်းမဆုံတဲ့ ယမုံနာဦးဝယ်'သီချင်းသွားအတိုင်း ဖြစ် သွားခဲ့လေပြီ။ ဘယ်နေရာမှာ ပြုတ်ကျလေသလဲ ဆိုသည်ကိုဖြင့် ညကလည်း

www.burmeseclassic.com

www.burmeseclassic.com



အမှောင်လွှမ်းလာ၊ မြွေဘေးကင်းဘေး အန္တရာယ်ကလည်း စိတ်ပူစရာဆိုတော့ ခုလိုမျိုးပုံဖြင့် လိုက်လံရှာဖွေဖို့ မလွယ်ပြီ။

ကိုထုံကြီးအဖို့ စိတ်အကြီးအကျယ် တိုရပါပြီကော။

မတိုဘဲကော နေမှာတဲ့လား။

ဆွမ်းကျွေးရောက်ရင်ဖြင့် ဝက်သားနီချက်တို့၊ ငါးသလောက်ပေါင်းတို့ကို အပြတ်ဖွဲ့လိုက်၊ တွယ်လိုက်လေမဟဲ့ဟု အားခဲထားလေသမျှ ဘာတစ်ခုမှလည်း ဖြစ်မလာရုံမျှမက ခုဆိုလျှင် အဝတ်တန်ဆာ ဗလာကိုယ်တီးဖြင့် အချိန်တန် အိမ်ပြန်ရပေတော့မည်။

ချိုကောက်ကြီးအား ချောင်းထဲမောင်းချလိုက်သည်။ ပြီးတော့ ကွဲပခုံးကို အသာမွေးနိုတွယ်ကပ်ရင်း တစ်ဖက်ကမ်းဆီသို့ အရှုံးကိုရင်ဝယ်ပိုက်လျက် ဆုတ်ခွာလာခဲ့ရပါပကော။ တစ်ဖက်ကမ်းရောက်တော့ လူရိပ်လူခြည်ကိုကြည့်လျက် ရင်တထိတ်ထိတ်ဖြင့် ရွာထဲသို့ အသံလုံလုံဖြင့် ဝင်ခဲ့ရလေ၏။

ကံကောင်းထောက်မလေသည်ဟု ဆိုရလေမည်လား။ အပြန်ခရီး





တစ်ဦးတစ်စ်လေမျှ ၎င်းကို မြင်တွေ့မသွားခြင်းအတွက် ကံကောင်းသည် ဆိုရပါလိမ့်မည်။ ခြံထဲရောက်လျှင်ရောက်ခြင်း ချိုကောက်ကြီးအား ၎င်း ချည်တိုင်ရှိရာသို့ ဆွဲခေါ်သွားရင်း နေသားတကျဖြစ်အောင် ချည်နှောင်ပေး လိုက်သည်။ ပြီးလေသော် အိမ်ပေါက်ဝသို့ လျှောက်လာခဲ့လေ၏။ တစ်အိမ်လုံး မီးရောင်ထွန်းမထား၍ မှောင်မည်းနေလေသည်။ မပွေးလှအဖို့ လင်တော် ကိုထုံကြီးတစ်ယောက် ဆွမ်းကျွေးအိမ်မှာပဲ ရှိနေလိမ့်ဦးမည်ဟု မှတ် တံခါးကို ဂျက်ချလျက် အိပ်မောကျနေမည်မှာ သေချာပေပြီ။

"ဟဲ့ ပွေးလှ ပွေးလှ ပွေးလှ"

"... ... ..."

"ဟဲ့ ပွေးလှ ပွေးလှ ပွေးလှ'

"... ... ..."

"တောက် ငါ့နှယ်နော်၊ ဘယ်လို အိပ်ပျော်ကြီးမကို ရထားသလဲမသိ။ တဲ့ ပွေးလှ ပွေးလှ"

"အင်.."

"ဟဲ့ ပွေးလှ"

"တော့် တစာစာခေါ်နေတာ ဘယ်သူတုံး"

"ငါ ငါပါဟ၊ နင့်လင် ထုံကြီး၊ လာစမ်း တံခါးဖွင့်စမ်း"

"လာပြီ လာပြီ"

ခဏအကြာ မီးခွက်မှ မီးရောင်ကလေး လင်းလာသည်။ မပွေးလှ အိပ်မှုံစုံမွှားဖြင့် အိပ်ရာမှထ၊ မီးခွက်ကလေးကိုကိုင်ကာ အိမ်ရှေ့ခန်း လာသည်။ တံခါးမကြီးသို့ရောက်လျှင် ချက်ချထားသော တံခါးကို ကလန့် တံခါးချပ်ကို ဆွဲဖွင့်လိုက်သည်။

"ကျွီ အိ အိ"

"အ အ အမယ်လေး လူမဟုတ်ဘူး၊ ဘာကြီးမှန်းလည်း မသိဘူး၊ သရဲ သရဲကြီး လာကြပါဦးတော့်"

မပွေးလှခမျာ ညအမှောင်၌ ၎င်း၏ယောက်ျား ကိုထုံကြီးအား သွား ဥကလိုမဟုတ်ဘဲ ပုံစံအသွင်တွဲပြားစွာ တွေ့ရလေသည့်အတွက် အကြီး

www.burmeseclassic.com

www.burmeseclassic.com

အတွေ့သည် တုန်လှုပ်ချောက်ချားသွားရင်း နေရာတွင်ပင် ပစ်လဲကျသွားသည်။

"တ ဘယ်လိုဖြစ်တာလဲ၊ ဗိုင်းတာမ အော်လိုက်တာ အသံကိုပြနေတာဝဲ"

အလျှင်စလို အိမ်ပေါ် ရောက်မှုဖြစ်မည်။

အိမ်ပေါ် ရောက်မှ တံခါးကို အမြန်ပိတ်လျက် နောက်ဖေးရေကပ်သို့သွားတော တိုသ်လက်သန့်စင်သွားရလေအောင် ရေမိုးချိုးပြီး သန့်ရှင်းပစ်ရမည်။

နို့အတွက် အိမ်ပေါ် သို့ လှမ်းတက်ဖို့ ခြေလှမ်းအပြင် တစ်ခုသော ခြေလှမ်းက အမှတ်မထင်ဆိုသလို မပွေးလှ နမော်နမဲ့ ပစ်ထားခဲ့မိလေသော ငှက်ပျောခွံတစ်ခုကို တက်နင်းမိကာ လျှောခနဲဖြစ်သွားပြီး နောက်ပြန်လဲကျသွားလေရာ နောက်စေ့နှင့် မဟာပထဝီမြေသားပြင်တို့ မိတ်ဆက်သွားပြီး 'ဗိုင်းခနဲ'လဲကျသွားလေသည့်သမယ ပတ်ဝန်းကျင်မှ လူအချို့ လက်နှိပ်ဓာတ်မီး တရမ်းရမ်းဖြင့် ရောက်ရှိလာကြ၏။

"ဟေ့ ပွေးလှ ပွေးလှ ဘာဖြစ်တာလဲ"

"ဟ အိမ်ပေါက်ဝမှာ ခနဲ့ခနဲ့ကြီး ဘာကြီးလဲ"

"ဟ ကိုယ်လုံးတီးသရဲကြီး ကိုယ်လုံးတီးသရဲကြီး"

"အမယ်လေး ပြေး ပြေး ပြေးဟ"

လူများ ဒရောသောပါးဖြင့် ခြံအပြင်သို့ အလျင်အမြန် ပြေးထွက်သွားကြလေတော့၏။

ထိုည၊ ထိုအဖြစ်ကား သင်တိုင်းရွာကလေးအတွက် ပြောစမှတ်တွင်သည့် တောရပ်တစ်ခွင်မှ အထူးအဆန်း သတင်းတစ်ပုဒ် ဖြစ်သွားခဲ့လေသတည်း။

မြို့ မေ မ ဩ ၁ ခံ သူ မ ...

တိုရွှေတော်သား



# ပဟေဠိ

...သားတို့ စိုက်လိုက်မတ်တတ် ...ီးတက်လာကြခြင်းမှာ တွေးခေါ်ခြင်းကြောင့်ဖြစ်သည်။ လူသည် ...ီရှောန်ထက်သာသော အချက်ထဲတွင် ရယ်မောခြင်းနှင့် တွေးခေါ်ခြင်းသည် အထင်ရှားဆုံး အချက်များဖြစ်သည်။ ပဟေဠိများသည် ...တွေးတောရသည်။ အဖြေသိလျှင် ပြုံးရွှင်ရယ်မောရသည်။ ထို့ကြောင့် ...ဟေဠိသည် လူတို့၏အခွင့်ထူး လုပ်သစေသော ကစားနည်းဖြစ်ပါသည်။

တွေးတောခြင်းအလေ့အကျင့် ရကြပါစေ။

(၁)ခြေထောက်လေးချောင်းရှိပြီး မလှုပ်နိုင်တာ ဘာလဲ။

(၂)ညစ်ပတ်နေတဲ့အချိန်မှာတော့ ဖြူနေပြီး၊ သန့်ရှင်းထားတဲ့အခါ ...ကျ မဲနက်နေတာ ဘာလဲ။

(၃) လျှပ်စစ်တူလားထိုင်နဲ့ သေဒဏ်ပေးခံရတဲ့လူက ဘာဆုတောင်းနေလဲ။

(၄) လူသားမျိုးနွယ်ပဲ၊ လူအတိုင်းပဲ။ ဒါပေမယ့် သေးသေးပုပုလေး ...တွေ။ သူတို့ကို ဘယ်လိုခေါ်လဲ။

(၅) လူတချို့က ဓာတ်လှေကားကို လက်ညှိုးနဲ့နှိပ်တယ်။ တချို့က ...တ်မနဲ့နှိပ်တယ်။ ဘယ်ဟာက ပိုမှန်လဲ။

ပဟေဠိအဖြေမှန်ကို မိမိဉာဏ်နှင့်စဉ်းစားသုံးသပ်ပါ။ ရရှိသောအဖြေနှင့် ကျွန်တော်တို့၏အဖြေမှန်ကို ဤ ...အုပ်၏တစ်နေရာတွင် တိုက်ဆိုင်စစ်ဆေးကြည့်ပါ။

■

www.burmeseclassic.com

www.burmeseclassic.com

# သန်းခေါင်ယံအချိန်မှ
# အမှောင်ထဲကလူတစ်ယောက်

မောင်မြင့်မား(ဗိုလ်ကံလေး)



www.burmeseclassic.com

www.burmeseclassic.com



## သန်းခေါင်ယံအချိန်မှ အမှောင်ထဲကလူတစ်ယောက်

တရံရောအခါကဖြစ်ပါသည်။ ကိုသီတာတို့ရပ်ကွက်အတွင်းမှ လု
သားပြည်သူအပေါင်းက ကိုသီတာအား အေးအေးဆေးဆေးနေတာ မမြင်ချ
ကြကုန်သောကြောင့် လူကြီးလုပ်ပါဟု ဝိုင်းဝန်းတင်မြှောက်ကြ၍ ကိုသီတ
သည် ရပ်ကွက်လူကြီး ဖြစ်လာသည်။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးအ
အားလျှင် စာရေး၊ စာဖတ်၊ ဗီဒီယိုကြည့်နေသည်ကို မလိုတမာဖြစ်ကြဟန်တူ
ကိုသီတာက မလုပ်ချင်ပါသော်လည်း လူကြီးအဖြစ် တင်မြှောက်ကြကုန်
ထိုအခါကျမှ အောက်ဖော်ပြပါ ဇာတ်လမ်းလည်း ဖြစ်ပေါ်လာသ
ဆိုပါက လွန်အံ့မထင်ပါ။

◆ ◆ ◆



တစ်နေ့တွင်ဖြစ်သည်။ ရပ်ကွက်လူကြီးများ၏ အရေးပေါ် လျှို့ဝှက်အစည်းအဝေးတစ်ခု လုပ်ကြသည်။ လုပ်ရသည့်အကြောင်းရင်းက ရပ်ကွက်အတွင်း မကြာခဏ ဟိုဟာပျောက်၊ ဒီဟာပျောက် ပျောက်နေကြ၍ အချို့သည်း အဖိုးမတန်သောကြောင့် အကျယ်အကျယ်မဖြစ်၍မသိကြသော်လည်း တော်တော်များများ အပျောက်အရှ ခံရသောကြောင့် ရဲစခန်းတိုင် အမှုဖွင့်သည်ဖြင့် ရပ်ကွက်အတွင်း ခိုးမှုဝှက်မှုများ မကြာခဏဖြစ်ပေါ်လာသောအခါ ရပ်ကွက်လူကြီးများ (ကိုသီတာအပါအဝင်)ခေါင်းကိုက်နေတော့သည်။

ထို့ကြောင့် လျှို့ဝှက်အစည်းအဝေးတစ်ခုကို အရေးပေါ် ကျင်းပကြသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌကြီးက

"ရပ်ကွက်အတွင်းမှာ ခိုးမှုဝှက်မှုတွေဖြစ်နေတာတော့ တော်တော်များပြီ၊ ကျွန်တော်သိတာရော၊ မသိတာရော လေး၊ ငါးလအတွင်း ခိုးမှု၊ ပစ္စည်းပျောက်မှု (၁၀)မှုထက် မနည်းတော့ဘူး။ ခုထက်ထိလည်း တရားခံမတွေ့သေးဘူး။ အဲဒါကြောင့် ရပ်ကွက်လုံခြုံရေးကိစ္စကို တင်းတင်းကြပ်ကြပ်လုပ်ကြဖို့ အစည်းအဝေးခေါ်ရခြင်းပါပဲ"

လူကြီးတစ်ယောက်က

"ဟုတ်ပါတယ်၊ ကျွန်တော့်အိမ်မှာတောင် နှစ်ခါရှိနေပြီ၊ ရေလဲလုံချည်၊ ဝလပ်စတစ်အမှိုက်ပုံးတောင် မချန်ဘူး"

လူကြီးတစ်ဦးက

"ဘာဟုတ်သေးလဲဗျာ၊ ကျွန်တော့်ဘေးအခန်းက နေ့ခင်းကြောင်တောင် နေသာတုန်း နောက်ဖေးမှာ ထဘီတွေ လှန်းထားတာ နေ့လည်ဘက်အအိပ်ပြီး အိပ်ရာကနိုးလို့ ထကြည့်လိုက်တော့ ထဘီလေးထည်လုံး မရှိတော့ဘူး ပတ်ဝန်းကျင်မေးတော့လည်း တစ်ယောက်မှမသိကြဘူး၊ သွားရော"

တစ်ယောက်က

"ဟုတ်တယ်၊ ကြားလိုက်ကြမှာပါ၊ နတ္တလင်းကိုသန်းအိမ်ကဆိုအပေါ်စက်ရော၊ အောက်စက်ရော၊ ဗီဒီယိုအခွေတွေပါ အဆင်ပါသွားသေးသည်"

နောက်တစ်ယောက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



"စာရေးကြီးကိုစံမြင့်အိမ်ကဆို လက်ဝတ်လက်စား တစ်ဆယ်သား လောက်ပါသွားတယ်ပြောတယ်၊ သူ့ဝတ်နေကျ ဦးဂျမ်းလုံချည်တွေချည်း ဆယ့် ငါးထည်လောက်ရွေးပြီးယူသွားတယ်၊ ဒါတောင် သူတို့အိမ်က တော်တော်နဲ့ အိပ်ကြတာမဟုတ်ဘူး၊ မနက်ကို ဈေးရောင်းဖို့ ပြင်ဆင်နေကြတာ၊ နေ့တိုင်း ည(၁)နာရီလောက်မှ အိပ်ကြရတာ၊ အဲဒါတောင် အခိုးခံရသေးတယ်ဗျာ"

ဥက္ကဋ္ဌကြီးက

"အဲဒီတော့ ဒီညကစပြီး ကျွန်တော်တို့ရပ်ကွက်လုံခြုံရေးကင်းနဲ့အတူ ကျွန်တော်တို့အဖွဲ့ဝင်တွေထဲက တစ်ညကို တစ်ယောက်စီဦးဆောင်ပြီး ညတိုင်း ကင်းလှည့်ကြမယ်၊ လိုအပ်ရင်လိုအပ်သလို ကျွန်တော်တို့အမှုဆောင်တွေထဲ က နှစ်ယောက် သုံးယောက်ပေါင်းပြီး ကင်းလှည့်ကြမယ်၊ အလှည့်ကျဇယား ကိုတော့ ဒီမှာဆွဲထားပြီးပါပြီ"

◆ ◆ ◆

ဤသို့ဖြင့် လူကြီးကိုသီတာတစ်ယောက် အရင်တုန်းကလို ဗီဒီယို မှန်မှန်မကြည့်အားတော့ဘဲ မိမိတာဝန်ကျရာ တစ်ပတ်တစ်ခါ ပုံမှန်အားဖြင့် နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ လာလာခေါ်သောကြောင့် လာခေါ်သော ည တိုင်း မိုးထိန်ထိန်လင်းခဲ့ရတာအတော်ကြာပြီ။

တစ်ညတွင်ဖြစ်သည်။ ကိုသီတာက

"မနက်ဖြန်ရုံးမှာ(D.E)တစ်ခု လုပ်စရာရှိတယ်။ အစစ်ခံရမယ့်လူ တွေ အားလုံးချိန်းထားပြီးသား၊ ဒါကြောင့်မို့ ဒီညတော့(၁၂)နာရီလောက် ကျွန်တော် ပြန်အိပ်မယ်ဗျာ၊ လူလည်းများသားပဲ၊ ဖြစ်ပါတယ်နော်"

"ရတယ်၊ ရတယ်၊ တစ်ခါတလေပဲ နားပေါ့ဗျာ၊ ကိုသီတာတ ဝန်ထမ်းဆိုတော့ အလုပ်တစ်ဖက်နဲ့ ပင်ပန်းပါတယ်"

ဤသို့ဖြင့် ည(၁၂)နာရီလောက်တွင် ကိုသီတာ အိမ်သို့ပြန်လာခဲ့ သည်။ အိမ်ရောက် ခြေထောက်ဆေး၊ အပေါ့အပါးသွားပြီး အိပ်ရာဝင်ရန် အိပ်ခန်းထဲသို့ဝင်လိုက်သောအခါ ပြတင်းပေါက်တံခါးပွင့်နေသည်ကို တွေ့ လိုက်ရသည်။ ဇနီးသည်ဖြစ်သူက ဒိုက်သောကြောင့် ဖွင့်ထားဟန်တူသည်ဟု ကိုသီတာတွေးလိုက်သည်။



မည်းမည်းသဏ္ဌာန်သည် အသံကြားရာဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ကာ အမှောင်ရိပ်မှနေ၍ တလှုပ်လှုပ်နှင့် အနောက်ဘက်သို့ ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ဒါလောက် သူခိုး၊ သူဝှက်တွေများနေတာ ပြတင်းပေါက်ကိုများ ဖွင့် အိပ်ရတယ်ဟု ဇနီးသည်အား စိတ်ထဲကနေ အပြစ်တင်ကာ ပြတင်းပေါက် ပိတ်ရန် တံခါးရွက်ကို လှမ်းကိုင်လိုက်ရင်း အမှတ်မထင် အပြင်ဘက်ကို မျက်စိကရောက်သွားသည်။

အိမ်နောက်ဘက်ရှိ သရက်ပင်၊ မန်ကျည်းပင်များအောက်တွင် မည်းမည်းမည်းနှင့် လူပုံသဏ္ဌာန်တစ်ခုဖြစ်သည်။ ဝဲဘက်လက်တွင် အထုပ် တစ်ခုကို ကိုင်ထားပုံရသည်။ မှုန်ပျပျလရောင်ရှိသော်လည်း သရက်ပင်များ၊ မန်ကျည်းပင်များအောက်တွင်တော့ မှောင်နေသည်။ ကိုသီတာက ပို၍ သဲကွဲစေရန် ပြတင်းတံခါးကို တဖြည်းဖြည်းတွန်းဖွင့်လိုက်သောအခါ တံခါး ရွက်မှ ကျွီခနဲမြည်သံသည် တအိအိနှင့် တိတ်ဆိတ်သောညကို ဖောက်ထွင်း သွားတော့သည်။

ထိုအခါ မည်းမည်းသဏ္ဌာန်သည် အသံကြားရာဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ကာ အမှောင်ရိပ်မှနေ၍ တလှုပ်လှုပ်နှင့် အနောက်ဘက်သို့ ထွက်သွားသည်ကို တွေ့လိုက်ရသည်။

ကိုသီတာသည် တစ်စုံတစ်ခုကို လျှပ်တစ်ပြက်ဆုံးဖြတ်ကာ အိမ် တံခါးကို အမြန်သော့ခတ်၍ ရပ်ကွက်ရုံးခန်းရှိရာသို့ သုတ်ခြေတင်လာခဲ့သည်။ ရုံးခန်းတွင် ရေနွေးကြမ်းတစ်အိုးနှင့် ရပ်ကွက်လူကြီးများ လုံခြုံရေးကင်းကျရဲ ဘော်များ စကားကောင်းနေကြဆဲ။

"ဟာ အတော်ပဲ၊ အားလုံးခဏလောက် လိုက်ခဲ့ကြစမ်းပါ၊ တရားခံ တစ်ယောက်တော့ မိလိမ့်မယ်၊ အားလုံးခပ်သုတ်သုတ်လေး"

ကိုသီတာ့စကားကြောင့် အားလုံး သုတ်ခနဲထလိုက်ကြကာ တဟုန် ထိုးထွက်လာခဲ့ကြသည်။ လမ်းတွင် ကိုသီတာက

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အိမ်နောက်ကနေထွက်ပြီး လေးခန်းတွဲအိပ်ခန်းတွေဘေးကနေ ထွက်သွားတယ်ဗျ၊ နောက်ကနေလိုက်ရင် မီနိုင်သေးတယ်၊ စာရေးကြီးကိုစံမြင့်တို့အိမ်ရှေ့ကဖြတ်ပြီးလိုက်ကြမယ်"

ကိုသီတာတို့အဖွဲ့ ကိုစံမြင့်တို့အိမ်ရှေ့သို့ ရောက်ကြသောအခါ မည်းမည်းသဏ္ဌာန်ကို မူလတန်းကျောင်းလေး၏ အနောက်ဖက်နားတွင် တွေ့လိုက်ကြရသည်။ အဖွဲ့သားအားလုံး လေးခန်းတွဲအိမ်ထောင့်ရှိ မီးပျက်နေသောဓာတ်တိုင်အောက်တွင် ခဏရပ်ကာ မည်းမည်းသဏ္ဌာန်ကို အကဲခတ်လိုက်သည်။ ထိုမည်းမည်းသဏ္ဌာန်သည် တလှုပ်လှုပ်နှင့် မူလတန်းကျောင်းဘေးတဝက်က ကျောင်းရှေ့ဘက်ကို သွားနေသည်။

"နောက်ကနေ ခပ်ဖြည်းဖြည်း အခြေအနေကြည့်ပြီး မေးလိုက်ကြရအောင်၊ ဒီကောင် ဘာလုပ်မလဲဆိုတာကြည့်ပြီး လက်ပူးလက်ကြပ်ဖမ်းကြတာပေါ့ဗျာ၊ သူ ပြေးစရာတစ်လမ်းပဲရှိတယ်၊ ကျောင်းရှေ့ကနေ ဘော်လီဘောကွင်း ဘော်လီဘောကွင်းကနေ အားကစားရုံဘေးကပတ်ပြီးထွက်မှာမဟုတ်လား အဲဒီထိပ်မှာ ကျွန်တော်တို့လုံခြုံရေးကင်းကလူတွေ အများကြီးရှိတယ်၊ မီးသတ်ရဲဘော်တွေလည်းရှိတယ်၊ ဒီကောင် ပြေးမလွတ်ပါဘူး"

ကျွန်တော်တို့အားလုံး တရွေ့ရွေ့နှင့် ထိုမည်းမည်းသဏ္ဌာန်နောက်ကို လိုက်သွားကြသည်။ မည်းမည်းသဏ္ဌာန်သည် မူလတန်းကျောင်းရှေ့မှလွန်ပြီး ဘော်လီဘောကွင်းကိုပတ်ကာ ရေစင်ကြီးနားရှိ လမ်းဘေးတစ်နေရာတွင် ခဏရပ်နေသည်ကို အားကစားရုံနောက်ရှိ ဓာတ်မီးတိုင်အလင်းရောင်ကြောင့် ဝိုးတဝါးမြင်လိုက်ကြရသည်။

ကိုသီတာတို့အားလုံး ဘော်လီဘောကွင်းဘေးရှိ ခရေပင်တလေး၏ အရိပ်အောက်တွင် မှောင်ရိပ်ခိုကာ အခြေအနေ ကြည့်လိုက်ကြသည်။ မည်းမည်းသဏ္ဌာန်သည် ပတ်ဝန်းကျင်အခြေအနေကို လှည့်ပတ်ကြည့်၍ အကဲခတ်နေဟန်ဖြင့် စိတ်ချလောက်ပြီထင်မှ လက်ထဲမှကိုင်လာသောပစ္စည်းတစ်ခုဖြင့် မြေကြီးကို ပေါက်နေသည်ကို တွေ့လိုက်ကြရသည်။ ကိုသီတာက

"ဟာ ဒီလူက ချိုင်းထောက်ကြီးနဲ့ထင်တယ်၊ ဒါကြောင့်မို့ တဖြည်းဖြည်းသွားနေတာဖြစ်မယ်"



"အေးဗျ၊ မီးရောင်နဲ့ခုမှ သတိထားမိတယ်၊ ချိုင်းထောက်ကြီးနဲ့ပဲ ဒါဆို ဒီလူမပြေးနိုင်ပါဘူး၊ ကျွန်တော်တို့ ဝိုင်းဖမ်းရင်ကောင်းမယ်"

တစ်ယောက်က

"ခိုးလာတဲ့ပစ္စည်းကို လက်စဖျောက်တာဖြစ်မယ်၊ ဒါကြောင့်မို့ မြေကြီးကို ပေါက်နေတာနဲ့တူတယ်၊ ပေါက်တူးကြီးနဲ့ဗျ"

ကိုသီတာက

"ကောင်းတယ်၊ လက်စမဖျောက်ခင် ဖမ်းလိုက်ကြရအောင်"

"ဟေ့ ဘယ်သူလဲ၊ ဘာလုပ်နေတာလဲ၊ ရပ်စမ်း"

တိတ်ဆိတ်နေသော အမှောင်ထုကို ထိုးဖောက်ကာ အော်လိုက်သောအသံကြောင့် မည်းမည်းသဏ္ဌာန်သည် လှုပ်ရှားနေရာမှ ခဏငြိမ်သွားသည်၊ ကိုသီတာတို့အဖွဲ့လည်း ထိုမည်းမည်းသဏ္ဌာန်နားသို့ရောက်အောင် အုန်းဖုန်းဖြင့် ပြေးသွားလိုက်ကြသည်။ မည်းမည်းသဏ္ဌာန်သည် လူအများကြီးပြေးလာသောအသံကြောင့် လှည့်ကြည့်ကာ ငြိမ်နေသည်။

ရှေ့ကို ဒ လျှင်ရောက်နှင့်နေသော ဥတ္တမကြီးက မီးရောင်ကြောင့် အပြောင်ပြောင်ဖြစ်နေသော မန်ကျည်းသားတုတ်ကိုမြှောက်ကာ

"ဟေ့ကောင် ငြိမ်ငြိမ်နေစမ်း၊ မင်းဘယ်သူလဲ၊ မလှုပ်နဲ့လှုပ်ရင်သေသွားမယ်"

"ကောင်း ကောင်းပါပြီခင်ဗျာ၊ မလှုပ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်သူလဲ၊ ဘာလုပ်နေတာလဲ"

"ကျွန် ကျွန်တော်ထွန်းဦးပါ"

"ဘယ်က ထွန်းဦးလဲ"

"လေးခန်းတွဲက ထွန်းဦးပါ"

တစ်ယောက်က

"ဟာ လေးခန်းတွဲက ထွန်းဦးဆိုရင် မခိုင်ယောက်ျားပေါ့၊ ဓာတ်မီးနဲ့ ထိုးစမ်းကွာ"

ဓာတ်မီးရောင်ကြောင့် မျက်နှာကို သေသေချာချာမြင်လိုက်ရသော အခါ အားလုံးအံ့ဩကုန်ကြသည်။

"ထွန်းဦးကွာ၊ မင်းမို့လုပ်ရက်တယ်၊ မင်း မခိုင်ယောက်ျားမဟုတ် လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဆင်းရဲတာလည်း ဆင်းရဲတာပေါ့ကွာ၊ ဒီလိုလုပ်ဖို့တော့ မကောင်း ပါဘူး။ မင်းမှာအင်္ကျီမစုံ၊ ခြေထောက်တစ်ချောင်းဖြတ်ထားရတယ်၊ ရိုးရိုးသား သားလုပ်ကိုင်စားရင် ရပါတယ်၊ မသန်မစွမ်းနဲ့ ဒါမျိုးလုပ်စားတာတော့ မကောင်း ပါဘူး၊ အရင်အမှုတွေလည်း မင်းလက်ချက်ပဲထင်တယ်"

"ဘာကိုပြောတာလဲခင်ဗျာ"

"မင်း အခုမှ မသိချင်ယောင်ဆောင်မနေနဲ့တော့၊ မင်းချိုင်းကြားထဲ က အထုပ်ကြီးက ဘာလဲ ပြစမ်း"

"ဒါ ဒါ"

"အေးပါ အဲဒါပြစမ်းပါ"

"ကျွန်တော့်မိန်းမ. ."

"အေးလေ၊ မင်းက မသန်မစွမ်းနဲ့ မင်းမိန်းမခိုင်းတိုင်း မင်းလုပ်ရှာ လား၊ ခုလိုဆိုတော့ မင်းထောင်ကျသွားရင် မင်းမိန်းမကို ဘယ်သူလုပ်ကျွေးမှာ လဲ"

"ဆရာတို့ပြောတာ ကျွန်တော် နားမလည်ဘူး"

"ဘာနားမလည်တာလဲ၊ ယော့ကောင် အထုပ်ကြီးကိုယူပြီး ဖွင့်ကြည့်



လိုက်စမ်း"

တစ်ယောက်က ထွန်းဦး၏ချိုင်းကြားထဲက အထုပ်ကြီးကိုယူကာ မြေကြီးပေါ်သို့ချလိုက်သည်။ ချလိုက်ပြီးနောက် ဓာတ်မီးရောင်နှင့်အတူ အထုပ်ကြီးကို ဖွင့်ကြည့်လိုက်ကြသည်။ မည်းညစ်နေသော လုံချည်ဟောင်းနှင့် ထုပ်ထားသည့် ခပ်လေးလေးအရာဝတ္ထုဖြစ်သည်။ ဖြည်းဖြည်းချင်းဖွင့်၍လှန် ကြည့်လိုက်သောအခါ

"ဟာ ဟင် ဟယ်"

အားလုံး၏အာမေဋိတ်သံများ တစ်ပြိုင်နက် ထွက်သွားကြသည်။ သွေးသံရဲရဲနှင့် လူ၏ခန္ဓာကိုယ်မှ အပိုင်းအစများ။

"ဒါ ဘာတွေလဲ"

"ကလေးအချင်းပါ ဆရာ"

"ဘာ ကလေးအချင်းဟုတ်လား၊ ဘာလုပ်တာလဲ"

"ဆရာတို့ရယ်၊ ညဦးပိုင်းက ကျွန်တော့်မိန်းမ ကလေးမွေးတယ်လေ၊ ဒါဆိုရင် လေးယောက်မြောက်ပေါ့။ လက်သည်အဒေါ်ကြီးက ခုချက်ချင်းသွား မြှုပ်ပါဆိုလို့ ကလေးအချင်းလာမြှုပ်တာပါ၊ ကျွန်တော့်ကလေးအချင်းကို ကျွန်တော်မမြှုပ်ရင် ဘယ်သူမြှုပ်ပေးမှာလဲ ဆရာတို့ရယ်"

ကိုသီတာက

"ဒါဆိုရင် စောစောက ကျွန်တော့်အိမ်နောက်က သရက်ပင်အောက် မှာ ရပ်နေတာကရော"

"အဲဒါ အချင်းမြှုပ်မလို့လေ၊ ဆရာတို့သရက်ပင်အောက်မှာဆိုတော့ မြှုပ်တာကြိုက်လား၊ မကြိုက်လားမသိတော့ အားနာတာနဲ့ ဒီနေရာမှာ လွတ် ပါတယ်ဆိုပြီး လာမြှုပ်တာ၊ အဲဒါ ကျွန်တော့်မှာအပြစ်ရှိလို့လား ဆရာ"

အလင်းရောင် မပွင့်တပွင့်အမှောင်ထဲမှာ စူးစူးဝါးဝါးရှာဖွေပြီး ကို သီတာ၏မျက်နှာကို လိုက်ကြည့်နေကြသော အကြည့်များကိုတော့ ကိုသီတာ နောက်ချန်ပြီး တချိုးတည်း သုတ်ခြေတင်လာခဲ့ပါတော့သည်။

● မောင်မြင့်မား(ဗိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကျီစားရက်တဲ့ ကျူပေါက်

"ဒိုကြီး ရပ်ကွက်ရုံးကို လာခဲ့ပါတဲ့"

"ဘာကိစ္စလဲ အရေးတကြီး"

"ဒါတော့မသိဘူး၊ ဥက္ကဋ္ဌက ခေါ်ခိုင်းလိုက်တာ ရုံးရောက်မှ ကြည့်"

ရပ်ကွက်ရုံးမှ စာရေးကိုပေသီးသည် ဖဒိုပွကြီးကို ရှုသိုးသိုးကြည့် လိန်ဖယ်လိန်ဖယ် ပြန်ထွက်သွားသည်။

ဖဒိုပွကြီးသည် ယမန်နေ့ညက အသောက်များသွားသဖြင့် ရီတီ ဖြစ်နေသော သူ့ခေါင်းကို ဘယ်ပြန်ညာပြန်လှုပ်ယမ်းကာ သူ့ကိုယ်သူဆန် လိုက်သည်။

မနေ့က အလုပ်ထဲတွင် တစ်နေကုန်ရှိခဲ့သည်။ ညနေစောင်း အ သိမ်းပြီး အိမ်ပြန်ရောက်သော် ရေချိုးသည်။ ထို့နောက် လမ်းထိပ်ရှိ ကိုအေ



ဘုအရက်ဆိုင်၌ ညကိုးနာရီအထိ ထိုင်ခဲ့သည်။ ဘုယ်သူနှင့်မှ စကားမများခဲ့ ရန်မဖြစ်ခဲ့ အိမ်ပြန်ရောက်သည်နှင့် ထမင်းတောင်မစားတော့ဘဲ အိပ်ရာဝင် ခဲ့သည်။

ထူးထူးခြားခြား ဘာပြဿနာမှ မရှိခဲ့ချေ။ အခုရက်ပိုင်းအတွင်းလည်း ဘာတစ်ခုမှမဖြစ်ခဲ့ပါ။ သောက်ဖော်သောက်ဖက်ဖြစ်သော အိမ်ချင်းကပ် ဖော်နောင်ထံ သွားရောက်တိုင်ပင်လိုက်သည်။

"ဟေ့ကောင်ဖော်ကြီး ငါ့ကို ရပ်ကွက်ရုံးက ခေါ်နေတယ်ကွ"

"ခေါ်ရင်သွားပေ့ါကွာ၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"ရုံးကခေါ်တာ မင်္ဂလာသတင်းတော့မဟုတ်လောက်ဘူး ငါ့ကောင် ရဲ့"

"ဆိုတော့ ဘာဖြစ်သေးလဲ၊ ယောက်ျားပဲဟာ ဒဏ်ငွေရိုက်ရင်လည်း ဆောင်ခဲ့၊ အချုပ်ထဲရောက်လည်း ထောင်ဝင်စာ ငါလာတွေ့ပေးမယ် အားမ ငယ်နဲ့"

"အင်း ကောင်းကွာ၊ ဟိုက ဘာမှန်းမသိသေးဘူး၊ မင်းက အရောတ်ပွဲ နေတာပဲ လာကွာ အဖော်လိုက်ခဲ့ပေးစမ်းပါ"

ရပ်ကွက်ရုံးကို ရောက်သောအခါ ဥက္ကဋ္ဌက ဖဒိုပွကြီးကို မေးမြန်း လိုက်သည်။

"မော်မော်ဆိုတဲ့ ကောင်မလေးကို မင်းသိလား"

"ဟင့်အင်း မသိဘူး ဥက္ကဋ္ဌ"

အဖော်လိုက်လာပေးသူ ဖော်နောင်က ဘာမဆိုင်ညာမဆိုင် ဝင် ဖော်လိုက်သည်။

"ဒါမျိုးဆိုတာ နာမည်မေးလည်း အမှန်ပြောမှာမဟုတ်တော့ ဒီကောင် သိတာလည်း မလွန်ပါဘူး ဥက္ကဋ္ဌရယ်၊ ကျွန်တော်တို့နှစ်ယောက်က ဒီလိုဘွ ဆိုတွေမှာ ဘယ်တော့မှ နာမည်မေးမနေဘူး၊ လုပ်စရာရှိတာကိုသာ တက် ထိမိုတ်ကြတာ"

"ဟေ့ကောင် မင်းစကားတွေက ဘေးချော်ကုန်ပြီ၊ ငါမေးတာက ဒီဟာယ်တစ်မျိုးကွ၊ သိရင်သိတယ်ပြောကွာ၊ မဆိုင်တာမပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဌက လေသံမာမာပြောလိုက်၍ သူတို့နှစ်ယောက် ဇက်ပုသွား
ကြသည်။ ဖဒိုပွကြီးက စဉ်းစားဟန်ပြုရင်း မဝံ့မရဲပြောလိုက်သည်။

"ခြော် ဟုတ်ပြီ၊ သိပြီ၊ ကျွန်တော်တို့ အလုပ်ရုံနားမှာ ကွမ်း
ရောင်းတဲ့ ကောင်မလေးပါ။ အခု ဆိုင်မထွက်တာ အတော်ကြာပါပြီ၊ ဘာ
လို့လဲ ဥက္ကဌက ကွမ်းယာစားချင်လို့လား၊ သူ့ကွမ်းက ဘာကောင်းသလဲ မ

"တိတ် ဘယ်ကွမ်းစကား လာပြောနေတာလဲ"

ဥက္ကဌက ဟောက်လိုက်သဖြင့် မျက်နှာလိုမျက်နှာရပုံစံမှာ
စား ရေနွေးပူအပက်ခံလိုက်ရသလို ဖြစ်သွားသည်။ စာရေးကိုပေသီးတ
ပြောလိုက်ပြန်သည်။

"အုပ်ကြီးရေ ကျွန်တော်တို့ မြို့နယ်ရုံးကို သွားရမှာနော်၊ သူတို့
ခပ်မြန်မြန်လေးသာ ရှင်းပေးလိုက်ပါဗျာ၊ တရားခံကိုယ်တိုင်သိကြောင်း
ထားပြီဆိုတော့ ဟုတ်ပါပြီလေ"

ဖဒိုပွကြီးနှင့်ဇော်နောင်တို့မှာ ဘာမှန်းညာမှန်းမသိရသေးဘဲ အသ
လွတ်တရားခံအဖြစ်ကို ရောက်နေရလေပြီ။ ဥက္ကဌက ရုံးသို့ခေါ်ရခြင်း
ကြောင်းရင်းကို ရှင်းပြလိုက်သည်။

"ဒီမနက်စောစောမှာ ဘောလုံးကွင်းနားမှာ သုံးနှစ်အရွယ်က
ငယ်တစ်ယောက်တွေ့ရတယ်၊ ယောင်ပေပေဖြစ်နေလို့ တွေ့သူတွေက
ကြည့်တော့ သူ့အဖေက ဖဒိုတဲ့၊ သူ့အမေနာမည်ကျတော့ မေမေ



ပြောပြတယ်၊ ဒီရပ်ကွက်ထဲမှာ မင်းအဖေရှိတယ်၊ မင်းအဖေနဲ့ သွားနေဆိုပြီး
ရစ်ခဲ့တာတဲ့၊ ကလေးပြောစကားအရ သူ့အဖေနာမည် ဖေဒိုဆိုတော့ ဒီ
ရပ်ကွက်ထဲမှာ အဲဒါနဲ့ဆင်တဲ့နာမည်က မင်းတစ်ယောက်ပဲရှိတယ်လေ၊ ဘာ
ပြောချင်သေးလဲ ဒိုကြီး"

"ဟာဗျာ ဒါတော့ ကျွန်တော်မသိဘူးဗျာ၊ ဒီလိုမျိုး အရှုပ်အထွေး
ညီး တစ်ခါမှ မလုပ်ဖူးဘူး"

သူက အကြောက်အကန်ငြင်းနေသော်လည်း အဖော်လိုက်လာသော
ဇော်နောင်က အားပါးတရ ထောက်ခံပေးလိုက်သည်။

"ကျွန်တော့်ကောင်အကြောင်း ကျွန်တော် ကောင်းကောင်းသိပါ
တယ်ဗျာ၊ ဒီကောင်က မူးရင် ဘာမှမသိတော့ဘူး ဥက္ကဌကြီး"

"ဟေ့ကောင်ဇော်ကြီး ငါ့ကို ဝိုင်းမကြပ်နဲ့ကွာ"

"လုပ်ရဲရင် ခံရဲရမှာပေါ့ ဒိုကြီးရယ်၊ ဝန်ခံလိုက်ကွာ"

BURMESE CLASSIC

"ငါမှမသိတာ ဘာကိုဝန်ခံရမှာလဲ"

သူတို့နှစ်ယောက် အချေအတင်ဖြစ်နေစဉ် ခုံတန်းလျားတွင် အိပ်
သော ကလေးငယ်မှာနိုးလာပြီး တဝါးဝါးအော်ငိုတော့သည်။ ဥက္ကဌနှင့်
ရေးတို့က ချော့မော့သော်လည်း အငိုမတိတ်ချေ။ ဖဒိုပွကြီးလက်ထဲ ထည့်
လိုက်သောအခါ ရုတ်ခြည်းအငိုတိတ်သွားသည်။

"တွေ့လား သွေးကစကားပြောတယ်ဆိုတာ"

စာရေးကိုပေသီးက ဥက္ကဌကို သက်သေထူလိုက်သည်။ ဥက္ကဌက
လေးနှင့်ဖဒိုပွကြီးရုပ်သွင်ကို နှိုင်းယှဉ်အကဲခတ်လိုက်သည်။

"အင်း အသေအချာကြည့်မှ ချွတ်စွတ်တူတာကိုး၊ မျက်တွင်းကျပုံ၊
အနေအထား၊ ပါးစပ်အနေအထား တူလိုက်တာမှ၊ ဒါဆို မင်းရဲ့သား
စ်ပဲ ဒိုကြီး"

ဥက္ကဌနှင့်စာရေးတို့ အတိုင်အဖောက်ညီညီပြောဆိုပြီးနောက် လက်
ရှိတိုကြည့်ရင်း ဆက်ပြောလိုက်သည်။

"ကဲ ဒိုကြီးရေ၊ ငါတို့လည်း အစည်းအဝေးသွားစရာရှိနေတယ်၊ ဒီ
ာ့ လောလောဆယ် ကလေးကို ခေါ်သွားပေတော့။ ပိုအပ်တာရှိရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လာပြောကွာ၊ တတ်နိုင်တာဆို ကူညီမယ်၊ သွားကြတော့”

ကလေးက သူ့ကိုယ်ပေါ်တွင် ပြန်အိပ်ပျော်သွားပြီဖြစ်ရာ ဘာမှ မပြောသာတော့ဘဲ ရုံးမှခေါင်းငိုက်စိုက်ချ ပြန်လာခဲ့ရတော့သည်။

◆ ◆ ◆

တစ်နေကုန်လို့တစ်မိုးချုပ်ခဲ့ရသော်လည်း ဖဒိုပွကြီးအဖို့ ငရဲပြည် ရောက်နေသလို ဖြစ်ခဲ့ရသည်။ အာမီရမ်ပုလင်းခွံ၊ ဆန်ကွဲပြုတ်နှင့်တွေ့မှ ငရှုတ်ဆီပုလင်း ဖြစ်ရဆိုသကဲ့သို့ ကလေးငယ်နှင့်တွေ့မှ ရေရေလည်လည် ကျွတ်ခဲ့ရသည်။

ကလေးက သူ့ကို လုံးဝအပျောက်မခံ။ ယုတ်စွအဆုံး အိမ်သာတက် လျှင်ပင် ကလေးချီပြီး တက်ရသည်။ မိဘဆွေမျိုးတို့က ဝိုင်းမေးကြသည်။ အိမ်နီးချင်းတို့က လာရောက်စပ်စုကြသည်။

အင်္ဂလိပ်နိုင်ငံအရေးအခင်းသတင်းထက် ဒိုကြီးကလေးကိစ္စမှာ ရပ်ကွက်ထဲ အဆီတစ်ထပ်၊ အသားတစ်ထပ် ပြောစရာဖြစ်နေသည်။ ဇော်နောင်က သူငယ်ချင်းကောင်းပီပီ သူ့ကိုယ်စား ခိုင်ခံဖြေရှင်းပေးသည်။

“ဒီကောင် မွေးနေ့ချိန်ဖြစ်သွားတာပါ၊ သူကမွေးရင် ဘာမှမသိတော့ ဘူး၊ သူမသိပေမယ့် ကျွန်တော်သိတယ်လေ”

“ဟုတ်လား၊ ပြောပြစမ်းပါ ငါ့တူရယ်၊ ဒါမျိုးဆို လက်ဖက်ထက် ကြိုက်လို့ပါ”

ရွှေနေဒွားမှ ထောင်လုံးလုံးကျရချေပြီ၊ ဇော်နောင်ကို အဖော်ခေါ် မိသဖြင့် စပ်စုသူတို့မေးသမျှကို သူ့ပါးစပ်ထဲတွေ့ကရာပြောပြတော့သည်။ ကွမ်းယာသည်မော်မော်လိုလို၊ ကာရာအိုကေဆိုင်က ခိုင်ရွှေဝါလိုလို၊ ဂုဏ် တားအောက်က မီစုလိုလို၊ သူ့အစကားအရ ဗယာကြော်ရောင်းသည့် အမိုး ပင် အဆစ်ပါသေးသည်။

“ကလေးကိစ္စ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဇော်”

“ဘယ်လိုလုပ်ရမှာလဲ ကိုယ့်ကလေး ကိုယ်မွေးရမှာပေါ့ကွ”

“ဟာကွာ၊ ငါ့ကိုမကြပ်ပါနဲ့ကွာ၊ ငါက မွေးရင်မေ့တတ်တာမှန်ပေ မယ့် ဒါမျိုးတော့ မမေ့ပါဘူး ငါ့ကောင်ရယ်”



“ဒါဖြင့် ဂုတ်ချိုးပြီး ရေထဲဆွဲနှစ်လိုက်”

“မင်းအိုက်ဒီယာက မနိပ်လိုက်တာ၊ ကလေးက သနားစရာလေးကွ”

“ငါပြောချင်တာအဲဒါပဲ၊ အဆုံးစွန်ထိ မင်းမလုပ်ရဲဘူးမဟုတ်လား၊ ဘယ်လုပ်ရဲမလဲ မင်းနဲ့ရတာကိုး”

ဖဒိုပွကြီး၏ အသိအာရုံတို့ တဖျတ်ဖျတ်နိုးကြားကုန်သည်။ ဒီကောင် က သိသိကြီးနှင့် အရောက်ပို့နေခြင်းမှာ အကင်းဆိုင်က ကောင်မလေးကြောင့် ဖြစ်ပေလိမ့်မည်။ ဇော်နောင်ကို ထွက်ပေါက်တစ်ခုပေးလိုက်လျှင် သူ့အတွက် ထွက်ပေါက်တစ်ခု ရဖွယ်ရှိသည်။

‘အကင်းရောင်းတဲ့ကောင်မလေးကို ငါ လုံးဝမလိုက်တော့ဘူးကွာ ဇော်”



❛ မယားပြောလိုက်တယ်

စိတ်မဆိုးပါဘူးတဲ့

စိတ်ဆိုးစရာလည်း မလိုတော့သလို

ရင်ထဲမှာလည်း ဘာမှမရှိတော့ဘူးတဲ့

“ဘယ်သူ့ကိုပြောတာလဲ”

“ဘီယာဆိုင်ရှေ့မှာ အကင်းရောင်းတဲ့ ရှုပ်ပြာပြာကောင်မလေးလေ၊ အဲဒီ ငါမပတ်သက်တော့ဘူး၊ မင်းအတွက် သီးသန့်ဖယ်ထားလိုက်တော့မယ်၊ အဲဒါ မင်းတို့အချင်းချင်းအဆင်ပြေအောင်ပါ ငါလုပ်ပေးမယ် ဟုတ်ပြီလား”

“သေချာတယ်နော် ဒိုကြီး”

“စိတ်ချပါကွာ၊ တစ်ခုတော့ရှိတယ်၊ ဒီဟာ ငါ့ကလေးမဟုတ်ကြောင်း ရှင်းပြပေးရမယ်၊ တခြားသူတွေ ဘယ်လိုထင်ထင် ငါ့ကောင်မလေးထင်ရင် သွားပြီကွာ”

ဒုတိယမြောက်နေ့တွင် ကလေးနှင့်ဖဒိုပွကြီးတို့ ခြံထဲတွင် ဆော့ ကစားနေကြသည်။ ကလေးငယ်၏တောင်းဆိုမှုအရ မျောက်အိုကြီးလို ခုန်ဆွ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆွ လုပ်ပြနေရသည်။

ထိုစဉ်အခိုက်ဝယ် သဲစုမွန်ရောက်လာသည်၊ သူမသည် ဒိုကြီး ကောင်မလေး၏ညီမဖြစ်သည်။ တစ်နည်းအားဖြင့် မတော်ရသေးသော ခယ်မ အလောင်းအလျာလေးဖြစ်သည်။

"နင့်အစ်မလွှတ်လိုက်တာလား"

"ဟုတ်တယ်"

"ငဇော်က အကြောင်းစုံရှင်းပြလို့နဲ့တူတယ်"

"အင်း ပြောတယ်၊ မမကပြောလိုက်တယ်၊ စိတ်မဆိုးပါဘူးတဲ့၊ စိတ်ဆိုးစရာလည်းမလိုတော့သလို ရင်ထဲမှာလည်း ဘာမှမရှိတော့ဘူးတဲ့၊ ဖခင်ဝတ္တရားကျေပွန်အောင်သာ ကြိုးစားတော့လို့ ပြောလိုက်တယ်"

"ဂွန်"

သူ့ရင်တစ်ခုလုံး ဟာလာဟင်းလင်းဖြစ်သွားသည်။ သူ့ကောင်မလေး အကြောင်း သူအသိဆုံးဖြစ်သည်။ လုပ်မိပြီဆိုလျှင် တဖောက်ကန်းလုပ်တတ်သည်။ မျက်နှာငယ်သွားသောသူ့ကို သဲစုမွန်က အားပေးလိုက်သည်။

"အားမငယ်ပါနဲ့လေ၊ ကိုဒိုကြီးအနားမှာ တစ်ယောက်ရှိပါတယ်"

သူမက ကလေးကိုရည်ရွယ်ပြီးပြောလိုက်ခြင်းဖြစ်သော်လည်း သူက အဓိပ္ပာယ်တစ်မျိုး ကောက်ယူလိုက်သည်။ ကိုယ်လိုရာကိုယ်တွေးပြီး သူမလက်ကို ဆွဲကိုင်လိုက်သည်။

"နင်က ငါ့ဘေးမှာနေပေးမယ့် တစ်ယောက်သောသူပေါ့နော်"

"အောင်မယ် ရာရာစစ၊ ရော့ ဒါက မမအတွက်၊ ဒီဟာက ကျွန်မကို ပြောတဲ့အတွက်၊ ဒါက ကလေးအတွက်၊ ဒီဟာက ကလေးအမေအတွက်"

ဘာမှပြောချိန်မရဘဲ ပါးကို လေးချက်တိတိ ဆင့်အရိုက်ခံလိုက်ရသည်။ မျက်ရည်အဝဲသားဖြင့် သဲစုမွန်ထွက်သွားရာကို ငေးကြည့်နေစဉ် ကလေးငယ်က တစ်စခန်းထလာသည်။

"ဖေဒို ဗိုက်ဆာတယ်ကျာ"

"ဗိုက်ဆာ သေကွာ၊ ငါလုပ်လိုက်ရ ဟွန်း"

စိတ်တိုနေသော အရှိန်ကြောင့် ကလေးကို ငေါက်ငမ်းလိုက်သည်။



ကလေးငယ်က ကြောက်လန့်ပြီး တဖြဲဖြဲငိုကြွေးရာ ဒိုကြီးအမေက အိမ်ထဲမှ လှမ်းအော်သည်။

"ဟဲ့ သေနာ၊ ငါ့မြေးလေးကို ဘာလုပ်လိုက်တာတုန်း"

ကလေးကသိုလ်ကံမှာ ထူးခြားလှသည်။ သူမိခင်ပင်လျှင် ကလေးကို မြင်မြင်ချင်း ချစ်ခင်နေသည်။ သူ့မြေးအစစ်ကဲ့သို့ မှတ်ယူထားလေသည်။

ဒိုကြီး ယတိပြတ်ဆုံးဖြတ်လိုက်တော့သည်။ ယနေ့မှစ၍ ဖခင်ဝတ္တရား ကျေပွန်စွာ မွေးမြူတော့မည်ဟု သန္နိဋ္ဌာန် ချမှတ်လိုက်သည်။

"ကဲ လာကွာ၊ ဖေဒိုတို့ မုန့်သွားဝယ်စားရအောင်"

အလုပ်မှခွင့်တစ်ပတ်ယူပြီး ကလေးနှင့် အချိန်ဖြုန်းနေမိသည်။ ဖခင်ဘဝများစွာက ပစ္စက်ခဲ့သောတောင်းဆုတို့ ယခုဘဝမှာ အကျိုးစုပုံလာခြင်းဟု နှလုံးသွင်းလျက် ကလေးငယ် ဂျိကျသမျှ အလိုလိုက်ရတော့သည်။

"ဖေဒို သားသားပျင်းတယ်ကျာ"

"ပျင်းတော့ ဘာလုပ်ပေးရမလဲ"

"ပုံပြောပြ"

"ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဘာမင်းကြီး အုပ်စိုးသတဲ့၊ အဲဒီဘာမင်းကြီးဟာ တစ်နေ့တော့ ဘာသီးကြီးတစ်လုံးတွေ့လို့ ဘာဓားကြီးနဲ့ ခွဲလိုက်တာ အထဲမှာ ဘာမှမရှိဘူးတဲ့"

"ခစ်ခစ်ခစ် ဖေဒို့ပုံပြင်က ရယ်ရတယ်ကျာ"

သူနှင့်ကလေးငယ်တို့ အပေးအယူပြောင်နေကြသည့်တတိယမြောက်နေ့ဝယ် ရုံးစာရေးကိုပေသီး ရောက်လာပြန်သည်။

"ဒိုကြီး ရပ်ကွက်ရုံးကို ခဏကြွပါတဲ့"

"လာပြန်ပြီ၊ ဘာကိစ္စများလဲ အရေးတကြီး"

"ဒါတော့မသိဘူး၊ ဥက္ကဋ္ဌက ခေါ်ခိုင်းတာ၊ ဟိုကျမှမေးပေါ့"

"အရင်တစ်ခါလည်း အဲသလိုပြောပြီး ကလေးငယ်တစ်ယောက် အဖတ်တင်ခဲ့တယ်၊ အခုတော့ ဘာတွေ အဖတ်တင်ဦးမလဲ မသိဘူး"

သေဘော်ရှင်ဘက်ဖော်နောင်ကိုခေါ်ရင်း ရပ်ကွက်ရုံးကိုရောက်ခဲ့သည်။ ကလေးချီပြီး ရုံးခန်းထဲထိုင်မိသည်နှင့် ဥက္ကဋ္ဌရှေ့မှ အမျိုးသမီးကြီး

www.burmeseclassic.com



တစ်ဦးကို ဖွားဖွားဟု ကလေးကခေါ်လိုက်သည်။

"အေးကွာ ဒိုကြီးရာ၊ ခင်လည်းခင်တယ်၊ အားလည်းနာတယ်"

"ဘာဖြစ်ပြန်ပြီလဲ ဥက္ကဋ္ဌ"

"ကလေးအမေက စိတ်မနှံ့ဘူးကွ၊ သူ့ယောကျ်ားက မြို့နယ်လက်ရွေးစင်ဘောလုံးသမား၊ ရှာကချိန်းပွဲတစ်ခုလိုက်ကန်ရင်း အသတ်ခံလိုက်ရတော့ ကလေးအမေဟာ စိတ်ထိခိုက်ပြီး ရူးသွားတာလေ၊ ကလေးက သူ့အဖေကို မေးတဲ့အခါ ရော်နယ်ဒို၊ ရော်နယ်ဒိုလို့ပြောရာက စိတ်စွဲသွားတော့"

"ဒါနဲ့များ ဒီရပ်ကွက်ကိုရောက်မှ ကလေးကို ဘာလို့ထားခဲ့ရတာလဲဟင်"

"ကလေးချီပြီ လျှောက်သွားရင်း ဘောလုံးကွင်းမြင်ပြီး စိတ်ဖောက်သွားတာကွာ၊ အခု ရှာသာကြီးကို ပို့လိုက်ပါပြီ"

ပိုင်ရှင် အစစ်အမှန်တွေ့ရပြီဖြစ်၍ ကလေးကို ဘွားအေထံပေးလိုက်သည်။ ကလေးငယ်ကြောင့် အခြောက်တိုက် ချစ်သူဆုံးရှုံးသွားခဲ့ရသဖြင့် သူ့ရင်ထဲ ဘလောင်ဆူဝေပြီး ကျန်ရစ်ခဲ့ရသည်။ ဇော်နောင်က သူငယ်ချင်း ကောင်းပီသစွာဖြင့် အားပေးလိုက်သည်။

"ဒိုကြီးရယ်၊ ကလေးအပေါ် ဒီလောက်တွယ်တာမနေပါနဲ့ကွာ၊ ငါ မိန်းမရလို့ ကလေးမွေးရင် မင်းကို လာထိန်းခိုင်းပါ့မယ်"

"သူတောင်းစားငဇော်၊ မင်းကြပ်ပေးလို့ ငါ့ချစ်သူနဲ့ပြတ်သွားရတာ တော်ရုံဆိုရှင်းပြလို့ရတယ်ကွ၊ ဒီကိစ္စမကျေနပ်ဘူး၊ မင်းအမျိုးထဲက ညီမဝမ်းကွဲတစ်ယောက်နဲ့ အဆင်ပြေအောင်လုပ်ပေးမှ ကျေနပ်နိုင်မယ်"

"ဒါဆို ခြောက်လစောင့်"

"ဘာဖြစ်လို့လဲ"

"အခုရှာသာကြီးပို့လိုက်တဲ့ ကလေးအမေ မော်မော်ဆိုတာ ငါ့ညီမဝမ်းကွဲလေ၊ သူ ဆေးရုံကဆင်းလာရင် မင်းနဲ့ပေးစားမယ်"

"ဂွိ"

ရဲစတိုင်း



ရန် လွှ ယ် လွှ ယ် ဖြ စ် လို သူ တို င် း အ တွ က်

# ရန်များအောင် စကား ပြောနည်း

ဆရာကြီးကြပ်ခိုး

"ကိုယ့်အချစ်ကြောင့် မင်းရောဂါရနေတယ်ဆိုတာ ဟုတ်လား ဟန်နီ"

"ဟုတ်ပါ့တယ်၊ ဒါပေမယ့် နာတာရှည်တော့မဟုတ်ဘူး"

---

"ရိုးရိုးရှင်းရှင်း တိုတိုထိထိနဲ့ ဆရာ့ရဲ့ပုံစံကို ပေါ်လွင်အောင် ဖော်ပြ..."

"ငတုံး"

---

"ကိုယ်လက်ထုံကျဉ်တာမျိုးကို ကျုပ်လည်းဖြစ်တတ်ပါတယ်။ မိန်းမ ... ဝင်ကွေးလိုက်ရင် ကောင်းသွားတယ်"

"ဆရာ့မိန်းမ ခုအိမ်မှာရှိလားဟင်"

---

"ပစ်မှတ်ကိုထိအောင် ဘာလို့မျက်လုံးတစ်လုံးမှိတ်ပြီး ချိန်ရတာ..."

"နှစ်လုံးလုံးမှိတ်ပြီးချိန်တော့ နင့်ကိုးတော်နဲ့ မှန်အောင်ပစ်ရမှာလား"

---

"ငါ့သား ဖေဖေမသေခင် မင့်ကို ပညာအမွေပေးခဲ့မယ်"

"ရှာပါဦးဗျာ၊ တခြားဘာမှ ပေးစရာ မကျန်တော့ဘူးလား"

---

"ခင်ဗျား အရက်သောက်တာ အရမ်းများတယ်"

"ဒေါက်တာကလည်း ကိုယ်မသောက်နိုင်တိုင်း"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## စားပြီးသောက်ပြီး လက်ဖောင်းကြီး

အရပ်ကတို့ရေ. .

လက်သမားဆရာ အလုပ်ပြတ်တော့၊ ချက်စားစရာအဟုတ်လပ်၊ ရတက်ပွားကာစုတ်ပြတ်၊ မလုပ်တတ်တာအသာထား၊ ပြုတ်နှပ်ကာအစာဝါးနိုင်မှ၊ ရုပ်ကလာပ်ဟာ တာသွားမှာမို့၊ အစားအစာအဝေးရောက်ပြီး၊ ဝါးတာလေးမပျောက်မီ၊ အဘွားစာကလေးတို့ဆောက်မယ့်၊ ခြံအနောက် ကုန်းမောက်စမှာ အစောက်သုံး ခြောက်ကျအော[illegible] မြန်သလောက်ကုန်းပေါက်ရတယ[illegible] မုန်းလောက်တဲ့ယိုကျင်း။

ဆိုရင်းနဲ့အတွေးဝင်[illegible] ရင်းကွဲ့ပြေးမြင်အောင် ငိုချင်းဖွဲ့[illegible] ချင်လာတာမို့ ရှေးစဉ်လာကဗျာ[illegible] တေးဆင်ကာအသာဟစ်လို့ ([illegible] ရှင်လာ အသာလစ်၊ ထွေးခင်[illegible]

[illegible]ပြစ်. . အဲလေ)မကွေးခင်မှာ [illegible]ာလှစ်လိုက်မည်ပ၊ စာအစစ်က [illegible]ို။

ငနီညို့ခါးကုန်းလှည်းဆွဲ [illegible]ို၊ အပိကိုတအား ကြုံးဖြဲခွဲရှာ [illegible]ယ့်၊ မကြည်သလို မယားမုန်း [illegible]ည်းထဲနာ၊ မွဲမွဲပြာမလှတဲ့ဖေ၊ [illegible]ငွေအစိတ်တစ်ပဲနဲ့၊ မဝတဲ့ရေ [illegible]ဆွဲ၊ ဘဝရဲ့ အနေသိပ်သည်း [illegible]၊ စိတ်ထဲကငိုချင်၊ ဟိုယခင် [illegible]ပ်သင်စက၊ မငြိုငြင် သရုပ် [illegible]မလှပေမယ့်၊ လိုလိုချင် ကျုပ် [illegible]လို့ အလုပ်ရှင်က မကြမ်းခင်၊ [illegible]တ်ပင်ထ ထန်းတင်၊ အုတ်တင် [illegible] ငြမ်းဆင်ခဲ့ရတာ မှတ်မိသေး။

ဒီကြားထဲ စမ်းချင်သူတွေ [illegible]ာနဲ့၊ ကျွမ်းကျင်လိုက်သဟာ [illegible]အောင်၊ မန်းခင်သိုက်နာရေ [illegible]၊ ထမ်းစင်ရိုက်တာလေး ပြရ [illegible]။ သာအေးနှမဌေးကြွယ်တောင်း [illegible]ာ ကလေးငယ်တွေနဲ့ အသာ [illegible]တွေ ပြေးတွယ်တာ အားလုံး [illegible]

ကြားလုံးပိလို့ ထပြေးမှာ [illegible]ရသေး၊ ဟို ခါးကုန်းချိဘထွေး [illegible] သွားလုံးလုံးမရှိတဲ့ မြအေးဟာ [illegible]သတ်ဦးဆံရာ၊ အရက်မူးလာ

နားထင်ချ၊ ဖက်ပူးကာသင်ပြပေးလေတော့၊ မ,ပေးမြှောက်,ပေး၊ လွှသွေးဆောက်သွေး ဘဝကနေ၊ အပေါက်စန္ဒေလေးတွေနိုင်လာတော့၊ ဆောက်ကလေးတကိုင်ကိုင်၊ လောက်လေးနဲ့ ဖင်ထိုင်ခုံလေးတွေ လုပ်တတ်လာတယ်။

အဟုတ်တတ်တော့လည်း ကျွမ်းကျင်၊ တန်းဝင်ကာ ဆားဗစ်ခိုက်လာတော့ ကြမ်းဖျဉ်ဖာ ငထွားသစ်တွေပိုက်၊ လမ်းအဝင်မှာ တံတားအသစ်လေးတွေ ရိုက်တတ်လာပြန်ရော ဆရာ။

အမှန်ပြောရင်လည်း မရှက်ပါဘူး အရပ်ကတို့၊ ခံပြောရင်လည်း မသက်သာ၊ သက်ကညာအသေသတ်မှာစိုးလို့၊ တစ်ဘက်မှာ ရေခပ်ရင်း၊ လက်ဟာလေ မနေတတ်တော့၊ ဖွေကပ်ကာ အတွေးပေါက်၊ ငွေတစ်ကျပ်သာရှေးဖောက်၊ သေသပ်စွာ ကလေးပေါက်ဂျင်လေးတွေ ခုတ်ရောင်းလိုက်သေးတာပ။ ဒီကြားထဲ လှအေးနောက ခဏလေးကွာဆိုပြီး၊ လွှလေးလာငှားသွားတာ၊ လလေးကြာအမြန်ပေါက်ခဲ့ပြီ ပြန်မရောက်လို့ မာန်ပေါက်ကာ သွားတောင်းရသေးတယ်။

www.burmeseclassic.com



ဘဝလေးလည်လာတော့ ခရီးသာ၊ နည်းနာအစုံတတ်လာတော့၊ တီးစရာ ဗုံပတ်တွေအပြင်၊ စီးစရာ ခုံဖိနပ်လေးတွေတောင် ထွင်းတတ်တာပ၊ ဒါမျှ မကသေး၊ ခယ်မက အဟုတ်မမေ့အောင်၊ အလယ်ကျကျ တုတ်တွေ့မှ၊ တာကယ်ရှုတဲ့ ငရုတ်စေ့တွေ ညက်မှာမို့၊ သွယ်လျလျ ငရုတ်ကျည်ပွေ့က တစ်ချောင်း၊ မေခင် တစ်ခါ ကောက်သမလို့ ရေကပြင်မှာ ပျောက်ကျသွားတဲ့၊ မွေချင်စရာ ယောက်မကတစ်လက်၊ ဓားထက်ထက်နဲ့ ခုတ်ပေးရသေးတာ၊ အဟုတ်ဝေးကွာပေမယ့် အမှတ်ရသေးတယ်။

အဲသလိုနဲ့ ဇာတ်ကလည်ပြီးဘဝစုံ၊ အလှခုံနဲ့ ချက်တံခါး၊ အဟာမလုံတဲ့ဝက်ဖလားပါ ရိုက်တတ်တဲ့ လွှမရုံတဲ့လက်သမားဆိုပြီး အထက်တစ်လွှားမှာ၊ ရက်များစွာလုပ်စားလာတာကြာပေ့ါ ကြာပြီဆိုပါတော့။

ဩော် . . ခုတော့လည်း ညီအစ်ကိုများ ဝါးစည်းပြေတော့ ဒီဟိုနား ကြားတီးသလိုပ၊ အဆိ... စား အသားချည်းမျိုး အပီကို ဝါး... ကြီးစို၊ ကားတစ်စီးပိုလို့ ပြန်ရောင်... ညာဏ်ကောင်းတဲ့ ကန်ထရိုက်သူ... တွေက၊ ကြံပေါင်းဖွဲ့ အမြန်ကြိုး... ဈေးတွေချ၊ လန်စောင်းရွှဲ့ မတေ... မဒိုက် ပေးလေသမျှကို၊ သွေးတွေ... နောက်ကလေးတွေက၊ ဈေးအ... မလှ အောက်ဈေးတွေနဲ့၊ လေး... ခဏဆိုပြီး အပေါက်ပြေးကွယ်... ကြတာမို့ ဘေးဖယ်ကာ သွားကြို... ဈေးဝယ်စရာ မယားစရိတ်မျှမ... နိုင်တော့၊ ဖုံးငယ်ပါ ကားအကြို... သာခံချင်တော့ပါကြောင်း ကြေ... မောင်းခတ်ရင်း။

(ကြားမြင်သင်ပြ၊ ဟား... ဘုရင်၊ စရိသခင်ကြီးများအား ... ညွှတ်လျက်)

ဗလက...

> အမှန်အားဖြင့် လူပျိုကြီးများက အိမ်ထောင်သည်ယောက်ျားများကို ဗဟုသုတချင်း မယှဉ်နိုင်ပါ။ ဘာကြောင့်လဲဆို အိမ်ထောင်သည်ယောက်ျားများ မကြာခဏ မြင်လေ့ရှိကြတဲ့ ပန်းကန်ပြားပျံကို သူတို့က မြင်မှမမြင်ဘူးကြတာပဲ။ ■



# နှင်ကြောင်

မှတ်သားစရာ

မိုးမိုး (B ; Sc)

◆ဒေါသဖြစ်မှ ရောဂါပျောက်မယ့်ရောဂါသည်အတွက် ဆရာဝန်... ငွေပိုတောင်းပြီး လူနာရဲ့ဒေါသကို ဆွပေးရရှာတယ်။

◆ကြွေးပတ်လည်ဝိုင်းနေတဲ့လူရဲ့ အသုဘမှာ ငိုကြွေးသံပိုကျယ်...ယ်။

◆အမြတ်ထုတ်တတ်တဲ့လူဟာ သူ့ပါးကို အရိုက်ခံရတဲ့ခဏမှာ...င် အဲဒီလက်ကို ရအောင်နမ်းတတ်တယ်။

◆စာနာတတ်တဲ့မိန်းမဟာ ယောက်ျားအလုပ်၊ မိန်းမအလုပ်ရယ်လို့ ...ဘဲ ယောက်ျားရဲ့ မီးဖိုချောင်အလုပ်ကို ဝင်ကူတယ်။

◆ရေခဲသေတ္တာ၊ တီဗီအပေါ်စက်၊ အောက်စက်၊ အဲယားကွန်း၊ ပန်...ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးဖို၊ ကွန်ပျူတာ၊ ဆောင်းဘောက်စ်၊ အဝတ်...စက်၊ မီးအားမြှင့်စက် အကုန်ဝယ်ပြီးပြီ။ ကျွန်တော်တို့မှာ လိုနေတာ...စ်မီးလာဖို့ပဲ။

◆အချိန်နဲ့အိပ် အချိန်နဲ့စားနိုင်အောင် တိုင်ကပ်နာရီဝယ်လိုက်... တိုင်ကပ်နာရီကြီးပျောက်သွားမှာစိုးလို့ အချိန်နဲ့မအိပ်နိုင်၊ အချိန်နဲ့မစား...ဖြစ်ရတယ်။

◆ငွေနဲ့ဖွင့်ရင် အာမခံသော့တောင် မခံနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သဗ္ဗေသတ္တာ ကမ္မသကာ

"ဒိုင်လုပ်ပေးပါလား ဘာဘ"

"ဟဲ့ မကြောင်း မစည်းအပ်"

အနီလူငယ် ကြော်ငြာ ဒါရိုက်တာ မော်ဒယ်သရုပ်ဆောင် အဆိုကျော် ဂျာနယ်သတင်းထောက် ပွဲစား ဒေါ်နယ်စိန်အုံးခေါ် မောင်စိန်အုံး၏ မဆီမဆိုင်စကားကြောင့် ကျွန်ုပ်မျက်လုံးပင် ပြူးသွားရ၏။

"လုပ်ပါ ဘာဘရယ် ကူညီပါ"

"ဟဲ့ ငါက ဒိုင်ဝင်လုပ်ပေးရအောင် မိန်းကလေးတွေကို စေ့စေ့တောင် ကြည့်ဖူးတာမှ မဟုတ်ဘဲ"

ကျွန်ုပ်၏စကားကို မောင်စိန်အုံးမှ နှာခေါင်းရှုံ့၍

"လုပ်မနေပါနဲ့ အဘရာ၊ အဘနဲ့ ဟိုကိုရွှေတောသားဆိုတဲ့ အတိုးကြီး လေထန်ကုန်းမှာ ကောင်မလေးတွေ ထိုင်ထိုင်ငန်းပြီး တွတ်ထိုးနေတာ တွေ့ပါတယ်"

"ဟဲ့ ငယ်ကျိုးငယ်နာဖော်ပြီ"

"ဒါကတော့ကွယ်၊ တရားသဘောနဲ့ကြည့်ပြီး တရားသဘော ဆွေးနွေးတာပါကွယ်"

ကျွန်ုပ်၏စကားသည် အနီ စိန်အုံးကို မည်သို့ အကျိုးသက်ရောက်သည်မသိ၊ သူ၏မွဲညစ်ညစ်မျက်လုံး အစုံပင် လက်ခနဲ လင်းလက်သွား၏။

"အဲဒါကို လိုချင်နေတာ အဘရဲ့၊ ကျွန်တော်တို့ရဲ့ပြိုင်ပွဲကြီးကို တရားသဘောနဲ့ တရားမျှတစွာ ပြိုင်တဲ့ပြိုင်ပွဲကြီးဖြစ်အောင် ကျင်းပရမယ်"

ကျွန်ုပ် လွန်စွာ စိတ်ပျက်သွားရ၏။

"သဗ္ဗေသတ္တာ ကမ္မသကာ ပါပဲကွယ်"

ကျွန်ုပ်၏စကားကို အနီလူငယ် မည်သို့ သဘောပေါက်ပြန်သည်မသိ၊ စိတ်အားထက်သန်သော

လေသံဖြင့်..

"ကြိုက်ပြီ သဗ္ဗေသတ္တာ ကမ္မသကာဆိုတဲ့နာမည်နဲ့ ပြိုင်ပွဲကြီးကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကို လုပ်ပစ်မယ်ဗျာ"

ခက်ရချိမ့်။ ဘာမှလည်း ပြောလို့မရတော့ပါလားကွယ်ရို့။ သို့သော် ကျွန်ုပ်လည်း ဒိုင်လုပ်ရမည့် အရေး လွဲစေရန်အတွက်..

"ငါတော့ မယုံဘူးဟေ့၊ မင်းတို့ မော်ဒယ်ပြိုင်ပွဲတွေ ကြီးကြီးကျယ်ကျယ် မှန်မှန်ကန်ကန်လုပ်ပေးမယ် ဆိုပြီး နောက်ဆုံး လုပ်ပွဲကြီး လိမ်ပွဲကြီး ဖြစ်ပြီး အသံထွက်လာတာလဲ မဟုတ်လား"

"ဒါကတော့ အဘရယ်၊ မော်ဒယ်ဆိုတာ ပိန်မှ လိမ်မှ မဟုတ်လား"

ကျွန်ုပ် မျက်လုံးပြူးရပြီး

"ဟဲ့ ဒါဆို မင်း ဒီပွဲလည်း လိမ်ဦးမှာပေါ့ ဟေ"

ကျွန်ုပ်၏စကားကို စိန်အုံးမှ လျှင်မြန်စွာ လက်ကာပြ၍

"မလိမ်ပါဘူး အဘရာ၊ ဒီပွဲက တရားသဘောနဲ့ အမှန်အကန် လုပ်မှာပါ၊ ဒီပွဲမှာ ဆုငွေမပေးဘူး၊ ငွေရေးကြေးရေး အရှုပ်အရှင်းရှိလွန်းလို့"

"ဒါဆို ဘာပေးမှာလဲ"

မောင်စိန်အုံးမှ သူ၏ မွဲညစ်ညစ်မျက်နှာကို တစ်ရှုံ့နှင့် တို့ကာတို့ကာ လုပ်ရင်း..

"ပထမရသူကို အလေးစား သတ္တုဆိုတဲ့ ဗီဒီယိုတစ်ကား ရိုက်ပေးမယ်၊ ကျန်တဲ့ ဒုတိယနဲ့ တတိယကို သူတို့ရတဲ့အဆွဲ့နဲ့ ထိုက်တန်တဲ့ ဆု တစ်ခုခုပေးမယ်"

ကျွန်ုပ်စိတ်ဝင်စားသွား၏။

"ဗီဒီယိုတစ်ကား တကယ် ရိုက်ပေးမှာလားဟင်"

စိန်အုံးမှ စားပွဲကို လက်ဖြင့် ပုတ်၍

"ဟ တကယ်ရိုက်ပေးမှာပေါ့ အဘရဲ့၊ အပီအပြင်ကို အကောင်းစားရိုက်ပေးမယ်"

ကျွန်ုပ်လည်း လွန်စွာစိတ်ပါသွား၏။

"နို့ အဲဒီ ဗီဒီယိုတစ်ကားက ဘယ်တော့ရိုက်ပေးမှာလဲ"

စိန်အုံးမှ စိတ်အားထက်သန်စွာ..

"ဟ အဘရဲ့ ဒီနေ့ဆုရ နောက်နေ့ ရိုက်ပေးမှာပေါ့ဗျ၊ ဘာဘ သာ ဒိုင်လုပ်ပေး"

ကျွန်ုပ်လည်း လွန်စွာ ကြည်သွားမိပြီး အားတက်သရော

www.burmeseclassic.com

ပြိုင်ပွဲဝင်ကြသည့်
မော်ဒယ်များမှာလည်း ရွှေခေါင်ခေါင်
နေ့လည်ဆယ့်နှစ်နာရီအချိန်တွင်
လယ်ကန်သင်းပေါ်တက်၍
ဖွေးတလုံးလုံးနှင့် ယှဉ်ပြိုင်ရသလို

"ဟာ လုပ်ပေးရမှာပေါ့။ ငါ့ကောင်ရ မင်းတို့သာ မှန်ကန်အောင်လုပ်၊ ငါ မျက်မှန်ပါဝါ ထပ်တိုးရင်တိုးရပါစေ၊ လုပ်ကိုလုပ်မှာ"

"ဒါမှ တို့ဘဘကွ"

ဟု မောင်စိန်အုံး အားရဝမ်းသာပြောပြီး ကျွန်ုပ်၏ပါးကို လိမ်ဆွဲသလိုဖြင့် မုတ်ဆိတ်မွေး သုံးလေးပင်ကို အားဖြင့် ဆွဲနှုတ်သွားလေ၏။

မျက်ရည်များပင် ဝိုင်းသွားရ၏။ ဝမ်းသာ၍မဟုတ်။ နာလွန်း၍ဖြစ်သည်။ အေးလေ ဒီလောက်တော့ အနာခံရမပေါ့။ ကိုယ်က ဒိုင်လုပ်ချင်သည်ကိုး။

"တို့ပြိုင်ပွဲကျင်းပရမယ့်နေရာက"

"စိတ်ချ ဘဘ၊ ဘဘတို့တရားသဘောနဲ့ ရှင်းရှင်းလင်းလင်းကွက်ကွက်ကွင်းကွင်း ဆုံးဖြတ်နိုင်အောင် တောင်ဒဂုံလယ်ကွင်းမှာ စီစဉ်ထားတယ်"

"အချိန်က"

"နေ့လည် ဆယ့်နှစ်နာရီ"

"ကိုရွှေတောသားပါ ဘဘရဲ့ တွဲဖက်ဒိုင်အဖြစ် ခေါ်ခဲ့ပေါ့"

"အိုကေ"

(မှတ်ချက်။ ။ တကယ်ပြိုင်ပွဲ ကျင်းပသောအခါ ကိုရွှေတောသား မရောက်လာပါ။ စုံစမ်းကြည့်ရာ သဗ္ဗေသတ္တာ ကမ္ဘာသကာ မော်ဒယ်ပြိုင်ပွဲတွင် ဒိုင်လုပ်ရမည်ကို သိရှိပြီး ဝမ်းသာလုံးဆို့၍ လေးဆယ့်နှစ်လမ်းတွင် အရက်နင်းကန်သောက်ပြီး ယောက္ခမဖြစ်သူအား မှားယွင်းကြွားဝါမိသွားသောကြောင့် ယောက္ခမမှ ခြေထိပ်ခတ်၍ ထိန်းသိမ်းလိုက်သောကြောင့် ဖြစ်၏။)

သဗ္ဗေသတ္တာ မော်ဒယ်ပြိုင်ပွဲကြီး စပါပြီ။ ပြိုင်ပွဲဝင်ကြသည့် မော်ဒယ်များမှာလည်း ရွှေခေါင်ခေါင်နေ့လည်ဆယ့်နှစ်နာရီအချိန်တွင် လယ်ကန်သင်းပေါ်တက်၍ ဖွေးအလုံးလုံးနှင့် ယှဉ်ပြိုင်ရသလို ကျွန်ုပ်တို့ ဒိုင်ချုပ်ပင် လယ်ကွင်း၏ရိုးပြတ်များကြား ခြေမကြောတ်၊ ကင်းမကြောင်



ရိုးပြတ်ညှောင့်အစူးခံ၍ အမှတ်ပေးနေလသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကျေနပ်မိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ဆုပေးလိုက်သော မော်ဒယ်မသေးမှာ အလေးစားသတ္တုဆိုသော ဒီသိုကားတွင် မင်းသမီးအဖြစ် သရုပ်ဆောင်ရမည် မဟုတ်တုံလော။ ကျွန်ုပ်သည်း အတတ်နိုင်ဆုံး တရားမျှတအောင်(တရားသဘောဖြင့်)ရွေးချယ်ခဲ့လေ၏။ (မော်ဒယ်များ မည်သို့ ပုံပြိုင်ပွဲဝင်သည်ကို စာရှည်မည်စိုး၍ မရေးပြတော့ပါ။ ဂျာနယ်များတွင်သာ ရှာဖွေဖတ်ရှုကြပါကုန်)

ဤသို့ဖြင့် ဆုပေးပွဲနေ့ရောက်ပါပြီ။

ကျွန်ုပ်ပေးလိုက်သော အမှတ်စာရင်းများကိုယူ၍ မောင်စိန်အုံးမှ အဝှူ လယ်ကွင်းပြောင်ပြောင်တွင် ဖုတ်အကျီအနက်၊ မိတ်ကပ်အဖွေးအားနှင့် ကန်သင်းပေါ်တက်သွားသည်။ ပြီးနောက် ညောင်နာနာအသံဖြင့် . .

"ယခုအချိန်ကစပြီး သဗ္ဗေသတ္တာ ကမ္ဘာသကာ မော်ဒယ်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို စတင်တော့မှာ ဖြစ်ပါတယ်"

ပရိသတ်များအားလုံး လှုပ်လှုပ်ရှွရှွဖြစ်သွားကြကုန်၏။

"အခု သဗ္ဗေသတ္တာ ကမ္ဘာသကာ မော်ဒယ်ပြိုင်ပွဲမှာ အမြင့်ဆုံးဘွဲ့ဖြစ်တဲ့ Miss ဒုက္ခရစရိယာဘွဲ့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားသူကတော့ . ."

မောင်စိန်အုံး စကားကို ဆက်မပြောသေးဘဲ ပရိသတ်ကို ဟန်ပါပါ ဝေ့ကြည့်လိုက်၏။ ပရိသတ်အားလုံး မရိုးမရွဖြစ်ကုန်၏၊ အတန်ကြာမှ . .

"ရ . . တ . . နာ . . ဗိန်မ ဖြစ်ပါတယ်"

"ရှူး ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ဒါမှတကယ်မှန်ကန်တာကွ"

"ဟုတ်တယ်၊ ရတနာဗိန်မကို ကြည့်ပါလား၊ တကယ့် ဒုက္ခရစရိယာရုပ်"

"ရထိုက်တယ်ဟေ့၊ အရိုးပြိုင်းပြိုင်းနဲ့ ရတနာဗိန်မမှ Miss ဒုက္ခရစရိယာဘွဲ့ မရရင် ဘယ်သူရမှာလဲကွ"

စသည်ဖြင့် ပရိသတ်များ ဝမ်းသာကျေနပ်ကြသည်ကိုမြင်၍ ကျွန်ုပ်လည်း လွန်စွာဝမ်းမြောက်မိ၏၊ ဤ Miss ဒုက္ခရစရိယာဘွဲ့ရ

www.burmeseclassic.com

ကလေးမလေး အလေးစားသတ္တု ဗီဒီယိုကားရိုက်မည့်အစား ထမင်း မစားရတာတစ်လတာ ဟူသော ဇာတ်ကားမျိုးရိုက်လျှင် ပို၍ လိုက် ဖက်မည်ဟုလည်း စဉ်းစားမိ၏။ အေးလေ သူ့အောင်မြင်သွားတော့ လည်း ဆက်ရိုက်တာပ။

ကျွန်ုပ်စိတ်ကူးယဉ်မဆုံး ခင်မှာပင် မောင်စိန်အုံးမှ ဒုတိယဆု ကို ဆက်၍ကြေညာ၏။

"ဒုတိယဆုဖြစ်တဲ့ Miss အပုပ်ကောင်ဆုကို ဆွတ်ခူးသွားသူ ကတော့ မ. ."

ပရိသတ်များ လှုပ်လှုပ်ရွ ရွ ဖြစ်သွားကုန်ပြန်၏။

"မ. . နံနံကြိုင်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ရှီ"

"ရထိုက်တယ်ဟေ့၊ ပုပ်သမှ လေတင်ကကို မထားရဲဘူး၊ အနံ့နဲ့ တင် အားလုံးမေ့လဲသွားမှာစိုးလို့"

"ဒါမှ မှန်ကန်တာဟေ့"

Missအပုပ်ကောင်ဘွဲ့ရ နံနံကြိုင်မှာ ဝမ်းသာလွန်း၍ ထွက် ကျလာသောနှပ်များကို ခါးပုံစထဲသို့ ခွိုးခနဲညှစ်ထည့်လိုက်၏။ ကဲ Miss အပုပ်ကောင်ဘွဲ့ မရထိုက်လား။

"တတိယဆုဖြစ်တဲ့Miss

နတ္ထိခန္ဓာဆုကို ထိုက်ထိုက်တန်တ

ဆွတ်ခူးသွားသူကတော့ မ အရိုးကို

မောင်စိန်အုံး၏ ကြေ

သံဆုံးသည်နှင့် ပရိသတ်ထဲမှ အ

ပုံကြီးတစ်ခု မြောက်ခနဲ မြင်လို

၏။ Missနတ္ထိခန္ဓာလေး အရိုးကို

လေ၊ ဝမ်းသာလွန်း၍ ထခုန်လို

သည်ထင့်။ ပရိသတ်များက

ကျေနပ်လွန်း၍ လက်ခုပ်သံက

ဖြောင်းဖြောင်း။

"အခု နောက်ဆုံးအစီအ

အရ ဆုရတဲ့မော်ဒယ်ကလေးမျာ

ဆုများပေးရန်ဖြစ်ပါတယ်၊ ဒီဆု

ကို ပေးနိုင်ရန်အတွက် ဗိုင်ချုပ်

ကိုကိုကြီးကို ကန်သင်းပေါ်ကြွပ

ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျား"

"ဖြောင်းဖြောင်းဖြောင်

အစီအစဉ်ထဲမပါ

လည်း စိန်အုံး၏ ဖိတ်ခေါ်မှုကြော

ကျွန်ုပ်လည်း ယောင်နနဖြင့် ကန်

ပေါ် တက်ရပ်လိုက်မိ၏။

"တတိယဆုဖြစ်တဲ့Mi

နတ္ထိခန္ဓာဘွဲ့ရ အရိုးကိုကို ဆု

ကြွပါ"

ကျန်းမာရေးရှာန

ချိတ်ဆွဲထားသော အရိုးစုကြီးအ



ထိုလှသော အရိုးကိုကို ဂေါက်ဂက် ဆုတ်ဂျက်နှင့် ကျွန်ုပ်ရှေ့လှမ်းလာ ။ ကျွန်ုပ်ရှေ့ရောက်သော် မောင် ထိုးပေးသော အထုပ်တစ်ထုပ် ကျွန်ုပ်လည်း ကြောင်တောင်တောင် အရိုးကိုကိုလက်ထဲ ထိုးထည့်ပေး ၏။ အထုပ်ကို လှမ်းယူပြီး ဖြုံး သော အရိုးကိုကို၏ မျက်နှာ ရွှတ်ခြည်းပြောင်းလဲသွား၏။ မှာ ရှုံ့မဲ့သွားပြီး ဖြူးကြောင် နှင့် အော်လိုက်သည်မှာ. .

"ကလေးအနှီး"

ကျွန်ုပ်လည်း အံ့ဩမင်သက်

"ဟင် ရှင်တို့ ဒါဘာလုပ်

"

မကျေမနပ်ဖြင့် Miss လေး အော်၏။ ကျွန်ုပ်လည်း လွန်း၍ ဘာမှ မပြောနိုင်မိ ကြားဝင်၍. .

"Missနတ္ထိခန္ဓာနဲ့ သင့် ဆုလေ"

အရိုးကိုကိုမျက်နှာ နဖူးနှင့် ထိလုလု ရှုံ့မဲ့သွားပြန်၏။

"အေးလေ၊ မထိုက်တန် ညည်းနတ္ထိခန္ဓာကိုယ်နဲ့ ဖြစ်အောင် တစ်တောင့်ထွာ

**အောင်မာ နင်တစ်သက်လုံး**
**ရေမချိုးလို့ Missအပုပ်ကောင်ဘွဲ့**
**ရတဲ့အကြောင်း ဂျာနယ်ထဲ**
**ထည့်ရေးပစ်လိုက်မယ်၊ ဘာမှတ်လဲ**
**ဂျာနယ်လစ်မိန်းအုန်းကွ**

တောင်ဖြစ်ထားတာ၊ ကဲ သွား သွား နောက်လူတွေ ဆုပေးဖို့ ကျန်သေး တယ်"

Missနတ္ထိခန္ဓာ မကျေမနပ် ဖြင့် အနောက်ဆုတ်သွား၏။

"ယခု ဆက်လက်ပြီး ဒုတိယ ဆုဖြစ်တဲ့ Missအပုပ်ကောင်ဘွဲ့ရ နံနံကြိုင် ကန်သင်းရှေ့ ကြွပါခင်ဗျား"

မျက်လုံး ပေကလပ်ပေကလပ်နှင့်Missအပုပ်ကောင်လေးက ကန်သင်းရှေ့လာရပ်၏။ Missအပုပ် ကောင်အတွက် ထိုက်တန်တဲ့ဆုက တော့ လာပါပြီ၊ သန်မာတောင့်တင်း သော ယောက်ျားပျိုတစ်ဦး ထမ်းယူ လာသည့် ရေနစ်ပုံး. .

"ဟင် ရေ ရေတွေ ရှင်တို့ ဘယ်လိုလုပ်တာလဲ"

"Missအပုပ်ကောင် ဆို တာ ရေချိုးဖို့လိုတယ်၊ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရေနှစ်ပုံးဆုချတာ၊ ကဲ ရတဲ့ဆုလေး ထမ်းထားပါဦး"

"အို ဘာလို့ထမ်းရမှာလဲ"

Missအပုပ်ကောင်လေး အကြောက်အကန်ငြင်း၏။ အကြောက်အကန်ငြင်းနေသော Missအပုပ်ကောင်လေးကို မောင်စိန်အုံးမှ ပရိသတ် မကြားစေလိုသည့် သဘောဖြင့် အံကိုကြိတ်၍

"အောင်မာ နင်တစ်သက်လုံး ရေမချိုးလို့ Missအပုပ်ကောင်ဘွဲ့ရတဲ့အကြောင်း ဂျာနယ်ထဲ ထည့်ရေးပစ်လိုက်မယ်၊ ဘာမှတ်လဲ၊ ဂျာနယ်လစ်စိန်အုံးကွ"

Missအပုပ်ကောင်လေး ကြောက်ကြောက်လန့်လန့်နှင့် ရေနှစ်ပုံးကို မနိုင့်တနိုင် ဝင်ထမ်းလိုက်သည်။ ပရိသတ်များကတော့ တအံ့တသြ၊ ကျွန်ုပ်ကိုယ်တိုင်လည်း ဘာစကားမှမပြောနိုင်။

"နောက်ဆုံး Missဒုက္ခရစရိယာဘွဲ့ရ ရတနာဝိန်မ"

"အလေးစားသတ္တု ဗီဒီယိုတစ်ကား ဘယ်တော့ ရိုက်ပေးမှာလဲ"

စိန်အုံး၏စကားမဆုံးမီ Missဒုက္ခရစရိယာလေး ရှင်မြူးစွာ မေး၏။ စိန်အုံးမှ ပြုံးရွှင်စွာဖြင့်. .

"မနက်ဖြန် လာရိုက်ပေး မယ်၊ ဒီနေ့တော့ တံခါးယူသွား"

စိန်အုံး၏စကားကြော Missဒုက္ခရစရိယာလေးရော ပရိသ များပါကြောင်သွား၏။ မကြား အဖြေကို သိရတော့၏။

လာပါပြီ၊ အလေးစားသတ္တု ဗီဒီယိုတံခါးကြီး။ လေးသမ သန်သ မာမာ ယောက်ျားကြီးလေးဦး မ တနိုင်နှင့် ညာသံပေး၍'မ'ယူလာ သည်။

"ဟင် ဟင် ဒါကြီးက"

"အလေးစားသတ္တု ဗီဒီ တံခါးလေ၊ မင်းတို့အိမ်က ဗီဒီယို တော်မတော်တော့ မသိဘူး၊ မှန်း ရိုက်ထားတာ၊ ကဲ ကဲ ခေါင်းပေ ရွက်တင်ပေးလိုက်"

"ဟင် အို ဒါကြီးဆို မ နိုင်ပါဘူး၊ မယူနိုင်ဘူး"

အကြောက်အကန်ငြင်း နေသော Missဒုက္ခရစရိယာ မောင်စိန်အုံးမှ. .

"အောင်မာ မယူရင် ဆုကိုလည်း မတူသလို မတန်သ နဲ့ မယူဘူး၊ ဒိုင်ကိုလည်း ဆက် စက်စက် ပြန်ရန်တွေ့တယ်ဆို ဂျာနယ်ထဲ ဖွပစ်လိုက်မယ်၊ ဖွပစ်



သော် ဟင်း ဟင်း ညှင်း ညှင်း"

Missဒုက္ခရစရိယာ ကြောက်သန့်သွား၏၊ ပြီးနောက် တွေဝေသွား၏၊ အတန်ကြာမှ စိတ်ဒုံးဒုံးချလိုက်ဟန်တူ၏၊ သက်ပြင်းချရင်း. .

"ဒါဆိုလည်း ခေါင်းခုလုပ်ပေး"

စိန်အုံးမှ ကျေနပ်သွားသလိုဖြင့်. .

"အေး. . ဒီလိုမှပေါ့၊ ကဲ အဘ တိုက်ပုံချွတ်ပြီး ခေါင်းခုခွေပေးလိုက်"

"ဟေ"

"ဟေတွေ ဘာတွေလုပ်မနေနဲ့ အခုချွတ်"

"အေး. . အေးပါကွာ"

ကျွန်ုပ်လည်း မည်သို့ဖြစ်သည်မသိ၊ ယောင်နနှင့် တိုက်ပုံအကျီချွတ်၍ ခေါင်းခုခွေကာMissဒုက္ခရစရိယာလေး ခေါင်းပေါ်သို့ တင်ပေးလိုက်မိ၏။

"အောင်မလေးတော့ ဇက်ကျိုးပါပြီ"

ကျွန်ုပ်လည်း အသံသာကြားရ၏၊ မျက်လုံးဖြင့်တော့ မကြည့်ရဲ၊ ပရိသတ်ကိုလည်း မျက်နှာမပြရဲ၊ ထို့ကြောင့် ဝတ်ထားသော လုံချည်အလေးကိုသာ မျက်နှာလုံသည်အထိ ဆွဲခြုံလိုက်မိ၏။

မိတ်ဆွေကြည့်လေ Miss ဒုက္ခရစရိယာက အလေးစားသတ္တု ဗီဒီယိုတံခါးကြီးရွက်ထား၍ Miss အပုပ်ကောင်ကလည်း မျက်နှာရှုံ့မဲ့၍ ရေနှစ်ပုံးကိုထမ်းထားရသည်၊ ထို့ပြင် Missနတ္ထိခနွာမှာလည်း ဆုကြီးကြီးမရသည့်အတွက် ဝမ်းသာသည်လား၊ ဝမ်းနည်းသည်လား မသိသည့် မျက်နှာဖြင့် ရရှိသည့် ကလေးအနီးကလေးကိုသာ လက်မှ တဆဆနှင့် ရှိနေသည်။

ယခုအချိန်ကစပြီး သဇ္ဇေသတ္တာ ကမ္ဘာသကာ မော်ဒယ်ပြိုင်ပွဲကြီး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါသည် ခင်ဗျား"

မောင်စိန်အုံး၏ ကြေညာသံအဆုံး ထွက်လာသည့်အသံမှာ

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ရှဲ့ ဖြန်း"

မိတ်ဆွေ လက်ခုပ်သံတော့ မထင်လေနှင့်၊ ပရိသတ် မခံမရပ်နိုင်ဖြစ်ပြီး ရရာလက်နက်နှင့် ကျွန်ုပ်တို့အား ဝိုင်းဆော်ပလော်တီးလိုက်သော အသံပေတည်း။

အဘတိုထိုကြီး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အကြံကောင်းသော အထောင်ခံ

နှောင်နှောင်နှော

ရပ်ကွက်ထဲမှာ ဆိုက်ကားသမားအောင်ကျော်ထွန်းဆိုရင် လူတိုင်း သိကြတယ်။ မသိလို့လည်းမဖြစ်ဘူးလေ။ ဒီကောင်က ဆိုက်ကားသမား ဆိုတယ်။ သူကြိုက်နေတဲ့ ဓာတ်ရှင်မင်းသားတွေလို အောင်းဘီလက်ရှည် ခြေနင်းကြီးချွတ်တယ်လို့မှ မရှိတာ။

အေးလေ၊ ဒါကြောင့်လဲ ရပ်ကွက်ထိပ်က အရက်ဆိုင်ပိုင်ရှင် ဒေါ် အေးမြင့်ကြီးရဲ့သမီး၊ မအေကို သေမလောက်ကြောက်ရပါတယ်ဆိုတဲ့ အေး သီတာလေးက သူမှသူ ဖြစ်နေတာပေါ့။

ဒေါ်အေးမြင့်ကြီးကတော့ လက်ကျောမတင်းတဲ့ ဆိုက်ကားသမား အမည်ခံ အရက်သမားနဲ့ သူ့သမီးကို လုံးဝသဘောမတူဘူး။ သူ အေးသီတာ မျက်နှာလေးမြင်ချင်လို့ အရက်သွားသောက်ရင်တောင် ဟိုက ခွေးမောင်းသလို မောင်းလွှတ်တော့တာပဲ။ အဆိုးဆုံးကတော့ တစ်နေ့က သူ့အိမ်ရှေ့ကြီး ထဲ စွန်တောင်ဆွဲနဲ့ ရောက်လာပြီး

"ဟဲ့ အကောင် နင်နဲ့ငါ့သမီး တူသလား၊ တန်သလား၊ ဆိုက်ကား သမားက ကိုယ့်အဆင့်ကိုယ်သိလေ၊ ဘယ့်နှယ်တော် ရွှေလင်ဗန်းနဲ့အုချင်းဆေး အရက်ဆိုင်ပိုင်ရှင်ကိုယ်တိုင်မွေးထားတဲ့ သမီးကညာကိုမှ ဒင်းက တက်မှန်း တယ်လို့၊ ဒီမှာ အနူလက်နဲ့ ရွှေခွက်နှိုက်ချင်ရင် အနည်းဆုံးတော့ ဟမ်းချိန်း လက်စွပ်ပါရတယ်ဟဲ့၊ နင့်မှာ ဟမ်းချိန်းမပြောနဲ့၊ ကျက်ပေါင်ကွင်းတောင်မှ လား၊ အေး ငါ တစ်ခါတည်း ပြောခဲ့မယ်၊ ဒီနေ့ကစပြီး နင့်သောက်ခွက်လည်း



မမြင်ချင်ဘူး၊ ငါ့သောက်ခွက်လည်း နင်မမြင်ချင်နဲ့ ဒါပဲ"

အဲဒီလိုကြီး ဒေါ်အေးမြင့်က လာကြမ်းသွားတော့ နဂိုကမှ သူ့ကိုယ် သူအထင်ကြီးနေတဲ့ အောင်ကျော်ထွန်း ပေါက်ကွဲသွားတာပေါ့၊ ဒါကြောင့်

"နောက် ၃ရက်အတွင်း ဒီဟာမကြီး သူ့သမီးနဲ့ ငါ့ကို သူကိုယ်တိုင် ပေးစားစေရမယ်"

ထိုသို့ အောင်ကျော်ထွန်းစိတ်ထဲမှာ ကြွေးကြော်လိုက်သည်။ နောက် ဒီဇာတ်အကောင်အထည်ပေါ်အောင် ဘယ်လို ပလန်ချလျှင်ကောင်းမည်လဲ ဆိုသည်ကို သူ အသည်းအသန် အိုက်ဒီယာထုတ်နေခိုက်၊ သူတို့ဂိုဏ်းမှ နေရာ ထား စပ်စပ်စုစုနိုင်တတ်သော ကိုမြင့်လွင်ဆိုသူ အနားရောက်လာပြီး

"အောင်ကျော်ထွန်းရေ၊ မနေ့ညက အကြော်သည် ဒေါ်အုန်းရင် အိမ် သူခိုးကပ်လို့တဲ့ကွ"

သူ အတော်လေး စိတ်ပျက်သွားတယ်။ ဒေါ်အုန်းရင်အိမ် သူခိုးကပ် တာနဲ့ သူနဲ့ဘာဆိုင်တုန်း။ ဒါကြောင့် ကိုမြင့်လွင် အနားကထွက်သွားအောင် ကောင်းထုတ်မယ်အလုပ်

သူ့ခေါင်းထဲမှာ အလင်းတန်းတစ်ခု ဖြတ်ပြေးသွားတယ်။ သူခိုးကပ် တဲ့အကြောင်းလာပြောတဲ့ကိုမြင့်လွင်ကိုလည်း သူ ထိုင်ကန်တော့ချင်စိတ် ပေါက်သွားတယ်။ သူ့ခေါင်းထဲ ဖြတ်ပြေးလာတဲ့ အလင်းတန်းက

မအေကို သေမလောက်ကြောက်နေရပေမယ့် သူ့ကိုလည်း သေမ လောက် ချစ်နေတဲ့ အေးသီတာကို မနက်ဖြန်ည သူ့ခိုးပြေးမယ်၊ ခိုးတဲ့အခါမှာ လည်း သူများသမီးရည်းစားတွေလို သမားရိုးကျမဟုတ်။ အေးသီတာလက်ကို ကိုင်ကြီးဆွဲပြီး သူကိုယ်တိုင် 'သူခိုး၊ သူခိုး'လို့ အော်ပြီးပြေးမှာ၊ ဒါမှ ရပ်ကွက် ထဲ ဝိုင်းဖမ်းလို့ မိသွားတဲ့အခါ 'ကျွန်တော် မိန်းမခိုးတာပါ'လို့ ပြောလိုက်တာနဲ့ အမေကြီး အေးသီတာကို သူနဲ့မပေးစားလို့မဖြစ်တော့။ နည်းနည်းအောက် ကျလှတ်နေတဲ့အဘွားကြီး ဘယ်လိုနည်းနဲ့မှ သူ့သမီးကို နာမည်အပျက်ခံမှာ မဟုတ်။

ထို့ကြောင့်. .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမှောင်ထုအောက်မှာ အောင်ကျော်ထွန်း ဝမ်းသာစိတ်တွေနှင့်အတူ မတ်တတ်ကလေး ခြင်ကိုက်ခံနေသည်။ အေးသီတာလာမည့် လမ်းကြားကလေးဘက်ကို သူ ခဏခဏလှမ်းမျှော်ကြည့်နေရသည်မှာလည်း အမော။ ရုတ်တရက် တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သော ကင်းတဲမှ သံချောင်းခေါက်သံ ဆယ့်တစ်ချက်ကို ကြားလိုက်ရတော့ သူ အနည်းငယ် စိုးရိမ်သွားသည်။

"သူ လာမှလာပါ့မလား၊ ငါ ဒီည ဒီအချိန် ဒီနေရာမှာ သူ့ကိုခိုးပြေးမယ်ဆိုတဲ့စာ ကိုမြင့်လွင်ကြီးကို အရက်ဖိုးနှစ်ရာပေးပြီး အသေအချာသွားပေးခိုင်းထားတာပဲ၊ သူလာမှာပါ"

သူ့အတွေးမဆုံးလိုက်၊ အမှောင်ထုကြီးစိုးထားသော သူ လှမ်းမျှော်ကြည့်နေသည့် လမ်းကြားလေးအတွင်းမှ အရိပ်တစ်ခုကို တွေ့လိုက်ရသည်။ အမျိုးသမီးတစ်ယောက်အရိပ်။ သူ့ဆီ ခပ်သွက်သွက် လျှောက်လာနေသည်။ ထိုအရိပ် အနားရောက်သည်နှင့်

"အစ်ကို ရောက်နေတာကြာပြီလား"

အေးသီတာ၏ ခပ်လောလောအမေး။ သူ ဝမ်းသာအားရ လက်ကို ပြေးဆွဲ၍

"ဟား ကြာပြီပေါ့ အေးရ ကဲ လာလာ အချိန်မရှိတော့ဘူး လစ်စို့"

ပြောပြောဆိုဆို အောင်ကျော်ထွန်း အေးသီတာကို ဆွဲပြေးသည်။ ခပ်လှမ်းလှမ်းအရောက်မှာတော့ သူ့အသံပြဲကြီးနှင့်

"သူခိုးဗျို့၊ သူခိုး သူခိုး သူခိုး"

ထိုသို့ သူ အာခေါင်ခြစ်အော်လိုက်သောအခါ နောက်မှ အမီပြေးလိုက်လာရသော အေးသီတာ ကြောက်ကြောက်လန့်လန့်အသံနှင့် လှမ်းမေးသည်။

"အာ အစ်ကို ဘာ ဘာတွေလျှောက်အော်နေတာလဲ"

အောင်ကျော်ထွန်းပြေးနေသော အရှိန်ကိုမလျှော့ဘဲ နောက်ကို တစ်ချက်ငဲ့ကြည့်ကာ

"နောက်မှ ရှင်းပြမယ်"



ဟုဆို၍ တစ်ဘက်ပြန်လှည့်သွားပြီး

"သူခိုးဗျို့၊ သူခိုး သူခိုး"

ထိုအသံပြဲကြီးကြောင့် တမ်ရပ်ကွက်လုံး တုတ်၊ ဓား၊ လက်နက်ကိုယ်စီနှင့် သူခိုးဖမ်း ထွက်လာကြသည်။ တော်တော်လေးကို ပွက်လောရိုက်သွန်၏။ အောင်ကျော်ထွန်းမှာတော့ ထိုလူအုပ်မမီခင် ရပ်ကွက် နှစ်ပတ်သုံးပတ်လောက် ပတ်မိသွားအောင် အတင်းပြေးကာ သူခိုးအော်လို့ ကောင်းနေသွန်း၊

ထိုသို့ အောင်ကျော်ထွန်း အေးသီတာလက်ဆွဲ၍အော်ပြေးလာရင်း အလင်းတန်းတစ်ခုမှ အမှောင်တစ်ခုအတွင်းသို့အဝင် ခြေငါးလှမ်းဆယ်လှမ်းသာက်အရောက်မှာတော့

"ခွပ်"

"အောင်မလေးဗျာ"

အရှိန်နှင့်ဝင်ကျုံးမိသောခလုတ်ကြောင့် ပိုင်ပိုင်ကြီးဆုပ်ကိုင်ထားသော အေးသီတာလက် ပြုတ်ထွက်သွားရုံတင်မက၊ အောင်ကျော်ထွန်း ရှေ့အမှောင်ထဲ ဂွျန်းနှစ်ပတ်သုံးပတ်လောက် လိမ့်သွားသည်၊ ထိုအချိန်

"ဖုတ်"

မျက်နှာရှေ့ မြေကြီးပေါ်ကျလာသော အထုပ်တစ်ထုပ်။ အေးသီတာအထုပ်ပဲဖြစ်မည်။ တစ်လမ်းလုံး သူ့ဇောနှင့်သူ ပြေးလာခဲ့ရသောကြောင့် အထုပ်ကို သူကူဆွဲပေးဖို့ သတိမထားမိခဲ့။ အေးသီတာလည်း အခုမှသတိရသွားခြင်းကြောင့် သူ့ကို လှမ်းပစ်ပေးလိုက်တာပဲဖြစ်မည်။

ထို့ကြောင့် အောင်ကျော်ထွန်း အထုပ်ကိုကောက်ပိုက်၍ မြေကြီးပေါ်မှ ကုန်းရုန်းထမည်အလုပ်

"ဟာ သူခိုး ဘယ်နားရောက်သွားပြီလဲ"

"ဒီနားတင်ပျောက်သွားတာပဲ"

"ဒါဆို တွေ့အောင်ရှာဟေ့၊ မလွတ်စေနဲ့"

"ဟာ သူခိုး ဟိုမှာ သူခိုး"

ထိုအသံများနှင့်အတူ သူ့တိုယ်ပေါ်ကျရောက်လာသော ဓာတ်မီး

www.burmeseclassic.com

www.burmeseclassic.com



ရောင်များ။ ရှေ့ဆုံးမှာ မီးဝင်းဝင်းတောက်နေသော မျက်လုံးကြီးများနှင့် သူ့ကိုစိုက်ကြည့်နေသည်က သူ ယောက္ခမတော်ရမည့် ဒေါ်အေးမြင့်။ အခြေအနေမဟန်တော့၍ အောင်ကျော်ထွန်း အားကိုးတကြီး အနားမှာရပ်နေသော အေးသီတာကို ပြန်မော့ကြည့်လိုက်တော့

"ဒီမှာ သူခိုး သူခိုး၊ ကျွန်မ သူခိုးကိုမိထားပြီ"

သူ့ကို လက်ညှိုးငေါက်ငေါက်ထိုး၍ သူခိုးစွပ်စွဲကာ လူအုပ်ရှေ့ သူ့အမေဆီ ပြေးသွားသည်။ လူအုပ်မှာ သူခိုးသည် သူတို့မထင်မှတ်ထားသော အောင်ကျော်ထွန်းဖြစ်နေ၍ အံ့အားသင့်၍ကောင်းနေခိုက်. .

အမှောင်ထဲမှ ပုဆိုးခါးတောင်းကျိုက်လေးနှင့် သူတို့ကိုရပ်ကြည့်နေသော လူတစ်ယောက် အလင်းရောင်ထဲ ခုန်ထွက်လာသည်။ နောက် သူ့ကို လက်ညှိုးလှမ်းထိုးလိုက်ပြီး

"သူခိုး အဲဒါ သူခိုးလေ၊ ရပ်ကွက်ကို ဂဒီးဂဒီးဒုက္ခပေးနေတဲ့သူကို ခင်ဗျားတို့ ဘာကိစ္စ အလှကြည့်နေရတာတုန်း လုပ်လိုက်ပါ၊ မှတ်လောက်သားလောက်အောင် အမာရွတ်ကလေးနဲ့ ပညာပေးလိုက် အာ ကြာပါတယ်"

ပြောပြောဆိုဆို ထိုလူ အနားမှာတွေ့သော ခဲကျိုးကို ကောက်၍ အထုပ်ကလေးပိုက်၍ အူကြောင်ကြောင်ဖြစ်နေသော အောင်ကျော်ထွန်းကို ဝင်ကျဲတော့သည်။ သူ့ခမျာ အော်ချိန်ပင်မရလိုက်။

ထိုမြင်ကွင်းကြောင့် အစပိုင်း အံ့အားသင့်၍ ကောင်းနေသော လူစုမှာလည်း သွေးဆူသွားပုံရသည်။ ဆူညံစွာအော်ဟစ်၍ သူ့ထံဝိုင်းအုံ ကြ၏။

ထိုလူစုကိုကြည့်၍ အောင်ကျော်ထွန်း ကယောင်ကတမ်းနှင့်

"သားသား ဘာမှမသိဘူး"

သူ့စကား ဘယ်သူမှမကြားတော့။ အားလုံး၏ ဒေါသများ သူ့ကို ပေါ်ကျတုန်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း အမှောင်ထုက ကြီး ထားဆဲ။

■ နောင်နော်








## ဆိုးတက်လာပြီ

မဟာအောက်တိုဘာတော်လှန်ရေး နှစ်ပတ်လည်နေ့တွင် ကျေးရွာဆိုဗီယက်အဖွဲ့ အစည်းအဝေးတစ်ခု၌ အစည်းအဝေးသဘာပတိက ဤသို့ပြောသည်။

'ရဲဘော်တို့ တော်လှန်ရေးအပြီး ကျုပ်တို့ပါတီရဲ့ အံ့မခန်းအောင်မြင်မှုတွေကို ကြည့်ကြရအောင်။ ဥပမာ ဒီမှာထိုင်နေတဲ့ မာရီယာ။ သူဟာ အရင်က ဘာလဲ။ စာမတတ် ပေမတတ် လယ်သူမတစ်ယောက်၊ အဝတ်အစားက ဆည်း တစ်စုံပဲရှိတယ်။ ဖိနပ်လည်း မရှိဘူး။ ခုတော့ကော ခုတော့ သူက ဒေသတစ်ခုလုံးသိကြတဲ့ စံပြနို့ညှစ်သမဖြစ်နေပြီ။ အိုင်ဗင်အင်ဒရိဗ်ကိုလည်း ကြည့်လေ။ သူဟာ ဒီရွာမှာအဆင်းရဲဆုံးပဲ။ မြင်းမရှိ။ နွားမရှိ။ ပေါက်ဆိန်တစ်လက်တောင်မရှိဘူး။ ခုတော့သူက ထွန်စက်အမောင်းသမား ဖြစ်နေပြီ။ ဖိနပ်နှစ်ရန်လည်း ရှိနေပြီ။ ဆဲမီနိုဗစ် အလက်ဆိဗ်ကိုလည်းကြည့် သူက လူမိုက်ကား။ အရက်သမား။ လူညစ် လူတေလေ။ ဘယ်သူမှ သူ့ကို နှမ်းတစ်စေ့ပဲတစ်တောင့်တောင် မယုံဘူး။ သူကလည်း မျက်စိကျရာ အကုန်ခိုးတဲ့သူ။ ခုတော့ သူက ပါတီကော်မတီအတွင်းရေးမှူး ဖြစ်နေပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းလာလိမ့်ဦးမယ်



လူတစ်ယောက် ဘတ်စ်ကားပေါ် အိပ်ငိုက်ပြီးပါလာသည်။ စပယ်ယာက ၎င်း၏ ခြေထောက်ကို မတော်တဆနင်းမိသည်။

၎င်းလူက မပြောမဆိုနှင့်လက်ခုပ်ထတီးသည်။ နံဘေးကလူက ထိုလူထူးဆန်း၏ အပြုအမူကို နားမလည်နိုင်သဖြင့် မေးမိသည်။

"ဪ ကျွန်တော် အစည်းအဝေးပွဲက ပြန်လာတာပါ၊ အစည်းအဝေးမှာ ကျွန်တော်အိပ်ငိုက်နေရင် လက်ခုပ်တီးရမယ့်နေရာဆို ဘေးကလူက ခြေထောက်ကိုနင်းပြီး သတိပေးတတ်လို့ပါ၊ ခုလည်း လက်ခုပ်တီးချိန်ကို သတိပေးတယ်မှတ်ပြီး လက်ခုပ်တီးမိတာပါ"

## အကြံတူညာဏ်တူ



ကောင်လေးက သက်ပြင်းချရင်းပြောသည်။

"ဝူး. . အချစ်ရယ်၊ ကိုယ်တို့လက်ထပ်ပြီးရင် ကိုယ့်မှာဆပ်ရမယ့် အကြွေးတွေ အများကြီးရှိတယ်၊ ဒီအကြောင်းကို မင်းအဖေကို မပြောရဲဘူးဖြစ်နေတယ်"

"ရှင်တို့ယောက်ျားတွေဟာ အားလုံး အတူတူနဲ့အနူနူ သူရဲဘောကြောင်တဲ့သူတွေချည်းပါလား၊ အဖေကလည်း သူ့မှာ အကြွေးပတ်ချာလည်ဝိုင်းနေတယ်ဆိုတာ ရှင့်ကို အသိမပေးရဲဘူးတဲ့လေ. . "



## သူရေးချင်တဲ့သူ့အဖေအကြောင်း



ကျောင်းစာသင်ခန်းတွင် ဆရာမက ကျောင်းသားများကို အဖေအကြောင်း အစီစာကုံးရေးရန်အတွက် ကျောင်းသားများကို လမ်းကြောင်းပေးနေသည်။

"ဖော်ဖော်ရေ သားအဖေက ဘာအလုပ်လုပ်သလဲကွဲ့"

"ကျွန်တော့်အဖေက ဆုံးသွားပါပြီ ဆရာမ"

"အို စိတ်မကောင်းလိုက်တာကွယ်၊ ဒါနဲ့ အဲဒီမတိုင်ခင်ကကောကွယ်"

"ဗိုက်ကိုလက်နဲ့ဖိပြီး အား. . . လို့အော်ရင်း လဲကျသွားတော့တာပဲ ဆရာမ"

## ငဲ့တွာ



ယောက်ျားလုပ်သူ ရေချိန်လွန်ပြီး မူးရူးကာ အိမ်ပြန်ရောက်လာသည်။ မိန်းမက နားရွက်ခေါက်ဆွဲလိမ်ကာပြောသည်။

"ဟင် ရှင်ထပ်သောက်ဦးမလား"

ယောက်ျားက တုံးကျိုဘာဝေ ဆိတ်ဆိတ်နေမြဲဖြစ်သည်။ မိန်းမက အားမလို အားမရနှင့် ထပ်ကာထပ်ကာ မေးသည်။


"ဟင် ကျွန်မမေးနေတယ်လေ၊ ရှင် ထပ်သောက်ဦးမလား၊ နောက်ထပ် ရှင်ထပ်သောက်ဦးမလား"

ယောက်ျားစိတ်ပျက်လက်ပျက်ပုံစံနှင့် စိတ်မပါ့တပါပြောသည်။

"သောက်စေချင်လည်း ငဲ့တွာ"

www.burmeseclassic.com

www.burmeseclassic.com






## ဆွိုးတီး အက်ဖ်အမ်

ဆွိုးတီး အက်ဖ်အမ်အသံလွှင့်နေ လူအများအိပ်ချိန်မှာ စိတ်ပိန်စေဖို့
ဆွိုးတီးအက်ဖ်အမ်အသံလွှင့်နေ လူအများမလန်းနေရင် တန်းသေနိုင်ဖို့
ညကြီးပိုင်းမှာ သီချင်းသံလေးတွေ
သေသေကြေကြေ ထုတ်လွှင့်နေတဲ့
မနက်မိုးလင်းရင် အနားယူဦးမယ်
အဖန်တစ်ရာသေ ထုတ်လွှင့်ဦးမယ့်
ပြည်သူတွေစိတ်ပိန်စရာ အဲဒီကာလီထုတ်လွှင့်မှာ

www.burmeseclassic.com

www.burmeseclassic.com



အခုလို ညကြီးပိုင်း သက်ကြီးခေါင်းချချိန်မှာ ညစဉ်မပျက် ထုတ်လွှင့်နေတဲ့ ဆွိုးတီးအက်ဖ်အမ် ရေဒီယိုအစီအစဉ်များ စတင်ပါတော့မယ်။ သော ဆင်သူ ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ခါးညောင်းပြီသာ မှတ်ပေရော

ခုပထမဆုံးတင်ဆက်မယ့် အစီအစဉ်ကတော့ ညစဉ်ထုတ်လွှင့်နေကျဖြစ်တဲ့ ‘ စိတ်ပိန်စရာ သီချင်းပဒေသာ’ အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ထုတ်လွှင့်ပေးမယ့် သီချင်းကတော့ ‘အခင်းကြီးအမှု’ဆိုတဲ့ မြန်ဟန်နွယ်တဲ့ ရှမ်းသံသီချင်းလေး ဖြစ်ပါတယ်။ ဒီသီချင်းကို သီဆိုမယ့်တေးသံရှင်ကတော့ ‘အယ်လ်ဆိုင်းဝိုင်း’ ဖြစ်ပါတယ်။ နားဒုက္ခ ခံကြပါဦးရှင်။

**အခင်းကြီးအမှု**

မူလဘူတ- ရှမ်းပဲပုတ်

*ဆောင်းတွင်းချမ်းစီးစီး တောင်တန်းကြီးဘေးမှာ ပျက်ခဲ့ရတဲ့*
*ကျွန်မ ဘဝလေးပါ . . .*
*လဘက်ခူးသွားနေချိန်လေးမှာ ဘာကလိုလိုဖြစ်လို့*
*ထဘီလှန်ပြီး အခင်းကြီးသွားခိုက်မှာ. . .*

*ပုဆိုးကွင်းသိုင်းကြီးနဲ့ ချုံထဲကပြေးလာ ငှတ်တရွတ်နဲ့ပဲ*
*လူမည်းမည်းကြီးပါ. . .*
*ကျွန်မမှာ အရှက်လုံအောင်ဖုံးဖို့ ထဘီချြဖို့ရာ*
*ဖင်မှာလပ်နေတဲ့အီးကြောင့် မဖုံးဖြစ်ပါ. . .*

*ကြော်အခင်းကြီးအမှုလို့ ခေါ်ချင်ခေါ်ပါလေ. . .*
*ဒါကိုငွေမယူနိုင်တော့ဘူးလေ. . .*
*တကယ်ပေပွခဲ့တဲ့ မှုခင်းဖြစ်ရပ်ဟာ*
*ခေါ်ပါကွယ် အခင်းကြီး အမှုပါပဲ. . .*

*ခင်မင်တယ် အခင်းကြီးရှင်တွေ ဆင်ခြင်နိုင်ပါစေ*
*ဒီတောင် ဒီတောရပ်မှာလေ*



ညာလောကထဲမှာ လွန်ခဲ့တဲ့ဝနှစ်ခန့်က အင်မတန် လူသိနည်းပြီး အောင်မြင်ခဲ့ပေမယ့် ဒီကနေ့မှာတော့ အင်မတန်လူသိများပြီး အောင်မြင်တဲ့ အနုပညာရှင်ကြီး

အံ့မယ် သီချင်းကောင်းနေတုန်း ကြော်ငြာက ဖြတ်ဝင်လာပြီ

ဝ ရှင်အလုပ်သွားရင်ယူသွားဖို့ ဒီမှာ ထမင်းဗူးနဲ့ ရေနွေးဓါတ်ဗူး သင့်ဖြစ်နေပြီနော်။

♦မလိုတော့ဘူးလေ။

ဝ ဒီမှာ ရှင်အလုပ်သွားရင်ဝတ်ဖို့ ပုဆိုးနဲ့တိုက်ပုံ မီးပူတိုက်ထားပြီးပြီ။

♦မလိုတော့ဘူးလေ

ဝ ရှင်ရုံးကျရင်လက်ဖက်ရည်သောက်ဖို့လက်ဖက်ရည်ဖိုးနဲ့ လမ်းစားရိတ်။

♦မလိုတော့ဘူးလေ။

ဝ ကဲ ဒါတွေမလိုတော့ဘူးဆိုလည်း ဘာတွေလိုလည်းပြော . .

♦မနေ့ကတည်းက အလုပ်ပြုတ်လာလို့ အလုပ်ပဲလိုတယ်ဟေ့ အလုပ်လိုတယ်။

တုံ . .

ဝ ငွီးရှင်းတွေများပြားလည်း. . လေသလပ်တိုင်း အအေးဓါတ်ရနိုင်ခင်လန်ငွီးရှင်း . .

ဝ ဘာပဲပြောပြော ဘာမှမကြားဘူး နားထိုင်း . .

ဆွိုးတီးအက်ဖ်အမ်ပရိသတ်ကြီးရှင် အခုတဖန် ထုတ်လွှင့်ဖို့အလှည့်ကျတဲ့ အစီအစဉ်ကတော့ ညစဉ်ညတိုင်း ထုတ်လွှင့်နေကျဖြစ်တဲ့ ဟက်ပီးသတ်ဒေး အစီအစဉ်ပဲဖြစ်ပါတယ်။

မင်္ဂလာပါရှင်။ အနုပညာလောကထဲမှာ လွန်ခဲ့တဲ့ဝနှစ်ခန့်က အင်မတန်လူသိနည်းပြီး မအောင်မြင်ခဲ့ပေမယ့် ဒီကနေ့မှာတော့ အင်မတန်လူသိများပြီး အောင်မြင်တဲ့ အနုပညာရှင်ကြီး၊ ရှုံ့ဒီးစာပေလောကရဲ့ အောက်ဆွဲကာဝိပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဂွန္တဝင်မောင်မြေလုံးရဲ့ မွေးနေ့ညဖြစ်ပါတယ်ရှင်။ ဟတ်ပီးဘတ်ဒေးပါ ဆရာ ဂွန္တဝင်မောင်မြေလုံးရှင်၊ ဒီညမှာ ကျရောက်တဲ့ ဆရာ့ရဲ့မွေးနေ့ညမှသည် နောင် နှစ်ပေါင်းတစ်ရာကျော်တိုင် ယခုလို ဆရာ့ကိုမှန်းတဲ့ သောက်မြင်ကပ်တဲ့ ဆရာ ရဲ့မယားကြီးဒေါ်အုန်းစိမ်းနဲ့ ဆရာ့ရဲ့ ရပ်ကွက်အော့ကြောလန်သားသမီးများနဲ့ အတူဖြတ်သန်းရင်း လောကရဲ့ ဒုက္ခမျိုးစုံကို ခံစားစံစားနိုင်ပါစေလို့ ကျွန်မတို့ ဆွီးတီးအက်ဖ်အမ်မှ ဆုမွန်ကောင်းများ တောင်းပေးလိုက်ပါတယ်ရှင်။

ဒီနေ့ ဒီညမှာကျရောက်တဲ့မွေးနေ့ရှင်တိုင်းအတွက် ကျွန်မတို့ ဆွီးတီး အက်ဖ်အမ်မှ မွေးနေ့လက်ဆောင်လေး ပြန်ပေးပါရစေ၊ အဲဒီအစီအစဉ်ကတော့ ဒီကနေ့ညမှာ မွေးဖွားတဲ့ မွေးနေ့ရှင်တိုင်းရဲ့ ဇာတာစန်းလဒ် မွေသတ်များကို တွက်ချက်ပြီး ဒီကနေ့ ဗေဒင်လောကရဲ့ဥသျှောင် ဝေဒထိပ်တို့ ( ကလောင် ထိပ်တုံးအောင်တွက်စားလာတာ။ ဤကားစကားချပ်) ဆရာဇာဘော်လီဘ် ကိုယ်တိုင်က တွက်ချက်ပြီး ကိုယ်တိုင် အသံလွှင့်ဟောကြားပေးမှာ ဖြစ်ပါတယ်။ အားလုံး ဘုရားတရားသာ အောက်မေ့ကြပေတော့ရှင်။

အဟွင်း အဟွင်း ဒီကနေ့ညမှာ မွေးဖွားတဲ့သူတွေဟာ ရှုပဗြိုလ်က သုနခေါက်ကိန်းမှာကွယ်ပြီး ဆိုက်ရောက်နေတဲ့အတွက် ဒီဇာတာရှင်များဟာ အသားမှာမည်းမယ်၊ သွားမှာကျဲမယ်၊ ရုပ်မှာ ပိုးစိုးပက်စက်ဆိုးမယ်၊ မျက်လုံး မှာစောင်းပြီး နှာခေါင်းမှာလည်း ရောမလို့ဆိုရအောင် ကြီးမားပြီး ကြမ်းတမ်း ခက်ထရော်မယ်။ သွားမှာခေါပြီး အာပုတ်ရည်လည်း အမြဲလျှံကျနေမယ်။ အာ တွင်းနံ့မှာလည်း ခွေးသေကောင်ပုတ် ငုံထားသလို အမြဲအနံ့ဆိုးလို့ ကန့်က အဘိုးလို့ခေါ်ရလိမ့်မယ်။ ဝဏ္ဏာဘာလုကြယ်ဟာ အနောက်တောင်ဖျား နဂါးအမြီး မြောက်ပြီး အီးပေါက်ချိန်မှာမွေးလို့ ကိုယ်နံ့မှာ သောက်ကျိုးနည်းဆိုးမယ် ကိုယ်ဟန်မှာလည်း အချိုးမကျ ရွှဲစောင်းလို့ ဘာဝတ်ဝတ် ဘာဆင်ဆင် ခါချဉ် ကောင်ပုံ ပေါက်နေမယ်၊ စောရနက္ခတ်က မွေသတ်ကြီးရဲ့ ဗြိုလ်ပေါ်မှာ ထိုင် နေတဲ့ကာလမှာ ကျရောက်တဲ့အတွက် ဒီနေ့ဒီရက်မှာ မွေးဖွားတဲ့ ဇာတာရှင်တွေ ဟာ စာရိတ္တမှာ လွန်စွာညံ့ဖျင်းမယ်၊ လစ်ရင်ယူ ရရင်နိုက် လွတ်ရင်ခိုး စတာ တွေနဲ့ အလွန်အကျိုးပေးသလို အဲဒီလိုမကောင်းမှုတွေလုပ်ဖို့ အမြဲစိတ်စေတသိက် တွေက နိုးကြားနေမယ်၊ လူဆိုးလူမိုက်ဘဝကို မွေးရာမှ သေသည်အထိ ခံရ



ယ်သူတွေဖြစ်တယ်။ လစ်တိုင်းလည်းခိုး၊ နိုးတိုင်းလည်းမိ၊ မိတိုင်းလည်း င်တျမယ့် ဇာတာရှင်များဖြစ်တဲ့အတွက် ထောင့်ကြမ်းခင်းနဲ့ကျော အမြဲ ဆက်လို့ အိပ်စက်ရမယ့် ဇာတာရှင်များဖြစ်တယ်။ ဘနဖူး ဘူတိုဇာနဲ့သိုက် ချင်သူများဖြစ်တဲ့အတွက် မိဘကိုယ်တိုင်က အမွေဖြတ်ပြီး အသေသတ်ချင် တ်အောင် မုန်းတီးနေမယ်။

အများအပေါ် မနာလိုမုန်းထား မစ္ဆရိယစိတ်များပြားလှတဲ့အတွက် လုံးနဲ့တစ်ယောက်ဆိုသလို မဆိုစလောက် ရန်များမယ်။ အမြဲတစေ မား ထုရိုက်ကိစ္စတွေကို ကန်ထရိုက်ဆွဲထားသလို ကြုံနေရမယ်။ ကြုံတိုင်း ခေါင်းကွဲ၊ လက်ကျိုး၊ ဇက်ပိုးစောင်း၊ နှာခေါင်းပြတ်၊ မအားပြုတ်၊ ဇလုတ် မြီးညှောင့်အောက်ပိုင်းသေ စတာတွေနဲ့ အိမ်ဦးနဲ့ကြမ်းပြင် လမ်းထွင်း သလို အမြဲခံနေရမယ်။[4]

အများနဲ့မဖြစ်ရင်လည်း ကိုယ့်ဘာသာကိုယ် ခလုတ်တိုက်ပြုတ်ကျ ရခြင်းများနဲ့လည်းကောင်း၊ လေဆန်လေအောင့်၊ အတွင်းပိုင်းဖေါက်၍ ကောင်း၊ အမြဲတမ်း ဆေးရုံရောက်ကိန်းရှိတယ်။ ရောက်ရင်လည်း ခြသေ့် သည်။ မြေခွေးအသည်းနဲ့ လူနာဆို ပိုက်ဆံလုဖို့ကြိုးစားနေတဲ့ အထူးကုဗေ ဘကြီးတွေနဲ့ပဲ အမြဲကုသမိမယ်။

မိတ္တာဗြိုလ် ကပိုကရိနဲ့ နေရုပ်ပြောင်းချိန်မှာ မွေးဖွားတဲ့အတွက် အိမ် င်ဖက်မှာ ရုပ်ဆိုး၊ ဝန်တို ကုန်းအိုမများနှင့်သာ အကြောင်းဆက် ပေါင်းဖက် န်းမြင်တယ်။ ရတာတစ်ယောက်၊ ရောက်တာတစ်ရာ ဆိုရမလောက် င် အိမ်ထောင်ကျတာနဲ့ယောက်ဖ၊ ခယ်မ၊ မရီး၊ ယောက္ခမအပြင်၊ ပါသားသမီးများနဲ့ သူ့လင်ကြီးကိုပါ တင်ကျွေးဆင်ပေးရကိန်းရှိတယ်။

အိမ်မှာ ပေးသမျှမလောက်၊ ရသမျှကုန်ပြီးကြွေးရှင်များက မားကြိမ်း လို့ ငါးစိမ်းတန်းလို ရုတ်ရုတ်ရက်ရက်နဲ့ ရှုပ်ယှက်ခတ်နေကိန်းရှိတယ်။ အိမ်အတည်တကျ တည်ဆောက်နိုင်ကိန်းလည်း၊ ကမ္ဘာနဲ့အင်္ဂါဂြိုလ်လို ဝေး ဟေး နေဦးမယ်။

ခရီးသွားလိုသူများအနေနဲ့ သတိပြုဆင်ခြင်ရမှာကတော့၊ တောင် ဘုတ်ကိုသွားရင်၊ ခိုက်ရန်ဖြစ်ပွားမယ်၊ မြောက်အရပ်ကိုသွားရင်၊ အမှုဖြစ်မယ်၊

www.burmeseclassic.com

အရှေ့အရပ်ကိုသွားရင် ကျန်းမာရေးဆိုးရွားစွာ ဖေါက်ပြန်မယ်။ အနောက်အရပ် ကိုသွားရင် အသက်သေမယ်၊ ကျန်ကြွင်းအရပ်များကို သွားရင် စိတ်ဖေါက် လေငန်းနဲ့ ရူးသွပ်လမ်းမြင်တယ်။ ရထားနဲ့သွားရင် ရထားလမ်းရေတော့ မယ်။ ကားနဲ့သွားရင် ကားမှောက်မယ်၊ ဆိုင်ကယ်၊ စက်ဘီး အစီးကျင့်ရင် အက်ဆီးဒင့်အကြီးကြီးဖြစ်ကိန်းကြုံမယ်။ ရေလမ်းနဲ့ အကျိုးမပေးပုံများက တော့ ဟင်းချိုသောက်ရင်း ဇွန်းအပင့်မှာ ရေနစ်ကိန်းရှိတယ်။

ဒီနေ့ဒီရက်မှာမွေးဖွားတဲ့ ကျော်ကြားပုဂ္ဂိုလ်တွေကတော့ ကမ္ဘာ့ တင်စရာ သူခိုးကြီး 'ဗိုင်ယာဘောလစ်'။

မြန်မာပြည်မှာတော့ အင်းဝခေတ်တလျှောက် နေ့မအိပ်ညမနား ခိုးခြင်းနဲ့ တိုင်းပြည်ကို ချောက်ချားအောင်လုပ်ခဲ့တဲ့ 'သူခိုးကြီးတေက်ပြား'နဲ့ ဆရာကိုယ်တိုင်တို့ ဖြစ်ပါတယ်။

သီချင်းတစ်ပုဒ်လောက်တော့ လွှင့်ဦးမှပါရှင်။ နားသောတဆင်ကြ ပါဦးရှင်၊

- ဘီလပ်ရည်ချိုချိုလေး တောင်ကြီးသူမ အပျိုလေးဟော့ အပျိုလေး
- ဘီလပ်ရည်ရှုတတ တောင်ကြီးသူမ လှမှလှဟော့ လှမှလှ
- ဘီလပ်ရည်အမြှုပ်ထ တောင်ကြီးသူမ ငါနဲ့ရဟော့ ငါနဲ့ရ
- ဘီလပ်ရည်ခြောက်ကျပ်ခွဲ တောင်ကြီးသူမ အာဟား အာဟား

ယိုယို ရေ ရေ အွန်းဟွန် အွန်းဟွန် ရဲ ရဲ . .

ဒီကနေ့ ညကြီးပိုင်းအစီအစဉ် ဒီတင်ပြီးဆုံးပါပြီရှင်၊

ဆွိုးတီး

*__ဆွိုးတီးအက်ဗ်အမ်ကဏ္ဍအတွက် အနယ်နယ်အရပ်ရပ်မှ သီချင်းပြောင်များ၊ အခြားအက်ဗ်အမ်ကဏ္ဍများ၊ အခမဲ့ကြော်ငြာများ ပေးပို့နိုင်ပါသည်။ အလျဉ်းသင့်သည့်လတွင်အသုံးပြုဖော်ပြသွားပါမည်။__*

*__မူလဘူတ သီချင်းအမည်၊__*

*__သီဆိုသူအမည်များ ဖော်ပြပေးပို့ပါ။__*



# သွေးဆိုးတဲ့လူ

လူတစ်ဦး အရက်ဘားသို့ ဝင်လာသည်။

"ဟေ့ ငါ့အတွက် ဝီစကီနှစ်ပက်၊ စားပွဲထိုး မင်းအတွက်လည်း နှစ်ပက်၊ ဟောဟိုက ကောင်တာမှာထိုင်နေတဲ့ လူအတွက်ပါ နှစ်ပက်ငှဲ့ကွာ"

စားပွဲထိုးက ဝမ်းသာစွာ ဆောင်ရွက်ပေးပြီး သူ့အတွက်ရသော ဘောက်ဆူးနှစ်ပက်ကို မော့လိုက်သည်။ ထိုလူမှာပင် ငွေးဝိတ်တာကို ထပ်ခေါ်ပြီး

"ဟေး ဘွိုင် ငါ့အတွက်ဝီစကီနှစ်ပက်၊ အေး မင်းအတွက်လည်း နှစ်ပက်၊ ဟိုကောင်တာဆရာအတွက်ပါ နှစ်ပက်လုပ်ဦးကွာ"

စားပွဲထိုးက ဆောင်ရွက်ပေးပြီး သူ့ကိုယ်တာကို သူမြိုလိုက်ပြန်သည်။

ထိုသို့ပင် ထိုလူက သူ့အတွက်နှစ်ပက်မှာပြီးတိုင်း စားပွဲထိုးနှင့် ကောင်တာထိုင်သူတို့အတွက် နှစ်ပက်စီပေးရင်း ရေချိန်ကိုက်လာသည်။

"အေး ငါလည်းရေချိန်ကိုက်ပြီ၊ သွားဦးမယ်ဟေ့"

စားပွဲထိုးက ပြေးလာပြီး . .

"ဆရာ ဒီမှာ ဘီလ်ရှင်းပေးပါဦး"

"အာ တို့သုံးယောက်အတူသောက်တာကို ငါ့မှာပိုက်ဆံမပါဘူး၊ မင်းရှင်းလိုက်၊ မဟုတ်ရင် ကောင်တာကကောင်ကို ရှင်းခိုင်းလိုက်"

စားပွဲထိုးက ဒေါသကို မထိန်းနိုင်သဖြင့် ထိုးကြိတ်လွှတ်လိုက်သည်။

နောက်နေ့ ထိုသူပင် အရက်ဘားသို့ ရောက်လာပြန်သည်။

မနေ့က စားပွဲထိုးကိုပင် ထပ်မှာ၏။

"ဖော့ ဘွိုင် ငါ့ဖို့ဝီစကီနှစ်ပက်ပေး၊ ဟောဟိုကောင်တာကလူအတွက် နှစ်ပက်ပေးပါ"

စားပွဲထိုးက တစ်ချက်တွေသွားရင်း

"ဟင် ကျွန်တော့်အတွက်ရောမပါတော့ဘူးလား"

"မင်းတို့ တိုက်လို့မဖြစ်ဘူး၊ မင်းကအရက်မူးလာရင် ထိုးချင်ကြိတ်ချင်နဲ့ အရမ်းသွေးဆိုးတယ်"

ကောင်းကင်သစ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အကပ်

နဖူးပေါ်မှစီးကျလာသည့် ချွေးများကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်သည်။ မနက် (၄)နာရီမှစ၍ ဆိုက္ကားနင်းပြီးပြန်လာသည့် ကိုထွန်းနိုင်တစ်ယောက် သားဖြစ်သူကိုမြင်မှ ပို၍အမောဆို့သွား၏။

ခုပဲ မနက်(၁၀)နာရီရှိပြီ။ ကြည့်စမ်းပါဦး၊ သားကြီးဖြစ်သူ အောင်ခိုင်မင်းမှာ အိမ်ရှေ့ကွပ်ပျစ်တွင် လူးလိမ့်၍အိပ်ကောင်းတုန်းပင်။

"ဟဲ့ အကြီးကောင် ထတော့လေကွာ၊ နေမြင့်ပေါ့"

"အင်း. ."

အောင်ခိုင်မင်းတစ်ယောက် ခပ်ရှည်ရှည်ညည်းသံနှင့် ခွေခေါက်ပြီး အိပ်နေပြန်၏။

"ဟေ့ကောင် အောင်ခိုင်မင်း ထစမ်း၊ ဟိုမယ် မင်းအမေ ... ရောင်းကပြန်လာရင် မင်းမြင် ... အမောဆို့ဦးမယ်"

ကိုထွန်းနိုင်၏ ခပ်ဆ... ဆတ်အသံကြောင့် အောင်ခိုင်... အိပ်နေရာမှ ငုတ်တုတ်ထထိုင်လိုက်...

"ဟေ့ကောင် သွား၊ မျက်... သစ်ချေ"

အောင်ခိုင်မင်း ခေါင်း... တပြင်းပြင်းကုတ်၍ ထိုင်နေ... သည်။

"ထလေကွာ၊ မျက်... သစ် ထမင်းစားချိန် ရောက်နေ... ထမင်းစားပြီးတော့မှ ဆက်... ချင်အိပ်"

ကိုထွန်းနိုင်ကို လှမ်း... နေသည့် သားကြီးအောင်ခိုင်မင်း...



...က်လုံးများက မျှော်လင့်ချက်မဲ့ကာ ...ိုင်းနေသည်။

ကိုထွန်းနိုင် သက်ပြင်း ...ီးကြီးတစ်ခုကို ချလိုက်မိ၏။ ...၍သက်ပြင်းမှာ ဘယ်နှစ်ကြိမ် ...ြောက်မှန်းပင်မသိတော့။

◆ ◆ ◆

ကိုထွန်းနိုင်က ဆိုက္ကား ...မားစစ်စစ်ပါ။ ဆိုက္ကားနင်းသည့် ...လုပ်ကလွဲ၍ မည်သည့်အလုပ်ကိုမှ ...ုပ်ဘူးပါ။ လုပ်လည်းမလုပ်တတ် ...။ မိုးသားသည့်ကိုထွန်းနိုင်ကို လု... ...က ချစ်ခင်လေးစားကြသည်။ အ... ...်တို့ မိုးသားကြိုးစားစွာလုပ်ကိုင် ...ည်။ စည်းကမ်းရှိသည်။ မမြကျင်က ...သည်၊ မမြကျင်ကို ဈေးကြီးပို့ ...်ရင်း ဆိုက္ကားသမားကိုထွန်းနိုင် ...န်းသည်မမြကျင်တို့ အကြောင်း ...ကြသည်။ ပန်းသည်နှင့် ဆိုက္ကား ...မားဆိုပေမယ့် ကိုထွန်းနိုင်တို့ လူ... ...စေ့နေနိုင်သည်။ စားဖို့ စုဖို့ လျှ... ...ို အချိုးချနိုင်ကြ၏။

ကိုထွန်းနိုင်ရော မမြကျင် ...ခေတ်ပညာကို ကောင်းစွာမသင် ...ခဲ့ရပါ။ သေစာရှင်စာဟု ခေါ် ...း ရေးတတ်ဖတ်တတ်ရုံသာ ...ကြသည်။ မမြကျင်နှင့်အကြောင်း ...ပါပြီး သားသမီးများ ထွန်းကားလာတော့ ကိုထွန်းနိုင်၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ သားသမီးများ ပညာတတ်ရမည်။ သူတို့တုန်းက မသင်ဘူးသည့်စာ မတက်ခဲ့ဘူးသည့်ကျောင်းများကို တက်ရောက်နိုင်ရမည် ဟူသည့်ဆန္ဒမှာ သူ့တွင် အစဉ်ကြီးစိုးခဲ့၏။

အလုပ်လုပ်လည်း ဒီစိတ်၊ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်နှင့် ရသမျှငွေကိုလည်း စိစစ်နိုင်သမျှ စိစစ်ပြီး သားသမီးများအတွက်သာ ရှိသမျှ အားရုံကို စုစည်းထားခဲ့သည်။

ကိုထွန်းနိုင်တို့တွင် သားနှစ်ယောက်နှင့် သမီးတစ်ယောက် ထွန်းကားခဲ့၏။ ကိုထွန်းနိုင် မျှော်လင့်ခဲ့သလိုပင် သားကြီးအောင်ခိုင်မင်းမှာ အလွန်လိမ္မာယဉ်ကျေးပြီး စာတော်သည့် ကလေးတစ်ယောက်ဖြစ်ခဲ့သည်။ နှစ်စဉ်နှစ်တိုင်း အတန်းတွင်းဆု၊ မြို့နယ်ဆု အစရှိသည်တို့ကို သားကြီးအောင်ခိုင်မင်း ဆွတ်ခူးနိုင်ခဲ့သည်။

ထိုစဉ်က ဆံပင်ဘိုကေခွဲ၍ မျက်လုံးတောက်တောက်နှင့် ကြည်လင်နေသော သားကြီးကို ကြည့်၍ ကိုထွန်းနိုင် အမျိုးမျိုး

www.burmeseclassic.com



စိတ်ကူးယဉ်ခဲ့ဖူးသည်။

"ငါ့သားကြီးက အရာရှိကြီးဖြစ်မှာ"

"ဒါမှမဟုတ် ကမ္ဘာပတ်ပြီး အလုပ်လုပ်မယ့် အင်ဂျင်နီယာကြီး"

"ဒါမှမဟုတ် ဘက်(စ်)မန်းတွေ တစ်ပြုံကြီးနဲ့ သူလိုကိုယ်လိုတွေ မော့မကြည့်ရဲလောက်အောင် ရာထူးကြီးမယ့်သူ"

ထိုရည်မှန်းချက်များနှင့် သားကြီးကို လိုလေသေးမရှိ သူ တာဝန်ကျေခဲ့သည်။ သားကြီးကလည်း တာဝန်ကျေခဲ့၏။ နှစ်စဉ် တစ်နှစ်တစ်တန်း အောင်ပြီး(၁၀)တန်းကိုလည်း နှစ်ချင်းပေါက်အောင်ခဲ့၏။ သားကြီး(၁၀)တန်းကို ဂုဏ်ထူး(၃)ခုနှင့် အောင်သည်ကိုကြား၍ ကိုထွန်းနိုင်တစ်ယောက် ဆိုက္ကားဂိတ်တွင် ဇွမ်းဘယ်နှပတ်ထိုးမိမှန်းမသိအောင် အပျော်ကြူးခဲ့သည်။

"ငါ့သား အရာရှိကြီး"

"ငါ့သား ဝန်ကြီး"

"ငါ့သား သူဌေးကြီး"

သူ ဘာတွေအောင်မိမှန်းပင် မမှတ်မိတော့။ ခု သားကြီးက တာဝန်ကျေစွာပင် တက္ကသိုလ်မှ အဆင့်မြင့်ဘွဲ့ကို ရခဲ့ပြီ။ ထိုအချိန်မှ စ၍ ကိုထွန်းနိုင်တို့အတွက် ဒုက္ခ ခေါ်ရမလား၊ ပြဿနာဟုခေါ် လား၊ ကိုထွန်းနိုင် မမျှော်မှန်းထ သည့်အရာများကို နဖူးတွေ့ဒူးေ ကြုံတော့၏။

"အလုပ်တွေက အ တွေနဲ့အဖေရဲ့၊ သားတို့လိုလူမျိုး ဘယ်လိုရနိုင်မှာလဲ"

ကိုထွန်းနိုင် မကြားဘူး သည့်စကားများကို စတင်ကြားရ တော့သည်။ ထိုစကားများကို လုံးဝ လက်မခံနိုင်ပါ။

"မင်းမှာ လိုအပ်ချ တစ်ခုခုရှိသေးလို့နေမှာပေါ့ ဒီအလုပ်မရလည်း နေပါ့ကွ ပြောတဲ့ ဒီပလိုမာဆိုလား သင်တ တွေ တက်လို့ရတယ်ဆိုတာ တွေကို တက်ချည်ဦး၊ ကိုယ့်မှာ ပ စုံတော့ ကောင်းတာပေါ့ကွ"

သားကြီးက သူ့စ သူ့ဆန္ဒများကို လက်ခံရှာသ တက်လိုက်သည့်သင်တန်း။ လိုက်ရသည့် ဒီပလိုမာ၊ လျှောက်လို့ ရသည့်အလုပ်။ ခုပင် သားကြီး နှစ်ဆယ်ကျော်အစိတ်ပိုင်း အရွ တော်တစ်ဆိတ်ဟိုင်းမကလို့ သုံးဆ နားပင်ကပ်ချင်ပြီ။



ကိုထွန်းနိုင်တို့ အိမ်နံရံတ်လည်တွင် အောင်ခိုင်မင်း၏ ဘွဲ့၊ ဒီပလိုမာ၊ သင်တန်းဆင်းလက်မှတ်များ ပြည့်နှက်နေပြီ။ တက်စရာသင်တန်းပင် ရှိပုံမရတော့ပါ။ နံရံတွင်လည်း ကပ်စရာနေရာမရှိတော့။ အိမ်ရှေ့တွင် ခေါင်းစုတ်ဖွားနှင့် ပျင်းရိပျင်းတွဲ မျက်နှာသစ်နေသည့် သားကြီးကိုကြည့်၍ သူ့ရင်တွင် ဆို့နင့်၍လာ၏။

"သားကြီး"

"အင်း . ."

အောင်ခိုင်မင်း၏ ပျင်းရိပျင်းတွဲအသံ။

"သားကြီးအတွက် အဖေအလုပ်တစ်ခုသွားပြောပေးမလားလို့ ကုမ္ပဏီပဲလေ"

အောင်ခိုင်မင်း ခေါင်းငုံ၍ ခိုးပြုံးလိုက်၏။ ကိုထွန်းနိုင် မမြင်ဟန်ပြု၍

"ဒီတစ်ခါတော့ အဆင်ပြေမှာ သားကြီးရဲ့၊ အဖေတို့ဆိုက္ကားဂိတ်က ကိုမောင်ဦးနဲ့သွားမှာ"

အောင်ခိုင်မင်း ကြားဟန်မပြုပါ။

"ကိုမောင်ဦးက ဒီရပ်ကွက်မရောက်ခင် ဆိုက္ကားမနင်းခင် ကုမ္ပဏီလူကြီးတစ်ယောက်အိမ်မှာ ဒရိုင်ဘာလုပ်ခဲ့ဖူးတယ်၊ အဲဒီကုမ္ပဏီလူကြီးက အတော်အရေးပါဆိုပဲ၊ သူက ထောက်ခံရင် သားကြီး ဘာအလုပ်မဆိုရနိုင်တယ်"

အောင်ခိုင်မင်း ပြုံးမြဲ၏။ သူ့အပြုံးက သူ့လိုပင် မျှော်လင့်ချက်မဲ့နေ၏။

◆ ◆ ◆

"ကိုထွန်းနိုင် ဒီအိမ်ပဲ"

ကြီးမားကျယ်ဝန်းလှသည့် အိမ်ကြီးကို လှမ်းမျှော်ကြည့်လိုက်သည်။ ကိုထွန်းနိုင်စိတ်တွင်း၌ တစ်ခ မျှ မဝင်ဘူးသည့် သိမ်ငယ်စိတ်က တိုးဝင်ရောက်လာ၏။ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်ပြီး

"ဘာဖြစ်လဲ၊ ငါ့ကို မ ကျင်က သပ်သပ်ရပ်ရပ်ဖြစ်အော ဆင်ပေးလိုက်တာပဲ"

ဘေးမှ ကိုမောင်ဦးက လှည့်ပြုံးပြ၍

"ကိုမောင်ဦးရော တစ် တည်း လိုက်ဝင်ခဲ့ပါလား"

ကိုမောင်ဦးက သူ့ကို ဝေဝေကြည့်ရင်း

"ကျွန်တော် ကာပဲစော မယ်လေ၊ ကိုထွန်းနိုင် လွတ်လွ လပ်လပ် ပြောလို့ရအောင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



● ထိုသူမှ တစ်ခုတည်းသော ခုံတွင်ထိုင်၍ သူ့ကိုထိုင်ရန် အမိန့်ပေးနေ၏။ သူ ဘေးဘီဝေ့ကြည့်ပြီး ထိုင်ခုံလည်းမရှိသည်နှင့် ခင်းထားသည့်ကော်ဇောပေါ် ထိုင်ချလိုက်၏။

ကိုထွန်းနိုင် ကန်တော့မည့် မုန့်ထုပ်ကို ဆကြည့်ရင်း

"အေးဗျာ ကျွန်တော်ပဲ သွားလိုက်မယ်၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ကိုမောင်ဦး ပြုံးလိုက်ပြီး

"ရပါတယ်ဗျာ၊ အချင်းချင်းတွေပဲ၊ ဂိတ်ပေါက်ကို ကျွန်တော် ပြောထားပြီးပြီ၊ ခင်ဗျား ဝင်သွားလိုက်တော့"

"ဟုတ်ကဲ့"

ခြံဝင်းအတွင်းသို့ သူ ဖြည်းလေးစွာ လျှောက်လှမ်းခဲ့၏။ သားအတွက်ဟု သူ့စိတ်တွင် အားတင်းထားရသည်။ အိမ်ပေါက်မှဝင်လိုက်သည်နှင့် ကျယ်ဝန်းလှသည့် ဧည့်ခန်းကြီးတစ်ခုကို သူ တွေ့လိုက်ရသည်။ တစ်ခန်းလုံး မွေ့ပွကော်ဇော ဟုခေါ်မလား။ အမွေးနုလေးများနှင့် အစိမ်းရောင်တောက်နေသည့် အခင်းကိုခင်းထား၏။

အခန်း၏ အလယ်တည့်တည့်တွင် ကနုတ်များနှင့် လှပစွာ ထုဆစ်ထားသည့် ကျွန်းဆက်တီ ကုလားထိုင်ကြီး တစ်လုံးမှလွဲ၍ တစ်ခန်းလုံး ဘာတစ်ခုမှ ခင်းကျင်းထားခြင်းမရှိပေ။

အခန်းနံရံပတ်ပတ်လည်တွင်တော့ တန်ဖိုးကြီးကျောက်စိမ်း ပန်းချီကား မျိုးစုံကိုတွေ့ရ၏။ ခြေသံ တဖျတ်ဖျတ်ကြားမှ ကိုထွန်းနိုင် ပန်းချီကားများထံမှ အကြည့်ခွာ၍ အခန်းတွင်း ဝင်လာသူကို ကြည့်လိုက်သည်။

အရပ်ခပ်ပြတ်ပြတ်၊ ထိပ်ပြောင်ပြောင်ကို အရင်သတိထားလိုက်မိသည်။ ခပ်မှေးစင်းစင်းမျက်လုံးများနှင့် ကိုထွန်းနိုင်ကို လှမ်းကြည့်ပြီး

"အင်း ထိုင်"

တွဲကျနေသည့် ပါးစုံကြီးများက လမ်းလျှောက်တိုင်း တုန်တုန်တုန်တုန်ဖြစ်နေပြီး ကြီးမားတုတ်ခိုင်သော လည်တိုင်ကြီးများတွင် အဆီ ရစ်များကို တွေ့နေရ၏။



မဲပြောင်နေသည့်အသားမှ အားမနာ နုဖတ်သည့် ပန်းနုရောင် ဆိုဒ်ရှပ်ကို ဆင်မြန်းထားသေးသည်။

"ထိုင်လေ"

ထိုသူမှ တစ်ခုတည်းသော ခုံတွင်ဝင်ထိုင်၍ သူ့ကိုထိုင်ရန် အမိန့် ပေးနေ၏။ သူ ဘေးဘီဝေ့ကြည့်ပြီး ထိုင်ခုံလည်းမရှိသည်နှင့် ခင်းထား သည့် ကော်ဇောပေါ် ထိုင်ချလိုက်၏။ သူ့တွင်ပါလာသည့် ကန်တော့မည့် မုန့်ထုပ်ကို ထိုလူ့ရှေ့စားပွဲတွင် အသာ အသာတင်လိုက်ပြီး ထိုလူ့ကို မရဲ တရဲ ကြည့်လိုက်၏။

"အင်း လိုရင်းပြော၊ ကျုပ် အချိန်မရဘူး"

ကိုထွန်းနိုင် တံတွေးမျိုချ လိုက်ပြီး ပြောရမည့်စကားကို စီ လိုက်၏။

"ဟိုလေ ကျွန်တော်"

ထိုအချိန်တွင်ပင် အိမ် အတွင်းဘက်မှ ဖွေးဖွေးဖြူနေသည့် အမွေးပွခွေးလေးတစ်ကောင် ဧည့်ခန်း ထဲပြေးဝင်လာ၍ ခုံပေါ်တွင်ထိုင်နေ သည့် ထိုလူ့ပေါင်ပေါ်သို့ စွေ့ခနဲ ခုန် တက်လိုက်၏။

"ဩော် သားက ဖေကြီးကို လွမ်းလို့လား"

ခွေးဖြူလေးက ကိုထွန်းနိုင် ကို လှမ်းကြည့်ပြီး မတူမတန်သလို တဝုတ်ဝုတ်နဲ့ ထိုးဟောင်နေသေးသည်။

"ဩော် သားက ဆာလို့ လား၊ ကလေးကို ကောင်းကောင်း မကျွေးကြ ဖြစ်ဘူးထင်တယ်"

ထိုလူမှ ခွေးဖြူလေး ခေါင်းကို ပွတ်ကာပွတ်ကာနှင့်

"ငါ့သားကို စေတနာ မထားတဲ့ကောင်မတွေကို မောင်း ထုတ်ပစ်ရမယ်"

ကိုထွန်းနိုင် ပြောရမည့် စကားများက လည်ပင်းတွင်နင်နေ သည်။

"အဟမ်း အဘ ဒီလိုလေ"

ထိုလူက ကိုထွန်းနိုင်စကား ကို လုံးဝအာရုံမရောက်တော့။ မုန့် ထုပ်ကိုအနံ့ခံနေသည့် ခွေးလေးခေါင်း ကိုပွတ်၍

"သားလေးက ဒါစားချင် တာလား၊ ဖေကြီးကျွေးမှာပေါ့"

ကိုထွန်းနိုင် မျက်လုံးပြူး သွား၏။ သူယူလာသည့်မုန့်ထုပ်ကို လူကြီးက ပြိခနဲနေအောင် ဆွဲဖောက် လိုက်၏။ အတွင်းမှ မုန့်တစ်ခုကိုယူပြီး

"ကဲ စားပါသားရဲ့"

ခွေးလေးက မစားဘဲ

www.burmeseclassic.com

www.burmeseclassic.com



တအီအီလုပ်နေသည်။ ကိုထွန်းနိုင်ရင်ထဲ နင့်သွား၏။ ထိုမုန့်မျိုးကို အိမ်ရှိ ဇနီးနှင့်သားသမီးများပင် မစားဘူးကြ။ မြန်မာပြည်တွင် ‘ဈေးအကြီးဆုံးမုန့်ကို အမြတ်တနိုးယူလာသည့်လူရွှေမှာပင် ဖောက်၍ ခွေးကျွေးပစ်ရက်သည့် ထိုလူကိုလည်း အံ့ဩနေမိတော့သည်။

“ဟင် ဖေ့သားကြီး မစားဘူးလား၊ ဘာလို့လဲသားရဲ့”

ခွေးဖြူလေး မစားသည့် မုန့်ကို တဖွဲဖွဲ၍ ထိုသူ အနုံ့ခံကြည့်လိုက်ပြီး

“ကောင်းသားပဲ သားရဲ့၊ သားပါးစပ်ပျက်နေလား မုန်းစမ်း”

ထိုသူ သူ့ခွေးနှင့်မျက်လုံးမြှုပ်၊ ပါးစပ်ဖြင့် အလုပ်ရှုပ်နေသည်။ အိမ်တွင်းဘက်လှမ်းကြည့်ပြီး

“ဟဲ့ မိနီ၊ မိသီ”

“ရှမ်”

“ရှမ်မနေနဲ့ လာစမ်း၊ ငါ့သားပါးစပ်ပျက်ပြီး နေမကောင်းဘူးထင်တယ်၊ ဆရာဝန်ဆီ ဖုန်းဆက်စမ်း၊ အထူးကုနော်၊ တစ်ယောက်ကဟိုတယ်ကို လှမ်းမှာ၊ တောကြက်စစ်စစ် ပေါင်းရည်တစ်ပွဲ ပို့ပေးပါလို့”

ပြီးတော့မှ ထိုလူက ကိုထွန်းနိုင်ကို လှမ်းကြည့်ပြီး

“လုပ်လေ ကန်တော့လေ၊ ကျုပ်က အားတာမဟုတ်ဘူး”

“ခင်ဗျာ ဟိုလေ၊ ကျွန်တော် မပြော”

“ခင်ဗျား ကန်တော့ဖို့လာတာ မဟုတ်လား”

“ဟုတ်ကဲ့ ကျွန်တော်”

“လုပ် လုပ်”

ထိုလူက ပြောပြောဆိုဆို ကိုထွန်းနိုင်ကို လောဆော်လိုက်၏။ ကိုထွန်းနိုင် ဆက်မစဉ်းစားတော့ဘဲ ခုံပေါ်မှခွေးဖအောက်ကိုရော ခွေးသားကိုပါ ဦးချလိုက်တော့သည်။

◆ ◆ ◆

ကိုထွန်းနိုင် အပြန်လမ်းတစ်လျှောက်လုံး ခေါင်းငိုက်စိုက်ချ၍ အိမ်ကိုပြန်ခဲ့တော့သည်။ သူ့မျက်လုံးထဲတွင်လည်း ပြန့်ကျဲနေသည့်မုန့်များ၊ ထိုလူ၏ မဲပွပွမျက်နှာ၊ ဖွေးဖွေးဖြူနေသည့် ခွေးကလေး သားကြီးလည်း ထိုလိုလူမျိုးတွေရှေ့တွင် စိတ်ဓာတ်များ သိမ်ငယ်ပျက်ပြားအောင် အလုပ်ရရေးအတွက် ဘယ်လောက်နင်းခြေခံခဲ့ပြီးပြီလဲ။ သူ တစ်ခါမှ မခံစားဘူးသည့် ဝေဒနာတစ်ခုကို ရင်တဆစ်ဆစ်နာအောင် ခံစားခဲ့ရ၏။



သူ အိမ်ပေါ်ရောက်သည်နှင့် အိမ်ထရံပတ်လည်တွင် ချိတ်ထားသည့် သားကြီး၏လက်မှတ်များကို သူ အသိစိတ်မဲ့စွာ ဆွဲဖြုတ်လိုက်တော့၏။

သားကြီးအောင်ခိုင်မင်းက သူ့ကို မျှော်လင့်ချက်မဲ့နေသည့် မျက်လုံးမှိန်မှိန်များနှင့် ငေးကြည့်နေသည်။ သူ အောင်ခိုင်မင်းရှေ့ ပြန်လျှောက်လာပြီး လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် သော့တစ်ချောင်းကို ပစ်ချလိုက်၏။

“သားကြီး ရော့၊ အဲဒီမှာ ဆိုက္ကားသော့၊ မင်း ဆိုက္ကားနင်းလို့ ရတယ်၊ တို့လူမျိုးတွေက ကြင်နာတတ်ကြတယ်၊ သည်းခံတတ်ကြတယ်၊ သယံဇာတတွေကလည်း ပေါမှ ပေါ[...] အလုပ်လုပ်ဖို့ပဲလိုတယ်၊ ဘာအလုပ်[...] ကိုယ်လုပ်လုပ် အလုပ်လုပ်နေရင် ဘယ်[...] မှ ထမင်းမငတ်ကြဘူး သိလား”

ကိုထွန်းနိုင်ရင်ထဲတွင်[...] လည်း တကယ့်အစစ်အမှန်တစ်[...] မြင်တွေ့သွားသလို ပေါ့ပါးသွားတော[...] သည်။

သားကြီးအောက် အငယ်[...] လေး(၂)ယောက်ကိုလည်း မှန်မှ[...] ကန်ကန် တွေးတောဆုံးဖြတ်တတ်[...] သူ သင်ကြားပေးရဦးမည်။

▌ထိပ်တင်လက်[...]

| ပ | ေ | ဟ | ဦ | အ | ေ | ဖြ | မှ | န် |
|---|---|---|---|---|---|---|---|---|

(၁) စားပွဲ

(၂) ကျောက်သင်ပုန်း

(၃) မီးမျက်ရက်ဖြစ်ပါစေ


(၄) ကလေး

(၅) ဘယ်ဟာနဲ့နှိပ်နှိပ် မှန်ပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကံကောင်းခြင်းလက်ဆောင်

ဒါကိုမြင်ရင် ကံကောင်းတယ်၊ ဒါကိုတွေ့ရင် လာဘ်ရှိတယ်၊ ဒီအသံ ကြားရင် မင်္ဂလာရှိတယ်ဆိုသည့် အယူအဆများ ကျွန်တော်တို့ထံ၌ များစွာ ရှိကြ၏။ လူ့အမျိုးမျိုး အယူအဆအဖုံဖုံ စုံတကာစေ့နေသည်ကို မိတ်ဆွေတို့ သိမြင်ကြပါလိမ့်မည်။

စကားပြောနေတုန်း အိမ်မြှောင်စုတ်ထိုးသံကြားလျှင် ဟော လာဘ် ရှိမယ့်နိမိတ်ပဲဟု ဆိုကြ၏။ ထိုအိမ်မြှောင်က ဘာသာဘာဝ ဖိုသံပေးနေတာ ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် အာယားနေသောကြောင့် လည်ချောင်းရှင်းနေ တာလည်း ဖြစ်ချင်ဖြစ်မည်၊ သို့တည်းမဟုတ် စကားပြောဆိုနေကြသည့် ထို များကို သနားစရာကောင်းလိုက်တာဟု တကျွတ်ကျွတ်နှင့် စုတ်သပ်နေတာလည်း ဖြစ်ကောင်းဖြစ်နေမည်။ သို့သော် ကျွန်တော်တို့ကတော့ လိုရာဆွဲတွေးလို



ချည်သာ။

လူမမာအိမ်သို့ ဆရာဝန်ကြွလာခိုက် တောက်တဲ့အော်သံကြားလျှင် တော့ ကောင်းမယ် ကောင်းမယ်လို့ ရွှေတောက်တဲ့က ဆိုနေသဗျဟု အသံ အ လိုရာဆွဲတွေးတတ်ကြပြန်၏။ အမှန်တော့ ထိုတောက်တဲ့၏အသံက ကုန် ကုကုန်ဆိုလျှင် ပိုပြီးနီးစပ်မလားပဲ၊ ဟုတ်ဘူးလား။ ယုတ်စွအဆုံး ဒိအန်းများ တအာအာနှင့် ဆူညံနေကြလျှင်တောင်မှ ရွှေကျီးလေးတွေ သာလှ ပြော၊ ဧည့်ကောင်းဆောင်ကောင်းတွေ ကြွလာမယ့် နိမိတ်ပေပဲ ဟု ကောက် ကာ်ဆွဲတတ်ကြပြန်၏။ လူများခက်ပုံပြောပါတယ်။

တချို့ဆိုလျှင် အနိဋ္ဌာရုံများနှင့် ပတ်သက်လျှင်တောင်မှ ကံကောင်း သည်ဟု ယူဆတတ်ကြပြန်၏။ ယောက္ခမသေလို့ ကံကောင်းလိုက်တာဗျာ ပြီး ပီတိဖြစ်နေသူ အများအပြား တွေ့မြင်ဖူးကြပေလိမ့်မည်။ ဤကား ချွဲသဘော။ မရောက်သင့်မရောက်အပ် မစည်ကားအပ်သည့်နေရာများ ကြိတ်ကြိတ်တိုးစည်ကားနေသောကြောင့် ကုံကောင်းလိုက်တာ ကံကောင်း က်တာဟု ဝမ်းသာအယ်လဲဖြစ်နေသူများအကြောင်း ဆက်ရေးနေလျှင် တော့ ဤစာပုဒ်ဆုံးအံ့မည်မထင်။

တစ်ခါကလည်း သူငယ်ချင်းတစ်ယောက်နှင့် တွေ့လိုက်ဖြစ်၏။ သူ့ နှာကြီးက ဝင်းပနေသည်။ ကျွန်တော့်ကို မြင်တာနှင့်. .

"ငါတော့ ကံကောင်းပြီကွ"

"ဘာဖြစ်လို့လဲ၊ သိန်းသုံးရာထီပေါက်လို့လား"

"ဟား ဟား တား အဲဒါထက်တောင် ပိုကံကောင်းသေး၊ ငါ့မိန်းမ ကွာ သဘောက်မသားတစ်ကောင်နဲ့ လိုက်ပြေးသွားသကွ၊ ပေါ့သွားတာ ပေါ့သွားတာပဲ၊ အဲဒီကောင်ကြီး ဒုက္ခလှလှရောက်ဦးမှာ မြင်ယောင်သေး ကွာ၊ ဟား ဟား ဟား"

ကိုင်း. . မခက်လား။ ကံကောင်းခြင်းအယူအဆများ ပြောပါတယ်၊

တစ်ခါသားမှာလည်း လူအများ စုံပြုံတိုးဝှေ့ကြည့်ရှုနေရာ လမ်းမ တစ်ခုသို့ ရောက်ဖြစ်၏။ လော်လီကားကြီးတစ်စီးနှင့် ဟာဉ်ထိန်းရဲများ ည်း တွေ့မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေသလားဟု
ကြည့်လိုက်တော့ ရုပ်ကအတည်ကြီး
ကားကြိတ်လို့ ခေါင်းပြားသွားတာများ
ကံကောင်းသတဲ့လား

"ဘာဖြစ်တာလဲဗျ"

အနီးရှိ လူကြီးတစ်ဦးကို စပ်စုလိုက်မိသည်။ ထိုလူက လှည့်ကြည့်

"လူတစ်ယောက်ကို ကားတိုက်သွားတယ်လေ"

"ဟင် ဘာဖြစ်သွားသေးလဲ"

"ခန္ဓာကိုယ်တစ်ခုလုံးကတော့ ဘာမှမဖြစ်ဘူးကွ၊ ဒီလူ ကံကော လိုက်တာ၊ အင်း ခေါင်းလေးပဲ နည်းနည်းပြားသွားတယ်"

"အမ်"

နောက်နေသလားဟု ကြည့်လိုက်တော့ ရုပ်ကအတည်ကြီး။ ကား ကြိတ်လို့ ခေါင်းပြားသွားတာများ ကံကောင်းသတဲ့လား အရပ်ကတို့ရေ

သို့ကလိုပင် အနီးဝန်းရံများထဲမှ ကံကောင်းခြင်း အမျိုးအစားလေးများ ဆွဲထုတ်၍ ပြောဆိုနေကြသည်များကို မကြာခဏ ကြားဖူးကြပေလိမ့်မည် ဥပမာ. .

"တရုတ်သူဌေးကြီး ဦးဝပုကို ဓားပြတွေက သေနတ်နဲ့ ပစ်သတ်သွား ကြသတဲ့၊ ဒါပေမယ့် ဒီလူကြီး ကံကောင်းသွားတာက ဓားပြတွေခမျာ သူ့ဆီက ဘာပစ္စည်းမှ မရသွားရှာဘူးတဲ့ဗျာ"

"ဟို ကိုဆန်းဆိုတဲ့လူကြီး ကံကောင်းလိုက်ပုံများ မယားကောင်မလေး ကလေးတစ်ယောက် ရလိုက်သတဲ့ဗျာ။ ဗိုပြီး ကံကောင်းထောက်မတာ တော့ မယားကောင်သာ မပေါ်တာ။ ယောက္ခမကြီးကိုတော့ ကျေးဇူးစောင့်ရှောက် ခွင့်ရနေသတဲ့။ ကျေးဇူးပြုထိုက်သူကို ကျေးဇူးပြုခွင့်ရနေတာ ကံကောင်းတာ ပေါ့ဗျာ"

"ပလွေဆရာအတည်လည်း မြွေပေါက်လို့သေပြီတဲ့၊ ကံကောင်း



အဆိပ်ပြင်းတဲ့ မြွေပွေး မြွေဟောက်မဟုတ်တော့ နှစ်ရက်လောက်ခံသွား တယ်ဆိုပဲ"

"အော်ပရေတာကိုလွင်တို့ ကံကောင်းလိုက်ပုံများ ဓာတ်လိုက်လို့ အခုံခင် တစ်ပတ်အလိုလောက်မှာမှ အောင်ဘာလေထီဆုကြီးပေါက်သွားသေး သတဲ့ကွ၊ ကျန်ရစ်သူမိန်းမအတွက် စိတ်အေးသွားရတာပေါ့"

"ရဲမင်းထက်ဆိုတဲ့လူ သံစူးလို့ မေးခိုင်နေသတဲ့၊ ကံကောင်းတာပေါ့ ဗျာ၊ သူက လက်ဖွေ့သမားဆိုတော့ မေးရိုးခိုင်အောင် အထူးလေ့ကျင့်နေစရာ မလိုတော့ဘူးပေါ့"

ဘာတွေမှန်းတော့မသိပါ။ ကြုံဖန်ကံကောင်းနေကြပုံများကို ပြော ပြဖြစ်ပါသည်။ ယခုနောက်ဆုံး ကျွန်တော်တွေ့မြင်ခဲ့ရသည့် လူတစ်ယောက် ၏ ကံကောင်းခြင်းအယူအဆကို ပြောပါမည်။

တစ်နေ့ ကျွန်တော့်ရှေ့တူရှူမှ လူတစ်ယောက် အူယားဖားယား ဝမ်း သာအားရ ပြေးလွှားလာနေ၏။

"ကံကောင်းတယ်ကွ၊ ကံကောင်းတယ် ဟား ဟား ဟား လာဘ်ပဲ။ လာဘ်လာဘ်ရှိလိုက်တာကွာ"

ထိုလူက အူမြူးသံကြီးနှင့် ကျွန်တော့်ကိုပြော၏။ သူ၏ပုံစံက သေး သွယ်သွယ် ညိုကျစ်ကျစ်နှင့် ငယ်ထိပ်ကြီးက ပြောင်နေသည်။

"ကျုပ် ငယ်ထိပ်ကို ကြည့်လိုက်စမ်းပါ"

ထိုလူက ပြောင်နေသည့် ငယ်ထိပ်ကြီးကို အတန်ငယ်ငုံ့ပြ၏။ ငယ်ထိပ် ပေါ်မှာ ဖြူနောက်နောက် ချွဲကျိကျိ အဖတ်ကြီးတစ်ခု။

"တွေ့လား"

"အဲဒါ ဘာလဲ"

"ငှက်ချေးလေကွာ၊ ငှက်ချေး၊ ဒီပျံနေတဲ့ငှက်ဟာ ဘယ်လိုသချာနည်း ဗေဒနဲ့များ သူရဲ့ဖင်ကို တွက်ချက်ပြီး လမ်းလျှောက်နေတဲ့ ငါ့ရဲ့ငယ်ထိပ်ဘည့် ညည့်ကို မှန်အောင် ချေးပါချလိုက်သလဲ မသိပါဘူး"

"ရွံစရာကြီး"

"အာ. . ဘယ့်နှယ် ရွံစရာရမှာလဲ၊ နိမိတ်မရှိ နမာမရှိ၊ ဒါ မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



တွ၊ မင်္ဂလာ၊ ကံကောင်းခြင်းလက်ဆောင်၊ လာဘ်ကောင်းခြင်းအတိတ်နိမိတ် ဟား ဟား ဟား၊ ခွေးမခြောက်ခင် တခြားသူတွေကို လိုက်ကြွားလိုက်ဦးမယ် ဟား ဟား ဟား"

အော်ဟစ်ရယ်မောပြီး ထိုလူ ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ပြေးထွက် သွား၏။

မိတ်ဆွေ။ ငယ်ထိပ်ပေါ်သို့ ငှက်ချေးပါချခြင်းကို စရာမကံကောင်း သည်ဟု သင်လည်းယူဆနေသည်ဆိုပါက စမ်းသပ်ကြည့်စေလိုပါသည် ပထမဦးဆုံးအနေနှင့် ငှက်များ ပျံသန်းသွားရာနောက်သို့ အပြေးအလွှားလိုက်၊ ကောင်းကျိုးအနေနှင့် အပြေးချန်ပီယံပါ ဖြစ်လာနိုင်ပါသည်။

ဒုတိယအနေနှင့် ငှက်၏ဖင်ပိုင်းနှင့် သင်၏ ငယ်ထိပ်မျဉ်းဖြော မျဉ်းကွေး အကွာအဝေး လေတိုက်ခိုက်မှု အရှိန်အဟုန်စသည်များကို တွ ချက်လေ့လာပါ။ သိပ္ပံပညာရှင် ဖြစ်လာနိုင်ပါသည်။

အလွယ်နည်း အပျင်းနည်းအနေနှင့် ငှက်အများအပြား ပျော် စားသောက်ရာ သစ်ပင်များအောက်၌ ငုတ်တုတ်ထိုင်၍ မစောင့်ပါနှင့်၊တန် မရှိပါ။

ထို့ကြောင့် တန်ဖိုးရှိရန်အလို့ငှာ အပင်ပန်းခံ၍ စမ်းသပ်ကြည့် ရန် ကျွန်တော်က တိုက်တွန်းရခြင်း ဖြစ်ပါသည်။ အလျဉ်းသင့်ပါက ကံကော ခြင်းလက်ဆောင်ကို သင် ရရှိခံစားရပါလိမ့်မည်။ ထိတွေ့မှုအရသာကို ပြ မြိန်ကြီးခံစားချင်ပါက မူလထိပ်ပြောင်နေသူများမဟုတ်လျှင် ငယ်ထိပ် ပြောင်နေအောင် ရိတ်ထားလိုက်ပါ မိတ်ဆွေ။

သင်ကံကောင်းနိုင်ပါသည်။

ဂျက်တိုးတ

> ပြည်သူတို့ရဲ့ အကျိုးကိုလိုလားတယ်ဆိုတဲ့ သူတွေ တကယ်ပဲပေါ်များ လာတော့ ပြည်သူနေရတဲ့နေရာက တဖြည်းဖြည်းကျဉ်းလာတယ်။
> ■



လူပိုမတင်ရဟုသော စာတမ်းကပ်ထား သည့် အထူးဘတ်စ်ကားကြီးပေါ်၌ မိုးတိုးမတ်တင်ငါးပိ ငါးချဉ်သိပ်သလို တိုးဝှေ့လိုက်ပါလာကြသည့်လူများ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ မွန်းကျပ်မှုသရုပ်ကို ပေါ်လွင်စေ၏။
အပြုံးနှင့်မေတ္တာ ပေါင်းစပ်ဝန်ဆောင်ပါဟူ
သော စာတမ်းအောက်မှ စပယ်ယာ၏မျက်နှာကတော့



ခေါသဖြင့် ခက်ထန်နေသလို အယုတ္တအနတ္တ စကား လုံးများကလည်း သူ၏ ဝဲစပ်ပေါက်ကြီးမှ တင်းကြမ်းထွက်ပေါ်နေ၏။

မူးလျှင်မမောင်းနှင့် စာတမ်းရှေ့တည့်တည့် ထိုင်နေသည့် ဒရိုင်ဘာ ထံမှ အရက်နံ့က ထောင်းလမောင်းထွက်နေလေသည်။

တစ်နာရီမိုင်သုံးဆယ်ထက် ပိုမမောင်းရဟု သတ်မှတ်ထားသည့် ကားကြီးက မိုင်ခုနစ်ဆယ်အထက်မောင်းနှင်နေလေရာ ခရီးသွားများမှာ ရင်ထိတ် သည်းဖိုမှုရသကို အပြည့်အဝ ခံစားကြရတော့သည်။

"တောက် တော်တော်စည်းကမ်းမဲ့တဲ့ကောင်တွေ၊ ဒါကြောင့် မတိုး တက်တာ"

ကွမ်းမစားရဟူသော စာတမ်းအောက်ရှိလူက ကွမ်းတံတွေးကို ဗျစ် ခနဲထွေးလိုက်ရင်း မကျေမနပ်ပြော၏။ ဆေးလိပ်မသောက်ရ စာတမ်းအောက် မှ ဆေးပေါ့လိပ်ခဲထားသူက သဘောညီစွာ ခေါင်းညိတ်၏။

မှတ်တိုင်တွင်ရပ်ထားသော ကားများကို ကြောက်မက်ဖွယ်ကျော် တက်ရင်း အတော်ခပ်လှမ်းလှမ်းရှိ အမှိုက်ပုံအနီးရောက်မှ ဘရိတ်ကို ဆောင့် နင်းလိုက်ရာ ကားတစ်စီးလုံး အလဲလဲအပြိုပြို ဖြစ်ကုန်ကြသည်။

"ကိုယ်ပိုင်ကားလို လုပ်မနေနဲ့၊ ဆင်းစရာရှိတာ မြန်မြန်ဆင်း"

မှတ်တိုင်လည်း ကျော်ရပ်သေး၊ ခရီးသည်များကိုလည်း မချေမငံ ဆက်ဆံပြီး ဆောင့်တွန်းချနေသည့်စပယ်ယာ၏သွင်ပြင်က အာဏာရှင်ဆန် လှန်းလှချေ၏။ အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်မှာ ဆွဲချလိုက်သည့် အရှိန်ကြောင့် အမှိုက်ပုံနှင့်ပင် မျက်နှာအပ်သွားရလေသည်။


ထိုနေရာ၌ စိုက်ထူထားသည့် အမှိုက်မပစ်ရ ဆိုင်းဘုတ်မှာ အမှိုက် များအောက်တွင် တစ်စွန်းတစ်စသာ ပေါ်နေရှာ၏။ လူကြီး၏ ကိုးရိုးကားရား ဖြစ်သွားပုံကိုကြည့်ပြီး ဈေးမရောင်းရ ကန့်သတ်ထားသည့် ပလက်ဖောင်း ပေါ်ရှိ ကွမ်းယာဆိုင်မှ လူများက ဝိုင်းရယ်ကြ၏။ ဒါ. . ရယ်စရာတဲ့လား၊

သရော်မော်ကား လုပ်နေလိုက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အလွမ်းအစ
ထုတ်ပြပါ
ဆုပရာနိ

www.burmeseclassic.com

www.burmeseclassic.com



# အတွေး

## ကိုယ်ပိုင်အစွမ်းအစထုတ်ပြပါ။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြင်နေရတဲ့ လူတော်တော်များများဟာ လူ့ဘဝသမှုယုတ်လျော့နေတာ တွေ့ရမှာပါ။ မိုးလင်းရင် ထမင်းဘူးထည့်၊ ကိုယ်နဲ့ ဆိုင်လား မဆိုင်လား မစဉ်းစားနိုင်ဘဲ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လို့ လုပ်ငန်းခွင်ဝင်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။ တကယ်ဖြစ်ချင်တာက အဆိုတော်၊ လုပ်နေရတာကပန်းရန်း၊ တကယ်လုပ်ချင်ခဲ့တာက စစ်ဗိုလ်ကြီး၊ လုပ်နေရတာကစပယ်ယာ စသည်ဖြင့် နေရာဒေသအသီးသီးမှာ ကိုယ့်စွမ်း ဉာဏ်စွမ်းပျောက်ပြီး ကိုယ့်ခံဉာဏ်ခမ်းကြီးနဲ့ အလုပ်လုပ်နေရတဲ့ သူတွေကိုမြင်ရတော့ သူတို့ဘာကြောင့် ဒီလိုလုပ်နေရတယ် ဆိုတာ စဉ်းစားမိလာပါတယ်။



အမှန်တော့ ကိုယ်ပိုင်အစွမ်းအစနဲ့ လုပ်ပြမှ လုပ်ခွင့်ရမှ ကိုယ့်ရဲ့ အရည်အချင်း ပေါ်လွင်ပြီး ဘဝမှာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်ခွင့်ရမှာဖြစ်တယ်။ ဒါကြောင့် ကိုယ်ပိုင်အစွမ်းအစကို အမြဲတမ်း စဉ်းစား။ ငါ ဘာအားသာလဲ အမြဲတွေး။ အဲဒီအားသာချက်ကို ထုတ်ပြဖို့ အခွင့်အရေးကို အမြဲစောင့်။ အခွင့်အရေးပေါ်တာနဲ့ တစ်ခါတည်း အသုံးချ။ ဒါမှသာ အောင်မြင်တဲ့ ဘဝကို ရကြမှာပါ။

သာဓကပြပါမယ်။

ခြံတစ်ခြံမှာ နွားသိုးသုံးကောင်ရှိပါတယ်။ စီနီယာအကျဆုံး နွားသိုးကြီးက ပြောပြတယ်။

"အေး ဟေ့ တို့ခြံကို နွားသိုး အသစ်တစ်ကောင်ရောက်လာမယ်တဲ့၊ ဒီခြံရှင်ဆိုတဲ့ကောင်က သူ့တိုးတက်ရေးအတွက် သူလုပ်တာမှန်ပေမယ့် ငါကတော့ ငါ့အခွင့်အရေးတိုတော့ ငါအထိခိုက်မခံနိုင်ဘူး၊ ဒီခြံကို ငါ အစောဆုံးရောက်ခဲ့တယ်၊ ငါက နွားမတစ်ရာရဲ့ ကာမပိုင်လင်သားဖြစ်တယ်၊ ဒီနွားမတစ်ရာလုံးကလည်း ကျေကျေနပ်နပ်နဲ့လက်ခံထားကြတယ်၊ ဒီတော့ ငါနဲ့ပတ်သက်တဲ့ နွားမတစ်ရာထဲက တစ်ကောင်လောက် ထိရဲထိကြည့်၊ မီးပွင့်သွားမယ်၊ ချိုကုတ်တဲ့ကွ"

ဒုတိယနွားသိုးကလည်း

"အေး ကျုပ်လည်းကြိုပြောထားရဦးမယ်၊ ကျုပ်ဟာ ဒီခြံ အတွက် ဂျူနီယာဆိုပေမဲ့ ဖတ်စ်ဂျူနီယာပဲ။ ကျုပ်မှာ မိန်းမငါးဆယ်ရှိတယ်။ ဒီနွားမ ငါးဆယ်လုံးကလည်း ကျုပ်အပေါ် ကြည်ကြည်ဖြူဖြူပဲ။ ဒီတော့ ဘယ်တစ်ကောင် တစ်မြီးကိုမှ ကျုပ်ဆီက ဘာမှမပေးနိုင်ဘူး။ မကျေနပ်ရင်အဲဒီမှာ ဖင်ဆောင့်သေလိုက်။ နွားမဆို ချိုကြည့်ပြီးမှစမ်း"

တတိယနွားသိုးကလည်း အားကျမခံ ပြန်ပြောတယ်။

"ခင်ဗျားတို့ပြောတာ ကျုပ် ရယောက်ခံတယ်။ ကျုပ်က နောက်ဆုံးမှရောက်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ကျုပ်ဟာလည်း ဒီခြံက လက်ကျန် နွားမဆယ်ကောင်ရဲ့ ကာမပိုင်လင်သားပဲ၊ ဒီတော့ကာ ကျုပ်ပိုင် ဘယ်နွား[illegible]ကိုမှ နှာဖျားနဲ့တောင် အထိမခံဘူး ဒါပဲ။

နွားသိုးသုံးကောင် မာန်[illegible] နေတုန်းမှာပဲ [illegible] ကားကြီးတစ်စီး ခြံရှေ့[illegible]

www.burmeseclassic.com

တယ်။ နွားသိုးသုံးကောင်က အထူးအဆန်းဖြစ်ပြီး ကြောင်းငေးနေတုန်းမှာပဲ ကုန်တင်ကားကြီးပေါ်က အင်မတန်ကြီးမားတဲ့ နွားသိုးကြီးတစ်ကောင်ကို ခက်ခက်ခဲခဲဝိုင်းချနေကြတာ တွေ့ရတယ်။ ဒီနွားသိုးကြီးက ဘယ်လောက်ကြီးသလဲဆို ဆယ်ဘီးကားကြီးပါ ဖင်ထောင်သွားတယ်။ ဒီမြင်ကွင်းကိုကြည့်ပြီး စိနီယာနွားသိုးကြီးက အသံတုန်တုန်နဲ့ ကပ်ပြောတယ်။

"အင်း တကယ်တမ်းတော့ ငါလည်း ဒီလောက်ကျန်းမာရေး ကောင်းတော့ပါဘူး။ လိုအပ်နေတဲ့သူအတွက် ငါ့နွားမတစ်ဝက်လောက်တော့ ခွဲပေးနိုင်ပါတယ်။ ငါက ပင်ကိုယ် စိတ်ကောင်းတယ်လေ၊ ဟုတ်ဘူးလား ဟီး ဟီး"

ဒုတိယနွားသိုးကလည်း ရယ်ကျဲကျဲနဲ့ ပြောပြန်တယ်။

"ဟုတ်တယ်နော် ကိုကြီးချိုကုတ်၊ သူက အသစ်လေးပဲ၊ ကိုယ်က လက်တွဲခေါ်ရမှာပေါ့။ ကိုယ်လည်းပိုနေတာပဲဟာ တစ်ဝက်မပေးပါဘူး ယူပါစေ၊ ကိုယ်တို့က ဒီလောက်ကို သတ်နိုင်သွားပါပြီ"

သူတို့နှစ်ယောက်ဆွေးနွေးနေတုန်းမှာ အငယ်ဆုံးနွားသိုးက ခေါင်းကို မြေကြီးနားနှိမ့်ချပြီး နှာတွေမှုတ် ရွှေ့ခွာတွေယက်ပြီး တိုက်ခိုက်ဖို့ ဟန်ရေးပြနေတယ်။ အကြီးနှစ်ကောင်က သူ့အပြုအမူကို အံ့သြသွားပြီး

"ဟေ့ကောင် ချိုထောင်းကယုဉ်ဖိုက်မလို့လား၊ သွားလုပ်နဲ့၊ စုတ်ပြတ်သတ်သွားမယ်၊ အိုကောင်က ဆင်လောက်ရှိတယ်၊ ကိုယ့်အသက်ထက်တော့ ဘာမှတန်ဖိုးမရှိဘူး ဟေ့ကောင်"

"ဖိုက်ဖို့ မဟုတ်ပါဘူးဗျ၊ ကိုယ့်ကို နွားအထီးမှန်းသိအောင် လုပ်ပြနေရတာ။ အမှတ်ပြီး လုပ်ထည့်လိုက်လို့ ဘဝပျက်စာရင်းထဲ ပါသွားဦးမယ်"

"ဖိုက်ဖို့ မဟုတ်ပါဘူးဗျ၊
ကိုယ့်ကို
နွားအထီးမှန်းသိအောင်
လုပ်ပြနေရတာ။
အမှတ်ပြီး
လုပ်ထည့်လိုက်လို့
ဘဝပျက်စာရင်းထဲ
ပါသွားဦးမယ်"

အစွမ်းအစကို ထုတ်ပြခြင်းပါပေ။ ကိုယ်စွမ်းကိုယ်စကို ထုတ်ပြခြင်းဖြင့် အကျိုးထူး တစ်စုံတစ်ရာ ရှိလိမ့်မယ်ဆိုတာ စာဖတ်သူ ရိပ်မိလောက်ပြီ ထင်ပါ သည်၊ ဒါကြောင့် မှတ်ဦးလော့။

ဘဝတိုးတက်လိုသူသည် ကိုယ်စွမ်းကိုယ်စကို ထုတ်ပြဖို့လိုပါသည်။ အစွမ်းအစကိုထုတ်ပြဖို့ အမြဲတမ်း အသင့်ဖြစ်နေရပါမည်။

ဆူပရာနီ

## အတူတူပဲကိုများ

ဗေဒင်ဆရာက အမျိုးသမီးကြီးတစ်ဦးကို ဗေဒင်ဟောနေသည်။

"ခင်ဗျားရဲ့ ဇာတာအရ အသက်လေးဆယ့်ငါးနှစ်အထိ ဒုက္ခသုက္ခတွေ၊ ဆင်းရဲခြင်းတွေ၊ မတည်ငြိမ်မှုတွေနဲ့ အသားမကျ ဖြစ်နေရလိမ့်မယ်"

"အဲဒီနောက်ရော ဆရာ"

"အဲဒီနောက်တော့ ဒုက္ခတွေနဲ့ အသားကျသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မေ့မထား
# ခေါ်ကာပြောတော့

စကားစကား ပြောပါများ စကားထဲကဇာတိပြ
တရားတရား ဟောပါများ တရားထဲကပါဠိရ၊
မယားမယား နှောပါများ မယားထဲက သာဂီရ၊

ဟုတ်ပေါင်ဗျာ။ ဒါက သာဂီအဖေ ကိုတာတေရဲ့စကားကြီး။ မ... မဆိုင်နော်၊

မဆီလေးရယ်မှ မဆိုင်ပါဗျာ၊
မဒီထွေးကို အပိုင်ကိုင်ချိုးသော်လည်း
ကိုယ်သာမနိုင် မှိုင်ငိုင်လို့ ညှိုးရတယ်ကွယ်. .
မိုးပြည့်ပြည့်မောင်. .

ဟယ် ဒါလည်း ဘာမှမဆိုင်ပါလား။ ကိုင်း ပရိသတ် မဆီမဆိုင်စကား... တွေနဲ့ ဝစီထိုင်ပွားပြီးသကာလ ဒီလမှာ ပီသစွာနဲ့ မည်သို့သော စာအလှ ... ပြမလဲ တွေးလိုက်တော့ ရာမဆိုတဲ့ ကျေးကလေးကို သတိရလိုက်မိသဗျာ...

ရှေးသရောအခါ ပြည်ဟာရာတစ်နိုးက မုဆိုးတစ်ယောက်ဟာ တော... ...ာင်အနှံ့ တုတ်ထိုးအိုးပေါက် လှည့်လည်ရင်း အမိမဲ့ကျေးသားငယ်လေး ...်ကောင်ကို တွေ့ရှိယူဆောင်လာခဲ့သတဲ့။

ကျေးညီနောင်လေးတွေကို ဘေးမသီအောင်ထားနိုင်မယ့် မိတ်ဆွေ ...္ဏားကြီးကို လက်ဆောင်ပေးတော့ ပုဏ္ဏားကြီးလည်း အကြီးကောင်ကို ရာမ ...ငယ်ကောင်ကို ပေါ္ဌပါဒလို့အမည်ပေး ကောင်းစွာကျွေးမွေးထားလေသတဲ့။ ...သို့နဲ့ပဲ ငှက်ကျေးလေးတွေဟာ အရွယ်ရောက်ကြီးပြင်းလာပြီး လူတို့ဘာသာ ...ားကိုလည်း ပြောဆိုတတ်လာကြတော့တယ်။

ပုဏ္ဏားစကားတင်မက ဇာတ်လမ်းတွဲတွေထဲက အညာပစီရော်၊ ...မ်ငီ၊ ရှဲရှဲ ဝအိုင်းနီ ဆိုတာတွေကိုပါ ဗျောက်သောက်ပြောတတ်လာသတဲ့ ...သတ်။ ဟယ်. . ဟုတ်ပေါင်။

အဟမ်း ဇာတ်ကြောင်းကို ထပ်လောင်းပြောရရင်တော့ ပုဏ္ဏားကြီး ...နီး ပုဏ္ဏေးမဟာ တောင့်တင်းပြောင့်စင်း အမြင်ထည်သလောက် လင်ကွယ် ... ရောက်တာနဲ့ ဖောက်ပြန်လေ်မာ အပျော်ရှာတတ်သူတဲ့ဗျာ။

တစ်နေ့တော့ ပုဏ္ဏားကြီးဟာ မသွားမဖြစ်ခရီးတစ်ခုသွားဖို့ ဖန်လာ ...ာ့ ကျေးညီနောင်ကိုခေါ်ပြီး. .

"အမောင်တို့ သင်တို့သခင်မဟာ လင်တ မျက်ခြည်မပြတ်အချက် ...နေ့ ကျပ်ထားသဟာတောင်မှ ဇကျာအမှောင်ကြွလာရင် ဘာကောင်ရရ ...တ်ပြန်အကောက်ကြံဖို့ ဝန်မလေးဘူးကွယ့်၊ လင့်နောက်မျှားမှာဆိုလို့က ...ာ့ သယောက်ထားပြီး ဖောက်ပြားလိုက်မယ့်ဖြစ်ခြင်း. . ဟင်း"

သို့ကလို ရှက်စရာစကားကို မသက်မသာပြောကြားတော့ ကျေးသား ...နောင်လည်း

"အဖ ကျွန်ုပ်တို့ ပသို့ပြုရမည်နည်း"

ဆိုပြီး ပြန်မေးတာပေါ့။

"အမောင်တို့ငါမရှိခင်မှာ ဝင်တာထွက်တာ တက်တာဆင်းတာ စာရင်း ... မှတ်ထားကြလကွဲ့၊ မဟုတ်မဟပ် အယုတ်ဇာတ်ခင်းလေမြင်ရင် ငါသခင် ...လာတာနဲ့ အမှန်ကို တင်ကြပေတော့ကွယ်"

www.burmeseclassic.com

**နံနက်၊ နေ့လည်၊ မွန်းလွဲ ညနေ လူမထပ်စေဘဲ ညချမ်းမှသန်းခေါင်အထိ ခန်းဆောင်ထဲရှိတဲ့အပြင် နောက်တစ်နေ့ခုနစ်ကူး အရုဏ်ဦးရောက်တာတောင် ကာမဂုဏ်အထူး မှောက်မှားဖောက်ပြားလို့မဝ**



ပုဏ္ဏားလည်း ဒီလိုဆိုပြီး ခရီးစထွက်သွားလိုက်တာနဲ့ ပုဏ္ဏေးမ ဘ
အချိန်တတည်းက ကြာတစ်မနဲ့ အထာပြထားသလဲ မသိပေါင်ဗျာ၊ လာလို
ကြတဲ့ ပုရိသတွေများ နံနက်၊ နေ့လည်၊ မွန်းလွဲ ညနေ လူမထပ်စေဘဲ ညချ
မှ သန်းခေါင်အထိ ခန်းဆောင်ထဲမှိတဲ့အပြင် နောက်တစ်နေ့ခုနစ်ကူး အရုဏ်
ရောက်တာတောင် ကာမဂုဏ်အထူး မှောက်မှားဖောက်ပြားလို့မဝ ထကြွသော
ကျွန်း ရမ်းကားလို့မဆုံး တရှန်းရှန်းနဲ့ကို ဖြစ်နေသတဲ့ဗျာ. .

"အစ်ကိုကြီးရေ ဒီလိုနည်းနဲ့ထိုင်ကြည့်နေတာထက် ရမ္မက်တကျ
တာ ရှက်စရာပဲဆိုတဲ့အကြောင်း ဖျောင်းဖျပြောဆိုကြည့်ကြစို့"

"မလုပ်နိုင့်ညီ အယုတ်ဇာတ်ခင်းသူများကား မှန်သည့်စကားဆို
နားဝင်မချို နာလိုခံခက် အမျက်ထွက်ကြကုန်၏၊ စကားဟူသည်ကား ဆို
လည်းမကောင်း"

အဲသိလို တားမြစ်သော်ငြား ညီငယ်ကျေးသားက နားမထောင်
အမှားတိုရှောင် အမှောင်ကိုခွင်းစေရင်း တရားရေအေးအမြိုက်ဆေး တို
ကျွေးသမှုပြုဖြစ်အောင် ပြုလေသတဲ့၊ ဒီတော့ ပဍေ္ဏးမက. .

"အမောင်ကျေးသား အတွေးများချောက်ချားပြီး မှောက်မှားအ
ကာမဂုဏ်နွံနစ် ကိလေသာကျွန်ဖြစ်နေသောငါ့အား မှန်သောစကား
အလင်းပြ ကယ်မနိုင်ပေတယ်၊ ကျေးဇူးကြီးလှပါဘိ၊ အို. . ချစ်သား ငါ့အန
သို့ လာလော့ သင့်ကို ရင်ခွင်၌ ပိုက်ထွေးရှိုက်မွှေးချင်လွန်းလှပါတယ်"



ပေါ်ဌပါဒကျေးသားလည်း သူ့ကို တလေးတစားချီးကျူးနေတဲ့ ပုဏ္ဏေးမ
ဥပါယ်တမျဉ်ကို နားမလည်ဘဲ ပျံဝဲသွားလိုက်တာ ဘာပြောကောင်းမလဲ
ညတ်၊ ဖျတ်ဆို လည်လိမ်ချိုး မီးအိုးထဲပစ်ထည့်ခြင်း ခံလိုက်ရတော့တာပေါ့။

နောင်တာ်ရာခမျာလည်း ဘာမှမကယ်နိုင်၊ သည်းအူနှလုံး ယူကြုံး
အပူလုံးကြွလို့ ဆွေး တိတ်တိတ်လေး ငိုကြွေးရလေသတဲ့။

သိပ်မကြာခင်မှာပဲ ပုဏ္ဏားကြီးလည်း ဗျတ် ဗျတ် ဗျတ်နဲ့ပြန်ရောက်
ရာဓကျေးကိုခေါ်၊ ဟယ်. . ပျောက်နေတဲ့ နောက်တစ်ကောင်ကိုတောင်
သိမရ၊ သူ့မိန်းမအကြောင်း ကောင်းဆိုးနှစ်လီကိုသာ အငမ်းမရ မေးပါရော
ပရိသတ်။ ဒီအခါ ရာဓကျေးက. .

"အိုသခင် ကျွန်ုပ်တစ်ကောင်တည်းရှိတာကိုမြင်ပါလျက် သင်၏ညီ
သွား ဘယ်နားမှာလည်းဆိုတာကိုမမေး၊ သင့်ပုဏ္ဏေးမအကြောင်း
ာင်းမကောင်းကို သိချင်ရှာသတဲ့လား၊ အို သခင် ပညာရှိတို့သည်ကား
သော စကားဖြစ်သော်ငြား တစ်ဖက်သား နားမချမ်းသာလျှင် ဆိတ်ဆိတ်
နေတတ်ကုန်၏။ ထိုသဘောကို နားမလည်သည့် ကျွန်ုပ်ညီပေါ်ဌပါဒမှာ
ည်လိမ်ရိုက်ချိုး၊ အသေဆိုးနဲ့သေခဲ့ရပေပြီ၊ ထို့ကြောင့် သင် ဘယ်နည်းနှင့်မှ
ချမ်းသာနိုင်သည့်စကား ကျွန်ုပ်အား မေးမနေပါနှင့်တော့၊ ဤနေရာသည်
ကျွန်ုပ်နှင့်မသင့်တော် မွေ့လျော်ဖွယ်မရှိသောကြောင့် တောအရပ်သို့သာ
ှင့်ပြုပါတော့ သခင်"

ကိုင်း ပရိသတ်. . အတိတ်ဇာတ်ကတော့ ဒီမျှပါပဲဗျာ၊ ပီယချစ်ဖွယ်
ာ ရာဓကျေးငယ်လေး ပမာပေးသွားသလို မှန်သည်ဆိုငြားလည်း နားမချမ်း
လျှင် ဆင်ခြင်သမှုပြုလို့ အကုန်သိပါသလေချည့် လုပ်မနေကြဘဲ တချို့
ာ တချို့သော နေရာများမှာ တုံ့ဏှိဘာဝေနေကြစေလိုရေး လက်စင်ပေး
်ရကြောင်းပါဗျာ။ နို့မဟုတ်ရင် လော်မာတာ ဖော်ကာပြောမိလို့ ကိစ္စချော
ရှာတဲ့ ပေါ်ဌပါဒကျေးလို ဘေးသင့်တတ်တဲ့အကြောင်း ထပ်လောင်း
ပေးရင်း ဘုရားဟော ရာဓဇာတ်ကို စာအစသတ်လိုက်ပါရဲ့ဗျာ။

အဂ္ဂသူရာစည်သူပါမွား

www.burmeseclassic.com

# မော်ဒယ်မလေးရဲ့ညနေခင်း

## မိုးသက်လင်းထက်



www.burmeseclassic.com

www.burmeseclassic.com



# မော်ဒယ်မလေးရဲ့ညနေခင်း

သူမကို တစ်နေ့တစ်နေ့ ဘာလုပ်လုပ်နေသလဲလို့ မေးကြသည်။ ဒီလိုပါပဲဟုသာ အလွယ်တကူပြန်ဖြေမိ၏။ အမှန်လည်း ဘာအလုပ်မှသိပ်မရှိ။ မနက်အိပ်ရာထတာနဲ့ သွားတိုက်သည်။ မျက်နှာသစ်သည်။ ပြီးတော့ မေမေအဆင်သင့်လုပ်ထားသည့် မနက်ခင်းစာကိုစား၏။ မနက်ခင်းစာဆိုတဲ့ အထဲမှာ တစ်ခါတလေ ထမင်းကြော်၊ တစ်ခါတလေ မုန့်ဟင်းခါး။ မုန့်ဟင်းခါးကို ငရုတ်သီးသိပ်စပ်ရင်မစား။ ငါးဖယ်နှစ်ခုနဲ့ အိုးဘဲဥလေးနဲ့မှ၊ အဲ ပေါင်မုန့်ထောပတ်သုတ်ကိုတော့ တစ်ရက်ခြားလိုလိုစား၏။ ထောပတ်ထဲမှာ မခမ်းထောပတ်ကို အကြိုက်ဆုံး။ ဒါပေမယ့် ကြိုက်တိုင်းလည်းအရမ်းစားလို့မဖြစ်၊ ခန္ဓာကိုယ် ဝိတ်တက်လာမှာစိုးရ၏။ ဒီခန္ဓာကိုယ်ဆိုဒ်ကလေးကို ထိန်းထားရတာမလွယ်။ အစားလည်းလျှော့ရ၊ အအိပ်လည်းပုံမှန်လောက်ပဲအိပ်ရနဲ့ တော်တော်ဒုက္ခခံရတာ။ ဒါပေမယ့် အဲဒီလိုလုပ်နေရတာကို ပျော်မိ၏။ ဒါမှ ဟိုဟို တစ်လောက မော်ဒယ်ရှိုးတစ်ခုမှာ သူ အလှဆုံးလို့ ပြောကြတာပဲ။ ဒါလေး



သေပျော်ပါပြီ။

အဲဒါတွေပြီးတော့ ကျောင်းသွားသည်။ ကျောင်းဆိုတာ တက္ကသိုလ် ပြောတာနော်။ အဲဒီမှာပဲ သူမရဲ့ တစ်နေ့တာအလုပ်အများဆုံးအချိန်ကို ပါတော့သည်။ ဘာဖြစ်လို့လဲဆိုတော့ သူမကမေဂျာရဲ့ကွင်းကိုး။ ကွင်းဆိုတာ လူတွေကွင်းကွင်းသွားတာ မဟုတ်ဘူးနော်၊ အလှဘုရင်မကိုပြောတာ။

ခစ် ခစ် အလှဘုရင်မဆိုတော့လည်း သိတဲ့အတိုင်းပဲ ဟိုလူကချောင်း သူတချောင်းနဲ့၊ အခုလည်းကြည့်၊ သူ ကားပေါ်ကဆင်းတာနဲ့ ကျောင်းသား စ်ယောက်က ကော်ရေတာအကွယ်က ထွက်လာပြီ။ သူမ ဘာရယ်မဟုတ်၊ တ်ထဲကိုင်လာတဲ့ဟမ်းဖုန်းကို လျှောက်ကလိနေလိုက်၏။ ပြီးတော့ နားမှာ ပြီးစကားပြောသလိုလို လုပ်နေလိုက်သည်။ အဲဒီအချိန်မှာပဲ ငနဲက အနား ပ်လာသည်။

"ဟို ဟိုဟာလေ"

သူမ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ငတိ ခပ်ကုပ်ကုပ်လေးဖြစ်သွား

"အနှောင့်အယှက်ဖြစ်သွားလားဟင်"

သူမ ခေါင်းခါပြကာ တစ်ဖက်ပြန်လှည့်ပြီး

"ကိုလားဟင်"

အမှန်တော့ တစ်ဖက်က ဘယ်သူမှမဟုတ်၊ ဟန်ဆောင်လိုက်ခြင်း

"ကျွန်တော် ကျွန်တော့်ကိုခေါ်တာလားဟင်"

"ဟင် ဘာလဲ"

ငတိကို ပြန်လှည့်ကြည့်လိုက်ကာ မေးလိုက်တော့

"ကျွန်တော့်ကိုခေါ်တာလားလို့"

"မဟုတ်ဘူး၊ ဒီဘက်ကိုပြောနေတာ၊ ရှင်နဲ့ဘာဆိုင်လို့လဲ"

"မသိဘူးလေ ကိုလားဆို"

"ဟုတ်တယ်လေ၊ ကျွန်မဖုန်းထဲကလူကိုပြောတာ ရှင်နဲ့ဘာဆိုင်လို့

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် ကျွန်တော့်နာမည် လားကြီးပါ၊ ဟဲဟဲ နာမည်အရင်း ထိပ်တင်မောင်မောင်တဲ့၊ သူငယ်ချင်းတွေကတော့ လားကြီးလို့ခေါ်တယ်"

"ရှင့်ဟာရှင် လားကြီးမကလို့ မြင်းကြီးပဲဖြစ်ဖြစ် ဘာဆိုင်လဲ၊ ကျွန်... ရှုပ်တယ်"

ဒီငနဲ သိပ်လွယ်မယ့်ပုံမပေါ်။ မျက်နှာကပြောင်သည်။ ပြီးတော့ စပ်ဖြီးဖြီးနဲ့။

"တီ တီ တီ တီ"

"တီ တီ တီ တီ"



သူမလည်း ရင်မှာ
ဒိန်းခနဲဖြစ်သွားရ၏။
ဟန်ဆောင်ပြီး နားရွက်ကပ်ထားတဲ့
ဖုန်းက ထမြည်သည်။
ဘေးက တေ
ပထမတော့အံ့ဩသွားပြီး

"ဟင် ဖုန်း ဖုန်းကြီးလာနေတယ်"

သူမလည်း ရင်မှာ ဒိန်းခနဲဖြစ်သွားရ၏။ ဟန်ဆောင်ပြီး နားရွက်ကပ်ထားတဲ့ဖုန်းက ထမြည်သည်။ ဘေးက တေ ပထမတော့အံ့ဩသွားပြီး ကြောင်တောင်တောင်ဖြစ်သွားရာမှ သဘောပေါက်သွားကာ. .

"ဟား ဟား ဟား ဟား တကယ်လည်းမဟုတ်ဘူး၊ လိမ်တယ်၊ လိမ်တယ်"

ဆိုပြီး အော်ပြောသွားလေတော့သည်။ သူမ စိတ်တိုတိုနဲ့ ဆက်လျှောက်မလိုလုပ်တော့ ကျောင်းသားလေးယောက်လောက် ပုံစံအမျိုးမျိုးနဲ့ တန်းစီလို့။



သူမ ဆက်မသွားတော့ဘဲ စိတ်လည်းပျက်နေ၍ အိမ်ပြန်လာလိုက်သည်။ အိမ်ရောက်တော့ မေမေ့ကို နေမကောင်းဘူးဆိုလိမ်ပြောပြီး အိပ်ခန်းထဲတန်းဝင်ခဲ့လိုက်တော့၏။

အိပ်ရာထဲရောက်တော့ ပျင်းနေသည်။ တစ်ခုခုလုပ်ချင်နေမိသည်။ အိမ်ဖော်ကောင်မလေးလာပို့တဲ့ သံပုရာရည်ကိုသောက်ပြီး အိမ်ကပြန်ထွက်ဖို့ စဉ်းစားမိ၏။ အဲဒီအချိန်မှာပဲ ခေါင်းထဲအကြံတစ်ခု လက်ခနဲပေါ်လာကာ ပျော်သွားမိ၏။

ဒီနေ့မြရိပ်ညိုမှာ လိုက်ဖ်ရှိုးတစ်ခုရှိသည်ပဲ။ ဘယ်အဆိုတော်တွေထဲတော့ အသိအကျမသိ။ ဒါတွေက အရေးမကြီးပေ။ အရေးကြီးတာ စတိတ်နှိုးဖို့။ ပြီးတော့ လှတပတလေးတွေဝတ်ပြီး လူလုံးပြရဖို့။

ဒါနဲ့ နောက်ဆုံးတော့ သူငယ်ချင်းတွေဆီ ဖုန်းဆက်ကာချိန်းလိုက်မိတော့သည်။ ဟိုကောင်မတွေကလည်း သိပ်လိုက်ချင်ပုံမပေါ်၊ သူ့စကားတောင်မဆုံးသေး အဆင်သင့်တောင် ဖြစ်နေကြပြီ။

ဒီညဆိုတဲ့အဆိုတော်တွေထဲက ရုပ်အချောဆုံးကို သွားမိတ်ဆက်ပြီး ဖုန်းဆက်မယ်လို့ စိတ်မှာတေးထားလိုက်၏။

ဒီနေ့ညနေတော့ ဆီဒိုးနားမှာ ကိုယ်ကာယလေ့ကျင့်ခန်းသွားမလုပ်ဖြစ်တော့ပေ။

▌မိုးဆက်လင်းဆက်

## သတင်း

အကာလညအခါတွင် လူနှစ်ဦးသည် အိမ်တစ်အိမ်သို့ အမှ... ဝင်ရောက်လျက် အိမ်ရှင်မအမျိုးသမီးအား ခြိမ်းခြောက်ကြိုးတုပ်ကာ ရေချိုးခန်းထဲ ပိတ်လှောင်လျက် အိမ်ရှင်ယောက်ျားနှင့် ဝိုင်းဖွဲ့ကာ တပျော်တပါး သောက်စားကြပြီး ပြန်ထွက်သွားကြသည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့လက်သီးနှင့်
မိုက်တိုင်ဝန်၏မျက်နှာမဲပေါ်မှ
ဘောကာဒဏ်ရာများ

# ဒိုက်ဒီယာဘဘေကျောက်



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့လက်သီးနှင့် မိုက်တိုင်ဝန်၏မျက်နှာမဲ့ပေါ်မှ သောကအော်ရာများ

အိမ်ရှေ့ကပက်လက်ကုလားထိုင်မှာထိုင်၍ အိုက်ဒီယာဘကျော[က်] ဆွေးသားအုပ်မကြီးနှင့် ရန်ဖြစ်နေသည်။

အကြောင်းမှာ ဆွေးသားအုပ်မကြီးအနားလာ၍ သူစားနေသော ([illegible] တန်ပုစွန်မုန့်အထုပ်လေးကို လာမျှော်နေသောကြောင့်သာ။ မကျွေးမြန်လျှ[င်] ဗြောင်စားသလိုကြီးဖြစ်၍ ငရဲကြီးဦးမည်။ ကျွေးမြန်လျှင်လည်း သူမဝ[မှာ] ၏။ ထို့ကြောင့် ကိုဘကျောက်ထိုင်ရာမထဘဲ ဆွေးသားအုပ်မကြီးကို ကြိ[တ်] လုပ်နေသည်။

“အောင်မလေး ကိုဘကျောက်ရဲ့”

“ဟဲ့ သောက်ပလုတ်တုတ်”

အသံပြဲကြီးနှင့်အော်ငို၍ သူ့ခြေသလုံးပြေးဝင်ဖက်လိုက်သော [illegible] တစ်ယောက်ကြောင့် ကိုဘကျောက်လန့်ဖျပ်၍ အယောင်ယောင်အမှားမှား[ဖြစ်] ဖြစ်ကုန်သည်။ သူ့ထံပုစွန်မုန့်ကပ်တောင်းနေသော ဆွေးသားအုပ်မကြီးမှာလ[ည်း]



အနားမှ ဝရုန်းသုန်းကား ထွက်ပြေးသွားသည်။

ထို့ကြောင့် ထိုလူကို ကိုဘကျောက် အသေချာပြန်ကြည့်လိုက်သော အခါ သူ့ဒေါသများ ထောင်းခနဲဖြစ်သွားရလေသည်၊ မင်္ဂလာပါမောင်မှေးကြီး။ သူ့ကိုအမြဲ ဒုက္ခပေးနေသည့်အကောင်။

“ဟေ့ကောင် မင်းကို ဒီမလာပါနဲ့လို့ ငါ ဘယ်နှစ်ခါပြောရမလဲ”

ကိုဘကျောက်၏ အထက်စီးဆန်သော စကားမှာတော်ရိလှော်ရိ နှုတ်တတ်လျှင်တောင် ခုန ဆွေးသားအုပ်မကြီးလို အမြီးကုတ်၍ ထွက်ပြေးလို့ ရသည်။ မှေးကြီးမှာတော့ ဘာကြောင့်ရယ်မသိ။ အိုလာသောမျက်နှာလေးကို အိုချလိုက်ပြီး

“ပြောပါအစ်ကို ပြောပါ။ ကျွန်တော်ဟာ လူကမွေးပြီးခွေးစိတ်ပေါက် နေတဲ့ကောင်မို့ ကိုယ့်ကျေးဇူးရှင်ဆိုလည်းဟုတ်၊ ကိုယ့်ဆရာသမားဆိုလည်း ဟုတ်တဲ့ အစ်ကို့အပေါ်မှာ မလုပ်သင့်မလုပ်ထိုက်တဲ့ အပြစ်တွေ ကျူးလွန်ခဲ့ မိပါတယ်။ ဒါဟာလည်း စိတ်ပါလို့တော့ မဟုတ်ပါဘူး၊ လမ်းကြုံလို့”

“ဘာကွ၊ မင်းက လမ်းကြုံတိုင်း ငါ့ကို ဒုက္ခပေးမယ်ဆိုတဲ့သဘော ဘား”

ကိုဘကျောက်၏ ဒေါသသံမှာ တော်တော်ကျယ်သည်။ မှေးကြီး အပျာကယာနှင့်

“အား အဲလိုလဲ မဟုတ်ပါဘူးအစ်ကိုရာ၊ ကျွန်တော့်စိတ်ထဲမပါဘဲ အပြစ်တွေ သူ့အလိုလို ကျူးလွန်မိသွားတာကိုပြောတာပါ။ ဘာပဲဖြစ်ဖြစ်ဗျာ၊ နောက် ကျွန်တော် အစ်ကို့ကို ဘယ်လိုအကြောင်းနဲ့မှ မလိမ်တော့ဘူး၊ အစ်ကို့ ဆိုးမှုအောက်ကပဲ မီးလျှံနာဖြစ်အောင် ချောင်ချောင်ကလေးကြိုးစားတော့ မယ်၊ လောလောဆယ်တော့ စားရမဲ့သောက်ရမဲ့ဖြစ်နေတဲ့ ကျွန်တော့်ကို ပစ် ထားပါနဲ့အစ်ကိုရာ နော် နော်”

မှေးကြီးစကားဆုံးသည်နှင့် ဒေါသတွေ မပြေပျောက်သေးသော ကို ဘကျောက်ခေါင်းထဲ အလင်းတန်းတစ်ခု ဖြတ်ပြေးသွားလေသည်။

“ဟုတ်တယ်၊ ငါ့ကို အမြဲဒုက္ခပေးနေတဲ့ ဒီမအေပေးကို ခုတုံးလုပ်ပြီး ငွေဖြန်ရှာရမယ်”

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ
မိုက်တိုင်စန် တစ်ဖြစ်လဲ
မင်္ဂလာပါမောင်မှေးကြီးကို
မိုက်တိုင်စန်နှင့်တူအောင်
တစ်ကိုယ်လုံး အိုးမဲများ သုတ်ထားသည်။

ထိုအတွေးကြောင့် ကိုဘကျောက် ခုန ခွေးသားအုပ်မကြီးတော
မကျွေးခဲ့သော ပုစွန်မုန့်ကို မှေးကြီးဆီ လှမ်းထိုးပေးလိုက်သည်။ မှေးကြီး မျက်
ရှေ့ရောက်လာသော နှစ်ခုသာကျန်တော့သော ပုစွန်မုန့်ထုပ်ကို အပျော်ရေ
နှင့်လှမ်းယူကာ တစ်ခုနှိုက်၍ သေးသေးချင်းဖဲ့စားနေရာမှ

"အစ်ကို ကျွန်တော်တို့ ဒီအတိုင်းထိုင်နေလို့တော့မဖြစ်ဘူးချော
ကမ္ဘာပတ်စီးပွားရှာလို့ရအောင် အရင်းအနှီးလေး ဘာလေးတော့"

သူ့စကားမဆုံး။ ကိုဘကျောက် ဟန်ပါပါလက်ကာပြ၍ သူ့ထုံး
အတိုင်း ဆေးပေါ့လိပ်တစ်တိုခဲကာ မှေးကြီး တောင်ထိုးမြောက်ထိုးနှင့် ဆို
ဒီယာထုတ်လေတော့သည်။ ပြီးနောက် ပုစွန်မုန့်အမှုန်များကပ်နေသော ပဝါ
စတစ်ကို အရသာခံဝါးနေသည့် မှေးကြီးကို မသိမသာပြန်အကဲခတ်လိုက်
သည်။

"ဒီကောင့်ရုပ်က မြန်မာနိုင်ငံလာပြီး တဲနဲ့နေချင်တယ်ဆိုတဲ့ ကမ္ဘာ
ကျော်လက်ဝှေ့သမားကြီး မိုက်တိုင်စန်ရုပ်ပဲ၊ ဟုတ်တယ်၊ တော်တော်လေး
တူတယ်၊ ဖြူနေတဲ့ သူ့အသားကိုသာ မိုက်တိုင်စန်လို မဲသွားအောင်လုပ်ပေး
လိုက်ရင် ဘာဖြစ်သွားမလဲ"

"ဟား ဟုတ်ပြီ"

ဝမ်းသာအားရထအော်လိုက်သော ကိုဘကျောက်အသံကြောင့်
အနားမှာ ဖီးလ်လေးနှင့် ပလပ်စတစ်ထိုင်ဝါးနေသော မှေးကြီး တုန်တက်သွား
သည်။

"ဟား လန့်လိုက်တာဗျာ၊ ဖြည်းဖြည်းလုပ်ပါ"



သူ့စကားကို ကိုဘကျောက် ဂရုမစိုက်။ ပြောချင်တာများကိုသာ
ဆက်ပြောသည်။

"ဒီမှာမောင်မှေးကြီး တို့ကမ္ဘာပတ်စီးပွားရှာစရာမလိုဘဲနဲ့ ဒီမှာတင်
ထိုက်ဆောက်၊ ကားစီးနိုင်မယ်ဆိုရင် မင်းယောင်တစ်ထုံး အဆုံးခံနိုင်ပါ့မလား"

"ဟား ဟော့လူ၊ ကျုပ် အလျှော့ခံတော့ မလုပ်စားဘူးနော်"

မှေးကြီး သူ့စိတ်ကူးထဲရှိ၍လားမသိ။ ထင်ရာကို ဖွတ်ပြောသည်။
ကိုဘကျောက် စိတ်ပျက်သွားသလို တစ်ချက်ပြန်ကြည့်ကာ သူ့အစီအစဉ်များ
ကို အသေအချာ ပြန်ရှင်းပြလိုက်တော့မှ

"ဖြစ် ဖြစ်ပါ့မလား ကိုဘကျောက်ရ"

ဟု မယုံသင်္ကာနှင့်ပြန်မေးသည်။ ကိုဘကျောက် အားတက်သရော
နှင့်

"အာ ဘာလို့မဖြစ်ရမှာလဲကွ၊ တို့နှစ်ယောက်ပဲ သိတဲ့ဥစ္စာ"

သူ့စကားကို မှေးကြီး ကျုံ့နေသော သူ့မျက်ပေါက်များထက်ကျုံ့၍
တစ်ချက်စဉ်းစားဟန်ပြုသည်။ ပြီးမှ

"ဒိုကေလေ၊ ကိုဘကျောက်ပိုင်ရင်ချလိုက်၊ ကျွန်တော်ကတော့
အဆင်သင့်ပဲ"

ထိုစကားကြောင့် မြောင်းသာသာရှိသော ကိုဘကျောက်၏အပျော်
များ ရုတ်ခြည်း ရေတံခွန်အဖြစ်သို့ ပြောင်းလဲသွားရလေသည်။ သူ့ကို အမြဲ
အတွေပေးနေသော မှေးကြီးကို ခုတုံးလုပ်၍ စီးပွားပြန်ရှာရတော့မည်ကို။

သို့ကလိုနှင့်. .

◆ ◆ ◆

သို့ကလိုနှင့် နောက်နှစ်ရက်မြောက်သောနေ့မှာ ရန်ကုန်မြို့၏အစွန်
အဖျားနေရာတစ်နေရာတွင်ရှိသော တဲလေးတစ်လုံး၏ရှေ့တွင် လူအယောက်
(၅၀)လောက် အလုအယက် တန်းစီနေသည်ကို တွေ့လိုက်ရသည်။ ကမ္ဘာကျော်
လက်ဝှေ့သမားကြီး မိုက်တိုင်စန်ကို တွေ့မည့်သူများသာ။

တဲရှေ့တွင်တော့ မိုက်တိုင်စန်ကို ရှုံသွင်းပြဖို့ စီစဉ်သည်၊ အိုက်ဒီ
ယာဘကျောက်၏ မျက်နှာကြီးမှာ ပြုံးလို့ရွှင်လို့။ အထဲမှာ မိုက်တိုင်စန်ကား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လဲ မင်္ဂလာပါမောင်မှေးကြီးကို မိုက်တိုင်စန်နှင့်တူအောင် တစ်ကိုယ်လုံး ဗိုးမဲများ သုတ်ထားသည်။ နောက် အမှားအယွင်းမရှိအောင်လည်း ဘာစကားမှ မပြောဖို့ သူ အသေအချာ မှာထားသေးသည်။

"ကဲ ကဲ မတိုးကြပါနဲ့၊ ခင်ဗျားတို့ တွေ့ချင်လှပါပြီဆိုတဲ့ ကမ္ဘာကျော် လက်ဝှေ့သမားကြီး မိုက်တိုင်စန်ဟာ ဒီတစ်ရက်၊ နှစ်ရက်နဲ့ ပြန်သွားမှာမဟုတ်ပါဘူး၊ ဟိုမှာရှိတဲ့ သူ့အိမ်နဲ့ခြံ ဖဲကြွေးနဲ့ အသိမ်းခံလိုက်ရတဲ့အတွက် မြန်မာနိုင်ငံမှာ အခြေချဖို့အထိ အစီအစဉ်ရှိပါတယ်။ ဒါကြောင့် ဝင်ကြေးလေး တစ်ယောက် ၂၀၀၀ နှုန်းပေးပြီး တစ်သုတ်ချင်းစီ အေးအေးလူလူ ဝင်တွေ့ကြပါ"

ထိုစကားဆုံးသည်နှင့် အိုက်ဒီယာဘကျောက်လက်ထဲ တစ်ထောင်တန်များ ပလူပြန်သွားသည်။ ငါးယောက်တစ်သုတ်၊ ဆယ်ယောက်တစ်သုတ် တဲလေးအတွင်း ဝင်လိုက်ထွက်လိုက် လုပ်နေသည်မှာလည်း ဖိုးချစ်တို့ဇာတ်နှင့် ထက်ပင်သာသေးသည်။ အထဲမှ ပြန်ထွက်လာသော အသုတ်တိုင်းထဲမှ

"ကမ္ဘာကျော်လက်ဝှေ့သမားသာဆိုတယ် မျက်နှာက ထိုးမလွဲကြီးနော်"

"အေးကွ၊ ခံနိုင်ရည်လည်း အတော်ရှိမယ့်ပုံပဲ"



"သြော် ကမ္ဘာကျော်ပါဆိုမှ ခံနိုင်ရည်တင် ဘယ်ကမလဲ၊ အတွင်းအားလည်း အတော်ကောင်းမှာပဲ"

"သူပြောတာဟုတ်တယ်ကွ၊ ငါ့လက်ကြည့်ပါလား၊ အိမ်ရောက်ရင် ဆေးထည့်ပြီး ပတ်တီးစည်းရဦးမယ်"

ထိုသို့သော စကားသံများကို ကြားလိုက်ရ၍ ကိုဘကျောက် ပြုံးလိုက်မိသည်။ ဟိုအကောင်မှေးကြီး မိုက်တိုင်စန်နှင့်တူအောင် ထိုလူများ သူ့ကို လက်ဆွဲနှုတ်ဆက်သည့်အခါ လက်ကို အတင်းဖျစ်ညှစ်လိုက်ပုံရသည်။ တဲရှေ့မှ လူတန်းကြီးမှာလည်း နည်းနည်းနောနောမဟုတ်။

သို့ဖြင့်. .

◆ ◆ ◆

သို့ဖြင့် ညနေစောင်းခဲ့ပြီ။

မိုက်တယ်စန်နှင့်တွေ့မည့်လူများလည်း တစ်ယောက်မှမရှိတော့။ ကိုဘကျောက် လက်ထဲရောက်လာသော ပိုက်ဆံများကို ရေတွက်ကြည့်လိုက်တော့ (၁၃၂၀၀၀) ကွက်တိ။

"အင်း ဒီအတိုင်းသာဆိုရင် ကိုဘကျောက်တို့ အမှန်အကန် တိုက်ဆောက်ကားစီးလို့ရပြီပဲ၊ ဟား ဟား ဟိုကောင့်ကိုတော့ နေ့တွက် ၂၀၀၀ လောက်ပေးပြီး နှစ်သိမ့်ရမယ်"

ထိုအတွေးနှင့် ကိုဘကျောက် လေကလေးချွန်၍ တဲအတွင်းဝင်သွားသည်။

"ဟား. . "

အထဲရောက်ရောက်ချင်း သူအတော်လေး အံ့အားသင့်သွားရလေသည်။ တစ်လုံးတည်းသော တန်းလျားအစုတ်ကလေးပေါ်တွင် မိုက်တိုင်စန် (ခေါ်) မင်္ဂလာပါမောင်မှေးကြီး။ တစ်ကိုယ်လုံး ဒဏ်ရာဗရပွနှင့် စုတ်ပြတ်သတ်နေသည်မှာ မြင်လို့ပင်မကောင်း။

ကိုဘကျောက် ချက်ချင်းအနားရောက်သွားသည်။ ပြီးနောက် အတော်ကြီးအဖြစ်ဆိုးနေသော မှေးကြီးကို သူ့လက်နှင့်ထိရမှာ ရွံ၍ အနားတွေ့သော ဝါးလုံးတိုနှင့် ခေါင်းကို အတင်းထိုးကလော် မပေးကာ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ဘယ်လိုဖြစ်ရတာလဲ ငါ့ကောင်ရာ"

ကရုဏာအသံနှင့်မေးလိုက်သော ကိုဘကျောက်စကားကြောင့် ခန္ဓာကိုယ်တစ်ခုလုံး စုတ်ပြတ်သတ်ရုံတင်မက မျက်နှာကြီးတစ်ခုလုံး ဖူးယောင်၍ မျက်လုံးတစ်ဖက်ပါ ကျွတ်လုကျွတ်ချင်ဖြစ်နေသောမှေးကြီး အတော်လေး အားယူပြီးပြန်ဖြေသည်။

"ဘယ် ဘယ်လိုဖြစ်ရမှာလဲဗျာ၊ ခင်ဗျားကောင်တွေအားလုံး လတ်ငှေ့သမားချည်းပဲ"

"ဟေ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဝင်လာလာချင်း ကျုပ်ကိုထိုင်ကန်တော့ပြီး ဆရာမြန်မာပြည်ရောက်တုန်းရောက်ခိုက် ကျွန်တော် ဂုဏ်ရှိသွားအောင် တစ် တစ်ပွဲလောက်နွှဲပေးပါဆိုပြီး အတင်းဝင်ဆွဲတော့တာပဲ"

"ဟောဗျာ"

"နောက် နောက်ရှိသေးတယ်၊ ကျုပ်ဘာသာကျုပ် ထိုင်နေတဲ့ဥစ္စာကို ဆရာ့ခေါင်းပေါ်မှာ ဆင်ကြီးဆိုပြီး ကျုပ်ကယောင်ပြီးမော့အကြည့်မှာ အောက်ကနေ ဟိုက်ယားဆိုပြီး မေးရိုးကိုဝင်ကျွေးတာက ခြောက်ယောက်တောင်"

"ဟား အဲလိုကြီးလည်း ပါတယ်"

"က ကမ္ဘာကျော်လက်ငှေ့သမားကြီး ဘယ်လောက်လျှင်လဲလို့ စမ်းတာပါတဲ့၊ အ အဆိုးဆုံးကတော့ နောက်ဆုံးလူပဲ၊ သူ့ သူ့အလှည့်ကျ ထိုးစရာနေရာမရှိတော့ဘူးဆိုပြီး မျက်လုံးဖြဲ တံတွေးနဲ့ ပက်သွားတယ်"


မင်္ဂလာပါမောင်မှေးကြီး သေကာနီးလူမမာတစ်ယောက်လို ပြောချင်တာတွေပြောပြီးသွား၍ ကိုဘကျောက်လက်ထဲရှိ ဝါးလုံးတိုလေးပေါ်မှာ သတိလစ်သွားလေတော့သည်။

မည်သို့ပင်ဖြစ်စေ ဒီကောင်သေသွားလျှင် အမှုပိုကြီးမည်စိုး၍ ကိုဘကျောက်ဆေးပြန်ကုပေးလိုက်ရသည်မှာ ရထားသော (၁၃၂၀၀၀)တင်မက မသောင်းဟန်ဖြုတ်သိမ်းထားသည့် နားကပ်ကလေးပါ အပေါင်ဆိုင်ရောက်သွားရလေသည်။

**အိုတ်ဒီယာဘကျော်**



လက်ဆောင်




www.burmeseclassic.com

www.burmeseclassic.com



# လူနှင့် ဝါသနာ

## ပြည့်မိုးအိမ်

www.burmeseclassic.com

www.burmeseclassic.com



# လူနှင့်ဝါသနာ

ကျွန်တော်တို့ ဘော်ဒါတွေထဲမှာ မဲကြီးဆိုတဲ့ကောင်တစ်ကောင်ရှိပါတယ်။ နာမည်ကြားရုံနဲ့ လူက အသားဘယ်လောက်မည်းမယ်ဆိုတာ တွေးသာကြည့်တော့။ နာမည်နဲ့လိုက်အောင်မည်းတဲ့မဲကြီးခမျာ ရည်းစားသနာလည်း မထားဘူးရှာပါဘူး။

ဒီတော့ ကျွန်တော်တို့ဘော်ဒါတစ်စုက သူ့ကို ရည်းစားထားဖူးသည်ရှိအောင် ဝိုင်းဝန်းကြံစည်ပေးကြရှင်းနဲ့ မဲကြီးမှာ ဂုဏ်ရည်တူကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်ခွင့်ရပါတယ်။ ဂုဏ်ရည်တူလို့ဆိုရတာက ဒီကောင့်ကောင်မလေးကလည်း ဒီကောင့်လို အသားကမည်းသည်းပြီး ပြာတူးနေတာမို့ပါ။ အဲ သူမရဲ့ငယ်နာမည်ကတော့ 'အာလူး'ပါတဲ့။ ကျောင်းနာမည်ကတော့ မဲပြာနေတဲ့ အသားအရေနဲ့အလိုက် 'ကြည်ပြာ'လို့ ဆိုပါတယ်။ သူမက မဲကြီးလိုပဲ အသက်က သုံးဆယ်မရှိတရှိ။ အဲ မဲကြီးလိုပါပဲ၊ ရည်းစားကလည်း ဒီအရွယ်ကြီးကျမှ အမြီးပေါက်တာ။

ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်လိုက်ကြတာများ တုန်လို့ ခဏခဏချိန်းကြတိုင်း လိမ်းလာလိုက်ကြတာကလည်း ဖုန်လို့။ ထားတော့ ကျွန်တော်တို့ရဲ့မဲကြီးက ခေတ်မီတဲ့ကောင် တအားဖြစ်ချင်တာ။ အမြတမ်း အသက်နှစ်ဆယ်မကျော်တဲ့ ကျွန်တော်တို့နဲ့ ပေါင်းဖြစ်နေတာပဲကြည့်။ ကျွန်တော်



တို့အဖွဲ့က ဘယ်သူမေးမေး 'အသက်နှစ်ဆယ်'ပဲ။ အားလုံးက အသက်နှစ်ဆယ် ဒီဘက်ကို ထည့်မတွက်ခဲ့တာ ခုနစ်နှစ် ရှစ်နှစ်လောက်စီ ရှိကြပြီဆိုပေမယ့် မဲကြီးတစ်ယောက်ကတော့ အသက်အမှန်ဖြစ်တဲ့ နှစ်ဆယ့်ကိုးကျော်ကျော်ကို အမှန်အတိုင်း ပြောတတ်ပါတယ်။ နောက်ဆက်တွဲကတော့

"ငါ့အသက်က ငယ်သေးတယ်ကွ၊ နိုင်ငံခြားမှာဆို အသက်လေးဆယ်မှာမှ ဘဝစကြတာ၊ ဒီတော့ ပြာလေးနဲ့လည်း လေးဆယ်မှပဲ အိမ်ထောင်ပြုကြဖို့ ဆုံးဖြတ်ထားတယ်"

ကြည့်။ ခေါ်တာကိုက 'ပြာလေး'တဲ့၊ ဟိုကလည်း သူ့ကိုပြန်ခေါ်ရှာပါတယ်။ 'ကိုလင်း'တဲ့။ မည်းသည်းနေတဲ့ကောင်ကိုများ 'ကိုလင်း'တဲ့။ ခေါ်ပုံက အေးလေ ဒီကောင့်နာမည်ကိုက 'လင်းနိုင်'ကိုး။ သူ့ဘာသာသူ လင်းတာမလင်းတာတော့ မသိဘူး။ ကောင်မလေးကတော့ 'ကိုလင်း'ပဲ။

ဒီလို ဂုဏ်ရည်တူ ချစ်သူနှစ်ယောက်ကို ကျွန်တော်တို့အုပ်စုက ချစ်သူဘဝကနေ တစ်ဆင့်တက် အိမ်ထောင်လေးဘာလေးပြုဖို့ ဝိုင်းဝန်းဆော်ဩကြတာပေါ့။ (ဒုက္ခရောက်ရင်လည်း သူ့အရင်ရောက်အောင်ဆိုပြီးတော့) ခက်တာက နှစ်ယောက်စလုံးက'အသက်လေးဆယ်'မှ ဘဝစကြမှာလို့ချည်းပဲဆိုနေကြတော့ ရိုးတာကလည်း အင်မတန်ရိုးတာ။ ရိုးပင်ရိုးသော်ငြားလည်း ရည်းစားချိန်းတဲ့နေရာမှာတော့ စံချိန်တင်တယ်။ တစ်ခါတစ်ခါ ချိန်းလိုက်ရင် အကြာကြီး။ စိုးရိမ်ရလောက်အောင်ကိုကြာတာ အဟုတ်။

ဒီတော့ ဘော်ဒါတစ်သိုက်ကလည်း စိုးရိမ်စိတ်အပြည့်နဲ့ လိုက်ချောင်း အဲလေ လိုက်လေ့လာကြတာပ။ ဘာသိဘာသာ လေ့လာကြည့်တော့ လားလားလား ဆရာသမားတို့အတွဲက သမီးရည်းစားချိန်းနေကြတာတဲ့ဗျာ၊ တစ်ယောက်နဲ့တစ်ယောက်က၊ အဲ တစ်ယောက်နဲ့တစ်ယောက်က အဝေးကြီး။ ဆရာသမားကလည်း စမ်းချောင်းဘေးမှာ ငါးထိုင်မျှားလို့၊ ဆရာမကြီးကလည်း ဇာထိုးပန်းထိုးလုပ်နေလေရဲ့၊ တစ်ယောက်တစ်နေရာစီမှ ဘုရားရှူး တစ်ယောက်တစ်နေရာစီ။

မကျေနပ်ကြလို့ ဘော်ဒါတစ်သိုက် နောက်နေ့တွေ နောက်နေ့တွေ လိုက်ချောင်း(အဲလေ) လိုက်လေ့လာကြတော့လည်း ဒီအတိုင်းပဲ။ ရောက်ကတည်း

www.burmeseclassic.com

www.burmeseclassic.com



"ငါက 'ညှစ်ဖို့ ညှစ်ဖို့ အားမရှိတော့'လို့ ဆိုကြည့်သေးတယ်၊ သူက သူကလည်း မျက်လုံး ကလည်ကလည်နဲ့ 'ဒီအသီးတိုင်းကြီးပဲ ထားလိုက်ရမှာလား ဟိုက်'လို့ ဆိုတော့"

က တစ်ယောက်တစ်နေ့ရာစီ ထိုင်လိုက်ကြတာ ပြန်တဲ့အထိ။ သကောင့်သားကလည်း ငါးဟင်းစားနှစ်ကောင်သုံးကောင်ရ။ ကြည်ပြာကလည်း ဇာထိုးပန်းထိုး အတော်လေးပြီး။ တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးတစ်ခါ စကားလေးဘာလေး လှမ်းအော်ပြော။ သကောင့်သားကလည်း ငါးမျှားတာပျက်မှာစိုးလို့ထင်ရဲ့။ စကားသိပ်မပြောဘူး၊ ပြောရင်လည်း အော်ပြောမှကြားမယ့်ကိန်းကိုး။ အော်ပြောပြန်ရင်လည်း ငါးက ရမှာမဟုတ်ဘူး။ အဲဒီပုံစံနဲ့ ရက်တွေကြာလာတော့ ဘော်ဒါတွေ ခေါင်းချင်းဆိုင် တိုင်ပင်ရတော့တယ်၊ ဒီအတိုင်းသာဆို သူတို့ ပြောပြောနေတဲ့ အသက်လေးဆယ်မှာတောင်မှ ငါးကလေးမျှားလိုက်၊ ဝေစုခွဲပြီး နှစ်ယောက်သား ချက်စားလိုက်နဲ့ အကုသိုလ်တွေများကုန်ရင် နောင်သံသရာ အတွက်လည်း မကောင်းဘူးမဟုတ်လား။

ဒီလိုနဲ့။

◆ ◆ ◆

ဒီလိုနဲ့ မဲကြီးတစ်ယောက် အသက်တစ်နှစ် ကြီးလာပြန်တယ်၊ တစ်နေ့မှာ ကျွန်တော်တို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ကို မဲကြီးတစ်ယောက် ငိုက်စိုက်ငိုက်စိုက်နဲ့ ရောက်လာတယ်။ မျက်နှာလည်း မကောင်းဘူး။ ဘော်ဒါတွေ ဝိုင်းမေးကြတော့မှ ခေါင်းကြီးငုံ့ပြီး ဆရာသမားက

"ငါ့ ငါ့ကို ပြာလေး စိတ်ဆိုးသွားတယ်"

"ဘယ်တုန်းကလဲ"

"မနေ့က"

"ဘာဖြစ်လို့ စိတ်ဆိုးသွားတာလဲ"

ဘော်ဒါတစ်ယောက်ရဲ့ ခပ်သွက်သွက်အမေးကြောင့် မဲလေး ခေါင်းကြီးငုံ့သွားရှာတယ်။ အကြာကြီးနေပြီးတော့မှ



"ငါ ငါညှစ်တာ လက်လွန်သွားလို့"

"ဟေ"

"တကယ်တော့ ငါကမညှစ်ချင်ပါဘူး၊ ဒါပေမယ့် မညှစ်ဘဲလည်း ငါမနေနိုင်ဘူး၊ သူကလည်း ညှစ်ခိုင်းတာကိုး"

"ပြဿနာပဲ ဆက်ပြော ဆက်ပြော"

ဘော်ဒါတစ်ယောက်က ပြောင်ချော်ချော်နဲ့ ဝင်ထောက်ပေးတယ်။ အုန်တဲ့ဘော်ဒါတွေကလည်း ရည်းစားနဲ့စိတ်မဆိုးစဘူး စိတ်ဆိုးလာတဲ့ မဲကြီးအာများဆက်ပြောမလဲလို့ နားစွင့်နေကြတယ်။

"ငါက သီချင်းနဲ့တီဗီကြော်ငြာထဲကလို 'ညှစ်ဖို့ ညှစ်ဖို့ လုံးဝမလို'လို့ ခရိုပ်ပြပြီး ဆိုပါသေးတယ်"

"အဲဒီတော့"

"သူက 'ဒီအသီးအတိုင်းကြီးပဲ ထားလိုက်ရမှာလား ဟိုက်'လို့ ပြန်ဆိုတယ်"

"တီဗီကြော်ငြာထဲက အက်ရှင်တွေပါ ပါလာပြီ၊ ဆက်ပြော"

"ငါက 'ညှစ်ဖို့ ညှစ်ဖို့ အားမရှိတော့'လို့ ဆိုကြည့်သေးတယ်၊ သူက သူကလည်း မျက်လုံး ကလည် ကလည်နဲ့ 'ဒီအသီးတိုင်းကြီးပဲ ထားလိုက်ရမှာလား ဟိုက်'လို့ ဆိုတော့"

"မင်းက တအားညှစ်လိုက်ရောလား၊ လည်ပင်းကို၊ လည်ပင်းကို"

ဘော်ဒါတစ်ယောက်က သူ ထင်ရာမြင်ရာ ခွဲတွေးရင်း လည်ပင်းကို ညှစ်လို့အမေးမှာ မဲကြီးက 'ဟင့်အင်း'လို့ခေါင်းခါတယ်။ ပြီးတော့

"မျက်ရည်တောင်စို့ပြီး ဟီးခနဲ ငိုချတာဆိုတော့ ငါလက်လွန်သွားပြီဆိုတာ သိလိုက်တယ်၊ ဒါပေမယ့် ဟင့်ဟင့် ဒါပေမယ့် သူက တမင်တအားညှစ်တာထင်ပြီး စိတ် စိတ်ဆိုးသွားတယ်၊ တောက် ဝတ်ခြုံမြင်ရင် အင်မတန်ညှစ်ပေးချင်တဲ့ ဝါသနာကို ငါကလည်း မစွန့်လွှတ်နိုင်ဘူး။ မင်းတို့လည်း သိတဲ့အတိုင်းပဲလေ၊ ငါက မညှစ်ရင် မနေနိုင်တာကလွဲလို့၊ အခုတော့ ပြာလေး က အရမ်း ဟမ်းတမ်း ဆိုနေပြီ၊ ဟင့် ဟင့် တော်တော့်ကို နာသွားဟန်တူတယ်၊ သူလည်းငါ အညှစ်ကြမ်းတာကိုး"

www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

မှန်၏။ လူတစ်ကိုယ် ဝါသနာတစ်မျိုးတည်း။ အချို့ကား သန်
အင်မတန် ဝါသနာပါ၊ အချို့ကလည်း သွားကြားထိုးဝါသနာပါ၊ အချို့ကလည်း
အစအနောက်ဝါသနာပါ၊ အတင်းပြောဝါသနာပါ၊ အားကစား၊ လောင်းတ
စသဖြင့် ဝါသနာစုံ။

ကျွန်တော်တို့၏ မဲကြီးခမျာသည်လည်း ဝက်ခြံမှည့်မြင်လျှင် မညှ
ဘဲ မနေနိုင်သူတည်း။ ကျွန်တော်တို့ ဘော်ဒါများထဲတွင် တစ်ယောက်ယော
ဝက်ခြံပေါက်လို့ကတော့ သူ အင်မတန်ဝမ်းသာသည်။

"ဟကောင် မင်းဝက်ခြံမှည့်လာရင် ငါ့မမေ့နဲ့နော်"

ထိုသို့ စရန်သတ်ကာ ဝါသနာကို ရှေ့ထား အားပါးတရ ညှစ်
တည်း။

ညင်ညင်သာသာ ညှစ်သည်မဟုတ်။ အားရပါးရညှစ်ရမှ ရှုံ့မဲ့သွား
အောင် ညှစ်လိုက်ရမှ ကျေနပ်သူတည်း။

(သင်ရော ထိုသို့သောဝါသနာရှင်ကို တွေ့ဖူးပါသလား၊ မယုံမ
လေနှင့် မိတ်ဆွေ ရှိ၏။)

မဲကြီးခမျာ စိတ်ညစ်ရရှာလေပြီ၊ သူကိုယ်တိုင်ကလည်း အညှ
ကြမ်းသည်ကိုး။ ထိုအချိန်တွင် လမ်းပေါ်၌ နေညိုချိန်မို့ ရေချိန်ကိုက်လာဟ
တူသော နှာခေါင်းတို့နှင့် ကိုဟဂ္ဂတစ်ယောက်၏ သီချင်းသံကား ကျွန်တော်တို့
လက်ဖက်ရည်ဝိုင်းသို့ လွင့်ပျံ့ကာလာ၏။ သီချင်းသံမှာကား

"ညှစ်နိုင်တဲ့တူတွေ၊ ညှစ်ကြပါ ညှစ်ကြပါ ညှစ်ပိုင်ခွင့်မညှိတော့"

◆ ◆ ◆

ပြည့်ပိုင်မှူး

မှတ်ချက်- ကျွန်တော်တို့ဆီမှ နေလူမျိုးများကတော့ ဝက်ခြံကို ဝက်
ခြံသီးဟု ခေါ်ကြပါသည်၊ ထို့ကြောင့် ဒီအသီးတိုင်းကြီးပဲဟု သုံးလိုက်ခြင်း
ဖြစ်ပါသည်။



www.burmeseclassic.com



ပြီ

ဟောဒီကျဲကျဲတောက် ပူပြင်းနေတဲ့ နေပူကြီးထဲမှာ ငုတ်စိကလေး ရှိနေတဲ့ ကွမ်းယာတဲကလေးရဲ့ မဖြစ်စလောက် အရိပ်ကလေးအောက်မှာ ဆိုင်ကယ်ခေါက်ထောက်ပြီး ခနီးသည်စောင့်နေတာ တစ်နာရီနီးပါးရှိသွားပြီ။

အချိန်တွေကြာလာလေ၊ အိမ်ကဟာကြီးရဲ့မျက်နှာ မြင်လာလေ ဒင်းရဲ့အသံကြီးတိုကြားလာလေပဲ၊ ညနေအိမ်ပြန်လို့မှ ဈေးဘိုးလေးပြည့်အောင် မပေးနိုင်ခဲ့ရင်ဆိုတဲ့စိတ်ကြီးက အပြင်မှာပူနေတဲ့နေထက်ကိုပိုပြီး ပူလောင်စေတယ်။

အဲလိုပူပြင်းလွန်းလှတဲ့ ပတ်ဝန်းကျင်၊ ပူလောင်လွန်းလှတဲ့စိတ်တို့ ပြေရာပြေကြောင်း 'ထွီ'ခနဲ ကွမ်းတံတွေးအထွေးမှာ တွေ့လိုက်တဲ့ ပုရွက်ဆိတ်ကလေးတစ်ကောင်ဆီ ပို့လိုက်တယ်။

ဘာရည်ရွယ်ချက်နဲ့မှန်းမသိ။ ခြေထောက်နား ဟိုဟိုဒီဒီလျှောက် သွားနေတဲ့ ပုရွက်ဆိတ်ကလေးကို လျှောက်ကြည့်ပြီး

သြော် မင်းလည်းငါ့လိုပဲ အယူမှားလို့ လမ်းလွဲရောက်သွားတဲ့ကောင်ပဲဖြစ်ရမယ်၊ နောင်ကို လမ်းလွဲမရောက်ရအောင် ဘယ်တော့မှ အယူမမှားစေနဲ့ 'မိန်းမ'ဆိုတာမျိုးကြီးတွေကို မယူမိစေနဲ့ကွ သိလား၊ အေး အဲဒါဆို နေပူကျဲတဲကြီးထဲ ဘာမှ သေချာရေရာမှုမရှိတဲ့ လောကကြီးထဲ အခုလို မျှော်လင့်ချက်ကြီးနဲ့ ဟိုဟိုဒီဒီလျှောက်သွားနေရမှာ မဟုတ်ဘူး၊



အေးပေါ့လေကွာ၊ ငါ့လို ဦးနှောက်ရှိ၊ အရိုးရှိ၊ အကျောသန်တဲ့'လူ' ဆိုတဲ့ကောင်ကြီးကတောင် 'အမှားလုပ်' မိသေးတာပဲ၊ မဟုတ်တာလုပ်မိသေးတာပဲ၊ ခုမှတော့ ဘာတတ်နိုင်မှာလဲ၊ လုပ်တုန်းကလုပ်ခဲ့ပြီးပြီကိုး၊ ပြီးတော့ မင်းလို ဦးနှောက်မရှိ၊ အရိုးမရှိ၊ အကျောမရှိတဲ့ကောင်တောင် ဟောဒီနေပူကြီးထဲ အသက်ရှင်ရပ်တည်နိုင်သေးရင် ငါလည်း ရပ်တည်နိုင်ရမှာပေါ့

ဆိုပြီး ပုရွက်ဆိတ်နဲ့ကိုယ်နဲ့ကို ထပ်တူပြုပြီး အပူဒဏ်ကို ကာကွယ် အချိန်ဖြုန်းနေမိတယ်၊ တခြား ကိုယ်နဲ့ လည်ပယ်ဖြစ်မယ့် ထပ်တူပြုရမယ့် ကောင်တ တွေ့မှမတွေ့တာ၊ ကွမ်းယာတဲကလေးရဲ့အောက်က ခွေးဝဲစားကတောင် အေးရာအေးကြောင်း ခြေပစ်လက်ပစ် အိပ်နေနိုင်သေးတာလေ၊ ကောင်းရော။

ကျွန်တော်လည်း ခုလို နေပူကျဲတဲကြီးအောက် taxiသမားဘဝ ရောက်ရပုံကို သိချင်နေတာလား။

အယူမှားခဲ့တဲ့ အိမ်ကဟာကြီးကြောင့်ပေါ့ဗျာ၊ ကြည့်လေ ဒင်းပြောပုံကို

◆ ◆ ◆

"တော့် ကိုဟိုဒင်းကြီး ဟီ အီ"

ကိုဟိုဒင်းကြီးဆိုတာရဲ့နောက်က 'ဟီ အီ'ဆိုတာက 'ဆွဲ'ပြီးခေါ်တဲ့ အသံလေ။

"ဘေးအိမ်က 'ပြာတာ ငအောင်' တွေ့လား၊ ဆိုင်ကယ်စုတ်တစ်စီး နေ့တွက်နဲ့ငှားပြီး တက္ကစီမောင်းနေတာ ထမင်းတွေဘာတွေတောင် စားနိုင်နေပြီသိလားတော့်၊ အရင်က ကုန်းကုန်းကုန်းကုန်းနဲ့ ကုတ်ချိနေတဲ့ သူ့မိန်းမက လည်း ခုတော့ ကော့ကော့ကော့ကော့နဲ့ ပျံထွက် လန်ထွက်နေရော၊

တော့်မှာသာ ပွဲစားကြီး ပွဲစားကြီးဆိုပြီး နာမည် ခံနေ၊ ဇိမ်ခံနေတာ မိသားစုမှာတော့ 'ဆန်ပျက်'ဖြစ်လိုက်၊ 'ဆန်ပြုတ်'ဖြစ်လိုက်နဲ့ ထမင်းတောင် တပြည့်တည်း ဝေးလာလိုက်တာ သိပ်တောင် မမှတ်မိချင်တော့ဘူး၊ ဘယ့်နှယ်တော် ကိုယ့်မှာလည်း ကိုယ်ပိုင်ဆိုင်ကယ်နဲ့ပဲ၊ ဟိုမှာကြည့်စမ်း၊ ဆိုင်ကယ်အပိုင်မရှိတဲ့ 'ပြာတာငအောင်' လို ရှုးပေါပေါကောင်ကတောင် ဆိုင်ကယ်လေး ငှားပြီး သုပ်ကျွေးနိုင်သေးတာ၊ တော်က ဘာမှ မလုပ်ကျွေးနိုင်၊ မရှာဖွေးနိုင်ရတာလဲ

မိသားစုအပေါ် စေတနာမရှိလို့လား၊ ကိုယ့်မိသားစု ထမင်းဝမှာ ကြောက်

www.burmeseclassic.com



လို့လား၊ ဘယ်တော့ကြည့်ကြည့် ဆိုင်ကယ်တစ်စီးနဲ့ ဟိုနားယောင်ယောင် ဒီ နားယောင်ယောင်နဲ့ လန်း လန်းလန်းလန်း လျှောက်လုပ်နေတာလေ၊ တကတည်း ကြည့်တောင်မကောင်းဘူး"

အဲလိုပေါ့ဗျာ၊ 'ပွတ်စလီ' 'ပွတ်စလီ'နဲ့ ပြော နေလိုက်တာ၊ ကျွန်တော်ကပဲ မလုပ်တတ် မကိုင်တတ် ရှိတဲ့ပစ္စည်းကို အသုံးမချတတ်၊ တန်ဖိုးမသိတတ်တဲ့ ငတုံးကြီးတစ်ကောင် ကျနေရောပါဆို၊ နောက်တော့ လည်း ထုံးစံအတိုင်းပေါ့ဗျာ၊ နားအေးပြီးရောဆိုပြီး ကိုးကြောင်းကိုးကျင်း ကုတ်ချိုကုတ်ချိုနဲ့ 'မာလတီပွဲစား ကြီး'ဘဝက အရှင်လတ်လတ်ကြီး taxiသမားဘဝကို ရောက်ပြီး ခုလို နေပူကျဲတဲအောက်မှာ 'ငုတ်စိ ငုတ်စိ'နဲ့ ဖြစ်သွားတာပေါ့။

ဇာတ်ထဲက လူရွှင်တော်တွေရဲ့အလုံး ယူသုံး ရရင်တော့ 'သူ့ဘော သူ့ဘော'ပေါ့ဗျာ။ တကယ်က တော့ သူ့သဘောမဟုတ်ပါဘူး။ ကိုယ့်ဘာကိုယ် ဒင်းနဲ့ ဝေးရင် နားအေးမယ်၊ ပါးအေးမယ်၊ မျက်စိအေးမယ်၊ နှလုံးအေးမယ်၊ ဘာအေးမယ်၊ ညာအေးမယ်ပေါ့ဗျာ၊ ဟုတ်တယ်ဗျ။ နေပူတာထက်ကို အဆပေါင်းများစွာ ပိုရ တဲ့ဟာကြီးပါဆို၊

◆ ◆ ◆

မိသားစုအပေါ်
စေတနာမရှိလို့လား၊
ကိုယ့်မိသားစု
ထမင်းဝမှာ
ကြောက်လို့လား၊

တကယ်ကျ taxiသမားဘဝက အတော် မလွယ်ဘူးပဲ။

ဘယ်လောက်များလည်း မများလည်းတော့ မသိပါဘူး။ ခြင်တောင် ဖတ်ခနဲမြည်အောင် မရိုက်ရဲ ဘူး။ 'အစ်ကို taxiလား'ဆိုပြီး 'ဒူးခနဲ'ဆို နှစ်စီးလောက် ရောက်ပြီးသားပဲ။ 'ပကျွတ် ပကျွတ်'နဲ့ သွားချေး(နှီး)



တောင် အသံမြည်အောင် မစုပ်ရဲဘူး။ taxiသမားက ရောက်လာရော။ အဟမ်း အဟမ်းဆိုပြီးတော့လည်း ချောင်းမဟန့်ရဲဘူး။ 'လာပြီ အစ်ကို'ဆို taxiက ရောက်ပြီပဲ။ အို ကုန်ကုန်ပြောမယ်။ 'ဝါး'ဆိုပြီး အားရပါးရလေး 'သမ်း'လိုက် မယ် စိတ်မကူးနဲ့၊ ပါးစပ်ကလေးပဲ'ဟ'လိုက် (မသမ်းရသေးဘူးနော်) 'လာပြီ အစ်ကို' 'လာပြီ အစ်ကို'ဆိုပြီး taxiက အနားမှာအသင့်။

အဲလိုပါဆို ပေါ်ပုံများပြောပါတယ်၊

taxiကလေးငှားချင်လို့ကတော့ (၂၀၀)တန်ကလေးတစ်ရွက်လောက် ကိုင်ပြီး လက်ကလေးမြှောက်ထားလိုက်၊ အောင်မလေး taxiသမားတွေများ သူ ခေါ်တာ ငါခေါ်တာနဲ့ သူအရင်မြင်တာ ငါအရင်မြင်တာဆိုပြီး အလုအယက် ကို 'ဒူးခနဲ' 'ပြောခနဲ' ရှုပ်ယှက်ခတ်အောင် ရောက်ချလာပြီး ရန်လာဖြစ်နေကြ ရော၊ လုနေကြရော။

ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် အလုအယက် Discountတွေချပြီး ဆွယ်နေခေါ်နေကြရော။ မျက်နှာကိုလည်း အပြေခံဆုံး ဖြစ်အောင် ဖြေချပြီး အစွမ်းကုန်ပြုံးထားရသေးတယ်။ ဥပမာ ခရီးတစ်ခုကို တစ်ယောက် ၅၀၀ တောင်းတယ်ဆိုရင် နောက်တစ်ယောက်က

"ကျွန်တော် (၃၀၀)နဲ့ပဲ သွားပေးမယ် အစ်ကို"

"ကျွန်တော့်ကိုတော့ (၂၀၀)ပဲပေး ဘကြီး"

"ကျွန်တော်လည်း (၂၀၀)ပဲ ဦးလေး၊ ဇက်ကျောနှိပ်ပေးမယ်၊ အပူထုတ် ပေးမယ်"

"(၂၀၀)ပဲ၊ (၂၀၀)ပဲ ဇက်ကျောနှိပ်ပေးတယ်၊ အပူထုတ်ပေးတယ်၊ ပြီးရင် အပျင်းပြေ 'နားပန်'ပါ နှစ်ချက်ကျင်းသွားလို့ရတယ်။

"ကျွန်တော်ကတော့ 'ဖင်'ပါ အဆစ်ပေးကန်တယ်"

အဲလို အဲလိုဆို ခရီးသည်လေးတစ်ယောက်လောက်ရဖို့ကို လုံးပန်းရ ဆွယ်ရ ပြောရတာ ဘယ်လောက်ပင်ပန်းတယ် မှတ်လဲ၊ ဟုတ်တော့လည်း ဟုတ်တယ်လေ။ ဒီအတိုင်းကြီး ငုတ်တုတ်နှုတ်ပိတ်ထိုင်နေတာထက်စာရင် တော့ ခေါ်နေပြောနေ လှုပ်ရှားနေတာက ပိုကောင်းတာပေါ့၊ ပိုရှင်သန်တာပေါ့ မဟုတ်ဘူးလား။ ပြီးတော့ 'ဆီဖိုးလေးရ ပြီးရော'ဆိုပြီး သွားနေကြတာပဲ…

www.burmeseclassic.com

www.burmeseclassic.com



အဲ သွားရင်းလာရင်းနဲ့ အပြန်မှာ တခြားခရီးသည်ဆို တာမျိုးနဲ့ ခလုတ်တိုက်ပြီး မရဘူးလို့ ဘယ်သူပြောနိုင်မလဲ အဲလို မျှော်လင့်ချက်လေးနဲ့ပေါ့။

ဆိုတော့ကာ လုပ်ငန်းသဘောက အဲလိုဆို တော့ ကျွန်တော်တို့လို အသက်အရွယ်ကလည်း မဖြစ်စလောက် ကြီးသလိုဖြစ်နေတဲ့သူတွေ၊ နည်းနည်း လည်း ရှက်တတ်တယ်ဆိုတဲ့သူတွေ၊ နည်းနည်းလည်း ကြောက်တတ်တယ်ဆိုသူတွေ ပြာတာငအောင်တို့လောက် လည်း မဆင်းရဲ၊ မရှုမပေါ်တဲ့ 'လူ့စက' တွေအတွက် ကျတော့ ဥက္ကဲ(ဈေးဦးပေါက်)ဖို့တောင် အနိုင်နိုင်ပဲ လေ။ အဲလိုလူတွေနဲ့ကတော့ သေချာတယ်။ ဘယ် တော့မှ ယှဉ်လို့မရနိုင်ဘူး။ ကိုယ့်အနေနဲ့ကလည်း ယှဉ်ဖို့မတင့်တယ်ဘူး ထင်တယ်လေ။

အဲဒီတော့ သူတို့နဲ့ ခပ်လှမ်းလှမ်း ခုလိုနေရာ မျိုးလေးမှာ သူတို့ဆီက ကျွံလာတဲ့(ကျွံသော)ပဲ စောင့် နေတော့တယ်။

ပြောရင်းဆိုရင်း မျက်စိလည်ရောက်လာတဲ့ မိတ်ကပ်ရောင်လား၊ ပန်းရောင်လား အဲ အဲလို ဝမ်းဆက် ကလေးဝတ်ထားတဲ့ သီလရှင်ဆရာလေး တစ်ပါးကို ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေမိတယ်။

ပုရွက်ဆိတ်နဲ့တောင် စိတ်ပြေနေရတဲ့ ကောင်ဆိုတော့ အဲဒီဆရာလေးကိုပဲ စလောင်းမှာ လာလာနေတဲ့ ဖက်ရှုပ်မယ်လေးလို သဘောထားပြီး

ဆရာလေးက သူ့ဘာသူ စက္ကူအိတ်ခြွေလေး ကို ချပြီး တည်တည်ငြိမ်ငြိမ်နဲ့ လျှောက်လာတာ ကိုယ်ကလည်း အစောကပြောသလို ပုရွက်ဆိတ်နဲ့တောင် စိတ်ပြေနေရတဲ့ကောင်ဆိုတော့ အဲဒီဆရာလေးကိုပဲ စလောင်းမှာ လာလာနေတဲ့'ဖက်ရှုပ်မယ်'လေးလို သဘော ထားပြီး လေထဲတလွင့်လွင့် ဖြစ်နေတဲ့ သက်နှင်းလေး ပန်းမှာလွယ်ထားတဲ့ (ဖြစ်နေကျ ပါနေကျလိုဖြစ်နေတဲ့)



ခပ်နွမ်းနွမ်းလွယ်အိတ်၊ ခေါင်းပေါ်က သက်နှင်းနဲ့အရောင်တူ အဝတ်ကလေးနဲ့ချုပ်ထား တဲ့ ဆန်တစ်ပြည်လောက်ရှိမယ်ထင်တဲ့ ဆန်အိတ်ကလေးကို ဝါး (နှီးဖြင့်ရက်ထား သော) ဘန်းလေးအား'ခေါင်းဘု'(ခေါင်းတွင် သက်နှင်းကလေးဖြင့် ကရွတ်ခွေ ဗာင်ထားသော)ပေါ်တင်၍ တည်ငြိမ်အေးချမ်းစွာ လျှောက်လာပုံလေးအား အသေးစိတ်လျှောက်ကြည့်နေမိ၏။

အနားရောက်လာမှ 'အလှူလာခံနေရင် ဒုက္ခ'ဟူသောအသိဖြင့် အကြည့်ကို ဖတ်ခနဲလွှဲ၍ စောစောကကြည့်နေမိသော မိမိ၏အဖော် ပုရွက်ဆိတ် ထံ ပြန်ပို့ထားလိုက်ပြီး ပူပြင်းလွန်းလှသော ပတ်ဝန်းကျင်၏ဒဏ်ကို မေ့ ပျောက်လိုမေ့ပျောက်ငြား ပေါက်ကရအတွေးတို့ဖြင့် ခုခံကာကွယ်နေမိသည်။

"ဒကာကြီး"

အနားတွင်ကပ်၍ ခေါ်လိုက်သောအသံကြောင့် ထင်တဲ့အတိုင်းပဲ 'ဥ'က မကွဲသေးဘူး၊ အလှူခံကရောက်နေပြီ ဟူသော ညစ်တွေးဖြင့်

"ကန်တော့ ဆရာလေး"

"မဟုတ်ဘူး ဒကာကြီးရဲ့၊ ဆရာလေးက ဟိုး'ဖားပုံ'ရွာက (. . )ကျောင်း ကို သွားချင်လို့၊ အဲဒီမှာ ဆရာလေးရဲ့ဆရာကြီး အတော့်ကိုဖျားနေတယ်ပြော လို့၊ ပြီးတော့ ဆရာလေးကို 'အမြန်လာပါ'ဆိုပြီးမှာလာလို့"

အဲဒါပြောတာဗျ။ ဒီလောက်ပေါ ဒီလောက်များပါတယ်ဆိုတဲ့ တက္ကစီ သမားပေါင်း သောင်းခြောက်ထောင်လောက်ကို ကျော်ပြီး ဟိုးအဝေးကြီးမှာ ပုရွက်ဆိတ်နဲ့စိတ်ဖြေနေရတဲ့ ကျုပ်လို 'တက္ကစီသမားလက်သစ်ခေတ်အိုကြီး' တို့မှ လာမြင်ရတယ်၊ လာပြီးမျက်စိကျရတယ်လို့ဗျာ၊ မပြောချင်တော့ပါဘူး။ တခြား ကောင်တွေကလည်း ဖြစ်နိုင်ခြေမရှိဘူးထင်တဲ့သူမို့လို့လား မသိပါဘူး။ တစ်ယောက် မှကို မစပ်တာ။ အဲဒီတော့ သူတို့တွေကိုကျော်ပြီး ကျွန်တော့်ဆီ တည့်တည့်ကြီး ရောက်လာတာပေါ့။

ပြီးတော့ သူသွားချင်တဲ့ခရီးက ဒီကနေဆို ဆယ်မိုင်ပျော့ပျော့လောက် တို ရှိမယ့်ခရီး။ အနည်းဆုံး ခတ်ဆိန့်စ်ပုလင်းနဲ့ အချိန်တစ်နာရီလောက်သွား ရမယ့်ခရီး၊ ဒီကနေ ဆယ့်ငါးမိနစ်လောက်မောင်း၊ ဟိုင်းဝေးလမ်းမကြီးပေါ် ရောက် အဲဒီကနေမှ နာရီဝက်ကျော်ကျော်လောက်မောင်း၊ ပြီးတော့မှ လမ်းသွယ် ဒြီး

www.burmeseclassic.com



နီလမ်း)ကလေးထဲ မိနစ်နှစ်ဆယ်လောက်မောင်းမှ ရောက်မယ့်ခရီး၊ အနည်းဆုံး နှစ်ထောင်ကနေ ငါးထောင်လောက်အတွင်းမှ အဆင်ပြေသလို လှူရင် ကြည့်ပြီး ရမယ့်ခရီးကိုဗျာ၊ ဘယ်လိုလုပ်ပြီး အလကားပို့ပေးနိုင်မလဲ ဟုတ်တယ်လေ။ သာသနာ့ဝန်ထမ်းတွေဆိုတော့ ပိုက်ဆံကတောင်းလို့လည်းမကောင်း၊ ကိုယ်ကလည်း အလကားမလုပ်နိုင်ဆိုတော့ တကယ့်ကိုစိတ်ညစ်စရာပေါ့။

"ဟုတ်ကဲ့ ဆရာလေး၊ ဒီ ဒီမှာကလေ ဟို ဟို"

ကျွန်တော်လည်းဗျာ ဘာကိုအကြောင်းပြပြီး ဘယ်လိုငြင်းရမှန်းမသိတာနဲ့ ယောင်တောင်တောင် ကြောင်တောင်တောင်နဲ့ ဟိုတွေဒီတွေ ဖြစ်နေချိန်မှာပဲ ဆရာလေးက သူ့ရဲ့ ဆန်ဖန်းကလေးရဲ့အောက် လက်နှိုက်ပြီး

"ဆရာလေးမှာ ငွေ သုံးထောင့်ငါးရာလောက်တော့ ပါတယ်ယောအဲဒါ ဒကာကြီးယူလိုက်ပေါ့၊ အဲလောက်ဆို အဆင်ပြေလောက်ပါတယ်နော်"

ပြောလည်းပြော ကျွန်တော့်လက်ကိုလည်းဆွဲပြီး ဗျပ်ဗျပ်ဆို ယိုလျက်သားလေးပါလာတဲ့ ငွေစက္ကူတချို့ကို အတင်းထိုးထည့်ပေးတော့တာ ကျွန်တော်လည်းဗျာ တိမ်ညိုတိမ်မဲတွေကြားထဲက ရုတ်တရက်ထွက်လာတဲ့ ဖိုးလမင်းကြီးလို မျက်နှာကြီးက ထိန်းမနိုင်သိမ်းမရ ပြုံးဖြဲဖြဲကြီးဖြစ်သွားပြီ

"မဟုတ် မဟုတ်တာ ဆရာလေးရယ်၊ ဟို ဟို ကျွန်တော်က အတပည့်တော်က ဟို"

အဲလို ဝမ်းသာလွန်းလို့ ယောင်အအဖြစ်ပြီး အားနာပါးနာနဲ့ ဘာပြောရမှန်းမသိဖြစ်နေတာကို ဆရာလေးက ဘယ်လိုသဘောပေါက်တယ် မသိပါဘူး

"အဆင်မပြေရင်လည်း ကျောင်းရောက်ရင် ဆရာလေးထပ်ယူပေးမယ်လေနော်၊ ဆရာလေးကို ပို့ပေးပါ ဒကာကြီးရယ် အရေးကြီးလို့ပါ"

ကြည့် နားပန်လည်းအကျင်းမခံရ၊ ဖင်လည်းပိတ်ကန်မခံရ၊ ဖော်ကျောလည်းမဆွဲ၊ အပူလည်းထုတ်ပေးစရာမလိုဘဲ အဆင်ပြေနေပြီတာကျောင်းရောက်ရင် ထပ်ရဦးမယ်ဆိုတော့ 'အပေးပေး ပေး'ပေါ့။

◆ ◆ ◆

ဆိုင်ကယ်ထိုင်ခုံပေါ် ကျုံ့ကျုံ့ရှုံ့ရှုံ့လေးထိုင်၊ အပေါ်သင်္ကန်းလေးစုစည်းသိမ်းကိုင်၊ ဆန်ဖန်းလေးကို ပေါင်ပေါ်တင်၊ ခေါင်းဘု(ကရွတ်ခွေ) လေး



ဆန်ထုပ်ကလေးပေါ်တင်၊ လွယ်အိတ်ကလေးကိုကိုင်ပြီး တည်ငြိမ်စွာ လိုက်ပါလာတဲ့ သီလရှင်ဆရာလေးကို မြို့ပြင်အဝေးပြေးလမ်းမကြီးပေါ် လည်း ရောက်ရော

"ဆရာလေ ႏ နည်းနည်းသတိထားကိုင်ထားနော်"

လို့ လှမ်းပြောပြီး အဝေးပြေးလမ်းမကြီးမှာ မောင်းနေကျထုံးစံအတိုင်း ဆိုင်ကယ်အရှိန်ကို ငါးဆယ်ကျော်ခြောက်ဆယ်လောက်တင်ပြီးမောင်းလာလိုက်တာ လူနည်းနည်းပြတ်တဲ့ ထန်းပင်နားလည်းရောက်ရော

"ဘုတ် ရှဲ့ဆိုတဲ့အသံနဲ့အတူ နောက်ကြည့်မှန်မှာ ရိပ်ခနဲမြင်လိုက်ရတဲ့ ပန်းရောင်အရိပ်ကလေးကြောင့်

"ဆရာလေး ဘာဖြစ်တာလဲ"

ဆိုပြီးမေးသံနဲ့အပြိုင် ဆရာလေးဆီမှလည်း

"ဆန်ဘန်း ဆန်ဘန်းကျသွားပြီ ဒကာကြီး"

တစ်ပြိုင်တည်းထွက်လာသော အသံများနှင့်အတူ အလေ့အကျင့်အတိုင်း ဂီယာချိန်း ဘရိတ်တော့ပြီး ရပ်လိုက်ချိန်တွင် ခုနက ဆရာလေး၏ ခေါင်းပေါ်မှ ဆန်ဖန်းကလေးနှင့် ဆန်၊ ကရွတ်ခွေ၊ စသည်တို့မှာ ဓာတ်တိုင်လေးတိုင်စာလောက် အကွာအဝေး နေပူကျဲတဲထဲတွင် ဟိုတစ်ခု ဒီတစ်ခုနှင့်အစီအစဉ်မဲ့စွာ ကစဉ့်ကလျား တွေ့လိုက်ရ၏။

ဆိုင်ကယ်ရပ်ပြီး ဒေါက်ထောက်၍ဆင်းလိုက်ချိန်တွင် အားနာ၊ ရှက်ရွံ့ ကြောက်လန့် တောင်းပန် စသောအကြည့်ပေါင်းစုံကို ပေါင်းစပ်ထားသည့် ပြည်းပြောင်ပြောင်အောက်မှ မျက်နှာငယ်လေးနှင့်ကြည့်နေသော မျက်ဝန်းတော်ကလေးတစ်စုံကြောင့် ဆိုင်ကယ်အား စက်ပင်မသတ်၊ ဘာမှလည်းပြောမနေတော့ဘဲ နေပူကျဲတဲထဲတွင် အပြေးအလွှားသွား၍ ဓာတ်တိုင်လေးတိုင်အကွာခန့်တွင် ပြန့်ကျဲနေသော ဆရာလေး၏ခေါင်းဘု(ကရွတ်ခွေ)ဆန်မရိတော့ပြီဖြစ်သော ဆန်ထည့်သည့်အိတ်ငယ်၊ နှီးလင်ဗန်းစသည်တို့အား အလျင်အမြန်လိုက်လံကောက်ယူပြီး ပြန်အလှည့်တွင် မြင်လိုက်ရသောမြင်ကွင်းကြောင့် အသေကောင်တစ်ကောင်ကဲ့သို့ မှင်တက်ဆိတ်ငြိမ်စွာ တအံ့တဩနှင့်နားလည်နိုင်စွာ တခဏ်ရပ်ကြည့်မိနေ၏။

အစောက ဆိုင်ကယ်နောက်တွင် အိန္ဒြေကြီးစွာစွာခွဲသားနှင့် ပါလာ

www.burmeseclassic.com

www.burmeseclassic.com




သောဆရာလေးမှာ မျက်စိတစ်မှိတ်နှစ်မှိတ်အတွင်းမှာပင် လွယ်ခဲ့သောအိ
ငယ်အတွင်းမှ မျက်မှန်အနက်အားထုတ်တပ်၊ ဆံပင်တုဆွဲစွပ်ပြီး အပေါ်
သက်န်းအား ဆွဲလုံးပစ်ထုတ်လိုက်ကာ ဂျာကင်အပါး(အနက်ရောင်)လေးတ
ထည်အား ထပ်ဝတ်လျက်သားနှင့်တွေ့ရပြီး ထဘီအား ဖင်ခါး၍ ကွင်းလုံးချွ
၍ ခပ်လှမ်းလှမ်းသို့ ဆတ်ခနဲ ကန်ထုတ်လိုက်ပြီး အောက်ခံအသားရော
stocking(အသားကပ်ဘောင်းဘီ)ကလေးနှင့် ဆိုင်ကယ်ကိုခွ၍ ပြုံပြုံနှင့် န
ချက်သုံးချက်ခန့် လီဗာကိုဆွဲပြီး ကျွန်တော့်အား ပြုံးစစနှင့်လှည့်ကြည့်ပြီးလျှ
'ပကျွတ်'ဟု ဖလိုင်းကစ် မြိန်မြိန်ကြီးတစ်ချက်ပေးကာ ဝူးခနဲနေအောင် မော
၍ ထွက်သွားတော့သည်။

မျက်စိအောက်မှ လှလှကြီးပျောက်သွားချိန်တွင်မှ ဒီတစ်လီလည်
ထိသွားပြန်ပြီဆိုတာကို တရေးရေးနှင့် သိလိုက်ရ၏။

ကြည့်စမ်း ငွေလေး ၃၅၀၀၊ နှီးဗန်းလေးတစ်ခု၊ ဆန်တစ်ပြည်လော
နှင့် ဆိုင်ကယ်တစ်စီးလုံးကို လုပ်စားသွားသည့် 'သီလရှင်အတုမ'

အတုတကာ့ အတုတို့ထဲတွင် ဒီအတုနှင့်ထိတာ ထိချက်အပြင်းဆုံ
အနာဆုံး ဟူသောအတွေးတို့သည် မတွေးဘဲ စိတ်တွင်းအလိုလိုရောက်လ
ပြီးလျှင် နေပူကျဲတဲ ချွေးသံရွှဲရွှဲနှင့် နေ့ခင်းကြောင်တောင် ကွင်းခေါင်ခေါင်တွ
အတုနှင့်ထိ၍ ကွဲပြသွားသော သွေးသံရဲရဲနှင့်ရှိနေမည့် အသည်းနှလုံးတို့
ပွေ့ပိုက်ကာ အိမ်ပြန်ရောက်လျှင်ရောက်ခြင်း တွေ့ရကြုံရ ရင်ဆိုင်ရမ
ကျွန်တော့်အား ထာဝစဉ် ထာဝရ လေနှင့်'သတ်'နေသော ကျွန်တော့်မိန်းမ
မျက်နှာကြီးကို မြင်ယောင်မိရင်း တဇောကြောထ၍ ယခုကဲ့သို့လူလုံးမလှဖြ
ကာ ငွေလေး ၃၅၀၀နှင့် ဆယ့်ငါးသိန်းခန့်တန်သော ဆိုင်ကယ်တစ်စီးလုံးအ
လဲသုယ်ပေးလိုက်သကဲ့သို့ ဖြစ်သွားခြင်းအား ပြောလို့လည်းမရ၊ မပြောလို့လည်
မရနှင့် နေ့မသိ ညမသိ ဦးတည်ချက်မရှိ၊ ရည်ရွယ်ချက်မရှိဘဲ လျှောက်သွ
ရင်း ပျောက်သွားပြီဖြစ်သော ဆိုင်ကယ်ကိုပဲ တစ်နေရာရာတွင် ပြန်တွေ့
တွေငြား မိန်းမအားရှင်းပြမည့်နည်းလမ်းပဲ တွေ့လိုတွေငြားနှင့် အရှူးတစ်ယော
ပမာ လျှောက်သွားနေမိတော့သည်။

ပုံဝင်း



www.burmeseclassic.com

www.burmeseclassic.com





# ထာဝရအတွက် ဟာသတစ်ခွက်

အောနွန်



## အကောင်းစားသမက်

**လက်**ထပ်ကြမည့်လူငယ်စုံတွဲက ကောင်မလေး၏မိဘရှေ့ ထိုင်နေကြသည်။ အဘိုးကြီးကမေးသည်။

"လက်ထပ်ပွဲကို ဘယ်မှာလုပ်မှာလဲ"

"ဦးလေးရဲ့သဘောပါ။ ဦးလေးစီစဉ်တဲ့နေရာမှာပဲ ကျွန်တော်တို့ လက်ထပ်ပါ့မယ်"



"မင်္ဂလာဆောင်ကို ငွေကြေးဘယ်လောက် အကုန်အကျခံကြမလဲ"

"ဦးလေးတတ်နိုင်သလောက်ပါပဲ၊ ရပါတယ်၊ ကျွန်တော်တို့က ချေးများပါဘူး"

"လက်ထပ်ပြီးရင် ဘယ်မှာနေကြမလဲ"

"ကျွန်တော်က နေရာမရွေးပါဘူး။ ဦးလေးစီစဉ်ပေးတဲ့ နေရာမှာပဲ နေမှာပါ"

"မင့်အလုပ်အတွက်ရော ဘယ်လိုစီစဉ်ထားလဲ"

"ဦးလေးခန့်တဲ့ရာထူးမှာပဲ လုပ်မှာပါ။ ကျွန်တော်က ဇီဇာမကြောင်ပါဘူး"

အဘိုးကြီးက ဖနောင့်နဲ့ထပေါက်ရင်း ပြောသည်။

"မင်း ငါ့ကို အရာရာဖန်ဆင်းပေးနိုင်တဲ့ဘုရားသခင်မှတ်နေလားကွ"

## ဘုန်းကြီးကြက်တူရွေး



ဟစ်တလာ ခေတ်ကဖြစ်သည်။ တောရွာ ဈေးအဘွားအို သည် အာဏာရှင် ဟစ်တလာ၏ လုပ် ရပ်များကို အလွန် မုန်းသည်။ ထို့ကြောင့် သူ တစ်ခုခုအဆင်

www.burmeseclassic.com

www.burmeseclassic.com



အ ဖ တ် သ င် စာ မျ က် နှာ

ချေပြန်တိုင်း ဟစ်တလာသေပါစေဟု ရေရွတ်တတ်သည်။ ထိုရေရွတ်သံကြားပြီး သူမွေးထားသော ကြက်တူရွေးက သံယောင်လိုက်ကာ ဟစ်တလာသေပါစေ ဟစ်တလာသေပါစေဟု အားတိုင်းရေရွတ်နေတတ်သည်။

တစ်ရက်မှာတော့ ဟစ်တလာ၏ နာဇီတပ်ကြီး ဌင်းရွာသို့ချီတက်လာ၏။ စစ်တပ်ကြီးကိုမြင်သည်နှင့် ကြက်တူရွေးက ဟစ်တလာသေပါစေ ဟစ်တလာသေပါ စေဟု ထအော်သည်။

စစ်တပ်ကြီးရပ်သွားပြီး ဗိုလ်တစ်ဦးက အိမ်ထဲဝင်လာကာ

"အဘွားကြီး ဒါခင်ဗျား ကြက်တူရွေးလား"

"ဟုတ်ပါတယ် ဗိုလ်ကြီးရယ်၊ နောင်မဖြစ်စေရပါဘူး အမေ တောင်းပန်ပါတယ်"

"အေး မနက်ဖြန်လာစစ်မယ်၊ မနက်ဖြန်မှာ အဲဒီသောက်ကြက်တူရွေး အဲဒီစကားပြောရင် ခင်ဗျားကြီးရော အဲဒီကြက်တူရွေးပါ နတ်နတ်စင်းပစ်မယ်"

စစ်တပ်ကပြောပြီး ဆက်လက်ချီတက်သွားသည်။ ကြံရာမရသည့် သနားစရာအမယ်အိုက ရွာဘုန်းကြီးထံပြေးပြီး အကူအညီတောင်းသည်။ ရွာဘုန်းကြီးက သူမွေးထားသော ကြက်တူရွေးနှင့် ခဏလဲထားရန် အကြံပေးသည်။ အဘွားအိုက ကြက်တူရွေးချင်း လဲထားမှ စိတ်ချလက်ချ နေနိုင်တော့သည်။

နာဇီတပ်ကြီး နောက်တစ်နေ့တွင်ရောက်လာပြန်သည်။ စစ်သားများက အဘွားအို၏အိမ်သို့ဝင်၍ ကြက်တူရွေးအခြေအနေကို ကြည့်သည်။

ယနေ့ ကြက်တူရွေးက တဆိတ် အိန္ဒြေရလွန်းသည်။ စစ်သားများက ဆွပေးကြသည်။

"ဟေ့ကောင်ကြီး ပြောဦးလေကွာ၊ ဟစ်တလာ ဘာဖြစ်တယ်ဆိုလား"

ကြက်တူရွေးက ငုံ့စောင်းတောင်မကြည့်။

"ဟေ့ ကြက်တူရွေး ပြောဦးလေ၊ ဟစ်တလာသေပါစေ"

ထိုတော့မှ ကြက်တူရွေးက အိန္ဒြေနှင့်ထပြောသည်။

"တောင်းတဲ့ဆုနဲ့ ပြည့်ပါစေ ချစ်သား"



အ ဖ တ် သ င် စာ မျ က် နှာ

## မမြင်ဝံ့သော ဆင်နှာမောင်း



လူတစ်ဦး ရုပ်ရှင်ကုမ္ပဏီသို့ အလုပ်လာလျှောက်သည်။

"ကျွန်တော် မင်းသားလုပ်ချင်လို့ပါဗျာ"

ကုမ္ပဏီပိုင်ရှင်က ဌင်းလူ၏စုတ်ပြတ်နေသော ရုပ်ရည်ကို ကြည့်ပြီး

"မဖြစ်နိုင်ပါဘူးကွာ၊ မကြိုးစားပါနဲ့"

"ရုပ်နဲ့မဆုံးဖြတ်ပါနဲ့ဆရာရယ်၊ တစ်ခုခု သရုပ်ဆောင်ခိုင်းကြည့်ပါ၊ အချစ်လား၊ အကြမ်းအရမ်းလား၊ အလွမ်းလား၊ ကျွန်တော်လုပ်နိုင်ပါတယ် ခိုင်းကြည့်ပါ"

"မင်းရုပ်မင်းရည်နဲ့ ဘယ်လိုမှမဖြစ်နိုင်လို့ပါကွာ၊ မလုပ်ချင်ပါနဲ့"

"မဟုတ်ဘူးဆရာ၊ တစ်ခုခုလုပ်ခိုင်းပါ၊ ဆရာသဘောမကျရင် ကျွန်တော်ဆက်မလုပ်ဘူး၊ ဆရာသဘောကျသွားအောင် သရုပ်ဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ် ဆရာ ခိုင်းပါ ခိုင်းကြည့်ပါ"

ကုမ္ပဏီပိုင်ရှင်က စိတ်ပျက်သွားပြီး ဒီအတိုင်းနားချ၍ရမည်မဟုတ်ကြောင်း သဘောပေါက်သွားသည်။ မဖြစ်နိုင်တာ တစ်ခုခုခိုင်းပြီး စိတ်ပျက်အောင်လုပ်မှဖြစ်တော့မည်။

"ကဲ ဒါလောက်ရှိလှ ငါ့ကို ဆင်အဖြစ် သရုပ်ဆောင်ပြစမ်း"

ကုမ္ပဏီပိုင်ရှင်က မိန့်မိန့်ကြီးပြုံးပြီး ကြည့်နေသည်။

အလုပ်လာလျှောက်သူက ထိုင်ရာမှထပြီး ဘောင်းဘီဘေးအိပ်တွင်းမှ အိပ်နဖားစနှစ်လုံးကို ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အ ပ တ် သ င် စာ မျ က် နှာ

"ဒါကတော့ ဆင်နားရွက်နှစ်ဖက်ပေါ့ ဆရာ"
ပြီးမှ ခါးပတ်ဖြုတ်ရင်း
"ဆရာ အခု နှာမောင်း မြင်ရတော့မယ်"

## အမေ့လွန်သူ



ဒိုင်ယာလော့ခ် အလွန်မေ့တတ်သော ပြဇာတ်သရုပ်ဆောင်တစ်ဦးသည် အလုပ်မရှိတာကြာခဲ့ပြီ။ ၁၅နှစ်ခန့်ကြာမှ ပြဇာတ်ဒါရိုက်တာတစ်ဦးက ဒိုင်ယာလော့ခ်တစ်ခွန်းသာပြောရမည့် ဇာတ်ဝင်ခန်းတစ်ခုအတွက် ကမ်းလှမ်းခံရသည်။ ပြဇာတ်ဒါရိုက်တာက ပြောသည်။

"ဘာမှခက်ခဲတာ မရှိဘူး။ ဇာတ်ခုံအလယ်ကို ထွက်လာခဲ့။ အဲဒီမှာ ပေါက်ကွဲသံတစ်ခု ငါကြားလိုက်တယ်လို့ပြော၊ ပြီးတာနဲ့ ပြေးဝင်သွားလိုက် ပြီးပြီ"

ပြဇာတ်ခုံပေါ်တွင် ပြန်လည်အစွမ်းပြခွင့်ရတော့မည်မို့ ဘာမှအမှားအယွင်းမရှိအောင် အထပ်ထပ်လေ့ကျင့်သည်။

"ပေါက်ကွဲသံတစ်ခု ငါကြားလိုက်တယ်၊ ပေါက်ကွဲသံတစ်ခု ငါကြားလိုက်တယ်"

ဒီလိုနဲ့ သူ ထွက်ရမည့်အခန်းသို့ရောက်လာသည်။ သူ့စိတ်ထဲမှာ အကြိမ်ကြိမ်ရေရွတ်ရင်း ဇာတ်ခုံအလယ်သို့ ထွက်လာသည်။ ထိုအချိန်တွင် ဝုန်းဆိုသော ပေါက်ကွဲသံတစ်ခု ပေါ်လာသည်။ သူ နောက်သို့လှည့်၍ ရေရွတ်လိုက်သည်။

"ဘာသံကြီးလဲဟ"

■




www.burmeseclassic.com

www.burmeseclassic.com



# ကျောက်ခဲဆန်ပြုတ်

အလွန်ကပ်စေးနှဲတဲ့ အမယ်အိုတစ်ယောက်ဟာ ရွာအစွန်အဖျား မှာ တစ်ယောက်တည်းနေသတဲ့၊ တစ်နေ့ကျတော့ သူ့ဆီကို ပင်ပန်းနွမ်းနယ် နေတဲ့ ခရီးသည်တစ်ယောက် ရောက်ရှိလို့လာတယ်၊ သူဟာ လမ်းခရီးမှာ ဘာမှမစားမသောက်ဘဲလာခဲ့လို့ လွန်စွာ ဆာလောင်မွတ်သိပ်လို့လည်း နေ လေတယ်။ သူက

"အမေကြီးရယ်၊ ကျွန်တော်အရမ်းဆာလာလို့ အစားအစာလေးများ ရှိရင် နည်းနည်းလောက်ကျွေးပါ"

လို့ပြောတော့ ဘယ်သူ့ကိုမှ မသဒ္ဓါတဲ့အမယ်အိုက. .

"အို. . မင့်ကျွေးဖို့နေနေသာသာ ငါတောင် ဘာမှမစားရတာ နှစ် ရက်လောက်ရှိသွားပြီ"

ဆိုပြီး ပြန်ပြောသတဲ့။

အမယ်အိုရဲ့သဘောထားကို ရိပ်မိသွားတဲ့ခရီးသည်က

"ဒါဆိုရင်လည်း အမေရယ် အမေကြီးရော ကျွန်တော်ရော စားလို့ရ အောင် လွယ်လွယ်ကူကူအရသာရှိတဲ့ ကျောက်စရစ်ခဲ ပြုတ်ပြီးသောက်ကြတာပေါ့"

လို့ပြောလိုက်တော့ အမယ်အိုက တော်တော်စိတ်ဝင်စားသွားတယ် ဘယ့်နှယ် ကျောက်ခဲပြုတ်လဲ ဆိုပြီးတော့ပေါ့။ ခရီးသည်ဟာ အမယ်အိုဆီက အိုးတစ်လုံးတောင်းယူလိုက်ပြီး ကျောက်စရစ်ခဲကြီးကြီးတစ်လုံးကို ရေဆေး အောင်ဆေးလို့ ပြုတ်ပါတော့တယ်။ အမယ်အိုက စိတ်ဝင်တစားနဲ့ ကြည့်နေ တာပေါ့။ ရေနွေးဆူလာတော့ ခရီးသည်ဟာ ဇွန်းကလေးနဲ့ခပ်လို့ မြည်းကြည့်တယ်

"အင်း အရသာကတော့မဆိုးဘူး၊ ဆားလေးနည်းနည်းပေါ့နေတယ်"

ဒီလိုပြောတော့ အမယ်အိုက ဆားနည်းနည်းထုတ်ပေးတယ်။

"ဆားကတော့ အနေတော်ဖြစ်သွားပြီ ဆန်ကလေးနည်းနည်းထည့် လိုက်ရင် ပိုအဆင်ပြေသွားမယ်"



ဆိုပြီး ထပ်ပြောတော့ အမယ်အိုက ဆန်နည်းနည်းထုတ်ပေးပြန် တယ်၊ ဆန်နူးလာတဲ့အချိန်မှာ ခရီးသည်က မြည်းကြည့်ပြီး

"ကောင်းလိုက်တာအမေရယ်၊ အသားခြောက်လေးများ နည်းနည်း လောက်ထည့်လိုက်လို့ကတော့ နတ်သုဒ္ဓါလို ဖြစ်သွားတော့မှာပဲ"

ဒါနဲ့ အဘွားကြီးကလည်း တျပ်တင်ထားတဲ့ ဆိတ်သားခြောက်လေး နည်းနည်းကို ယူပေးပြန်တယ်၊ အားလုံးကျက်တဲ့အခါမှာတော့

"ကဲ အမေ မြည်းကြည့်စမ်းပါ၊ ဘယ်လောက်ကောင်းလည်းဆိုတာ"

ဆိုပြီး ပေးမြည်းတော့ "ဟယ် ဟုတ်လိုက်တာ ကျောက်ခဲပြုတ်က အရသာရှိလိုက်တာတော်" ဒီလို အံ့သြတကြီးပြောပြီး နှစ်ယောက်သား စား ကြတော့တာပေါ့။

ကပ်စေးနှဲလွန်းတဲ့အမယ်အိုကိုကြည့်ပြီး ခရီးသည်ကတော့ ကြိတ်ပြုံး ပြုံးနေလေရဲ့။

**မေမြန်မာ(ယဉ်ကျေးမှုတက္ကသိုလ်)**

BURMESE CLASSIC

-အဖတ်သင်များ အ ထွက် အိမ်စာဖြစ်ပါသည်။

ယခုလ အဖတ်သင်စာ မျက်နှာကို ဆရာအုပ်လှကြိုး၏ အမြင့်မြတ်ဆုံးစွန့်လွှတ်သူ ဘယ်သူလဲ ပုံပြင်နှင့် နှုတ်ဆက်ပါတော့မည်၊ ဤပုံပြင်ကို စေ့စေ့သေချာစွာ ဖတ်ရှုပြီးပါက ဟားခလုတ်အယ်ဒီတာအဖွဲ့မှ စာဖတ်သူ၏အမြင်ကို သိလိုလှပါသည်။

(၁)-အမြင့်မြတ်ဆုံးစွန့်လွှတ်သူ ဘယ်သူလဲ၊

(၂)-ဘာ့ကြောင့်လဲ။


-စာဖတ်သူများ၏ အမည် နှင့် နေရပ်လိပ်စာကို ဖော်ပြပေးပို့ စေလိုသည်။

-ဟားခလုတ် အယ်ဒီတာ အဖွဲ့လိပ်စာကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

-အဖြေမှန်သူများ၏ အ ဖြေများကို ဟားခလုတ်(၉)တွင် ဖော်ပြပေးပါမည်။

www.burmeseclassic.com

www.burmeseclassic.com




## အမြင့်မြတ်ဆုံးစွန့်လွှတ်သူ ဘယ်သူလဲ

တစ်ခါက တိုင်းပြည်တစ်ပြည်မှာ တိုင်းသူပြည်သားတို့ရဲ့အကျိုးကို လိုလားပြီး လွန်စွာ သမာမတ်ကျစွာ အုပ်ချုပ်တဲ့ဘုရင်တစ်ပါးရှိခဲ့တယ်။ သူ့ရဲ့လက်ထက်မှာ တိုင်းနိုင်ငံတစ်ခုလုံး သာယာဝ ပြောပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများဟာ



သည်း စိတ်လက်ချမ်းသာပျော်ရွှင်စွာနေထိုင်နိုင်ကြလေသတဲ့။ အုပ်ချုပ်သူက ကောင်းတော့ အောက်လက်ငယ်သားများဟာလည်း ကောင်းမွန်တဲ့ဘဝကို ပိုင်ဆိုင်ကြရတာပေါ့။ ဒါကြောင့် ပြည်သူပြည်သားများဟာ သူ့ကို လွန်စွာ ချစ်ခင်တန်ဖိုးထားကြလေသတဲ့။

ဒီအထဲမှာ ဖိုးပညာဆိုတဲ့ သက်တော်စောင့်အမတ်ကြီးလည်း ထိပ်ဆုံး ကပါတာပေါ့။ သူဟာ ဘုရင့်အတွက်ဆိုရင် အသက်ကိုစွန့်ဖို့ ဝန်မလေးဘူးလို့ ဆုံးဖြတ်ထားသူပါ။

တစ်နေ့ကျတော့ ဒီလိုအဖြစ်မျိုးဖြစ်ဖို့ ဖန်လာတော့တယ်။

အဲဒီနေ့က ဖိုးပညာဟာ နန်းတော်ကနေအိမ်ပြန်လာခဲ့တော့ လမ်း မှာ ကိုယ်ရောင်ကိုယ်ဝါတောက်ပနေတဲ့ နတ်သမီးတစ်ပါးနဲ့ ဆုံတွေ့ပါတော့ တယ်။ နတ်သမီးက

"ကျွန်ုပ်ဟာ ကံကြမ္မာကို သိမြင်တဲ့နတ်သမီးပဲ၊ သင်တို့ရဲ့အရှင်သခင် ဘုရင်ကြီးဟာ မကြာခင်မှာ သေဆုံးရတော့မယ်"

လို့ဆိုလိုက်တော့ ဖိုးပညာရင်ထဲ မုန်တိုင်းမွှေသလိုဖြစ်သွားတော့တာပေါ့။

"ဒီလိုမဖြစ်အောင် ပြုလုပ်နိုင်မယ့် နည်းလမ်းများမရှိဘူးလား"

"ရှိတယ်၊ သင့်သားငယ်ရဲ့အသက်ကို နတ်ဘုရားထံပူဇော်မယ်ဆို ရင်တော့ ဘုရင်ကြီးအသက်ရှင်လိမ့်မယ်"

"ကျွန်ုပ်အသက်ကို ပူဇော်မယ်ဆိုရင်ရော မဖြစ်ဘူးလား"

"မဖြစ်ဘူး၊ နုနယ်ပျိုမြစ်တဲ့သားငယ်ရဲ့အသက်ကို စွန့်လွှတ်မှသာ ဘုရင်ကြီးကို ကယ်တင်နိုင်မယ်"

ဒီမှာ အကျပ်ရိုက်တော့တာပါပဲ။ ဖိုးပညာဟာ သူ့သားငယ် မောင် သီလကို မျှော်လင့်မထားတဲ့ချစ်တဲ့သူပါ။ သူ့ကိုချစ်သလို သမီးကြီးမသီတာကိုလည်း ချစ်တာပါပဲ။ သူချစ်သလို ဇနီးဖြစ်တဲ့ ဒေါ်သစ္စာတလည်း မလျော့သောချစ် ခြင်းနဲ့ချစ်တယ်ဆိုတာ သူသိထားတယ်။ ကဲ ဘယ့်နှယ်လုပ်မလဲ။

အိမ်ရောက်တဲ့အခါ မရွှင်မပျဖြစ်နေတဲ့ သူ့ကိုကြည့်ပြီး မိသားစု များက မေးကြတော့တာပေါ့။ အကြောင်းစုံသိတော့ သားငယ်မောင်သီလက

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုတယ်။

"ကျွန်တော့်အသက်ထက် ဘုရင်ကြီးရဲ့အသက်က များစွာပိုပြီး တန်ဖိုး ရှိပါတယ်၊ သူဟာ တစ်တိုင်းတစ်ပြည်လုံးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့သူပါ။ ဒါကြောင့် ကျွန်တော့်အသက်ကို ရဲရဲဝံ့ဝံ့ ပူဇော်ပါ့မယ်"

သားငယ်ဟာ ဆိုခဲ့တဲ့အတိုင်းပဲ သူ့အသက်ကိုပူဇော်လိုက်ပါသတဲ့။ ဒါပေမယ့် ဇာတ်က ဒီမှာမဆုံးသွားပါဘူး။

မျက်စိရှေ့မှာတင် မောင်သီလသေဆုံးသွားတာကိုမြင်တော့ မိခင် ဖြစ်သူ ဒေါ်သစ္စာနဲ့အစ်မဖြစ်သူ မသီတာတို့ နှစ်ဦးဟာလည်း သားအပေါ် မောင်အပေါ် ချစ်ခင်စိတ်နဲ့ ယူကျုံးမရအပူလုံးကြွပြီး နှလုံးကွဲ သေပွဲဝင်ကြ ပါရောလား။ ဖိုးပညာရဲ့ ချစ်ခင်သူအားလုံး အသက်ဆုံးရှုံးခဲ့ရပါပြီ။

အဲဒီတော့ ဖိုးပညာအနေနဲ့လည်း ကမ္ဘာမြေဟာ ဘယ်လိုလုပ်ပြီး အဓိပ္ပာယ်ရှိတော့မှာလဲ။ မျက်ရည်လည်ရွဲနဲ့ပဲ သူ့ကိုယ်သူကိုလည်း အဆုံးစီ ရင်လိုက်ပါတော့တယ်။

ဒီသတင်းကိုကြားရတော့ ဘုရင်မင်းမြတ်ဟာ များစွာစိတ်မကောင်း ဖြစ်သွားတော့တယ်။ သူ့ရဲ့အသက်တစ်ချောင်းအတွက် အသက်လေးချောင်း ကို စွန့်လွှတ်သွားတဲ့ ဖိုးပညာရဲ့မိသားစုအပေါ် သူ့အနေနဲ့ တာဝန်မကင်းသလို ခံစားလာရတယ်။

ဒါဟာ သူ့အပေါ်တင်သွားတဲ့အကြွေးတွေပဲ။ ဒီအကြွေးတွေကို ပြန် ဆပ်ဖို့ သူကိုယ်တိုင်လည်း သူ့အသက်ကို စွန့်လွှတ်မှ တန်ကာကျမယ်ဆိုပြီး ဆုံးဖြတ်လိုက်တော့တယ်။

ကဲ ဒီပုံပြင်မှာ အသက်ကိုစွန့်လွှတ်သွားကြတဲ့ လူငါးဦးထဲမှာ ဘယ်သူ့ရဲ့စွန့်လွှတ်မှုက အမြင့်မြတ်ဆုံးလို့ ယူဆကြပါသလဲ။ ဖြေကြည့်ကြစေ လိုပါတယ်။

အုပ်လုကြီး

BURMESE CLASSIC



ဟားခလုတ်အမှတ်စဉ်(၇) ဘယ်သူ့ကိုရွေးချယ်သင့်လဲ အဖြေမှ ကို ဖော်ပြပေးလိုက်ပါသည်။

စာဖတ်သူတို့၏ အမြင်များကို ပေးပို့ကြသည့်အတွက် များစွာ အားရကျေနပ်မိပါသည်။ ယခုလတွင်လည်း စိတ်ပါဝင်စားစွာ ပေးပို့ကြ လိမ့်မည်ဟု မျှော်လင့်နေပါသည်။

အမှတ်စဉ်(၇)အတွက် ရင်ခုန်ပေးပို့ကြသူများ အနက်မှ အယ်ဒီတာအဖွဲ့၏ သဘောနှင့် တိုက်ဆိုင်သောအဖြေပေးပို့နိုင်သူကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

**မောင်သန်းနိုင်ဦး**

**အမှတ်-(၂၇၄/၂၇၆)၊ ဦးအောင်ဇေယျလမ်း၊ ရပ်ကွက်ကြီး(၂)၊**

**ဥက္ကလာပမြို့သစ်၊ ပဲခူးမြို့။**

အဖြေ။ ။ အမျိုးသမီးသုံးဦးစလုံးဟာ ဒီလောကကြီး သူမတွေအောင် နေနယ်နေမှတော့ ဘာသွားသုံးစားလို့ရမှာလဲ။ ရှင်ဘုရင်သာ ရှူမနေဘူးဆိုရင် တော့ ဘယ်သူ့ကိုမှ ရွေးမှာမဟုတ်ဘူးလို့ထင်ပါတယ်။

မောင်သန်းနိုင်ဦးအတွက် ဟားခလုတ်(၇)ဒ အုပ်လက်ဆောင် စာတိုက်မှတစ်ဆင့် ပေးပို့လိုက်ပြီဖြစ်သည်။

**အဖတ်သင် အိမ်စာများ ပေးပို့လိုလျှင်ဖြင့်**

## အဖတ်သင်ကဏ္ဍ

**ဟားခလုတ်အယ်ဒီတာအဖွဲ့**

အမှတ်(၁၁၃)၊ ကန်သာယာလမ်း၊

၂၆ ရပ်ကွက်၊

တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သို့ လိပ်မူ၍ပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အ ဖ တ် သ င် စာ မှ ကြ် နှ ၊
စံမီအောင်အားထုတ်ခဲ့ ဟားခလုတ်တဲ့ လာချေပြီ၊
ဇယားရှုပ်တဲ့ ကမ္ဘာမြေမဟီဝယ် အသေရယ်(ရီ)ရအောင်လို့လေး။

နာမည်ကျော် ဟာသစာရေးဆရာများစွာ
အားဖြည့်ရေးသား တင်ဆက်သော

# ဟာဒွလုပ်

ဟာသစာစုများ

**လစဉ်ပုံမှန်ထွက်နေပါပြီ။**

ဖြန့်ချိရေး

**စိုးမိုးစာပေ**

အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
ဖုန်း-၂၉၀၉၉၅

www.burmeseclassic.com